
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၂၈၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၃၂၀၅၁၁
ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင်(ရွှေခြသေ့ံပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀၀ ကျပ်
ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** - 095163764, 095162031

**"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း"** (CIP)

၈၉၅.၈၃
**ဒေဝီ**
ရုပ်ပြောင်းခန္ဓာအကျဉ်းသား / ဒေဝီ ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၅၆) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) ရုပ်ပြောင်းခန္ဓာအကျဉ်းသား


## ပါဝင်သောအခန်းများ


- သူ့ဘဝ သူ့အယူအဆ
- မိန်းမမာယာနှင့် အချစ်စစ်အချစ်မှန် ရှာဖွေသူတစ်ဦး
- မှန်မြတ်သန့်စင်တဲ့အချစ်စစ်ကို တွေ့ပြီ
- ဆေးသိပ္ပံသုတေသနလျှို့ဝှက်ချက်
- ငယ်မူပြန်ခန္ဓာကိုယ်အသစ်နှင့် လူငယ်တစ်ယောက်
- ရုပ်ပြောင်းခန္ဓာ
- လိပ်ပြာနန်းမှ ရင်ခုန်သံ
- ဆရာဝန်ယောင်ဆောင်ထားသော လူသတ်ကောင်
- ခေါင်းထဲကအလောင်း ဘယ်ရောက်သွားလဲ
- ရုပ်ပြောင်းခန္ဓာမှတ်တမ်း
- သေမင်းကို အေးအေးဆေးဆေးရင်ဆိုင်
- နောက်ဆုံးပြောင်းလဲသွားသည့် ရုပ်ပြောင်းခန္ဓာ


www.burmeseclassic.com

www.burmeseclassic.com

## သုဒ္ဓါဝ သုဒ္ဓအာယုအသ

ညအမှောင်ထဲတွင် မြင်တွေ့လိုက်ရသော အုတ်ရိုးနီနီကြီးများကား တစ္ဆေသရဲကြီးတစ်ကောင် ထီးထီးမားမား ရပ်တည်နေသကဲ့သို့ အေးစက်စက် ကြောက်မက်ဖွယ်ကောင်းလှသည်။

တောအဝန်းအဝိုင်းကြီးနားသို့ နီးကပ်လာပါက ကျောထဲတွင် စိမ့်တိမ့်တိမ့်နှင့် ကြက်သီးမွေးညင်းများ ထောင်တက်လာသည်။ ဘာကိုလန့်နေမှန်း မသိ။ ခေါင်းနပန်းကြီးသွားသည်။

ပို၍ကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းမှာ အလင်းရောင်ပျို့အန်ကာစ ဝေလီဝေလင်းမနက်ခင်းတွင် အကျဉ်းထောင်အနီးရှိ ညောင်ပင်ကြီးများပေါ်မှ အုပ်စုလိုက်ဝဲပျံလှုပ်ရှားနေသော ကျီးအုပ်များ ပြုကျနေသည့် မြင်ကွင်းဖြစ်သည်။ တအားအားနှင့်မည်းနက်သောကျီးများသည် အကျဉ်းထောင်ပေါ်တွင် ဆူညံစွာဝဲပျံနေကြသည်။

လူသတ်မှု၊ အလောင်းဖျောက်မှု၊ အယောင်ဆောင်မှုများနှင့် ကြိုးတိုက်အတွင်း၌ ကြိုးပေးအသတ်ခံရမည့်ဆဲဆဲ တရားခံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ညီထွန်းလတ်အမည်ရှိ လူငယ်ဆရာဝန်တစ်ယောက်သည် သေငယ်ဇော မျောလျက်ရှိသည်။ ကြိုးပေးအသတ်ခံရခြင်းဖြင့် မသေဆုံးရဘဲ ရက်တရက် ထူးဆန်းသောဝေဒနာများ အပြင်းအထန် ခံစားရပြီးနောက် သေဆုံးသွားရသည်။

ညီထွန်းလတ် သို့မဟုတ် ဆရာဝန်ကြီး ဦးမင်းညို ဘဝကား လွန်စွာမှထူးဆန်းသော လူ့လောကကြီးတွင် ဖြစ်တော့ဖြစ်ခဲ ဖြစ်နိုင်ဖွယ်ရာမဟုတ်သော အမှန်တကယ်ဖြစ်ပျက်ခဲ့ရသည့် ဖြစ်ရပ်ဆန်းတစ်ခုပင် ဖြစ်ပေတော့သည်။

❐ ❐ ❐

အသက်ရှင်နေသော လူသားများအဖို့ မလွဲမသွေ ကြုံတွေ့ရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်း တည်းဟူသော ဒုက္ခများမှ လွတ်မြောက်လိုကြသည်။ အစဉ်သဖြင့် နုပျိုနေသော ဘဝများကို လိုချင်ကြသည်။ ထို့ကြောင့်လည်း အသက်ရှင်စွာ နေထိုင်နိုင်ရန် နည်းလမ်းမျိုးစုံ ရှာဖွေကြတော့သည်။

တချို့က အာယုဒီဃ အသက်ရှည်ဆေးများကို ရှာသူက ရှာကြ၏။ ပြဒါးပြာများ၊ ဓာတ်လုံးများနှင့် ဖိုထိုးသူများက ဖိုထိုးကြ၏။ သိဒ္ဓိများပြီးမြောက်ရန် ကျင့်ကြံကြသည်။ အသက်မသေရန်၊ အသက်ရှည်ရန် နည်းမျိုးစုံ ကြံစည်အားထုတ်သူများအနက် ဒေါက်တာမင်းညို၏ အဖြစ်အပျက်များကလည်း ထူးဆန်းလှပေသည်။





အာယုသိဒ္ဓိပြီးမြောက်စေရန် လောကဓမ္မများနှင့်ဆန့်ကျင်လျက် မကြံသင့် မကြံစည်ကောင်းသော နည်းလမ်းများကို ရှာဖွေသုတေသနပြုရင်း ထူးဆန်းသော ဆေးပညာအောင်မြင်မှုအရ အသက်ရှည်ခဲ့သော ဒေါက်တာမင်းညိုကား အမှန်တကယ်ပင် အသက်ရှည်ဆေးကို တွေ့ရှိခဲ့သူဖြစ်ပေသည်။

ဒေါက်တာမင်းညို၏ ထူးဆန်းသောဘဝများသည် သူနေထိုင်ရာ တောင်ပေါ်မြို့လေးတွင် အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရသည်။ အံ့သြခြင်းများစွာဖြင့် မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ကြရသည်။ တချို့ကလည်း ဒေါက်တာမင်းညိုနှင့် သူ့တူတော်သူ ညီထွန်းလတ်မှာ တစ်ဦးတည်းပင် ဖြစ်ရမည်။ အသက်အရွယ်ကြီးရင့်သော ဒေါက်တာမင်းညို စိတ်နှင့် ပြင်ပသဏ္ဌာန်မှာ ငယ်ရွယ်နုပျိုသော ညီထွန်းလတ်အဖြစ် ပေါင်းစပ်နေခြင်းဖြစ်သည်။ ဒေါက်တာမင်းညိုဆိုသည်မှာ ညီထွန်းလတ်၊ ညီထွန်းလတ်ဆိုသည်မှာ ဒေါက်တာမင်းညို ဖြစ်သည်။

ထူးဆန်းလှပေသည်။ လူကြီးစိတ်ခံစားမှုနှင့် လူငယ်တစ်ယောက်၏ခန္ဓာကိုယ်ဟု ပြောရမည်လား မသိပေ။ ဒေါက်တာမင်းညိုနှင့် ငယ်စဉ်ကတည်းက အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သူ ဒေါက်တာသက်မင်း၏ လက်ထဲတွင် 'အမြွှာရုပ်ကြမ်း' အမည်ရှိ ဒေါက်တာမင်းညိုကိုယ်တိုင် ရေးသားထားသော စာရွက်စာတမ်းများ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ ဒေါက်တာမင်းညို မှတ်တမ်းများကို ဖတ်ရှုပြီး ဒေါက်တာသက်မင်းကိုယ်တိုင် အံ့သြမဆုံးဖြစ်ရသည်။ ဒေါက်တာ

www.burmeseclassic.com



သက်မင်းထံသို့ 'အစ္စူတ္တာရုပ်ကြမ်း' မှတ်တမ်း လာရောက်ပေးသူမှာလည်း ဒေါက်တာမင်းညို အသည်းစွဲချစ်ရသော မေသက်ရှိန်ထံမှ ဖြစ်သည်။ မေသက်ရှိန်က အဆိုပါ မှတ်တမ်းသည် ဒေါက်တာမင်းညိုကိုယ်တိုင် ရေးသားခဲ့သော စာတမ်းအစစ်အမှန်ဖြစ်သလို ဒေါက်တာသက်မင်းအနေနှင့်လည်း ဒေါက်တာမင်းညို လက်ရေးလက်သားများကို ကောင်းစွာသိရှိသူတစ်ဦးဖြစ်၍ ယုံကြည်လက်ခံမိသည်။

မှန်သည်။ ဒေါက်တာသက်မင်း ယုံကြည်သည်။ လုံး၀ယုံကြည်သည်။ ဒါက အမှန်တကယ်ဖြစ်ခဲ့သော ထူးဆန်းသည့် အဖြစ်မှန်ဖြစ်သည်။ ဆရာဝန်တစ်ယောက်ဖြစ်သော ဒေါက်တာသက်မင်းအနေနှင့် သံသယတစ်ခုသာ ရှိခဲ့သည်။ သိပ္ပံပညာရှင်များအနေနှင့် မသေနိုင်သော ဆေးနည်းကို ရှာဖွေကြသည်။

ထိုဆေးနည်းသာ ပေါ်ပေါက်လာပါက အနိစ္စဟူသော သဘောတရားသည်ပင် အလဟဿဖြစ်ရပေတော့မည်။ ထိုသို့ အနိစ္စမရှိအောင် ကြံစည်ကြိုးပမ်းနေသော သိပ္ပံပညာရှင်များအနေနှင့် ဒေါက်တာမင်းညိုကဲ့သို့ လူတွေ မသေစေနိုင်သော ဆေးနည်းသစ်ကို ရှာဖွေဖော်ထုတ်နိုင်ကြပါမည်လားဟူသော သံသယဖြစ်သည်။ ဒေါက်တာသက်မင်းသည် ဒေါက်တာမင်းညို မှတ်စုဖြစ်သော 'အစ္စူတ္တာရုပ်ကြမ်း' အား ဖတ်ရှုပြီး သူနှင့်အတူနေထိုင်ခဲ့သော ဆေးကျောင်းသားဘဝများနှင့် ကြေကွဲလွမ်းဖွယ်ရုပ်ရှင်ဇာတ်ကားတစ်ကားအား ပြန်ကြည့်နေရသကဲ့သို့ မြင်ယောင်လာမိသည်။

□ □ □



## မိန်းမမာယာနှင့် အချစ်စစ်အချစ်မှန် ရှာဖွေသူတစ်ဦး

ဆေးတက္ကသိုလ်တွင် ပညာသင်ကြားခဲ့စဥ်က မောင်မင်းညိုနှင့် အခန်းဖော်အဖြစ် အတူနေထိုင်ခဲ့ကြသည်။ ထိုစဥ်က မောင်မင်းညိုမှာ ရုပ်ရည်သန့်ပြန့်ချောမောသူတစ်ဦးဖြစ်သည်။

မဟာနဖူးပေါ်တွင် အနက်ရောင် ဆံပင်ခွေလေးများ ဝဲကျနေသလို ထူထဲသော မျက်ခုံး၊ ဖြောင့်စင်းသော နှာတံ၊ ခိုင်ခံ့သော မေးရိုး၊ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်နှင့် ယောကျ်ားပီသသူဖြစ်သည်။ ထူးခြားသော အသွင်အပြင်များကြောင့် ဆေးကျောင်းသူလေးများ၏ စိတ်အဝင်စားဆုံးခံရသူ ဖြစ်သည်။

မိန်းကလေးများက ဝိုင်းဝိုင်းလည်နေသော်လည်း မောင်မင်းညိုက စိတ်ဝင်စားခြင်းမရှိပေ။ ဆေးပညာနှင့်ပတ်သက်သော ဘာသာရပ်များမှာ ခက်ခဲလှသဖြင့် ကျောင်းသင်ဘာသာရပ်များကိုသာ အပတ်တကုတ် ကြိုးစားခဲ့သည်။ ထို့ပြင် စာပေဝါသနာပါသော လူငယ်တစ်ဦးလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အများဆုံးတွဲဖြစ်သော ကျောင်းသားများမှာ ကဗျာ၊ ဝတ္ထုများ ရေးကြသူများ ဖြစ်သည်။ မောင်မင်းညိုတို့ စာပေ ဝါသနာပါသူအုပ်စုသည် စာမူများရေးသားကြပြီး မဂ္ဂဇင်းတိုက်များသို့ ပို့ကြသည်။ ပျော်ပျော်ရွှင်ရွှင် နေတတ်ကြသူများလည်း ဖြစ်သည်။ လက်ဖက်ရည်ဆိုင်များတွင် ထိုင်ကြရင်း စာပေ အနုပညာရပ်များ၊ အဘိဓမ္မာ စာပေရေးရာ သဘောတရားများကို မမောမပန်း ဆွေးနွေးငြင်းခုံတတ်ကြသည်။

မဖြစ်နိုင်သော သဘောတရားများကို အများဆုံး ပြောဆိုတတ်သူမှာ ဆေးကျောင်းသား မောင်မင်းညိုပဲဖြစ်သည်။ လူငယ်တို့သဘာဝ အပေါင်းအသင်းများ ဆုံမိလျှင် စားသောက်ဆိုင်များသို့ ရောက်ကြသည်။ အရက်ဝိုင်းများတွင် နည်းနည်းလေး ရီဝေလာပြီဆိုပါက မောင်မင်းညိုသည် မဖြစ်နိုင်သော သဘောတရားကို စိတ်ကူးယဉ်ဆန်စွာ စတင်ဆွေးနွေးတော့သည်။

အတန်းဖော် ဆေးကျောင်းသား မောင်သက်မင်းအနေနှင့် မောင်မင်းညို ပြောစကားများကို ကောင်းစွာအမှတ်ရမိသည်။

'ငါတို့ အခုနေတဲ့ ကမ္ဘာကြီးဟာ အားလုံးပြောင်းလဲသွားပြီ၊ ယဉ်ကျေးမှုအသစ်တွေ လူသားတွေရဲ့ အသိဉာဏ် ပညာတွေဟာ အံ့မခန်းတိုးတက်လာတယ်၊ သိပ္ပံပညာတွေ ထွန်းကားလာတော့ မယုံနိုင်လောက်တဲ့ နည်းပညာသစ်တွေ အများကြီး ဖြစ်ထွန်းမယ်'





'ဒါတွေက မင်း စိတ်ကူးယဉ်ထားတဲ့ အိပ်မက်တိုင်းပြည်ထဲက မဟုတ်လား'

'ဟုတ်တယ် သက်မင်း၊ ငါ့ရဲ့ အိပ်မက်တိုင်းပြည်ထဲမှာ ဆင်းရဲတဲ့သူမရှိဘူး၊ ရောဂါဝေဒနာတွေ မရှိဘူး၊ အသက်မွေးဝမ်းကျောင်းဖို့အတွက် ခုလို လူတွေဟာ ပင်ပင်ပန်းပန်း ဘာမှ မလုပ်ကြရဘူး၊ လူတွေအားလုံးကလည်း သောကတွေ၊ စိုးရိမ်ပူပန်စိတ်တွေ ဘာမှမရှိစေရဘူး၊ ငွေကြေး လက်နက် အာဏာနဲ့ အုပ်ချုပ်ရေးတွေ မရှိဘူး၊ ငါ့ရဲ့ အိပ်မက်တိုင်းပြည်ထဲမှာ အနုပညာ စစ်စစ်ရှိတယ်၊ ဂီတ ရှိတယ်၊ ငြိမ်းချမ်းရေး ရှိတယ်၊ ကောက်ကျစ်တဲ့သူ မရှိဘူး၊ ယုတ်မာတဲ့သူ မရှိဘူး၊ အနိုင်ကျင့်ရက်စက်တဲ့သူ မရှိဘူး၊ လူတွေဟာ ခုလို အောက်ကျ နောက်ကျလည်း မနေရဘူး၊ အသိဉာဏ်ပညာ ပြည့်ဝတဲ့စကားတွေ ပြောကြတယ်၊ သိပ်ကို သာယာကြည်နူးဖို့ကောင်းတဲ့ အိပ်မက်နိုင်ငံတစ်ခုပေါ့'

'တော်စမ်းပါကွာ၊ အနာဂတ်အကြောင်းတွေကို စိတ်ကူးယဉ်ပြီးရေးတဲ့ စာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ်ထက်တောင် မင်းက ပိုပြီးစိတ်ကူးယဉ်နေသေးတယ်'

'ဟုတ်တယ်၊ မင်းတို့ကို ငါ ကြိုပြီးဟောကိန်းထုတ်လိုက်ဦးမယ်'

'ဘာလဲ … ဝိစကီအိပ်မက်တွေလား၊ ဟား… ဟား…'

သောက်ဖော်စားဖက် သူငယ်ချင်းများက မင်းညိုအား ဝိုင်းဝန်းလှောင်ပြောင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အေး… မင်းတို့ ခုနေမှာတော့ လှောင်ပြီးဟားတိုက်ထားကြ၊ တစ်ချိန်ကျရင် ငါ ပြောတာတွေ တကယ်ဖြစ်လာမှာ၊ အခု မင်းတို့ကို ငါတို့နေရတဲ့ အထပ်မြင့်မြင့်တိုက်ကြီးတွေ နေရာမှာ ပြောင်လက်တောက်ပတဲ့ သတ္တုအဆောက်အအုံကြီးတွေ ဖြစ်လာမယ်၊ အပေါ်မှာ အာကာသယာဉ်စခန်းတွေရှိတယ်၊ လူတိုင်း အာကာသယာဉ်ကိုယ်စီနဲ့ ပိုးအတုလို အဝတ်အစားတွေဝတ်ပြီး စကြဝဠာထဲ လှည့်ပတ်သွားလာနေကြမယ်၊ သိပ္ပံပညာနဲ့ လူ့လောကကြီးဟာ မယုံကြည်နိုင်စရာကောင်းလောက်အောင် တိုးတက်လာမှာ အံသေအချာပဲ'

မောင်မင်းညိုသည် လူငယ်ဆေးကျောင်းသားတစ်ဦးဖြစ်သည့်အလျောက် ဉာဏ်ပညာထက်မြက်သည်။ လူသားများ၏ နေမှုထိုင်မှု အဆင့်အတန်းမြင့်ရန် ကြိုတင်စိတ်ကူးယဉ်ကြည့်မိသည်။ စကားပြောကလည်း ကောင်းသည်။ နောက်ပြောင်ရယ်မောကြသည့်တိုင် အားလုံးက သူပြောသမျှကို စိတ်ဝင်တစားနားထောင်ကြသည်။ စားသောက်ဆိုင်တွင် သူတို့အုပ်စု ရယ်မောသံများ စည်စည်လှုပ်လျက် ပျော်ရွှင်နေခဲ့ကြသည်။

မောင်မင်းညိုသည် အနာဂတ်ကာလများကို ကြီးကြီးကျယ်ကျယ် ကြိုတင်စိတ်ကူးယဉ်ပြီး ခန့်မှန်းပြောဆိုတတ်သလို တစ်ခါတစ်ရံတွင် သူငယ်ချင်းများနှင့် ခပ်ခွာခွာနေလေ့ရှိသည်။ တစ်ယောက်တည်းပင် အကြောင်းအရာတစ်ခုခုကို အလေးအနက်





ထား စဉ်းစားတွေးတောနေလေ့ရှိသည်။ ထူးခြားသည်မှာ တခြား ဆေးကျောင်းသားများနှင့်မတူဘဲ ကျောင်းသူများနှင့်တွေ့လျှင် လွန်စွာမှရှက်တတ်သူဖြစ်သည်။

စရိုက်မျိုးစုံ၊ ဝါသနာစုံ၊ နယ်ပေါင်းစုံမှ ရောက်လာကြသူများဖြစ်၍ လူငယ်များပီပီ ကျောင်းအားလပ်ရက်များတွင် လွတ်လပ်စွာ နေထိုင်သွားလာကြသည်။ မိန်းကလေးများနှင့် ပတ်သက်ပြီး သွေးဆူသော လူငယ်များလည်းရှိသည်။ အရက်သောက်ရင်း သီချင်းတကြော်ကြော်ဆိုတတ်ကြသလို အပျော်အပါး လိုက်စားကြသူများလည်း ရှိသည်။ မိန်းကလေးများနှင့် ကင်းကင်းရှင်းရှင်းနေတတ်သော မောင်မင်းညိုအား လူညံ့ လူရှော်၊ တုံး၊ ရင်ခုန်သံ မကစားတတ်သူဟု လှောင်ပြောင်သရော်ကြသည်။

'ဒီမယ် မင်းညို၊ မင်းက အပျော်အပါးမလိုက်စားဘူး၊ ရင်ငွေ့မလှုံဘူးဆိုတော့ ပျားရည်လို ချိုမြိန်တဲ့အချစ်အရသာကို ဘယ်သိပါ့မလဲ၊ မသိတာလည်း တစ်မျိုးတော့ ကောင်းပါတယ်ဗျာ၊ တော်ကြာ တို့နဲ့လိုက်လာလို့ တို့နဲ့ငြိနေတဲ့ ကောင်မလေးတွေ မင်းလို ရုပ်ချောအပြောကောင်းတဲ့သူနဲ့တွေ့ရင် မင်းနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားကြမှာ'

'အေး… ဟုတ်တယ်၊ ဒီလိုအချိန်မျိုးမှာမှ ကဲရ သည်းရတာ၊ နောက်ကျရင် ဒီလိုအခွင့်အရေးမျိုးတွေက ရချင်မှ ရတော့မှာ၊ အေး… မင်းက ဝါသနာမပါတော့ ပြောလည်း အပိုပါပဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများ ပြောသည်မှာလည်း မှန်သည်။ ကျောင်းတက်စဉ်မှာပင် တချို့မိန်းကလေးများက မောင်မင်းညိုနှင့် အရောဝင်ချင်ကြသည်။ ပြုံးပြကြသည်။ မိန်းမတို့မာယာ အကုန်ထုတ်သုံးသည့်တိုင် မောင်မင်းညိုကတော့ မတုန်မလှုပ် ကျောက်ရုပ်လိုဖြစ်နေသည်။ မောင်မင်းညို၏ အေးတိအေးစက် အမူအရာကသည်ပင် မိန်းကလေးများအတွက် စိတ်ဝင်စားဖွယ် ဖြစ်စေခဲ့သည်။

ရင်းနှီးသော ကျောင်းသူမိန်းကလေးများနှင့် အထိုက်အလျောက် ရယ်ရယ်မောမော စကားစမြည် လက်ဆုံကျ ပြောနိုင်သော်လည်း မောင်မင်းညိုသည် သူ၏ ချစ်ခြင်းမေတ္တာကိုကား မည်သူ့မျှ မပေးခဲ့ပေ။ သူ့နှလုံးသားကိုတော့ အသေသော့ပိတ်လျက် ဖြူစင်သန့်ရှင်းသည့် မေတ္တာစစ် မေတ္တာမှန်ကိုသာ တန်ဖိုးထား ထိန်းသိမ်းလာခဲ့သည်။

□ □ □

ထိုနေ့က အခန်းဖော်ဖြစ်သူ မောင်သက်မင်းသည် သူနှင့်တွဲနေသော ချစ်သူမိန်းကလေးနှင့် ရုပ်ရှင်အတူကြည့်ပြီး ပျော်ရွှင်ကြည်နူးစွာ ပြန်ရောက်လာသည်။ ထုံးစံအတိုင်း အခန်းထဲတွင် စာအုပ်အထူကြီးတစ်အုပ်ကို စိတ်ဝင်တစား လေ့လာနေသော မောင်မင်းညိုက လှည့်၍ပင်မကြည့်။ သက်မင်း စိတ်ထဲတွင် မကျေမနပ်ဖြစ်သွားသည်။ အချစ်ကို မခံစားတတ်သော ငတုံး





ာင်၊ အရူး၊ မင်းညို အပြုအမူကိုကြည့်၍ အပြစ်တင်စကား
ြာလိုက်သည်။

'ဟေ့ကောင်… ဒီမှာ ကိုယ့်ချစ်သူနဲ့ ကြည်နူးပြီး အပျော်
ွေနဲ့ ပြန်လာတဲ့ ငါ့ကို လှည့်ကြည့်စမ်းပါဦးကွာ၊ တကတဲ…
ာကတော့ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ခံစားမှုမရှိတဲ့
သကောင်လိုပဲ၊ သဘာဝမကျလိုက်တာ၊ မင်းညိုဟာ အခုချိန်
ငါတို့ လူငယ်ဘဝတွေ ဆေးပညာသင်လာကြတယ်၊ ပျော်ပျော်
ယ်၊ ကျောင်းပြီးသွားရင် ဆရာဝန်ဖြစ်၊ အလုပ်ထဲဝင်၊ တာဝန်
ွပိ၊ ဒီလိုနဲ့ ငါတို့ရဲ့ နုနယ်ပျိုမျစ်တဲ့အရွယ်တွေဟာ အသက်
ွကြီးပြီး ကုန်ဆုံးသွားမှာ'

'ခုလို ဆေးကျောင်းသားဘဝမှာ ရသင့်ရထိုက်တဲ့
ပျော်ရွှင်ကြည်နူးမှုတွေကို မရလိုက်ရင် အခွင့်အရေးတွေ ဆုံးရှုံး
ွားရော၊ အသက်ကြီးလာတော့မှ ငါတို့ငယ်ငယ် ဆေးကျောင်း
ားဘဝက မပျော်ပါးခဲ့တာတွေကို တွေးမိရင် ဘယ်လောက်
မြာဖို့ကောင်းမလဲ'

'မင်းညို… မင်းညို မင်းဟာ ချစ်စရာကောင်းတဲ့
ိန်းကလေးတွေရဲ့ ရင်ခုန်စရာ အထိအတွေ့တွေကို ဘာပြုလို့
ှောင်ခဲ့ရပါလိမ့်၊ ဆည်းလည်းသံလို ချိုမြိန်တဲ့ ရယ်မောသံလေး
ွ၊ အချောအလှလေးတွေရဲ့ ရင်ခုန်နွေးထွေးမှုတွေ၊ ချိုမြိန်တဲ့
နမ်းတွေကို ဘာပြုလို့ မခံစားမိပါလိမ့်ဆိုပြီး တွေးမိရင် နောင်တ



www.burmeseclassic.com

www.burmeseclassic.com



ရလို့မဆုံး ဖြစ်မယ် မင်းညို၊ မိန်းကလေးတွေကို ချစ်တတ်ဖို့ နှလုံးသား မင်းမှာ မရှိတော့ဘူးလား၊ မင်း သွေးကြောထဲမှာ ဘယ်လိုသွေးတွေ စီးဆင်းနေရတာလဲ မင်းညိုရာ'

သက်မင်း၏ ကရုဏာဒေါသော ပြောစကားတွေကို မင်းညို သေချာနားထောင်သည်။ ဖတ်နေသော စာအုပ်ထူကြီးကို ပိတ်လိုက်ပြီး သက်မင်းအား မော့ကြည့်သည်။ လေးလံသော သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ သူ့မျက်နှာပေါ်တွင် အရောင်များ ပြောင်းသွားသည်။

သူ့ရင်ထဲမှ စကားများကိုလည်း မနားတမ်း သွန်ချလိုက်သည်။ ကြားလိုက်ရသော စကားများကြောင့် သက်မင်း အံ့သြ တုန်လှုပ်သွားမိသည်။

'ဒီမယ် သက်မင်း၊ ငါက မင်းထင်သလို မဟုတ်ဘူး ငါ့ရင်ထဲ အသည်းထဲမှာ အချစ်မရှိတာလည်း မဟုတ်ဘူး၊ ငါ လည်း ခံစားတတ်ပါတယ်၊ မင်းတို့ အပျော်အပါးသွားကြတဲ့ မိန်းကလေးတွေနဲ့တွေ့ရင် ငါ့ရင်ထဲမှာလည်း အချစ်ဆိုတာကို ဆာလောင်မွတ်သိပ်တာပေါ့၊ စိတ်ထဲမှာရှိနေတဲ့ ပြင်းပြတဲ့ ဆာလောင် မွတ်သိပ်မှုတွေကို မိန်းမပျိုလေးတွေရဲ့ အပြုအစု ကြင်နာလိုက် လျောမှုတွေအောက်မှာ သာယာနေချင်တာပေါ့'

'ဒါပေမဲ့ ငါ့ခံယူချက်ကတစ်မျိုး၊ ငါ့ရင်ထဲမှာ မွန်မြတ် သန့်စင်တဲ့ အချစ်ကိုပဲ ယုံကြည်ထားတယ်၊ မင်းတို့သွားတဲ့





တည်းခိုခန်းက မိန်းကလေးတွေနဲ့ ဆက်ဆံပြီး ငါ ယုံကြည်ထားတဲ့ အချစ်ကို ညစ်နွမ်းမခံချင်ဘူး၊ ငါ ယုံကြည်မျှော်လင့်ထားတဲ့ အချစ်က ဖြူစင်တယ်၊ သန့်ရှင်းတယ်'

'အဲဒီလို အပေါစားဆန်တဲ့ မိန်းကလေးတွေနဲ့ ဆက်ဆံ လိုက်လို့ရှိရင် တစ်ခါတည်း ရွှံ့ထဲကျသွားသလို ငါ့စိတ်တွေ တစ်ကိုယ်လုံး ညစ်ပေသွားမှာပဲ၊ မင်းတို့ ပြုမူနေကြတဲ့အတိုင်း ငွေများများသုံးနိုင်ရင် သုံးနိုင်တဲ့သူနောက် ခပ်ပေါ့ပေါ့အချစ် တွေက ကောက်ကောက်ပါအောင် လိုက်လာမှာပဲ မဟုတ်လား၊ တကယ်လို့ ပျော်ဖို့ပါးဖို့ ငွေမပေးနိုင်ရင် မင်း အနားတောင်ကပ် လို့ရမှာ မဟုတ်ဘူး၊ ပေးနိုင်ကမ်းနိုင်ရင်တော့ ပျော်စရာကောင်း တာပေါ့ကွာ'

'ဒါပေမဲ့ နောက်ဆုံးကျတော့လည်း အဲဒီလို အပျော်အပါး တွေဟာ မျက်နှာငယ်ငယ်နဲ့ပဲ အဆုံးသတ်သွားကြတာပဲ၊ ငါဟာ နွားမဟုတ်သလို ကိလေသာကုန်ခန်းနေတဲ့ ရဟန္တာသူတော်စင် လည်း မဟုတ်ပါဘူး၊ ငါလည်း လူပဲကွာ၊ အချစ်ကို ခံစားချင်တာ ပေါ့၊ မင်းတို့လိုပဲ ပျော်ပါးချင်တာပေါ့၊ ဒါပေမဲ့ အဲဒီလို အပေါစား အချစ်တွေနဲ့တော့ မခံစားချင်ဘူး၊ မလိုက်စားဘူး၊ ငါချစ်ရမယ့် မိန်းကလေးဟာ တကယ့်ကို မွန်မြတ်သန့်စင်တဲ့ မိန်းကလေး၊ တန်ဖိုးရှိတဲ့ မိန်းကလေး၊ အဲဒီလို မိန်းကလေးမျိုး ရနိုင်ဖို့အတွက် ငါ့နှလုံးသားဟာ သန့်စင်နေရမယ်၊ ဖြူစင်နေရမယ်၊ အပေါစား ဆန်တဲ့ မိန်းကလေးရင်ခွင်ထဲကို ငါ မဝင်ချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့အချစ်တွေဟာ လုံးဝသန့်ရှင်းစင်ကြယ်နေရမယ်၊ စင်ကြယ်အောင်လည်း ငါ ထိန်းသိမ်းထားတယ်၊ အဲ… ငါ လိုချင်တဲ့ မိန်းကလေးမျိုးနဲ့တွေ့မှ ငါ့ရဲ့ စင်ကြယ်သန့်ရှင်းတဲ့ အချစ်ကို ပိုင်ပိုင်ကြီးပေးအပ်ချင်လို့ပဲ၊ မသေမချင်း ရိုးမြေကျ သစ္စာစောင့်ရမယ်၊ ချစ်သူအတွက် သန့်ရှင်းစင်ကြယ်တဲ့ ဝိညာဉ်တွေနဲ့ ထိုက်တန်တဲ့အချစ်ကိုသာ ပေးဆပ်ချင်တယ်၊ ဒါကြောင့် မို့လို့ မင်းတို့လို အပျော်အပါးသွားရင် ငါ မလိုက်ဘူး၊ အချစ်ကို တန်ဖိုးထားတယ်၊ အင်မတန်သန့်ရှင်းစင်ကြယ်တဲ့ မိန်းကလေး မျိုး ရဖို့အတွက် ငါကိုယ်တိုင်ကလည်း သန့်ရှင်းစင်ကြယ်အောင် နေတာပဲ'

မောင်မင်းညိုက တည်ငြိမ်အေးဆေး လေးနက်စွာ ပြောပြ လိုက်သည်။ အချစ်နှင့်ပတ်သက်၍ သူ့စိတ်ထဲတွင် ခိုင်မာပြတ် သားစွာ ဆုံးဖြတ်ချက်ချထားသူ ဖြစ်သည်။ သူမျှော်လင့်ယုံကြည် ထားသည့်အတိုင်း စင်ကြယ်သန့်ရှင်းသော ချစ်သူတစ်ယောက်ကို တွေ့ရမည်ဟု တထစ်ချယူဆထားသူ ဖြစ်သည်။ သက်မင်းက သဘောကျစွာ ရယ်သည်။

'ဟား… ဟား… ဟား… တော်တော်စိတ်ကူးယဉ် ပါလား မင်းညိုရာ၊ မင်းဖတ်ထားတဲ့ ကဗျာတွေ၊ စာတွေထဲက အတိုင်း လာပြောနေတာကိုး၊ ဒီမယ်… အဲဒီလို ပေါ့ကြောင် ကြောင်ကဗျာတွေဖတ်ပြီး မရှူးချင်စမ်းပါနဲ့ သူငယ်ချင်းရာ၊ မင်းက





ဘာလဲ၊ ဆရာဝန်လောင်း မဟုတ်လား၊ ချာတူးလန်ကဗျာတွေ စာအုပ်ထဲက ကြီးကြီးကျယ်ကျယ် သဘောတရားတွေ ခေါက် ထားလိုက်တော့၊ ဖားရဲ့ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းတွေကိုပဲ ခွဲကြည့်နေပေတော့'

'နားထောင် သူငယ်ချင်း၊ သေချာနားထောင်၊ ပြောပြ မယ်၊ လောကကြီးမှာ မင်း လိုချင်တဲ့ စင်ကြယ်တဲ့ သန့်ရှင်းတဲ့ မိန်းကလေးကို သေအောင်လိုက်ရှာ၊ ဘယ်တော့မှ မတွေ့ဘူးမှတ်၊ ဘာဖြစ်လို့လဲ၊ ရှိမှမရှိဘဲ၊ မရှိတာကို လိုက်ရှာနေလို့ကတော့ မောမယ်၊ မင်း စိတ်ကူးယဉ်ထားတာတွေနဲ့ အပြင်လောကမှာ တကယ်ရှိနေတာ တခြားစီပဲ'

'မင်း စိတ်ထဲမှာက မင်းရဲ့ ပြတ်သားတဲ့ခံယူချက်အတိုင်း ထားပါတော့၊ ဖြူစင်သန့်ရှင်းတဲ့ မိန်းကလေး တွေ့ပြီဆိုပါတော့၊ အဲဒီမိန်းကလေးကို ပိုင်ဆိုင်ဖို့အတွက် မင်းရဲ့ ဖြူစင်တဲ့ အသည်း နှလုံးကို အဲဒီမိန်းကလေးရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းခစားပြီး ဆက်သလိုက်မယ်၊ မင်းနဲ့ မတွေ့ခင် ဘယ်နှယောက်လောက်နဲ့ တွဲခဲ့ဖူးတယ် ဖြစ်ခဲ့ဖူးတယ်ဆိုတာ မင်း ဘယ်လိုလုပ်သိမလဲ'

'ထားပါတော့၊ နှစ်ယောက်စလုံး ဖြူစင်သန့်ရှင်းတဲ့ အချစ်တွေနဲ့ ချစ်ကြမယ်၊ အဲဒီမိန်းကလေးက မင်းကို ဘာလုပ် မလဲ သိလား၊ မင်းနဲ့ လက်ထပ်မယ်၊ ပေါင်းသင်းမယ်၊ အတူ အိပ်မယ်၊ ကြာလာလို့ မင်းကို ငြီးငွေ့သွားရင် မပျော်ပိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းကို သစ္စာဖောက်မယ်၊ မင်းကွယ်ရာမှာ တခြားတစ်ယောက်ယောက်နဲ့ ဖောက်ပြန်မယ်'

'ဘယ်မှာလဲ မင်း မျှော်လင့်ယုံကြည်ထားတဲ့ သန့်စင်တဲ့အချစ်၊ ဖြူစင်တဲ့အချစ် ဘယ်မှာလဲ၊ ငါ ပြောတာ မယုံရင် စောင့်ကြည့်၊ မင်း တွေ့ရပါလိမ့်မယ်၊ ခက်တော့လည်း ခက်သား၊ မိန်းမဆိုတာက မထိရက် မကိုင်ရက်လောက်အောင် လှချင်လှမယ်၊ အပြင်ပန်းကတော့ အင်မတန်ချစ်စရာကောင်းတဲ့ ပန်းလှလှလေးတစ်ပွင့်ပဲ၊ ဒါပေမဲ့ သူတို့အသည်းနှလုံးက အမြဲတမ်း ညစ်ပုပ်နေပြီး စိတ်က ဘယ်တော့မှ မမှန်ဘူး၊ မင်းကြားဖူးတယ် မဟုတ်လား၊ မိန်းမဆိုတာ ပွဲကိုင်ရာလိုက်တယ်ဆိုတဲ့ စကားလေ'

'မင်း၊ ပြောသလိုလည်း မဟုတ်သေးပါဘူး သက်မင်းရာ၊ စစ်မှန်ပြီး တည်ငြိမ်ကျနွေ့သိက္ခာရှိတဲ့ မိန်းကလေးတွေလည်း ရှိပါတယ်'

'ရှိတော့ ရှိမယ်၊ ရှားတယ် သူငယ်ချင်း၊ ငါပြောမယ် မင်းညို၊ မိန်းမတွေဟာ မာယာများပြီး အင်မတန်ကြောက်ဖို့ကောင်းတယ်၊ စာအုပ်တစ်အုပ်ထဲမှာ မာယာများတဲ့ မိန်းမတွေအကြောင်း ငါ ဖတ်ဖူးတယ်'

'စာအုပ်တွေထဲမှာ ဘယ်လိုပဲရေးထားရေးထား ငါကတော့ ငါယုံကြည်ထားတဲ့အတိုင်း အပြစ်ကင်းစင်ပြီး စစ်မှန်တဲ့အချစ်ကို ရှာမှာပဲ၊ မင်းလည်း သိပါတယ်ကွာ၊ ကမ္ဘာကျော်ခဲ့တဲ့





အချစ်တွေ ရာဂျဟန်နဲ့ မွန်းတပ်လို၊ ကလီယိုပါထရာနဲ့ ဂျူးလီယက်ဆီဇာလို၊ ရိုမီယိုနဲ့ ဂျူးလီးယက်လို၊ ဂျိုးဇက်ဖင်းနဲ့ နပိုလီယံသို့ အချစ်မျိုးတွေတို့ မြန်မာစာပေမှာလည်း စန္ဒကိန္နရာနဲ့ စန္ဒကိန္နရီ၊ ရှင်မွေ့နွမ်းနဲ့ မင်းနန္ဒာ၊ ရာမနဲ့ သီတာ၊ ဓာတုကလျာနဲ့ နတ်သျှင်နောင်၊ ရှင်နှောင်းနဲ့ နဝဒေးအများကြီးပါပဲ။ ငါလည်း တစ်နေ့ကျရင် ဖြူစင်တဲ့အသည်းနှလုံးကို ရှာတွေ့မှာပါ'

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## မွန်မြတ်သန့်စင်တဲ့အချစ်စစ်ကို တွေ့ပြီ

နေရောင်ခြည်က နွေးထွေးလင်းလက်စွာ ဖူးပွင့်လျက် ရှိသည်။ ခေတ်မီလှပသော ဒီဇိုင်းဆန်းများနှင့် မိန်းမချော၊ မိန်းခ လှလေးများ စုဝေးရာ ဗိုလ်ချုပ်ဈေးကား စည်ကားလျက်ရှိသည်။ မောင်မင်းညို ရင်ထဲတွင် အလေးအနက် ယုံကြည်မျှော်လင့် ထားသော ဖြူစင်သန့်ရှင်းသည့်အချစ်ကို စတင်တွေ့ရှိလိုက်သည်။

မောင်သက်မင်းနှင့် မောင်မင်းညိုတို့ သူငယ်ချင်းနှ ယောက်သည် ပန်းချီကားများ ချိတ်ဆွဲထားရာ ပြပွဲခန်းမအတွင်း လှည့်လည်ကြည့်ရှုပြီးနောက် အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။ မောင်မင်းညိုမှာ ယောကျ်ားပီသသလို သေသေသပ်သပ် ဝတ်ဆင် ထားခြင်းကြောင့် အနီးမှဖြတ်လျှောက်သွားသော မိန်းမချောလေး များက မသိမသာ စောင်းငဲ့ကြည့်ကြသည်။ ထိုကဲ့သို့ လျှောက်လာ ကြရင်း မောင်မင်းညို မျက်နှာပေါ်တွင် သွေးရောင်များ ဖျန်းသွား သလို ရဲတက်သွားသည်။





'သက်မင်း... ဟိုမှာကြည့်စမ်း၊ အစိမ်းနုရောင်ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက်က ငါ့ကို ပြုံးကြည့်ပြီး နှုတ်ဆက်နေတယ်၊ အသိများလား မသိဘူး'

တိုးတိုးတိတ်တိတ် ပြောလိုက်သော မင်းညို စကားကြောင့် သက်မင်းကပါ လှမ်းကြည့်လိုက်သည်။ ကားများရပ်ထားရာအနီးတွင် မိန်းကလေးတစ်ဦးသည် ခေါင်းလေးတစ်ချက်ငဲ့ကာ ဖော်ရွေစွာ ပြုံးပြလျက်ရှိသည်ကို သတိထားမိလိုက်သည်။

သက်မင်းသည် လွန်စွာမှ ကျက်သရေရှိပြီး ဣန္ဒြေရှိသော မိန်းကလေးကို ကြည့်ကာ အံ့သြလျက်ရှိသည်။ ဖြူဝင်းသော အသားအရေနှင့် အစိမ်းနုရောင် ဝမ်းဆက်ဝတ်ထားရာ မြင်လိုက်ရသည်နှင့် မျက်စိထဲတွင် အေးသွားသည်။ မြန်မာဆန်ဆန် နက်မှောင်ရှည်လျားသော ဆံပင်များက တင်သားဝိုင်းဝိုင်းလေးပေါ် ဖုံးလွှမ်းကျလျက်ရှိသည်။ စူရှန်းသော မျက်နက်ဝန်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးပါးလေးနှင့် ငေးကြည့်ရသည့် မိန်းမချောလေး ဖြစ်သည်။

မိန်းမပျိုလေးဘေးတွင် အမျိုးသမီးကြီးတစ်ဦးလည်း ရပ်လျက်ရှိသည်။ ဝတ်ဆင်ထားသည်များကို ကြည့်ရခြင်းအားဖြင့် အထက်တန်းလွှာထဲကပင် ဖြစ်ရမည်။ မိန်းမပျိုလေးနှင့် မျက်နှာပေါက်ချင်း ခပ်ဆင်ဆင်တူသောကြောင့် မိခင်ဖြစ်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ဦးစလုံးက မောင်မင်းညိုတို့ လျှောက်လာသည်ကို စောင့်ကြို့နေကြပုံရသည်။ ကားပေါ်တွင် မောင်မင်းညိုတို့နှင့်ရွယ်တူ လူငယ်တစ်ဦး ထိုင်လျက်ရှိသည်။

'အဲဒါ ငါ့အသိမဟုတ်ဘူး မင်းညို၊ မင်းမှာ ဒီလို အထက်တန်းလွှာထဲက အသိတွေရှိတယ်ဆိုတာ ငါ လုံးဝမသိဘူး၊ အစိမ်းနုရောင်လေးကတော့ မျက်စိထဲကို အေးသွားတာပဲ၊ တကယ်ကျက်သရေရှိတဲ့ မိန်းမချောလေးပဲ၊ ရက်ရက်စက်စက်ကို လှတယ်ကွာ'

သက်မင်းက အစိမ်းနုရောင်ဝမ်းဆက် ဝတ်ဆင်ထားသော မိန်းမပျိုလေးအလှကို ချီးမွမ်းစကားပြောရင်း လျှောက်လာကြသည်။

'ငါ မှတ်မိပြီ၊ ငါတို့မြို့မှာ ငယ်ငယ်တုန်းက ငါနဲ့အတူ ကျောင်းတက်ခဲ့တဲ့ မေသက်ထားပဲ၊ သူ့အဖေက အရာရှိဆိုတော့ သူ့အဖေအလုပ်နဲ့ ပြောင်းသွားရာကနေ မတွေ့တာတောင် အတော်ကြာသွားပြီ'

အစိမ်းနုရောင်ဝမ်းဆက် ဝတ်ထားသော မိန်းမပျိုလေးက သူ့မိခင်အား တစ်စုံတစ်ရာ အနားကပ်၍ တီးတိုးပြောပုံရသည်။

မိခင်ဖြစ်သူကလည်း ကားထဲမှ ထိုင်စောင့်နေသော လူငယ်အား လှမ်းပြောသံ ကြားလိုက်ရသည်။





'မောင်ရဲရင့်ရှိန်ရေ… ခဏကွယ်၊ အန်တီတို့မိတ်ဆွေနဲ့ တွေ့နေလို့'

'ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော် စောင့်နေပါ့မယ်'

အစိမ်းနုရောင် မိန်းမပျိုလေးသည် ရှေ့သို့တိုးထွက်လိုက်ရင်း ဝမ်းသာအားရဖြစ်နေသည်။

'ကိုမင်းညို… ဟုတ်တယ်နော်၊ မေသက်ထားလေ မှတ်မိတယ်မဟုတ်လား'

ချိုလွင်သာယာသော အသံလေး လှုပ်ခတ်သွားသည်။ မောင်မင်းညိုသည် ထင်မှတ်မထားသော မေသက်ထားနှင့် ပြန်လည်ဆုံတွေ့ရသောကြောင့် အရမ်းဝမ်းသာသလို ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

အတန်ကြာအောင် မေသက်ထားကို ငေးကြည့်ရင်း အိပ်မက်မှ ရုတ်တရက် လန့်နိုးလာသူပမာ စကားဆိုလိုက်သည်။

'မှတ်မိပါတယ် မေသက်ထား၊ ငယ်ငယ်တုန်းကအကြောင်းတွေ ပြန်တွေးမိရင် မေသက်ထားကို အမြဲအမှတ်တရရှိနေတာပါ၊ အန်တီတို့ ဈေးလာဝယ်ကြတာလား'

'ဟုတ်တယ် မောင်မင်းညို၊ မင်း အခု ရန်ကုန်ရောက်နေတာလား'

'ကျွန်တော် ဆေးကျောင်းတက်နေတာ နောက်ဆုံးနှစ် ရောက်ပါပြီ အန်တီ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းညိုက ငယ်ငယ်လေးကတည်းက စာတော်တဲ့သူပဲ၊ ဆေးကျောင်းရတာပေါ့၊ မေသက်ထားတော့ သိပ္ပံဘွဲ့ရပြီး ကုမ္ပဏီမှာ အလုပ်ဝင်နေတယ်၊ ဒါက မေသက်ထားတို့ ကုမ္ပဏီက သူဌေး ဦးထက်ရှိန်ရဲ့သား၊ သူ့နာမည်က ကိုရဲရင့်ရှိန်တဲ့'

'ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်'

ကားထဲမှဆင်းလာသော ရဲရင့်ရှိန်ဆိုသည့် လူငယ်က မောင်မင်းညိုနှင့် မောင်သက်မင်းတို့အား လက်ဆွဲနှုတ်ဆက်လိုက်သည်။

'သူက ကျွန်တော့်သူငယ်ချင်း မောင်သက်မင်းပါ'

'အခု မေသက်ထားတို့ကျောက်မြောင်းမှာ နေတယ်၊ အိမ်လိပ်စာပေးထားခဲ့မယ်၊ ကိုမင်းညို အိမ်လာခဲ့ဦးနော်'

မေသက်ထားက တရင်းတနှီး ဖိတ်ခေါ်လျက်ရှိသည်။ ရဲရင့်ရှိန် မျက်နှာပျက်သွားသည်။ မောင်မင်းညိုနှင့် မေသက်ထားတို့ ပြန်တွေ့ခြင်းကို သဘောကျနှစ်ခြိုက်ပုံမရပေ။

'အန်တီ… ကျွန်တော်တို့ အချိန်သိပ်မရဘူး၊ အန်တီ ပြန်လိုက်ပို့ပြီးရင် ကုမ္ပဏီဝင်ရဦးမှာဆိုတော့ သွားကြရအောင်'

'အေး… အေး… သွားကြတာပေါ့ မောင်ရဲရင့်ရှိန်'

'ကိုမင်းညို အိမ်ကိုဆက်ဆက်လာခဲ့နော်'

မေသက်ထားတို့ သားအမိက ကားပေါ်တက်သွားသည်။ ရဲရင့်ရှိန်က သူတို့အနီးမှာပင် ဝေါခနဲ အရှိန်ပြင်းစွာ မောင်းထွက်လာသည်။





'မေသက်ထားနဲ့ မင်း ပြန်တွေ့တာကို ဒီကောင် သိပ်သဘောကျပုံမရဘူး'

'ဒီကောင့်ကို ဂရုစိုက်မနေပါနဲ့ကွာ၊ မေသက်ထား ကြီးလာရင် ဒီလောက်လှမယ်လို့ ငါ ထင်မထားဘူး၊ ဟာ… သိပ်လှတာပဲကွာ၊ အရမ်းလှတယ်၊ ကျက်သရေမင်္ဂလာရှိပြီး တည်ငြိမ်တဲ့အလှလေ'

'ဘယ်လိုလဲ မင်းညို၊ ငယ်ချစ်ဟောင်းလေးကို မထင်မှတ်ဘဲ ပြန်တွေ့လိုက်ရတော့ အသည်းကြွေသွားပြီလား၊ ကြွေမယ်ဆိုရင်လည်း ကြွေလောက်ပါတယ်၊ မင်း စိတ်ထဲမှာ ခံယူထားတဲ့ အပြစ်ကင်းပြီး သန့်စင်တဲ့အချစ်ကလေးကို တွေ့ပြီပေါ့၊ ဟုတ်တယ်မဟုတ်လား'

'ဟုတ်တယ် သက်မင်း၊ အခုမှ ငါလည်း ငါ့ကိုယ်ငါ သိလိုက်ရတယ်၊ မေသက်ထားရဲ့ အလှကွန်ရက်အောက်မှာ သံယောဇဉ်နှောင်ကြိုးတွေ အထပ်ထပ်တုပ်နှောင်မိပြီ ထင်ပါရဲ့ကွာ'

❒ ❒ ❒

ကျောင်းအားရက်များတွင် မေသက်ထား အိမ်သို့ရောက်ရောက်သွားတတ်သည်။ မေသက်ထား၏အလှကို ငေးမောကြည့်ရှုရင်း အကျော့ပါကြီး ကျော့နေမိသည်။ အဆောင်သို့ပြန်ရောက်ပြီး သက်မင်းနှင့် မျက်နှာချင်းဆိုင်မိလျှင် မင်းညိုက…



www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်းရယ်… မေသက်ထားပေါ် ချစ်တဲ့အချစ်က အကြီးအကျယ် နှိပ်စက်နေပြီ၊ ဒီလောက် ချောတဲ့လှတဲ့ ခန့်ညားပြီး ကျက်သရေရှိတဲ့မိန်းကလေးကို ငါ မှန်းတောင်မမှန်းရဲသလောက် ဖြစ်လာပြီ၊ မေသက်ထား အလှဟာ ဘယ်လိုမှ နှိုင်းပြလို့မရအောင် ရက်ရက်စက်စက်လှတယ်၊ ကောင်းကင်က နတ်သမီးလေး တစ်ပါးကို တွေ့လိုက်ရတဲ့အတိုင်း လှတာ၊ စင်ကြယ်သန့်ရှင်းတာ ကလည်း ဘယ်လိုမိန်းကလေးနဲ့မှ မတူနိုင်ဘူး၊ စိတ်ဓာတ်ရော ဝိညာဉ်ရော အင်မတန်ဖြူစင်သန့်ရှင်းတဲ့ မိန်းကလေး အခုမှ အခက်တွေ့ပြီ သူငယ်ချင်း'

'ဘာများခက်လို့လဲ မင်းညိုရာ၊ သူ့အပေါ် မင်း စွဲစွဲ လမ်းလမ်းချစ်နေရင်လည်း ဖွင့်ပြောလိုက်ပေါ့'

'အဲဒီလိုပြောလို့လည်း မဖြစ်သေးဘူး၊ ငါက ဆေး ကျောင်းသားဆိုပေမယ့် ငါ့မိဘတွေက သိပ်ပြည့်စုံတာ မဟုတ် ဘူး၊ မေသက်ထားတို့က ချမ်းသာတယ်၊ သူ့မိဘတွေက ငါ့ကို သဘောတူမှာ မဟုတ်ဘူး၊ အဲဒီတော့ မေသက်ထားကို ချစ်မိ တာ ရူးတာနဲ့ အတူတူပါပဲကွာ၊ ဒါပေမဲ့ မျှော်လင့်ချက်မရှိဘဲ နဲ့ အခုလို တစ်ဖက်သတ် အရူးအမူးချစ်နေရတာက ငါ့ဘဝဟာ အရင်ဘဝနဲ့ မတူတော့ဘူး၊ တစ်ဖက်သတ်အချစ်နဲ့ ချစ်နေရတာ တောင် လောကကြီးတစ်ခုလုံး သာယာလှပနေတယ်၊ ဘယ်လောက် ထူးဆန်းလဲ'





'ဒီအတိုင်းဆိုရင်တော့ မင်း မလွယ်တော့ဘူး၊ နေမြင့် လေ အရူးရင့်လေဆိုတာမျိုး ဖြစ်နေပြီ'

'ရူးပြီ၊ ဟုတ်တယ် သူငယ်ချင်း၊ သူ့အလှတွေ ယစ်မူး ပြီး ရူးနေတာ၊ ခက်တာကလည်း အတော်ခက်တယ်၊ မေသက် ထား နဲ့ နီးစပ်ဖို့က တွေးကြည့်လေလေ ဝေးဝေးသွားလေပဲ'

မောင်မင်းညိုသည် ဆွေးမြည့်သောအသံနှင့် ကြေကွဲစွာ ပြောလျက်ရှိသည်။ မောင်သက်မင်းအနေနှင့် မင်းညိုအား ကြည့် ပြီး တော်တော်စိတ်ပျက်သွားသည်။ နဂိုကတည်းကမှ စိတ်ကူး ယဉ်ဆန်လွန်းသော ခပ်ကြောင်ကြောင် ကဗျာဒသသနများနှင့် မင်းညို။

ယခုတော့ ပိုဆိုးနေပြီဖြစ်သည်။ ထို့ကြောင့်လည်း မေ သက်ထားအိမ်မှ ပြန်လာပြီး အဆောင်ပြန်ရောက်လျှင် သတိပေး စောင့်ရှောက်နေရပြန်သည်။

'ကဲ… သူငယ်ချင်း အိပ်တော့၊ အချိန်လည်း မရှိ တော့ဘူး၊ မင်း ဒုက္ခကလည်း အတော်ကြီးမားတာပဲ၊ ကိုယ့်စိတ် ကိုလည်း ထိန်းဦး၊ ဒီနှစ်က နောက်ဆုံးနှစ်ဆိုတော့ အရေးကြီး တယ်၊ မေသက်ထားပေါ် စွဲလမ်းတဲ့စိတ်နဲ့ အရူးလိုလျှောက်လုပ် နေရင်တော့ မင်း ဒုက္ခရောက်မှာပဲ၊ သတိထားပါ သူငယ်ချင်း'

မေသက်ထားနှင့် တွေ့ဆုံပြီးနောက်ပိုင်း မင်းညို၏ စိတ် များ ပြောင်းလဲသွားသည်။ မေသက်ထားအပေါ် စွဲလမ်းမြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



စိတ်များနှင့် ဝေါင်တောင်တောင်ဖြစ်လာသည်။ မင်းညိုက အဖော်အဖြစ် ခေါ်သောကြောင့် မေသက်ထား အိမ်သို့ တစ်ခါတစ်ရံ အလည်အပတ် လိုက်ပါသွားခဲ့ဖူးသည်။

မင်းညိုအနေနှင့် မေသက်ထားသည် မိုးပေါ်ကကျလာသော နတ်သမီးလေးစ်ပါးလို တုနှိုင်းမမီသော အလှနတ်သမီးလေးတစ်ပါးအဖြစ် စွဲလမ်းနေသော်လည်း သက်မင်းအနေနှင့် မေသက်ထားသည် တခြားမိန်းကလေးများထက် ထူးခြားသော အရည်အချင်းရှိသည်ကို မမြင်မိပေ။ တခြား မိန်းမချော မိန်းမလှလေးများနည်းတူ လှပချောမောသူတစ်ဦးဖြစ်သည်မှာ မှန်ပါသည်။

သို့သော် သက်မင်းတို့ ဆေးတက္ကသိုလ်တွင် ကျောင်းတက်နေကြသော ဆေးကျောင်းသူလေးများထက် အလွန်အကျူးချောမောလှပသူ မဟုတ်။ ထူးခြားသည်က မေသက်ထားသည် မြင်တွေ့မိသူများအတွက် စိတ်နှလုံးကို ဆွဲငင်ညှုတ်ယူနိုင်သော စွမ်းအားများကတော့ ရှိနေသည်။ ညို့ယူဖမ်းစားနိုင်သောအကြည့်၊ ကန့်ကလျ ဟန်ပန်အမူအရာများက မောင်မင်းညိုအား အရူးအမူးဖြစ်စေခဲ့သည်။

သို့သော် မင်းညို တွေးထားသလို ရူးကြောင်ကြောင် အတွေးများနှင့် မိုးပေါ်ကကျလာသည့် နတ်သမီးလေးတစ်ပါးတော့ မဖြစ်နိုင်ပေ။ တခြား ရွယ်တူတန်းတူ နုပျိုချောမော ပြေပြစ်





သော မိန်းကလေးများနည်းတူ လှပသန့်ရှင်းဖြူစင်သူတစ်ဦးဟူ၍သာ သက်မင်းက ယူဆထားသည်။

မောင်မင်းညိုနှင့် ဆုံတွေ့လျှင် မေသက်ထားသည် မိန်းကလေးတို့ တတ်အပ်သော မာယာဖြင့် ခပ်ညှုညှုလေး လုပ်တတ်သည်။ စွဲလမ်းငြိစေရန် စွမ်းဆောင်နိုင်စွမ်းရှိသည်။ မောင်မင်းညိုက တစ်ဖက်သတ် စွဲလမ်းမြတ်နိုးနေသော်လည်း မေသက်ထားသည် ကုမ္ပဏီသူဌေးသား ရဲရင့်ရှိန်နှင့်လည်း တပူးတွဲတွဲရှိနေပြန်သည်။ မောင်မင်းညိုထက်စာလျှင် ရဲရင့်ရှိန်က အစစအရာရာ သာလွန်သလို မေသက်ထားနှင့် အလုပ်သဘောအရပို၍ အခွင့်အရေးရနေသူ ဖြစ်သည်။

မောင်မင်းညိုသည် နေ့တိုင်းပင် မေသက်ထားအပေါ် မြတ်နိုးစွဲလမ်းတမ်းတသည့် စာများ ရေးလေ့ရှိသည်။ အဆိုပါရေးသားထားသော မောင်မင်းညို ရင်ဖွင့်စာများသည် လွန်စွာမှ အံ့ဩဖွယ်ကောင်းသော စိတ်ကူးယဉ်စာများ ဖြစ်သည်။ အစကတည်းကပင် စိတ်ကူးယဉ် ကဗျာဆန်သော အိပ်မက်တိုင်းပြည်အမျိုးမျိုးကို စိတ်ကူးဖြင့် တည်ဆောက်နေသူဖြစ်ရာ အချစ်နှင့်ပတ်သက်၍ စိတ်ကူးယဉ်ကဗျာဉာဏ်များကား နှလုံးသည်းခိုက်ရင်ခုန်တိမ်းမူးဖွယ် အနုအရွ သမုဒယ စာပန်းချီများပင် ဖြစ်နေသည်။

မောင်မင်းညို ရေးသားသော မေတ္တာစေသဝဏ်လွှာများ



www.burmeseclassic.com

www.burmeseclassic.com



က မေသက်ထားထံ ရောက်ရှိသွားသည်။ ရင်တုန်ပန်းတုန် အသည်းတလှိုက်လှိုက် ရင်တဖိုဖိုနှင့် မေသက်ထား နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းရှိသည်။ မေသက်ထားဆီမှလည်း ပြန်လည်ရေးသားထားသော စာများ ရောက်ရှိလာသည်။

မောင်မင်းညို၏ သူမအပေါ်ထားသော မေတ္တာတရားများကို ခံစားနားလည်မိပါကြောင်း၊ သို့သော် မောင်မင်းညိုအနေနှင့် နောက်ဆုံးနှစ်စာမေးပွဲကို ဖြေဆိုပြီး ဆရာဝန်ဖြစ်လာပါမှ လက်ထပ်ဖို့ကိစ္စကို တွေးမိပါကြောင်း၊ ယခုအချိန်မှာတော့ တုံ့ပြန်မေတ္တာအပ်နှင်းခြင်းမပြုဝံ့ပါကြောင်း ပြန်လည်ရေးသားထားသည်။ မေသက်ထား စာများမှာ ပညာသားပါလှပေသည်။

မောင်မင်းညို ဆရာဝန်ဖြစ်လာပါက လက်ထပ်ဖို့အထိ ရည်မှန်းချက်ထားသည်။ သို့သော် ယခုလောလောဆယ်တွင် ပြန်လည်ချစ်ခွင့်မပြုဝံ့ကြောင်း ရည်ညွှန်းထားသည်။ စဉ်းစားရခက်လှသည်။

မေသက်ထားအနေနှင့် နောင်ကာလအတန်ကြာသည်အထိ စောင့်ကြည့်နေမည်ဖြစ်ပြီး သူမ အသည်းနှလုံးတွင် မည်သို့ရှိသည်ကို သေချာစွာသိမှ လက်ထပ်ကြရန် ကတိပေးထားခြင်းသာ ဖြစ်သည်။

ဤသို့ပင် လအနည်းငယ်ကြာသောအခါ မောင်မင်းညို ဘဝတွင် မထင်မှတ်သော ကိစ္စတစ်ခုကြောင့် ပြောင်းလဲသွားခဲ့





ရသည်။ မောင်မင်းညိုသည် နတ်သမီးလေးလို လှပသော မေသက်ထားအား ချစ်မြတ်နိုးသောစိတ်သည် သူ့ဘဝတွင် အံ့သြစရာကောင်းလောက်အောင် အဖြစ်များ ဖြစ်ပေါ်လာခဲ့ပေတော့သည်။

များတစ်ချက်ကြောင့် ပြည်ပျက်၊ အမှိုက်တစ်စကာစ ပြာသာဒ်မီးလောင်ဆိုသကဲ့သို့ ထင်မှတ်မထားသော အသေးအမွှားကိစ္စလေးများက စတင်၍ ပြဿနာကြီးများ ကြီးထွားလာခဲ့သည်။ သာမန်အချစ်ကိစ္စလေးတစ်ခုမှစ၍ မောင်မင်းညို ဘဝဖြစ်စဉ်များ ထူးဆန်းစွာပြောင်းလဲသွားစေခဲ့သည်။ မောင်မင်းညိုမျှော်လင့်ထားသည့်အတိုင်း မေသက်ထားနှင့် လက်ထပ် ဖြစ်ပါက ထိုကဲ့သို့ ထူးဆန်းသောကိစ္စကြီး ပေါ်ပေါက်လာနိုင်ရန် အကြောင်းမရှိပေ။

□ □ □

ဆေးကျောင်းသားများဘဝတွင် အရေးကြီးသော နောက်ဆုံးနှစ် စာမေးပွဲကြီး ပြီးသွားခဲ့သည်။ မောင်မင်းညို၊ မောင်သက်မင်းနှင့် သူငယ်ချင်းများ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လွှတ်ချလိုက်သလို လွတ်လပ်ပေ့ါပါးသွားကြသည်။ ရန်ကုန်မြို့လယ်ရှိ စားသောက်ဆိုင်ကြီးတစ်ခုတွင် မောင်မင်းညိုတို့ သူငယ်ချင်းများ နယ်အသီးသီးသို့ မပြန်ကြခင် နှုတ်ဆက်ပွဲ ကျင်းပကြသည်။

စားပွဲပေါ်တွင် စားဖွယ်ရာဟင်းလျာများ အစုံအလင်၊



www.burmeseclassic.com

www.burmeseclassic.com



ဝိစကီပုလင်းများ အစီအရီ။ ပျော်ပျော်ပါးပါး စားကြသောက်ကြရင်း ဝိုင်းဖွဲ့ဖြစ်ကြသည်။

ထိုစဉ်မှာပင် နီးကပ်သော စားပွဲဝိုင်း၌ ရဲရင့်ရှိန်တို့ အုပ်စုကလည်း သူတို့လိုပင် စားသောက်နေကြသည်။ မောင်မင်းညို အနေနှင့် ရဲရင့်ရှိန်အား မျက်နှာချင်းမဆိုင်လိုပေ။ မေသက်ထားနှင့် အနီးကပ်ဆုံးရှိနေသူဖြစ်သောကြောင့် စိတ်ထဲက အလိုလို မုန်းတီးစက်ဆုပ်နေမိသည်။ ကနေ့ညကျမှ တိုက်တိုက်ဆိုင်ဆိုင် စားသောက်ဆိုင်တွင် ရဲရင့်ရှိန်နှင့် လာရောက်တွေ့ဆုံမိခြင်းဖြစ်သည်။

အချိန်ညဉ့်နက်လာသည့်အလျောက် အရက်ဝိုင်းများမှ စကားပြောသံများ ပို၍ဆူညံလာသည်။ ဆူညံသည့်အထဲတွင် ရဲရင့်ရှိန်တို့ဝိုင်းမှ ပို၍ အသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ရဲရင့်ရှိန်သည် ပေါက်တတ်ကရ အော်ကြီးဟစ်ကျယ် သီချင်းများ ထဆိုသည်။ အရက်ခွက်ကိုမြှောက်ကာ မြှောက်ကာနှင့် ခုန်ပေါက်ကသည်။ အတော်လေး မူးနေပုံရသည်။

ခန္ဓာကိုယ်အား မထိန်းနိုင်ဘဲ စားပွဲပေါ်သို့ ယိမ်းထိုးကျသွားသည်။ လက်နှင့် တိုက်မိလိုက်သော ဖန်ခွက်များက မောင်မင်းညို ထိုင်နေသည့် နေရာအနီးသို့ ရောက်လာပြီး ကွဲထွက်သွားသည်။

မောင်မင်းညိုသည် ဘာမှပြန်မပြောသေးဘဲ ရဲရင့်ရှိန်အား မီးထတောက်လုမတတ် မျက်လုံးများနှင့် စူးစိုက်လှမ်းကြည့်လျက်ရှိသည်။





တခြား စားသောက်ဝိုင်းမှ စကားပြောသံများကလည်း ဆူညံလျက်ရှိသည်။ ဆိုင်ခန်းလေးထဲတွင် စီးကရက်မီးခိုးများက ဝေ့ဝဲတက်လျက်ရှိသည်။

'ကဲ… သူငယ်ချင်းတို့ သောက်မှာသာ သောက်ကြ၊ လိုရင် ထပ်မှာ၊ ငါတို့ဘဝရဲ့ ပန်းတိုင်ကို ရောက်ပြီဆိုတော့ တဝကြီးသာ သောက်လိုက်ကြစို့၊ ကိုယ့်ဝိုင်းနဲ့ကိုယ်ပဲ၊ တခြားဝိုင်းတွေကို ဂရုစိုက်နေစရာ မလိုဘူး'

'ဟုတ်တယ်၊ နောင်ဆို ဒီလို ပျော်ဖို့ ပါးဖို့ သောက်ဖို့ စားဖို့ တို့ကောင်တွေလည်း ခုလို စုံစုံညီညီ တွေ့ရမှာမဟုတ်တော့ဘူး၊ မင်းညို ထည့်ကွာ'

သက်မင်း ပြောလိုက်သောကြောင့် ရဲရင့်ရှိန်ကို ကြည့်နေရာမှ မျက်နှာပြန်လွှဲလိုက်သည်။ ခွက်ထဲသို့ အရက်များထည့်သည်။ ရေခဲတုံးများ ညှပ်နှင့်ညှပ်၍ ထည့်ပေးလိုက်သည်။ ထိုစဉ်မှာပင် ရဲရင့်ရှိန် စကားပြောသံ ထွက်ပေါ်လာသဖြင့် နားစွင့်ထောင်လိုက်သည်။

'တစ်ဆိတ် ငြိမ်ပေးကြပါဗျာ'

ရဲရင့်ရှိန်နှင့်အတူ သောက်စားပျော်ပါးကြသူများက ရဲရင့်ရှိန် ဘာပြောမည်ကို စောင့်မျှော်ကြရင်း စကားပြောသံများ ငြိမ်သက်သွားသည်။ မင်းညို မျက်နှာက တင်းခနဲဖြစ်သွားသည်။

'အပေါင်းအသင်းတွေကို ကိုယ် ပြောချင်တာက အိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အရေးကြီးဆုံးကိစ္စ ဖြစ်ပါတယ်၊ ကိုယ့်ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားရတဲ့ အချောအလှ မိန်းကလေးတစ်ဦးကို အကြောင်းပြုပြီး ဘော်ဒါတွေက ဂုဏ်ပြုအရက်ခွက်များ မေတ္တာရေစင်များ ချီးမြှင့်ပေးရပါလိမ့်မယ်'

'ဟေး... ရဲရင့်ရှိန်၊ မိုက်တယ်ကွာ၊ ဆက်ပြော၊ ဆက်ပြော'

ကျန်သောသူများက ဝိုင်းအော်လိုက်ကြသည်။

'မကြာခင်မှာ ကိုယ်ဟာ လူပျိုဘဝကနေ ပြောင်းရပါတော့မယ်၊ ကိုယ်ချစ်တဲ့ မိန်းကလေးဆိုတာလည်း ဒီလောကကြီးမှာ တုနှိုင်းမမီတဲ့ လှထိပ်ခေါင်တင် မိန်းမချောလေးပါ၊ အပေါင်းအသင်းတွေကို ဒီနေ့ ကြိုတင်ကြေညာချင်တာက အဲဒီမိန်းကလေးနဲ့ မကြာခင် လက်ထပ်တော့မယ့်အကြောင်းပါ'

ရဲရင့်ရှိန်က မင်းညိုဘက်သို့ လှမ်းကြည့်လိုက်ရင်း ဆက်ပြောသည်။

'ကိုယ့်လိုပဲ ကိုယ့်ချစ်သူလေးရဲ့ မေတ္တာကို ရနိုးရနိုးနဲ့ မျှော်လင့်နေတဲ့ ခပ်ကြောင်ကြောင် ငနဲတစ်ကောင်လည်း ရှိတယ်၊ ကြိုးရှည်ရှည်နဲ့ လှန်ထားတာကို သူ့ခမျာ မသိရှာဘူး၊ ခုတော့ သွားပြီပေါ့ဗျာ၊ ကျွတ်... ကျွတ်... အင်မတန်သနားစရာကောင်းတဲ့ သတ္တဝါလေးပါ၊ ကိုယ်က ကိုယ့်ချစ်သူလေးကို ရင်ခွင်ထဲ ဆွဲထည့် ယုယမြတ်နိုးစွာ နမ်းရှိုက်တာကို ဒီကောင်က မသိဘူး၊





ချစ်သူရဲ့ အပြုအစု အယုအယတွေ ကိုယ့်လို ဘယ်ခံစားရမှာလဲ၊ ကဲ... သူငယ်ချင်းတို့၊ ကိုယ့် ချစ်သူလေးနဲ့ ပျော်ရွှင်စရာကောင်းတဲ့ မင်္ဂလာရှိတဲ့ ချစ်ခရီးလမ်းအတွက် ချလိုက်ရအောင်'

အရက်ဖန်ခွက် နှုတ်ခမ်းချင်း တိုက်လိုက်ကြသည်။

'ရဲရင့်ရှိန်နဲ့ သူ့ချစ်သူလေးတို့ ပျော်ရွှင်စွာ လျှောက်လှမ်းမယ့် ချစ်ခရီးတွက်'

ဆုတောင်းသံများ ကြားလိုက်ရသည်။

သက်မင်းသည် မင်းညို မျက်နှာအား အကဲခတ်ကြည့်လျှက်ရှိသည်။ မင်းညို မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး မျက်လုံးများမှာလည်း ဒေါသအရောင်ကြောင့် ဝင်းဝင်းတောက်သော အရောင်များ ထွက်လာသည်။ တစ်ကိုယ်လုံးမှာ တုန်ယင်လာသလို မေးကြောကြီးများ ထောင်ထလာပြီး တောက်တစ်ချက်ခေါက်လိုက်သည်။

ထို့နောက်တွင် ထိုင်နေရာမှ ဝုန်းခနဲထလိုက်ပြီး ရဲရင့်ရှိန် ရှေ့တည့်တည့်သို့ ရောက်သွားသည်။ စိတ်ထဲတွင် ပေါက်ကွဲဆူပွက်လာသော ဒေါသများကို ထိန်းမရတော့ပေ။ ရန်မူလိုသော အမူအရာနှင့် ကုန်းအော်ပစ်လိုက်သည်။

'လူလိမ်... ခွေးမသား၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ'

ရဲရင့်ရှိန်မှာ အရက်ခွက်ကို ကိုင်မြှောက်ထားရင်းခတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ရပ်လျက်ရှိရာ အလွန်အမင်း သောက်ထားသောကြောင့် နတ်ပူးသလို ယိမ်းထိုးနေသည်။ လက်များမှာလည်း တယမ်းယမ်းနှင့် ရှိနေရာ ခွက်ထဲမှ အရက်များ ဖိတ်စင်ကျသွားသည်။

ထို့နောက် ကြို့တစ်ချက်ထိုးလိုက်ပြီး မင်းညို မျက်နှာအနီးသို့ကပ်၍ ထီမထင်မျက်နှာနှင့် မေးလိုက်သည်။

'ဘယ်လိုပြောလိုက်တာပါလဲ ခင်ဗျာ၊ ကျေးဇူးပြုပြီး ပြန်ပြောစမ်းပါဦး၊ ဒီအခန်းထဲမှာက သောက်တဲ့စားတဲ့သူတွေက စကားပြောနေကြတာ ဆူညံနေတော့ ကိုယ့်လူပြောတာ မကြားလိုက်ဘူး၊ သြော်··· သိပြီ၊ သိပြီ၊ ဆရာဝန်လောင်းလေးကလည်း ကိုယ်တို့ရဲ့ မင်္ဂလာအကြိုပွဲကို လာရောက်ချီးမြှင့်တာထင်ပါ့၊ ဟုတ်တယ်နော်၊ ကျေးဇူးတင်ပါတယ်'

မင်းညို ဒေါသအလွန်ထွက်လျက်ရှိသည်။ ရုတ်တရက် ရဲရင့်ရှိန်၏ အင်္ကျီကော်လံစများကို စုစည်းဆွဲဆုတ်ထားရင်း မျက်နှာကို စေ့စေ့ကြည့်၍ အော်ပြောလိုက်သည်။

'အေး··· ကျေးဇူးတင်ရမယ်၊ ဒီမယ်··· မင်းဟာမင်းသူဌေးသားမကလို့ ဘာကောင်ပဲဖြစ်ဖြစ် မင်းဟာ လူလိမ်၊ ဘာပြုလို့လဲဆိုတော့ ငါ မြတ်နိုးနေတဲ့ မေသက်ထားကို မဟုတ်ကဟုတ်ကတွေ လျှောက်ပြော၊ မင်းနဲ့ပဲ လက်ထပ်တော့မလို့လို့၊ မေသက်ထားရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဂုဏ်သိက္ခာကို လူပုံအလယ်မှာ အရှက်ကွဲအောင် ဖျက်ဆီးချင်တဲ့ကောင်၊ မင်းဟာ လူမဟုတ်ဘူး၊





ခွေးတိရစ္ဆာန်၊ ခွေးတောင်မှ အောက်တန်းကျတဲ့ခွေး၊ ခွေးထက်မိုက်တဲ့ကောင်၊ မေသက်ထားကို ယူမယ်လို့ ပြောဦးကွာ၊ ပြောဦးကွာ'

မင်းညို၏ လက်သီးချက်များသည် ရဲရင့်ရှိန် ပါးပြင်ပေါ်သို့ အဆက်မပြတ် ဝင်ရောက်သွားသည်။ ရဲရင့်ရှိန်သည် မထင်မှတ်ဘဲ ထိုးကြိတ်ခြင်းခံလိုက်ရသည်။ အရက်မူးနေ၍ ကိုယ့်ကိုယ်ကိုယ် မဟာန်နိုင်သလို မင်းညို၏ ပြင်းထန်သော လက်သီးချက်များကြောင့် နှာခေါင်းနှင့် ပါးစောင်တွင် သွေးများ စို့ထွက်လာသည်။ ထို့အပြင် အရှိန်မထိန်းနိုင်ဘဲ နောက်ပြန်လဲကျသွားသောကြောင့် သမံတလင်းနှင့် ရိုက်မိပြီး ခေါင်းပါကွဲသွားသည်။

ထိုးပွဲ ကြိတ်ပွဲများကြောင့် ဆူဆူညံညံဖြစ်သွားပြီး အရက်ခန်းမထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ စားပွဲထိုးများ၊ မန်နေဂျာများ ဝိုင်းအုံရောက်ရှိလာပြီး ရန်ပွဲအား ဖျန်ဖြေပေးလိုက်ကြသည်။ သက်မင်းကလည်း မင်းညိုအား အတင်းဆွဲထားရသည်။

'မင်းညို တော်ပါတော့ကွာ'

ရဲရင့်ရှိန်အား သူ့လူများက ပွေ့ယူလျက် ထမ်းခေါ်သွားကြပြီး ကားပေါ်တင်ကာ အနီးစပ်ဆုံးဆေးခန်းသို့ အမြန်မောင်းထွက်သွားကြသည်။

သက်မင်းတို့ ဆေးကျောင်းသားအုပ်စုကလည်း ဆိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူများအား အကျိုးအကြောင်းပြောပြ တောင်းပန်ခဲ့ကြပြီး ပြန်လာခဲ့ကြသည်။ ရဲရင့်ရှိန်အား ထိုးကြိတ်ခဲ့သော ရန်ပွဲလေးမှစတင်ပြီး မေသက်ထားနှင့် အဝေးကြီး ဝေးခဲ့ရပေတော့သည်။

❑ ❑ ❑

ထိုနေ့ညက ရန်ကုန်မြို့လယ်ရှိ စားသောက်ဆိုင်ကြီးတစ်ခုတွင် ရဲရင့်ရှိန်နှင့် ပြဿနာဖြစ်ကာ ထိုးကြိတ်ရန်ပွဲဆင်နွှဲခဲ့ကြပြီး အဆောင်သို့ပြန်ရောက်လာကြသည်။ မင်းညို၏စိတ်ထဲတွင်လည်း ဒေါသမပြေနိုင်ဘဲ တနုံ့နုံ့ခံစားနေမိသည်။ သူနှင့်ရဲရင့်ရှိန်တို့ ထိုးကြိတ်ရန်ဖြစ်သည့်သတင်းကို မေသက်ထားအား ရဲရင့်ရှိန်အနေနှင့် မကျေမနပ် တိုင်တန်းပြောဆိုသည်မှာ သေချာလှသည်။ မေသက်ထားသာသိလျှင် သူ့အပေါ် ဆက်ဆံရေးများပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်သည်။ မေသက်ထားကိုယ်တိုင်ပင် ရဲရင့်ရှိန်တို့ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးဖြစ်နေသည်မဟုတ်ပါလား။ သူ့အတွက်ကြောင့် မေသက်ထား ပြဿနာဖြစ်ပေရော့မည်။

ထိုနေ့ည မအိပ်ခင်တွင် အခန်းဖော်ဖြစ်သော သက်မင်းသည် အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်ကို ဖတ်နေသည်ကို တွေ့ရသည်။ သက်မင်းက ဝတ္ထုစာအုပ်အား စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

'အင်း… မင်းတို့နှစ်ယောက် ဇာတ်လမ်းကလည်း အခု





ငါဖတ်တဲ့ ဝတ္ထုထဲမှာလည်း အမျိုးသမီးတစ်ယောက်ရဲ့ အချစ်ကိုရဖို့အတွက် ဇာတ်လိုက်နှစ်ယောက်က ချိန်းဆိုပြီး ဓားချင်းယှဉ်ခုတ်တဲ့အကြောင်းတွေ ပါတယ်၊ အနောက်နိုင်ငံလိုမျိုးမှာဆိုရင်လည်း မင်းတို့နှစ်ယောက်လည်း စိန်ခေါ်ပြီး ဓားချင်းယှဉ်ကြမလားပဲ'

'ကဲ… စိတ်ညစ်စရာတွေတွေး၊ ဒါနဲ့ ငါတို့လည်း ဆရာဝန်ဖြစ်ပြီး မကြာခင် အော်ဒါတွေထွက်လာတော့မယ်။ ကိုယ်တာဝန်ကျတဲ့နယ်မှာ တာဝန်ထမ်းဆောင်ရတော့မှာ လုပ်စရာတွေအများကြီးရှိသေးတယ် မင်းညို၊ ငါတော့ အိပ်ပြီ'

သက်မင်းက သူ့အား နှုတ်ဆက်ပြီး ခြင်ထောင်ချကာ အိပ်ရာဝင်သွားသည်။ မင်းညိုအတွေးတို့ကား ပျံ့လွင့်နေဆဲဖြစ်သည်။ သက်မင်းဖတ်သည့် အင်္ဂလိပ်ဝတ္ထုထဲကအတိုင်းဆိုလျှင် သူနှင့် ရဲရင့်ရှိန်တို့လည်း ချိန်းဆိုပြီး သူသေကိုယ်သေ ဓားချင်းယှဉ်ခုတ်လိုက်ချင်သည်။ စိတ်က စွဲလမ်းနေသည်ကား မသိပေ။

ထိုညက မင်းညို အိပ်မက်ကား ထူးဆန်းလှပေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



စတင်မြင်တွေ့လိုက်ရသော မြင်ကွင်းကား မှုန်ဝါးဝါး ဖြစ်သည်။ တဖြည်းဖြည်းနှင့် ထင်ရှားသိသာစွာ မြင်တွေ့ရ သည်။ စားသောက်ဆိုင်ခန်းထဲတွင် ဖြစ်သည်။ စားပွဲ၊ ကုလားထိုင်များ ပြိုလဲလျက်ရှိသည်။ လူများကလည်း ရှုပ်ရှုပ်ထွေးထွေး။ မျက်နှာတွင် သွေးများစီးဖြာကျနေသော ရဲရင့်ရှိန်အား သူ့အဖော်များက ဖေးမတွဲထားကြသည်။

မင်းညိုကိုလည်း ဆေးကျောင်းမှ ဆရာဝန်များက ဆက်လက်ထိုးကြိတ်ခြင်းမပြုနိုင်ရန် ချုပ်နှောင်ထားကြသည်။ ဦးခေါင်းတွင် ဒဏ်ရာရထားသော ရဲရင့်ရှိန်သည် ဒေါသသံနှင့် မင်းညိုအား စိန်ခေါ်လိုက်သည်။

'ဟေ့ကောင်… မင်းညို၊ အရှုံး၊ မင်းကို ငါ လုံးဝ မကြည်ဘူး၊ သန်ဘက်ခါမနက်ကျရင် တစ်ယောက်ချင်း သူသေကိုယ်သေ ဓားချင်းယှဉ်ခုတ်မယ်'

ရဲရင့်ရှိန်အား သူ့မိတ်ဆွေက ဖေးမတွဲခေါ်ပြီး အပြင်သို့ ထုတ်သွားကြသည်။ စားသောက်ဆိုင်မန်နေဂျာအား သက်မင်းတို့ ဆေးကျောင်းသားအုပ်စုကလည်း တောင်းပန်ပြောဆိုရင်း လူစုကွဲသွားသည်။ အဆောင်သို့ပြန်ရောက်လာကြပြီး မင်းညိုသည်လည်း တစ်ယောက်ချင်း ဓားချင်းခုတ်ပြိုင်ပွဲအတွက် ပြင်ဆင်ရတော့သည်။ တစ်ယောက်တည်း တိုက်ပွဲတို့၏ထုံးစံအတိုင်း ရဲရင့်ရှိန်မှ စတင်စိန်ခေါ်လာသူဖြစ်ရာ မင်းညိုအနေနှင့် မိမိနှစ်သက်ရာလက်နက်ကို ရွေးချယ်ခွင့်ရှိသည်။





သူငယ်ချင်းဖြစ်သူ သက်မင်းကလည်း တစ်ယောက်ချင်း ယှဉ်ပြီး ဓားချင်းယှဉ်ခုတ်မည့် အစီအစဉ်ကို မကျေမနပ်နှင့် အပြစ်တင်ပြောဆိုလျက်ရှိသည်။

'ခက်တာပဲ မင်းညိုရာ၊ ဘာမဟုတ်တဲ့ ကိစ္စသေးသေးလေးကနေ အကြီးအကျယ်ဖြစ်လာပြီ၊ အရက်ဝိုင်းမှာ ရဲရင့်ရှိန်က မူးပြီး သူပြောချင်ရာ လျှောက်ပြောနေတာကို ဘယ်သူကမှ ဂရုစိုက်ပြီး နားထောင်နေကြတာလည်း မဟုတ်ဘူး၊ မင်းက ဘာဖြုလို့ သွားပြီးထိုးရတာလဲ'

'မင်း နားမလည်ပါဘူး သက်မင်းရာ၊ မင်းရဲ့ စိတ်ခံစားမှုနဲ့ ငါ့ရဲ့ စိတ်ခံစားမှုက တူတာမဟုတ်ဘူး၊ မိန်းမဆိုတာ အပေါစား မဟုတ်ဘူးကွ၊ ရဲရင့်ရှိန်ပြောသလို မေသက်ထားဟာ အပေါစား မိန်းကလေး မဟုတ်ဘူး၊ သူ ပြောချင်တိုင်း ပြောလို့မရဘူး၊ ငါ့အချစ်ဆုံးမိန်းကလေးနဲ့ ပတ်သက်ပြီး အပေါစားဆန်ဆန်ပြောတာကို လုံးဝလက်မခံနိုင်ဘူး၊ ခုထက်ထိ တွေးလေ တွေးလေ ဒီကောင်ကို ဒေါသထွက်နေတုန်းပဲ၊ အဲဒီနေ့က တစ်ခါတည်း ဒီလောက်ကို အသေသတ်ပစ်လိုက်ချင်တာ လက်ကိုယားနေတာပဲ'

အံတကြိတ်ကြိတ်နှင့် ဒေါသစိတ်သည် မီးတောင်တစ်ခုကို ပေါက်ကွဲနေသော မင်းညိုအားကြည့်ပြီး သက်မင်းသည် တအံ့တသြဖြစ်ရသည်။ ခါတိုင်းဆိုလျှင် မင်းညိုသည် အေးသည်တည်

www.burmeseclassic.com



ငြိမ်ငြိမ် အေးအေးဆေးဆေးနေတတ်ထိုင်တတ်သူတစ်ဦးဖြစ်သည်။ ယခုကဲ့သို့ ဒေါသကြီးမားစွာ စိတ်ဆိုးအမျက်ထွက်နေသည်ကို တစ်ခါဖူးမျှ မတွေ့ဖူးပေ။ အခုမှ တွေ့ကြုံရခြင်းဖြစ်သည်။ သက်မင်းသည် ခေါင်းကို ဖြည်းညင်းစွာခါယမ်းရင်း သက်ပြင်းချလိုက်သည်။

'မဟုတ်သေးဘူး မင်းညို၊ မင်းထိုးလိုက်လို့ လဲကျသွားပြီး သမံတလင်းဆောင့်မိရာကနေ ခေါင်းပေါက်သွားတာ၊ သန်ဘက်ခါကျရင်လည်း တစ်ယောက်ချင်း ဓားချင်းယှဉ်ခုတ်ဖို့ စိန်ခေါ်ထားပြီးပြီ၊ ရဲရင့်ရှိန်ကလည်း သူ့ဂုဏ်သိက္ခာကိုငဲ့ပြီး အသေအကြေတိုက်မှာပဲ'

မင်းညိုသည် လက်နှစ်ဖက်ကိုနောက်ပစ်ကာ တစ်စုံတစ်ခုကို လေးနက်စွာစဉ်းစားရင်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပေသည်။ သူငယ်ချင်းအတွက် စိတ်လက်မချမ်းမသာဖြစ်နေသော သက်မင်းရှေ့သို့ ဖျတ်ခနဲ မျက်နှာချင်းဆိုင် ရင်ဆိုင်လိုက်ပြီး…

'အေး… ငါကလည်း ဒီလို သူသေကိုယ်ကျေ အသေအကျေတိုက်ပွဲကို တိုက်ချင်တာပဲ၊ ဒီလောကကြီးမှာ ရဲရင့်ရှိန်ဆိုတဲ့ကောင်လည်း မရှိမှပဲ ငါရင်လည်း သေမှ ဒီဇာတ်လမ်းက ပြီးမှာပဲ၊ အရှက်နဲ့ အသက်နဲ့ သွေးနဲ့ဆေးမှ စင်ကြယ်မှာ'

လေသံမာမာထန်ထန်နှင့် ပြောနေသော မင်းညိုအမူအရာ





ကိုကြည့်၍ သက်မင်း အံ့သြမဆုံးနိုင်ဖြစ်ရသည်။ ခါတိုင်းလို မဟုတ်တော့။ တစ်သက်လုံး ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ နေလာခဲ့သော မောင်မင်းညိုသည် ယခု မေသက်ထားနှင့် ပတ်သက်လာကာမှ ဘာကြောင့်များ ခက်ထန်မာကျောသည့် စိတ်ရိုင်းစိတ်မိုက်တွေ ဝင်လာရပါသနည်း။

'အေးပါကွာ… မင်းဆန္ဒအတိုင်း သန်ဘက်ခါ ချိန်းပွဲကျရင် တွေ့ကြမှာပဲ၊ စိတ်ချသာနေပါ၊ မင်းကိုယ်မင်းလည်း ဂရုစိုက်ဦး၊ ဘယ့်နှယ်ကွာ… ဆေးထိုးအပ်ကိုင်ပြီး လူနာတွေကို ကြင်နာမယ့်လက်က သွေးဆာနေတဲ့ ဓားတစ်ချောင်းကို ကိုင်တော့မယ်ဆိုတော့ ငါ အံ့သြလို့မဆုံးဘူး'

မောင်မင်းညိုထံမှ သရော်သလိုလိုနှင့် ရယ်သံများ ထွက်လာသည်။ ဒီကောင် ရူးများသွားပြီလားမသိ။

'ငါကတော့ ဘယ်နည်းနဲ့ပဲတွေ့ရတွေ့ရ ရင်ဆိုင်ဖို့ အဆင်သင့်ပဲ၊ ဒီကောင်က ဘာကောင်မို့လို့လဲ၊ ငါ့ရဲ့ ဓားချက်အောက်မှာ ဇက်ပြုတ်အောင်ကို ခုတ်ချပစ်လိုက်ဦးမယ်'

'မင်းက တကယ်ပဲ လက်နက်အဖြစ် ဓားကိုရွေးမှာလား'

'ဟုတ်တယ်လေ၊ ဓားပဲပေါ့'

'ဟေ…'

သက်မင်းသည် မင်းညိုအား အံ့သြထိတ်လန့်စွာနှင့် မျက်လုံးပြူး မျက်ဆန်ပြူး ကြည့်မိလိုက်သည်။ မင်းညိုကတော့ သရော်ပြုံး ပြုံးသလိုနှင့် နှုတ်ခမ်းကိုမဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ သက်မင်း၊ မင်း အံ့သြနေတာမဟုတ်လား၊ ဘာမှအံ့သြစရာမဟုတ်ပါဘူး'

'မဟုတ်သေးဘူး မင်းညို၊ မင်းတို့ ငါတို့ဆိုတာက ဆရာဝန်တွေလေ၊ ဓားဆိုလို့ ခွဲစိတ်တဲ့ဓားလောက်ပဲ သိတာ၊ ပြီးတော့ ဟိုကောင် ရဲရင့်ရှိန်က သူ့ဒွေးသားပေမယ့် ဓားသိုင်းတွေ ဘာတွေတတ်ပြီး ကျွမ်းကျင်တဲ့ ဓားသမားတစ်ယောက်ဖြစ်နေရင် မင်း ဘယ်လိုရင်ဆိုင်တိုက်ခိုက်မလဲ၊ တကယ်ဆိုရင် ငါ့သဘောက သေနတ်ကို ရွေးစေချင်တယ်၊ သေနတ်ဆိုတာက သူ တစ်ချက် ကိုယ်တစ်ချက် လက်ဦးတဲ့သူနိုင်တာပဲ၊ ဓားကိုရွေးလို့ ဘယ်ဖြစ်မလဲ အရူးရ'

သက်မင်းက ကရုဏာဒေါသော ပြောပြနေသည်။ မင်းညိုသည် မင်းညိုသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

'ဟား… ဟား… မင်းပြောတဲ့တိုင်းဆိုရင် ရဲရင့်ရှိန်က ဓားရေးကျွမ်းကျင်တဲ့ကောင် ဆိုပါတော့၊ ငါကလည်း တမင်တကာ ငါကျွမ်းကျင်တဲ့ ဓားနဲ့ကို ဒီကောင်ကို သတ်ချင်နေတာ၊ နိုင်ရင်လည်း ပြတ်ပြတ်သတ်သတ် ရှုံးရင်လည်း အသေပေါ့ကွာ၊ မင်း မသိသေးတာကို ငါပြောပြမယ်၊ ဓားရေး ဘယ်နှမျိုးရှိတယ်လို့ မင်းထင်လဲ'

'ဘယ်သိပါ့မလဲကွ'





'မှတ်ထား သက်မင်း၊ ဓားရေးမှာ ဓားချီ ဓားခင်း မျက်နှာကာ ဓားလှ၊ ဓားလျှို၊ နောက်ထိုးရပ်၊ ရင်ခွဲ၊ အသားလှန် စတဲ့ ဓားရေး ၃၇ မျိုးရှိတယ်၊ ဘာပြုလို့ အဲဒါတွေ ငါသိလည်း ဆိုတော့ ငယ်ငယ်ကတည်းက ငါတို့ရွာမှာ ပွဲကျော်ထွက် မြန်မာ့သမားတော်ကြီးရှိတယ်၊ သူ့ဆီကနေ သင်ထားခဲ့တာပဲ၊ ဒါကြောင့်မို့လို့ ရဲရင့်ရှိန်ကို ဓားချင်းယှဉ်ခုတ်မယ်လို့ ချိန်းလိုက်တာပေါ့'

သတ်မှတ်ချိန်းဆိုသော နေ့ရက်သို့ ရောက်လာသည်။ ထိုနေ့မနက် အရုဏ်မတက်ခင်ကတည်းကပင် မင်းညိုသည် နိုးနေပြီး အဆောင်ရှိ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားနေပေသည်။ တိုက်ပွဲဝင်ရတော့မည်ဖြစ်၍ ဂနာမငြိမ်များဖြစ်နေသလားဟု သက်မင်းက တွေးမိသည်။

'တစ်ရေးလောက် အိပ်လိုက်ပါဦးလား မင်းညိုရာ၊ အစောကြီးထပြီး ဘာတွေလုပ်နေတာလဲ၊ တော်တော်ကြာ မင်း အိပ်ရေးပျက်တာနဲ့ မျက်လုံးတွေဖန်ပြီး ဓားချက်တွေ ဘာတွေ မှားနေပါဦးမယ်'

ဟု သတိပေးစကားပြောမိလိုက်သည်။

'ငါ့အတွက် ဘာမှမစိုးရိမ်ပါနဲ့ သူငယ်ချင်းသက်မင်းရာ၊ ဒီကောင်ကိုကြောက်လို့ ငါ့စိတ်တွေ မငြိမ်မသက်ဖြစ်နေတာ မဟုတ်ပါဘူး၊ အချိန်တွေစောင့်ရတာ ကြာလိုက်တာကွာ၊



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်တွေ့ မြန်မြန်သတ်ပြီး လက်စတုံးချင်လို့၊ လက်တွေယားလာပြီး မအိပ်နိုင်ဖြစ်နေတာပဲ'

သူငယ်ချင်းဖြစ်သူ မင်းညို၏ အပြုအမူများကိုကြည့်ပြီး သက်မင်းကိုယ်တိုင် စိတ်အပျက်ကြီးပျက်ကာ အိပ်ရာမှ ထလိုက်ရပေတော့သည်။ သိပ်မကြာခင်မှာပဲ အတန်းဖော်တစ်ဦး ဖြစ်သော ဆရာလောင်း မောင်နီမိုး ရောက်လာသည်။ ဓားချင်း ယှဉ်ပြီး တစ်ယောက်ချင်း တိုက်ပွဲများတွင် အရန်လူအဖြစ် တစ်ဖက်တွင် နှစ်ယောက်စီလိုက်ပါရစမြဲဖြစ်ရာ မင်းညိုဘက်မှ သက်မင်းနှင့် နီမိုးတို့ လိုက်ပါမည်ဖြစ်သည်။

နီမိုး ရောက်လာပြီး မကြာခင်မှာပင် မင်းညိုသည် ဓားခုတ်ရာတွင် လွယ်ကူပေါ့ပါးသော ကိုယ်ကျပ်စွပ်ကျယ် အင်္ကျီ၊ ဘောင်းဘီရှည်တို့ကို လဲလှယ်ဝတ်ဆင်လိုက်ပြီး…

'ကိုင်း… သွားကြစို့'

ဟု ဆိုလိုက်သဖြင့် သုံးယောက်သား ချိန်းဆိုထားသည့် မြို့ပြင်တောစပ်သို့ ထွက်လာခဲ့ကြသည်။ တောအုပ်အစပ်တွင် မြက်ခင်းပြင်လေးမှာလည်း စိမ်းလဲ့လဲ့နှင့် ညီညာစွာပေါက်ရောက် နေကြသည်။ တောစပ်ရှိ မြက်ခင်းလေးအနီးသို့ ရောက်သောအခါ ရဲရင့်ရှိန်တို့လူစု မရောက်ကြသေးပေ။

'ဘယ့်နှယ်လဲကွာ… ဒီကောင်တွေ ခုထိရောက်မလာသေးဘူး၊ ကြောက်လန့်ပြီး ပွဲများ ပျက်သွားပြီလား မသိဘူး'





ဟု မင်းညိုက မကျေမချမ်းနှင့် ပြောလိုက်သည်။

'အစောကြီးရှိသေးတယ်ကွ၊ မင်းဟာမင်း ဆန္ဒတွေစောပြီး အစောကြီးထွက်လာတာပဲ၊ ဟိုဘက်က ဘယ်ရောက်ဦးမှာလဲ၊ ချိန်းတဲ့အချိန်ရောက်ရင်တော့ ရောက်လာမှာပေါ့'

အလင်းရောင်မှာ သဲသဲကွဲကွဲမြင်ရရုံသာ ရှိသေးသည်။ မင်းညိုသည် သူတိုက်ခိုက်မည့် မြက်ခင်းစပ်အား အသေအချာ လေ့လာပြီး အကဲခတ်ကာ စေ့စေ့စပ်စပ်ကြည့်သည်။ ထို့နောက် ဓားရိုးကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ရင်း…

'ဒီကောင်တွေကလည်း လာခဲလိုက်တာကွာ'ဟု ပြောလိုက်သည်။

သိပ်မကြာခင်မှာပဲ ကားသံကြားလိုက်ရပြီး တောအုပ်အစပ်သို့ ရဲရင့်ရှိန်တို့လူစု လျှောက်လာသည်ကို တွေ့လိုက်ရသည်။ ရဲရင့်ရှိန်နောက်မှလည်း သူ့သူငယ်ချင်းနှစ်ယောက် ခြံရံပြီး ပါလာသည်။ ရဲရင့်ရှိန်ကို မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် မင်းညို၏မျက်နှာမှာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ အေးစက်တင်းမာသွားသည်ဟု ထင်မိလိုက်သည်။ သူ့မျက်နှာပြင်တွင်လည်း သွေးမရှိတော့သလို ဖြူရော်ရော်ဖြစ်လာသည်။ သူ့စိတ်ထဲတွင် ဘယ်လောက်လှုပ်ရှားပြီး စိတ်ထိခိုက်နေသည်ကို သက်မင်း ကောင်းစွာနားလည်သွားသည်။

ရဲရင့်ရှိန်နှင့် အတူပါလာသော အဖော်သူငယ်ချင်းတစ်ယောက်က လက်ဝါးကိုထောင်ပြလိုက်ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းညိုကို နောက်ဆုံးအခွင့်အရေးတစ်ခုအနေနဲ့ ပေးချင်ပါတယ်၊ တကယ်လို့ ခုနေချိန်မှာ ဟိုတစ်နေ့ည စားသောက်ဆိုင်မှာ ဖြစ်ခဲ့ရတာတွေကို မှားမိကြောင်း ကျေကျေနပ်နပ်နဲ့ တောင်းပန်မယ်ဆိုရင် ဒီဓားချင်းယှဉ်ခုတ်တဲ့ပွဲကို မကျင်းပတော့ဘဲ အေးအေးချမ်းချမ်းပြီးသွားမှာပါ၊ ဘယ်လိုသဘောရလဲ'

ရဲရင့်ရှိန်၏သူငယ်ချင်းဖြစ်သူက ရန်ပွဲမဖြစ်စေလို၍ စေ့စပ်သောသဘောနှင့် ပြောလိုက်ခြင်းဖြစ်သည်။ သက်မင်းတို့အနေနှင့်လည်း ထိုကဲ့သို့ပင် ဖြစ်စေလိုသည်။ သို့သော် မင်းညိုလိုလူစားမျိုးက တောင်းပန်စကားပြောရမည်ဆိုသည်မှာ လုံးဝဖြစ်နိုင်ချေမရှိပေ။ ရဲရင့်ရှိန်ကိုလည်း လျှော့တွက်၍မရပေ။ သိုင်းပညာများ သင်ယူတတ်မြောက်ထားသူတစ်ဦးဖြစ်၍ ဓားရေးကျွမ်းကျင်သူဖြစ်ကြောင်း စုံစမ်းသိရှိထားရသည်။

နှစ်ယောက်စလုံး သူသေကိုယ်သေ အသေခုတ်ကြမည့်ပွဲတွင် မည်သူနိုင်မည်ကို ကြိုတင်ခန့်မှန်းရခက်လှသည်။ အကယ်၍သာ မိမိတို့သူငယ်ချင်းဖြစ်သော သက်မင်းသည် မရှုမလှ အသက်သေဆုံးရမည်ဆိုလျှင် သောကမအေးနိုင်သော သက်မင်းမှာ တောင်းပန်စေ့စပ် ကျေအေးစကားပြောလိုက်ပါလားဟု ကြိတ်၍ဆုတောင်းနေမိသည်။ သို့သော် သက်မင်း ဆုတောင်း မပြည့်ဝခဲ့ပေ။ မင်းညို၏ တင်းမာပြတ်သားသော အသံထွက်ပေါ်လာသည်။





'မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို အရက်ဝိုင်းမှာ စော်ကားမော်ကား ပြောတဲ့ကိစ္စဟာ သွေးနဲ့ဆေးကြောပစ်မှပြီးသွားမှာ'

မင်းညိုသည် ရဲရင့်ရှိန်အား ဝိုင်း၍ တောက်ပြောင်သောမျက်လုံးများနှင့်ကြည့်ပြီး လေသံမာမာနှင့် ပြောလိုက်သည်။ ဘယ်လိုမှ စေ့စပ်ပြေလည်မှုမရနိုင်တော့သည့်အဆုံးတွင် တစ်ယောက်နှင့်တစ်ယောက် ဓားချင်းယှဉ်ခုတ် တိုက်ကြရန် ပြင်ဆင်ကြသည်။ နှစ်ယောက်စလုံး အပေါ်အင်္ကျီများကို ချွတ်လိုက်ရာ အတွင်းခံ စွပ်ကျယ်များသာ ကျန်တော့သည်။

တိုက်ပွဲကျင်းပရာ တောအုပ်လေးရှိ မြက်ခင်းပြင်လေးဝန်းကျင်မှာ ထိုနေ့အဖို့ အတူးတလည် တိတ်ဆိတ်ငြိမ်သက်နေပေသည်။ ထွက်ပြူကာစနေရောင်ခြည်သည် သစ်ကိုင်းသစ်ရွက်အကြိုအကြားမှ ထိုးဖောက်ပြီးဖြာကျလာသည်။ ညကတည်းက ကျဆင်းပြီး ဥခဲ့ကြသော နှင်းရည် နှင်းပေါက် နှင်းသီးလေးများသည် စိမ်းလန်းသောမြက်ခင်းနုနုပေါ်တွင် ပုလဲလုံးများကြဲချထားသကဲ့သို့ စီစရီတွယ်ချိတ်နေကြသည်။ နေရောင်အေးတွင် နှင်းရည်စက်လေးများမှာ စိန်တုံးလေးများသဖွယ် ဖြိုးဖြိုးဖျတ်ဖျတ် တောက်ပနေကြသည်။

မင်းညိုနှင့် ရဲရင့်ရှိန်တို့သည် ကျောပိုးလွယ်ထားကြသည့် ဓားအိမ်များကို ဆွဲထုတ်လိုက်ကြပြီး လက်ထဲတွင် တင်းကျပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားကြသည်။ မင်းညိုသည် ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်သည်။ နေရောင်အောက်တွင် ဓားရောင်မှာ လက်လက်ထသွားသည်။ ဓားသွားများကို လက်မ လက်ညှိုးနှင့် အသာအယာထိစမ်းကြည့်ရင်း ဓားကိုလည်း ချိန်ဆကြည့်လိုက်သည်။ ထို့နောက်တွင် ဓားကို မြေတွင် ထောက်၍ကိုင်ကာ ခပ်မတ်မတ် ရပ်နေလိုက်သည်။

စိုးရိမ်စိတ်နှင့် ရင်မောစွာကြည့်နေသော သက်မင်းစိတ်မှာလည်း လှုပ်ရှားလာကြသည်။ မင်းညိုမျက်နှာကို စေ့စေ့စပ်စပ်လှမ်းကြည့်လိုက်သည်။ မင်းညို၏မျက်နှာမှာ တစ်ခါဖူးမှ မတွေ့ဖူးသော ခက်ထန်တင်းမာသည့် ကြောက်မက်ဖွယ်အသွင်ကို ဆောင်နေပေသည်။

ရဲရင့်ရှိန်ကလည်း အသင့်ပြင်ထားသကဲ့သို့ ဓားကို ဆကြည့်သည်။ ဝှေ့ယမ်းကြည့်သည်။ ပြီးလျှင် မင်းညိုရှိရာသို့ တဖြည်းဖြည်း တိုးကပ်လာသည်။ ရဲရင့်ရှိန်၏ မျက်နှာမှာ တင်းမာခြင်းမရှိလှပေ။ စားသောက်ဆိုင်တွင် အရက်မူးမူးနှင့် ပြောခဲ့သည်များကိုလည်း အမှတ်မရတော့။ မိမိအရက်မူးလွန်ကာ စကားပြောမှားသွားသောကြောင့် မင်းညိုက ထိုးကြိတ်ခဲ့သည်ကိုလည်း စိတ်ထဲတွင် သိပ်အရေးမထားလှပေ။ မင်းညိုအား သနားစရာကောင်းသော သတ္တဝါတစ်ဦးဟုသာ သဘောထားမိသည်။

အကယ်၍သာ မင်းညိုက တောင်းပန်စကားပြောမည်ဆို





လျှင် သူ့အနေနှင့် ဓားချင်းယှဉ်ခုတ်မည့်ပွဲကို မပြုလုပ်ဘဲ ကျေကျေနပ်နပ်နှင့် အေးချမ်းစွာပြီးသွားစေလိုသည့်သဘော ရှိသည်။ မည်သို့ပင်ဖြစ်စေ ရဲရင့်ရှိန်အနေနှင့် သိုင်းသမားတစ်ဦး ဖြစ်သည်။ ဓားရေးကို ကောင်းစွာထိုးခုတ်နိုင်သူဖြစ်သည်။ အများအမြင်တွင် သိုင်းသမားတစ်ဦးဖြစ်သော ရဲရင့်ရှိန်နှင့် သာမန်ဆရာဝန်လောင်းလေးတစ်ဦး၏ ဓားချင်းယှဉ်ခုတ်ပွဲမှာ ရဲရင့်ရှိန်ပင် အနိုင်ရလိမ့်မည်ဟု မျှော်လင့်ထားကြသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်လိုက်ကြပြီးနောက် အဖော်ပါလာသူများ ဘေးသို့ရှဲပေးလိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စူးစူးစိုက်စိုက် ကြည့်လိုက်ကြပြီး ခြေလှမ်းအကွက်များကို စတင်လှုပ်ရှားကြသည်။ မင်းညိုမျက်နှာမှာကား တစ်စုံတစ်ရာကို အခဲမကျေနိုင်လေဟန် နှုတ်ခမ်းများကို တင်းတင်းစေ့ထားပြီး တစ်ကိုယ်လုံးတွင်ရှိသော အားများကို ဓားဆုပ်ကိုင်ထားသည့် ညာဘက်လက်ဖဝါးထဲသို့ စုစည်းပို့လွှတ်လျက်ရှိသည်။

တစ်ယောက်ချင်း ဓားခုတ်ပြိုင်ပွဲများ၏ ထုံးစံအတိုင်း မင်းညိုက ချက်ချင်းပင် ဓားချင်းနှုတ်ဆက်ရသော စနစ်အတိုင်း သူ၏ခါးကို ရှေ့သို့ဆတ်ခနဲတိုး၍ ရဲရင့်ရှိန်၏ ပခုံးဆီသို့ စလွယ်သိုင်းကာ ခပ်ဆတ်ဆတ်လေး ခုတ်ချလိုက်သည်။

'ဒိုး… ဒိုး…'

လေထဲတွင် ဓားခုတ်သံများ ထွက်ပေါ်လာသည်။ ရဲရင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိန်ကလည်း မင်းညို၏ ဓားချက်ပခုံးစွန်းနှင့် တစ်ထွာခန့်အကွာ ကန့်လန့်ခုတ်၍ခံလိုက်သည်။

'ချွင်... ချွင်...'

ဓားသွားချင်း ချွင်ခနဲထိလိုက်သံနှင့်အတူ မင်းညိုနှင့် ရဲရင့်ရှိန်တို့၏ တစ်ယောက်ချင်းတိုက်ပွဲကား အစပြုလေတော့သည်။ ဘေးမှကြည့်နေကြသော အဖော်ပါလာသည့် သူငယ်ချင်းများကလည်း ရင်တထိတ်ထိတ် ကြည့်နေကြသည့် ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။ ဓားချင်းနှုတ်ဆက်လိုက်ကြပြီးနောက် မည်သူကမျှ နောက်မဆုတ်သာကြတော့ပြီဖြစ်သည်။ မင်းညိုအနေနှင့် အသေအကျေတိုက်ရန် ဆုံးဖြတ်ထားသူဖြစ်သည်။

ရဲရင့်ရှိန်အနေနှင့် မင်းညို၏ ဓားကိုင်ပုံ၊ လွှဲပုံ၊ ခုတ်ပုံ ခြေလှမ်းအကွက်များကိုကြည့်ရင်း မင်းညိုအား အထင်မသေးဝံ့တော့ပေ။ မင်းညိုသည် သူ့လိုပင် ဓားရေးကျွမ်းကျင်သူတစ်ဦးဖြစ်နေပေသည်။ တကယ့်တိုက်ပွဲဖြစ်လာပြီဖြစ်၍ ရဲရင့်ရှိန် မပေါ့ဆရဲတော့ပေ။ ကိုယ်ရေးကြုံလာလျှင် သက်လုံကောင်းရမည်ဟူသော အယူအဆကိုမွေးမြူကာ မင်းညိုဆီမှ ဝင်ကျလာသော ဓားချက်များကို လျင်မြန်စွာခုခံကာကွယ် ပက်ထုတ်လိုက်ရပြန်သည်။

မင်းညိုက အခွင့်သာသည်နှင့် ဖိ၍ခုတ်သည်။ ဝိုက်သည်။ ပင့်သည်။ မင်းညို၏ ဓားချက်များက ကြောက်ခမန်း





လိလိပင် ဝေ့ကာဝဲကာ ကျလာသည်။ မင်းညိုသည် ညာခြေကို ရှေ့သို့ဖျတ်ခနဲတိုးကာ သူ့ဓားကိုလည်း ရဲရင့်ရှိန်၏ လည်ချောင်းဆီသို့ တန်းတန်းမတ်မတ်ကြီး ထိုးထည့်လိုက်သည်။ ရဲရင့်ရှိန်ကလည်း သူ့လည်ချောင်းဆီသို့ တန်းဝင်လာသော ဓားသွားအား ခရီးတစ်ဝက်ခန့်အရောက်တွင် ဓားသွားချင်း ခပ်ဆတ်ဆတ်ခံ၍ ခပ်ထုတ်လိုက်သည်။ ဓားချင်းထိသံတို့က ကြောက်မက်ဖွယ်ကြားနေရသည်။

'ချွင်... ချွင်... ချွင်...'

မင်းညို၏ ဓားဦးသည် ရဲရင့်ရှိန်၏ နားရွက်ဘေး နှစ်လက်မအကွာခန့်မှ ကျော်ဘက်သို့ လွန်ထွက်သွားသည်။ ကြည့်နေကြသူများ ထိတ်ခနဲဖြစ်သွားအောင်ပင် မင်းညို ဓားချက်များက လျင်မြန်လှသည်။ ရဲရင့်ရှိန်သည် ပြန်လည်တိုက်ခိုက်ဖို့ နေနေသာသာ မထင်မှတ်ဘဲ ဝင်ရောက်လာသော ဓားချက်များကိုသာ ခုခံဖယ်ရှား တိုက်ထုတ်ပစ်နေရသည်။ ကြည့်နေကြသူများမှာလည်း ဟာခနဲ ဟင်ခနဲဖြစ်လာကြသည်။

မင်းညိုသည် စတင်တိုက်ခိုက်ချိန်မှစ၍ ချွေးများဆူလာဟန်ရှိသည်။ ထို့ကြောင့် သူ့ညာခြေကို နောက်ပြန်ဆုတ်ကာ ဓားကိုအရှုတ်တွင် ရဲရင့်ရှိန်သည် ရုတ်လိုက်သော မင်းညို၏ ဓားသွားတွင် သူ့ဓားကို ကပ်၍လိုက်ပါစေပြီးနောက် မင်းညို၏ ဓားသွားကို ဓားတစ်ဝက်ပွတ်၍လှည့်ကာ ထိုးဖွေ့လိုက်ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ရှိန်၏ဓားဦးသည် မင်းညို၏ရင်ဝဆီသို့ တန်းခနဲလျှောဝင်လာသည်။

သက်မင်းမှာ ကြည့်နေရင်း ဟယ်ခနဲမဖြစ်မိအောင် သတိထားနေမိသည်။ မျက်လုံးများပြာသွားပြီး မင်းညိုတော့ သွားပါပြီဟု ထင်မိလိုက်သည်။

သို့သော် မင်းညိုသည် သူ၏ဓားသွားကို ရုတ်တရက် တစ်ပတ်ပွတ်၍ လှည့်လိုက်သောကြောင့် ရဲရင့်ရှိန်၏ဓားကိုပင် အလိုက်သင့်ထက်ပို၍ ဓားကို ငုံ့ပေးလိုက်သဖြင့် ရင်ဘတ်ဆီသို့ ရှေးရှုလာသော ရဲရင့်ရှိန်၏ ဓားဦးမှာ ချိန်သားလွဲ၍သွားသည်။ မင်းညို၏ခါးဆီ၌ ကိုယ်လုံးနှင့် တစ်လက်မခန့်အကွာမှ လွတ်ထွက်သွားပေသည်။

ရဲရင့်ရှိန်သည် ဓားကို ရုတ်တရက် လျင်မြန်စွာပြန်၍ ရုတ်လိုက်ပြီးနောက် မင်းညိုအား စလွယ်သိုင်း သိုင်းချဟန်ပြင်လိုက်သည်။ မင်းညိုကလည်း ကျလာတော့မည့်ဟန်ရှိသော ရဲရင့်ရှိန်၏ဓားကို ဆီး၍ခံရန် ပြင်လိုက်သည်။ တစ်ခဏအတွင်းမှာပင် စလွယ်သိုင်းခုတ်ပိုင်းဝင်လာမည့်ဟန် ရဲရင့်ရှိန်၏ဓားကို ဆိုင်းကာ တစ်မုဟုတ်ချင်း မင်းညို၏လည်ပင်းကို ခုတ်ဖြတ်ရန် ဝှီးခနဲနေအောင် ဓားကိုဝှေ့လိုက်သည်။

ဤတွင် မင်းညိုမှာ ရဲရင့်ရှိန်၏ဓားချက်ကို ငုံ့၍ရှောင်ပေးလိုက်ရမှလည်းကောင်း၊ ဒူးကိုညွတ်၍ လည်တိုင်ကို ပုပေး





လိုက်ရပြန်သည်။ ဓားချက်က ဝှီးခနဲ မင်းညို၏ခေါင်းပေါ်မှ လျှပ်ပြက်သလို အသည်းယားဖွယ် ဖြတ်သန်းသွားလေသည်။

ရဲရင့်ရှိန်၏ဓားရှိန်မှာ ပြင်းသဖြင့် ဓားအရှိန်ကို မထိန်းနိုင်စဉ်မှာပင် အခွင့်ကောင်းယူ၍ မင်းညိုသည် ရဲရင့်ရှိန်၏ နံစပ်ဆီသို့ အောက်ပင့် လက်ပြန်ပင့်ကာ ဓားတစ်ချက်သွင်းလိုက်သည်။ သို့သော် ဓားရေးကျွမ်းကျင်သော ရဲရင့်ရှိန်သည် အရှိန်ပြင်းစွာထွက်သွားသော ဓားကို အရှိန်မသေမီမှာပင် လက်ကောက်ဝတ်ကို လှည့်၍ပေးလိုက်ခြင်းအားဖြင့် ဓားသွားသည် နံစပ်ဆီသို့ဝင်လာသော မင်းညို၏ဓားနှင့် လမ်းခုလတ်တွင် ချွင်ခနဲ ခတ်မိကြလေသည်။

ဓားချင်းခတ်မိကြသော နေရာများမှာ ရဲရင့်ရှိန်၏ ဓားအဖျားပိုင်းနှင့် မင်းညို၏ ဓားအလယ်ပိုင်းတို့ဖြစ်ကြလေရာ ရဲရင့်ရှိန်၏ ဓားအဖျားပိုင်းသည် အင်အားအနည်းဆုံးဖြစ်၍ အင်အားကောင်းသော မင်းညို၏ဓားဖျားသည် ဘေးသို့ အတော်များများလွင့်စဉ်သွားသည်။

မင်းညိုက သူ့ဓားကို မထိန်းနိုင်ခင်လေးမှာပင် ရဲရင့်ရှိန်ကလည်း အခွင့်ကောင်းယူကာ ရန်သူ၏ခါးကို ရိုက်ခတ်ပြီး လက်ဆကောင်းစွာ မြဲမြဲရှိနေသောဓားကို မင်းညို၏ ရင်ညွှန့်ဆီသို့ ထိုးသွင်းလိုက်ပြန်သည်။

သို့သော် မင်းညိုက ထိုဓားချက်လာမည်ကို ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



သိရှိထားကာ ခါးထက်နိမ့်နေသော သူ့ခါးကို အရင်းပိုင်းဖြင့် ရဲရင့်ရှိန်၏ဓားဖျားကို ဆတ်ခနဲခပ်ထုတ်ပစ်လိုက်လေသည်။ ရဲရင့်ရှိန်၏ ဓားဦးမှာ အပေါ်သို့ထောင်တက်သွားပြီး မင်းညိုအား မထိဘဲဖြစ်သွားရသည်။

တစ်ဦးနှင့်တစ်ဦး ဓားများကိုအသင့်ပြင်ထားကြရင်း မခုတ်ထစ်သေးဘဲ စောင့်နေကြပြန်သည်။ ရဲရင့်ရှိန်က အေးဆေးသောအသွင်ဖြင့် မင်းညိုကိုကြည့်သည်။ မင်းညိုကလည်း တိုက်ကွက်တိုက်ကွင်းရှာနေသကဲ့သို့ ရဲရင့်ရှိန်၏ လက်ယာဘက်ဆီသို့လည်းကောင်း၊ လက်ဝဲဘက်ဆီသို့လည်းကောင်း ခြေလှမ်းများ ရွေ့ကာရွေ့ကာ ရွေ့လျားလျက်ရှိသည်။

ရဲရင့်ရှိန်သည် မင်းညိုရွေ့လျားရာဘက်ဆီသို့ မျက်နှာချင်းမဆိုင်ဖြစ်အောင် လိုက်၍ ကိုယ်ကိုလှည့်ကာ ရပ်နေရာမှ ဖြုန်းခနဲ ရှေ့သို့ခုန်ကာ မင်းညို၏မျက်နှာဆီသို့ ဓားတစ်ချက်ထိုးသွင်းလိုက်သည်။ ဤတစ်ကြိမ်တွင် မင်းညိုသည် နောက်ဘက်သို့ ခြေတစ်လှမ်းဆုတ်ပေးလိုက်ခြင်းဖြင့် ဓားသွားချင်း မထိရဘဲ ရဲရင့်ရှိန်ဓားချက်မှ သီသီလေးလွတ်ထွက်သွားလေသည်။

ဘေးမှရပ်ကြည့်နေကြသူများမှာလည်း အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် စောင့်ကြည့်နေကြရသည်။ မင်းညိုအတွက် ပို၍ပင် စိုးရိမ်မကင်း ဖြစ်လာကြသည်။ ယခုအတိုင်းဆိုလျှင် ရဲရင့်ရှိန်မှာ မင်းညိုထက် ဓားရေးသာနေပုံရသည်။ အကယ်၍





ရဲရင့်ရှိန်က ဆက်တိုက် တိုက်ခိုက်မည်ဆိုပါက မင်းညိုအနေနှင့် တစ်ချက်မမှား တစ်ချက်မှားသွားနိုင်ပေသည်။

စိုးရိမ်စွာကြည့်ရှုနေကြသည့်အတွင်းမှာပင် မင်းညိုသည် လျင်မြန်စွာ ရှေ့သို့ခုန်၍တက်လိုက်ပြီး ရဲရင့်ရှိန်အား စလွယ်သိုင်းခုတ်ပိုင်းလိုက်သည်။ ရဲရင့်ရှိန်က သူ့ဓားသွားနှင့် တစ်ချက်ခံ၍ ထားလိုက်ရသည်။

'ချွင်… ချွင်…'

ဓားချင်းခတ်သံများ ထွက်ပေါ်လာသည်။ မင်းညိုသည် ရဲရင့်ရှိန် ထိုးစစ်ဆင်မလာမီမှာပင် နှစ်ချက်ထပ်၍ ဆင့်ကဲဆင့်ကဲ ခုတ်ချလိုက်သည်။ အားကုန်ခုတ်ထည့်လိုက်သော မင်းညို ဓားချက်များကို ရဲရင့်ရှိန် မနည်းပင်ခုခံရသည်။ မင်းညိုက ဓားဦးပိုင်းနှင့်ခုတ်၍ ရဲရင့်ရှိန်က ဓားအရင်းပိုင်းနှင့် ဆတ်ကာဆတ်ကာ ခုခံထားလိုက်သဖြင့် မင်းညိုဓားချက်သည် ရဲရင့်ရှိန်၏ ဖက်ပေါ်သို့မကျဘဲ သီသီလေးလွတ်ထွက်သွားပြန်သည်။

တိုက်ပွဲမှာ ပြင်းထန်သထက်ပြင်းထန်လာသည်။ ဓားချင်းခတ်သံ တချွင်ချွင်အသံများ၊ ဓားရွက်တစ်ခုနှင့်တစ်ခု ဖိကြိတ်ကာ ရှီးခနဲရှီးခနဲမြည်သံများသည် ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာကြသည်။ ဘေးမှကြည့်နေသူများကလည်း ကိုယ့်လူကိုယ် စိုးရိမ်သောကဖြစ်ကြရကာ နှလုံးခုန်မြန်လာကြသည်။ တစ်ခါတစ်ရံတွင် မြန်ဆန်လွန်းသောဓားချက်များကို မမြင်တွေ့လိုက်ရဘဲ နေရောင်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင်သာ လက်ခနဲ လက်ခနဲဖြစ်သွားသည်ကို တွေ့လိုက်ရသည်။

မင်းညိုသည် ရဲရင့်ရှိန် ဆင့်ကဲဆင့်ကဲခုတ်ပိုင်းပြီး နောက်မိမိ၏ဓားချက်များ လိုရာသို့မဝင်သဖြင့် ပရိယာယ်သုံး၍တိုက်ခိုက်ရန် နောက်သို့အဆုတ်တွင် အထိုးအငွေ့အားကိုးကာ တိုက်ခိုက်နေသော ရဲရင့်ရှိန်ကလည်း အခုတ်အပိုင်းဘက်တွင် ပို၍အားထားလာသလို ဆုတ်ခွာစပြုနေသော မင်းညိုအား ဆင့်ကာဆင့်ကာ အားကုန်ခုတ်ပိုင်းရင်း တရကြမ်းဖိတိုက်တော့သည်။

ထိုသို့ ပရိယာယ်ပြောင်းလာကြသည့် ဆပ်ကူးမတ်ကူးကာလတွင် မင်းညိုသည် ရဲရင့်ရှိန်လောက် ကျင့်သားမရှိသည့်ဟန်ဖြင့် ရဲရင့်ရှိန်ဓားချက်များကို မခံသာအောင် တဖြည်းဖြည်းအားပျော့လာသည်။ မောပန်းစပြုလာသော မင်းညို၏ ကံကြမ္မာမှာ ရဲရင့်ရှိန်ပြုသမျှ ခံရတော့မည့်အနေအထားဖြစ်လာသည်။ ရဲရင့်ရှိန်ကလည်း ထိုအခြေအနေကို နားလည်သွားသည့်အလား ဓားချက်များက ပြင်းထန်သထက် ပြင်းထန်လာသည်။ တစ်ခါတွင် ရဲရင့်ရှိန်၏ဓားချက်များသည် မင်းညို၏ဦးခေါင်းနှင့် အလွန်နီးကပ်စွာ ပွတ်၍ထွက်သွားရာ ဦးခေါင်းခွံပင် ပဲ့ထွက်သွားမလားဟု ထင်မှတ်လိုက်ရသည်။ သက်မင်းကိုယ်တိုင်ကပင်…

'ဟာ… မင်းညိုတော့ သွားပြီ'ဟု နှုတ်မှ ယောင်ထွက်သွားသည်။





မင်းညိုသည် ဝိုးခနဲဖြတ်သွားသော ရဲရင့်ရှိန်၏ ဓားချက်များကို တတ်နိုင်သမျှ တားဆီးသောအားဖြင့် သူ၏ဓားကို ထောက်ဖိကာ ဓားသွားချင်းခတ်မိ၍ ချွင်ခနဲမီးပွင့်ထွက်သွားသည်။ မင်းညို၏ဓားမှာ ရဲရင့်ရှိန်၏ ဓားအရှိန်ကြောင့် ထောင်ထားရာမှ ယိုင်ကျလာသည်။ ထိုသို့ ယိုင်ကျသွားသည်ကို မင်းညိုက လျှင်မြန်စွာပြန်ထိန်းလိုက်သည်။ တစ်ခဏအတွင်းမှာပင် ရဲရင့်ရှိန်သည် ကျောက်စရစ်ခဲတစ်ခုကို နင်းမိကာ ခြေတစ်ဖက်ချော်ထွက်သွားသည်။ အားလွန်ပြီး ရှေ့သို့ ငိုက်ခနဲဖြစ်လာချိန်တွင် မင်းညိုသည်လည်း သူ၏ဓားဦးကို မထိန်းနိုင်မီမှာပင် ရဲရင့်ရှိန်၏ ဝမ်းဗိုက်ဆီသို့ တန်းခနဲဝင်ရောက်သွားလေသည်။

များမကြာမီမှာပင် ရဲရင့်ရှိန်၏ လက်ယာဘက် အဆုတ်အောက်ဘက်တွင် ဓားချက်ထိကာ မြက်ခင်းပြင်ပေါ်သို့ လဲကျသွားသည်။ သွေးများကား မြက်ခင်းစိမ်းစိမ်းများပေါ်တွင် မြင်မကောင်းအောင် အိုင်ထွန်းသွားသည်။ ထိုအချိန်မှာပင် ဘယ်ကနေဘယ်လိုရောက်လာမှန်းမသိသော မေသက်ထားသည် ရဲရင့်ရှိန်အားကြင်နာစွာ ထွေးပွေ့ထားသလို မင်းညိုအား စက်ဆုပ်မုန်းတီးသောအကြည့်နှင့် ကြည့်နေပေသည်။

မေသက်ထား၏ ထိုကဲ့သို့ မုန်းတီးသည့်အကြည့်ကို သူမခံစားနိုင်ပေ။ ပါးစပ်မှလည်း အလန့်တကြားပင် မေသက်ထားဟု အော်ဟစ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးကို ခပ်ကြမ်းကြမ်းဆွဲလှုပ်နေသည်ဟု ထင်သည်။

'ဟေ့ကောင် မင်းညို၊ ဘယ်လိုဖြစ်တာလဲကွာ၊ ညကြီး မင်းကြီး မေသက်ထား၊ မေသက်ထားဆိုပြီး အကျယ်ကြီးအော်ရ တယ်လို့'

မင်းညို မျက်လုံးများပြန်ဖွင့်ကြည့်လိုက်သည်။ ပထမဦး သူ့ကိုယ်သူ ဘယ်ရောက်နေမှန်းမသိ။ ရဲရင့်ရှိန်နှင့် တစ်ဦးချင်း ဓားချင်းယှဉ်ခုတ်ခဲ့သည့် တောစပ်အလွန် မြက်ခင်းစိမ်းစိမ်းဘေး သွေးအိုင်ထဲမှာ သူ့ဓားချက်ကြောင့် ရဲရင့်ရှိန် သေနေပြီမဟုတ်လား သေချာကြည့်လိုက်မိသည်။ သူငယ်ချင်းသက် မင်း သူတို့အိပ်နေ သော အဆောင်အခန်းတစ်ခုအတွင်း ဖြစ်နေသည်။

'ဘာတွေယောင်နေတာလဲကွာ'

'ဟုတ်တယ် သူငယ်ချင်း၊ ငါနဲ့ ရဲရင့်ရှိန် ဓားချင်းယှဉ် ခုတ်တယ်လို့ အိပ်မက်ဆိုးတွေ မက်နေမိတယ်'

'မင်းက တော်တော်အစွဲအလမ်းကြီးတာပဲ'

'မဟုတ်သေးဘူး သူငယ်ချင်း၊ အိပ်မက်က မကောင်း ဘူး၊ မေသက်ထားနဲ့ ငါ ဝေးရတော့မယ်ထင်ပါရဲ့ကွာ'

သက်မင်းကလည်း မင်းညို စိတ်မကောင်းမဖြစ်ရန် တတ်နိုင်သမျှ ဖျောင်းဖျပြောဆိုနေရပေသည်။

❒ ❒ ❒





မင်းညို မျက်ဝန်းထဲတွင် မျက်ရည်စများ ဝေ့သီလျက် ရှိသည်။ အရပ်ကြိုးပြတ်ကျသကဲ့သို့ စိတ်ပျက်လက်ပျက်ကြီး ဖြစ်နေသည်။

သူ့စားပွဲပေါ်တွင် သူရေးသားဖွဲ့နွဲ့ထားသော မေသက် ထားထံ ပေးပို့ထားသည့် မေတ္တာစာများ အကုန်လုံး ပြန်လည် ရောက်ရှိလာသည်။ စာသောက်ဆိုင်ထဲတွင် ရဲရင့်ရှိန်အား ရိုင်းစိုင်း ကြမ်းတမ်းစွာ ထိုးကြိတ်ခဲ့ခြင်းကို မေသက်ထား သိရှိသွားသည်။ မင်းညိုအပေါ်တွင်လည်း အပြစ်တင်မဆုံး ရှိချေသည်။

ဘာကြောင့်ဖြစ်ခဲ့ရသည့် အကြောင်းရင်းကိုတော့ မေ သက်ထား မသိရှိခဲ့ပေ။ မေသက်ထားအနေနှင့်လည်း မင်းညို အပေါ်တွင်သာ အပြစ်ပုံချလိုက်သည်။ ရဲရင့်ရှိန်က သူမ အလုပ် လုပ်သော ကုမ္ပဏီပိုင်ရှင် သူဌေးသားဖြစ်သည်။ မေသက်ထား မိတ်ဆွေ မင်းညိုက စော်ကားခြင်းဖြစ်ကြောင်း သူဌေးကိုယ်တိုင် သိရှိသွား၍ မင်းညိုအပေါ် မုန်းတီးသွားရပေတော့သည်။

'မင်း မှားတယ် မင်းညို၊ ရဲရင့်ရှိန်က အလွန်အကျွံ မူးနေတော့ သူ့စိတ်ထဲ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာ၊ ပြီးတော့လည်း မေသက်ထား နာမည်ကိုလည်း ဖွင့်ပြောတာ မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်ရဲ့ နာမည်ကို လူတွေကြားမှာ ထုတ်ဖော်ပြောရင် ရိုင်းပျရာရောက်မယ် မဟုတ်လား၊ နင်းကန်မူး နေတဲ့ကြားက နာမည်ကို ထုတ်ဖော်ပြောတာမဟုတ်ဘူး၊ ဒါနဲ့များ



www.burmeseclassic.com

မင်းက ဆတ်ဆတ်ထိမခံဖြစ်ပြီး ထိုးရတယ်လို့ကွာ၊ ကိုယ့်စိတ်ကိုယ့်ဒေါသကို မထိန်းနိုင်တော့ အခုလိုဖြစ်ရတာပဲ'

သက်မင်းကလည်း ညည်းညည်းညူညူ အပြစ်တင်လေသံနှင့် ပြောလိုက်သည်။ တစ်ချိန်လုံး စိတ်ပျက်လက်ပျက်ငူငေါင်နေသော မင်းညိုသည် ခေါင်းကို ဆတ်ခနဲမော်၍ကြည့်လိုက်သည်။

'မင်း နားမလည်ပါဘူး သက်မင်းရာ၊ မင်းတို့စိတ်နဲ့ ငါ့ရဲ့စိတ်က ခံစားချက်ချင်း တူတာမဟုတ်ဘူး၊ မင်းတို့က မိန်းကလေးတွေဆိုရင် လွှယ်လွှယ်ရတဲ့ အပေါစားပစ္စည်းလို့ ထင်နေကြတယ်၊ မေသက်ထားက လွှယ်လွှယ်ရတဲ့ အပေါစားပစ္စည်း မဟုတ်ဘူး၊ ပြီးတော့ ငါ့အသည်းနှလုံးထဲမှာ စွဲမြဲနေတဲ့ အချစ်ကလည်း မင်းတို့ရင်ထဲမှာရှိနေတဲ့ အချစ်စိတ်မျိုး မဟုတ်ဘူး၊ ရဲရင့်ရှိန်လိုကောင်မျိုးက အရက်ဝိုင်းမှာ ပြောချင်တိုင်း ပြောနေတာကို ဘယ်လိုလုပ်ခံနိုင်မှာလဲ။

'ခုထိ ငါ ရင်နာနေတုန်းပဲ၊ မေသက်ထားနဲ့ ပတ်သက်လာရင် ဆတ်ဆတ်ခါအောင် နာတယ်'

'မင်း စိတ်ထဲမှာ အထိမခံနိုင်အောင် ချစ်ခဲ့ရတာတော့ဟုတ်ပါပြီ၊ ခု ဘယ်လိုလုပ်မလဲ၊ မေသက်ထားက အတွေ့မခံတော့တဲ့အပြင် ရဲရင့်ရှိန်နဲ့ လက်ထပ်တော့မယ်'

'ဘယ်သူနဲ့ပဲ လက်ထပ်ထပ် မေသက်ထားကို ငါ





တစ်သက်လုံး ချစ်နေမှာပဲ၊ ဘယ်အသက်အရွယ်ပဲရောက်ရောက် မေသက်ထားကလွဲပြီး ဘယ်သူ့ကိုမှလည်း မချစ်နိုင်တော့ဘူး၊ ဒါက ငါ့ရဲ့ စစ်မှန်သန့်ရှင်းစင်ကြယ်တဲ့ မေတ္တာတရားပဲ၊ မေသက်ထားနဲ့ ဝေးသွားပေမယ့် ငါဝါသနာပါတဲ့ ဆေးသုတေသန အလုပ်တွေထဲမှာလည်း ငါ့ဘဝတစ်ခုလုံး မြှုပ်နှံထားရမှာပေါ့ကွာ'

❒ ❒ ❒

မောင်မင်းညိုသည် တာဝန်ကျရာ အမြို့မြို့အနယ်နယ်တွင် ကျွမ်းကျင်သောဆရာဝန်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆင်းရဲနွမ်းပါးသူများအပေါ်တွင် ညှာတာထောက်ထား၍ သဘောထားကောင်းမွန်သော ဆရာဝန်ကြီးတစ်ယောက်အဖြစ် နာမည်ကျော်ကြားခဲ့သည်။

နွေမိုးဆောင်းအချိန်ကာလများက လျင်မြန်စွာ ကုန်ဆုံးသွားသည်။ အသက် ၇၀ အရွယ်ရောက်သောအခါ ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေရာမှ အငြိမ်းစားယူလိုက်သည်။ မွေးရပ်မြေဇာတိဖြစ်သော တောင်ပေါ်မြို့လေးသို့ ပြန်လာခဲ့သည်။ မိဘများလည်း ကွယ်လွန်သွားပြီးနောက် မြို့နှင့်အလှမ်းဝေးသော တောင်ကုန်းလေးပေါ်တွင် တိုက်အိမ်လေးတစ်လုံးဆောက်ပြီး တစ်ဦးတည်းပင် နေထိုင်ခဲ့သည်။

ဆရာဝန်ကြီး ဦးမင်းညိုဘဝကား စာအုပ်များနှင့် ဓာတ်ခွဲခန်းထဲတွင်သာ အချိန်ပြည့် အလုပ်လုပ် နေထိုင်လာခဲ့သည်။

www.burmeseclassic.com



ထိုအချိန်တွင် သူငယ်ချင်းဖြစ်သူ ဒေါက်တာသက်မင်း မှာလည်း သူ့ဇာတိ တောင်ပေါ်မြို့လေးရှိ ဆေးရုံတွင် ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိရာ ငယ်သူငယ်ချင်းနှစ်ယောက် ပြန်လည်တွေ့ဆုံမိကြပြီး လွန်စွာမှ ပျော်ရွှင်သွားကြသည်။

'ငါတော့ အခုမှပဲ အေးအေးဆေးဆေး သုတေသနအလုပ်တွေလုပ်ဖို့ အချိန်ရတော့တယ်၊ သက်မင်း မင်း မှတ်မိသေးလား၊ ငါတို့ငယ်ငယ် ဆေးကျောင်းတက်ခဲ့တုန်းက ငါ့စိတ်ကူးသစ်တွေနဲ့ အိပ်မက်မက်ခဲ့တဲ့ အိပ်မက်တိုင်းပြည်တွေကို မင်း သတိရသေးလား'

'တော်ပါတော့ မင်းညီရာ၊ ဒီအသက်အရွယ် ရောက်တဲ့အထိ မင်းရဲ့ အိပ်မက်တိုင်းပြည်တွေက မက်လို့ကောင်းတုန်းလား၊ ဒါနဲ့ မင်းရဲ့ ဖြူစင်သန့်ရှင်းပါတယ်ဆိုတဲ့ မေသက်ထားတို့ရော ဘယ်ရောက်နေကြလဲ၊ သူမ သတင်းရော ဘာကြားမိသေးလဲ'

'မေသက်ထားလည်း ရဲရင့်ရှိန်နဲ့ လက်ထပ်ပြီး သမီးလေးတစ်ယောက်တော့ ရခဲ့တယ်၊ နောက်ပိုင်း ရဲရင့်ရှိန်က အသောက်အစား လောင်းကစားဖက်လိုက်တော့ သူတို့ကုမ္ပဏီလည်း စီးပွားပျက်သွားတယ် ကြားတယ်၊ မေသက်ထား ရန်ကုန်မှာ မရှိတော့ဘူး၊ သမီးလေးတစ်ယောက်နဲ့ ဘယ်အရပ် ဘယ်ဒေသရောက်နေလဲ ငါလည်း မသိတော့ဘူး'





'မင်း အိမ်မှာ ဓာတ်ခွဲခန်းတွေရှိတယ်ဆို၊ ဘာတွေစမ်းသပ်နေတာလဲ'

'ဟုတ်တယ် သက်မင်း၊ ငါ ငယ်ငယ်ကတည်းက ကြံစည်စိတ်ကူးထားတာတွေကို ခု နည်းနည်းပါးပါးလက်တွေ့စမ်းသပ်ကြည့်လို့ရပြီ၊ တကယ်တော့ သိပ္ပံပညာဟာ ငါတို့တွေအဖို့ သမုဒ္ဒရာကမ်းစပ်လောက်ပဲ ရောက်သေးတယ်၊ အများကြီးရှာဖွေစမ်းသပ်ရဦးမယ်၊ ပင်လယ်ပြင်ကြီးလို လေ့လာရှာဖွေစူးစမ်းစရာတွေက မကုန်ဆုံးနိုင်ဘူး၊ တကယ်တော့ ယုန်သူငယ်ခြေထောက်နဲ့ မမီတဲ့ သမုဒ္ဒရာပြင်ကျယ်ကြီးပဲ။

'ခုနေချိန်မှာ ငါ့အသက် ၇၀ မဟုတ်ဘဲ ၁၇ နှစ်သားလောက် ပြန်ဖြစ်သွားရင် ဘယ်လောက်ကောင်းမလဲ၊ သိပ္ပံပညာသမုဒ္ဒရာကြီးထဲမှာ ဉာဏ်ပညာ အသစ်အဆန်းတွေရှာဖို့ အချိန်တွေအများကြီးရမှာ၊ နောက်ပြီး မေသက်ထားကို မတွေ့တွေ့အောင်ရှာမယ်၊ ခုချိန်ဆို သူလည်း အဘွားကြီးဖြစ်နေလောက်ရောပေါ့၊ သူကလည်း ငယ်ငယ်လေးပြန်ဖြစ်၊ ငါကလည်း ငယ်ငယ်လေးပြန်ဖြစ်၊ တို့နှစ်ယောက် ပြန်လည်ချစ်ခွင့်တွေရရင် ဘယ်လောက်ပျော်စရာကောင်းမလဲ'

'တော်ပါတော့ မင်းညီရာ၊ မင်းကတော့ ငယ်ငယ်က အကျင့် မပျောက်ဘူး၊ မဖြစ်နိုင်တာတွေ တော်တော်စိတ်ကူးယဉ်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ငယ်သူငယ်ချင်း အဘိုးကြီးနှစ်ယောက်သည် မကြာခဏ တွေ့ဆုံကြသည်။ ရာသီဥတုကောင်းမွန်၍ ဆရာဝန်ကြီး ဒေါက်တာ သက်မင်း အားလပ်သောရက်များတွင် သူတို့ တောင်ပေါ်မြို့လေးရှိ ရက္ခဗေဒဥယျာဉ်ကြီးသို့ သွားရောက်ကာ ရောင်စုံဖူးပွင့်နေသော ပန်းခင်းကြီးများကြားဝယ် လမ်းလျှောက်ကြသည်။

ထိုသို့ လမ်းလျှောက်ကြရင်း ဒေါက်တာဦးမင်းညိုသည် ငယ်ပေါင်းသူငယ်ချင်း ဆရာဝန်ကြီး ဦးသက်မင်းအား သူ၏ စိတ်ထဲ၌ရှိသော လျှို့ဝှက်ချက်များကို ပြောပြတတ်သည်။

တစ်နေ့တွင် ထုံးစံအတိုင်း ဆရာဝန်အဘိုးကြီးနှစ်ယောက် သည် ရောင်စုံလှပသော ပန်းခင်းကြီးများကြားတွင် လမ်းလျှောက် လာရင်း မိန်းမပျိုလေးတစ်ယောက်က သူတို့နှစ်ယောက်အနီးမှ ဖြတ်လျှောက်သွားသည်။ ဖြတ်လျှောက်သွားရင်းမှာပင် ပြုံးချိုသော မျက်နှာထားလေးနှင့် ခင်မင်နှစ်လိုဖွယ် နှုတ်ဆက်သွားသည်။

'ဆရာကြီးတို့ လမ်းလျှောက်နေကြတယ်နဲ့ တူတယ်'

အဆိုပါ မိန်းမပျိုလေးကို မြင်တွေ့လိုက်ရသော ဆရာ ဝန်ကြီး ဦးမင်းညို၏ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ မိန်းမပျို လေးမှာ မေသက်ထား ငယ်ရွယ်စဉ်က ပုံစံအတိုင်း မေသက်ထား နှင့် ရုပ်ချင်းဆင်တူသော မိန်းမပျိုလေး ဖြစ်နေသည်။ အံ့ဩစရာ တော့ ကောင်းနေသည်။

'တော်တော့်ကို တူတာပဲကွာ၊ ငါ့စိတ်ထဲမှာ မေသက် ထားကို ပြန်တွေ့လိုက်ရသလိုပဲ'





'ဟုတ်တယ်၊ ယဉ်ကျေးသိမ်မွေ့ပြီး ဣန္ဒြေရှင်မိန်းကလေး တစ်ယောက်ပုံစံမျိုး ခုခေတ် မိန်းကလေးတွေမှာ ဒီလိုမိန်းကလေး မျိုးက တွေ့ရခဲတယ်၊ တော်တော်လှတဲ့ ကလေးမပဲဟ'

'အင်း… လှမေ့'

ဆရာဝန်ကြီး ဦးမင်းညိုသည် နောက်ဘက်သို့ လှည့် ကြည့်လှည့်ကြည့်နှင့် ပြောလိုက်သည်။ ဆရာဝန်ကြီး ဦးသက် မင်းက ဦးမင်းညိုအား ကြည့်လိုက်ရာ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ဝိုင်းနေသည်ကို သတိထားမိလိုက်သည်။

အတွေးကိုယ်စီဖြင့် ဆက်ပြီး လမ်းလျှောက်လာကြသည်။ အတန်ကြာမှ ဦးမင်းညိုက သက်ပြင်းချလိုက်ပြီး…

'အင်း… ဆေးကျောင်းတက်တုန်းက မင်း ပြောခဲ့တာ တွေ ငါ ပြန့်အမှတ်ရမိတယ်၊ ငါက မိန်းကလေးတွေနဲ့ တွေ့ရင် ရှောင်ဖယ်ရှောင်ဖယ်လုပ်နေတာကို မင်းက အပြစ်တင် ကြိမ်း မောင်းခဲ့ဖူးတယ်၊ ငါ့ကို လူညံ့၊ လူရှော်၊ တုံး၊ ဘယ်လို… ရင်ခုန်သံမကစားတတ်သူ၊ နောက်ပြီး မင်း ဆက်ပြောပါသေး တယ်၊ အသက်အရွယ်ငယ်ရွယ်တဲ့အချိန်မှာ ရသလောက်အခွင့် အရေးတွေကို မယူခဲ့လို့ရှိရင် ကြီးလာတဲ့အခါ နောင်တရမယ် ဆိုတာတွေ ဟုတ်တယ် သူငယ်ချင်း၊ ခုလို အသက်အရွယ်ကြီးပြီး အဘိုးကြီးဖြစ်လာတော့ ဆေးကျောင်းတက်တုန်းက လက်လွှတ် ဆုံးရှုံးရတဲ့ အခွင့်အရေးတွေကို ပြန်တွေးမိပြီး နှမြောတော့ နှမြော မိသား'



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဒေါက်တာသက်မင်းသည် ဦးမင်းညို ပြောပြသည်ကို သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား… ဟား… ဖြစ်မှဖြစ်ရလေ မင်းညိုရာ၊ မင်းသာ မှတ်မိနေတာ၊ ငါကတော့ ဘာမှမမှတ်မိတော့ဘူး'

'ဟုတ်တယ်ကွ၊ ငယ်ငယ်တုန်းက မင်းတို့ ပြောခဲ့တာတွေဟာ တကယ်မှန်တယ်၊ ငါ အခု အဘိုးကြီးဖြစ်လာတော့ အခွင့်အရေးတွေ လက်လွှတ်ဆုံးရှုံးခဲ့ရပါလား ဆုံးရှုံးခဲ့ရပါလား လို့ နောင်တတွေ ရလာတယ်၊ ခုဆို ကြည့်ကွာ၊ မင်းမှာ သားသမီး မြေးမြစ်တွေနဲ့ ဘယ်လောက်ပျော်ဖို့ကောင်းလဲ၊ ငါ့ကျတော့ အဘိုးကြီးတစ်ယောက်တည်း၊ သားသမီးတွေရဲ့ အချစ်၊ မြေးတွေရဲ့ အချစ်တွေ ခံစားခွင့်မရဘူး၊ ခုမှ တော်တော်စိတ်မကောင်းဖြစ်ရတယ်၊ ငါဟာ တော်တော်ဆုံးရှုံးခဲ့ရပါလား၊ ခုတော့လည်း နောက်ကျသွားပြီ၊ မကြာခင်မှာပဲ မြေကြီးထဲဝင်ပြီး တစ္ဆေတိုင်းပြည်ထဲ သွားရတော့မယ်'

'ဘယ်လိုကွ… တစ္ဆေတိုင်းပြည်၊ မဟုတ်တာပဲ မင်းညိုရာ၊ မင်းဘဝတစ်လျှောက်လုံး လူသားတွေအတွက် ဆေးပညာနဲ့ အကျိုးပြုခဲ့ပြီပဲ၊ မကျန်းမာတဲ့သူတွေ ရောဂါဝေဒနာတွေ အများကြီး ကြိုးစားကုသပေးခဲ့တာပဲ၊ ဒါလည်း ဘဝရဲ့ အမြတ်ဆုံး ဆုလာဘ်တွေပဲ၊ မင်း ကုသပေးလိုက်လို့ ပျောက်ကင်းချမ်းသာသွားတဲ့ လူသားတွေအားလုံးက မင်းအပေါ် မေတ္တာတွေ ပို့လွှတ်ကြမှာပဲ၊ တစ္ဆေတိုင်းပြည်တော့ မရောက်ပါဘူး'





ဆရာဝန်ကြီး ဦးမင်းညိုက ခေါင်းကို လေးတွဲ့စွာခါယမ်းလိုက်သည်။

'ဒီလောက်နဲ့ အားမရသေးပါဘူးကွာ၊ ငါ လုပ်ချင်တဲ့ အလုပ်တွေ အများကြီးရှိသေးတယ်၊ တကယ်တမ်း အချိန်သာ ရမယ်ဆိုရင် ပိုပြီးတော့တောင် လုပ်ချင်သေးတယ်၊ ဆရာဝန် ဘဝတစ်လျှောက်လုံး လာသမျှလူနာတွေကို ဆေးကုသပေးခဲ့ရတယ်၊ တကယ်လို့သာ သုတေသနအလုပ်တွေကို အားစိုက်ပြီး လုပ်နိုင်မယ်ဆိုရင် လူ့လောကကြီးနဲ့ လူသားတွေအတွက် ပိုပြီး ဦးဆောင်နိုင်မယ်၊ သိပ္ပံပညာသက်သက်ကိုသာ တစ်လျှောက်လုံး လေ့လာလိုက်စားခဲ့ရင် လူ့လောကအတွက် ကောင်းကျိုးချမ်းသာတွေကို ပိုပြီးရှာတွေ့မှာပဲ၊ သိပ္ပံပညာ တိုးတက်တာလည်း မှန်တယ်၊ ရှာဖွေတွေ့ရှိပြီးသား အချက်အလက်တွေကို သေချာ လေ့လာပြီး ပိုပြီးတန်ဖိုးရှိအောင် လုပ်ရမယ်၊ ဒီထက်ပိုပြီး အချိန်တွေသာရရင် သိပ်ကောင်းမှာပဲ'

'ခုချိန်မှာ အသက်တွေရလာတော့ အကြောင်းသိပ်မထူးတော့ပါဘူး၊ ဒါတွေကို လေးလေးနက်နက် စဉ်းစားမနေနဲ့၊ ကဲ… သွားကြရအောင်၊ စစ်ဘုရင်တစ်ပွဲလောက် ကစားကြရအောင်၊ မနေ့တုန်းက ပွဲမှာ မင်းက ငါ့အပေါ် အနိုင်ရသွားတယ်'

ဟု စကားလက်စသတ်လိုက်ပြီး ဆရာဝန်ကြီး ဦးသက်မင်း အိမ်သို့ လိုက်ပါသွားသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မြို့လေး၏ ရာသီဥတုမှာ မြူများဆိုင်းပြီး မနက်ခင်းတွင် နှင်းတွေဝေလျက်ရှိသည်။ တစ်နေကုန် အေးစိမ့်သောဒေသဖြစ်သည်။ ဆရာဝန်ကြီးဦးမင်းညိုသည် ညနေခင်းတွင် လမ်းလျှောက်ထွက်လာရင်း ဈေးထဲသို့ ရောက်လာသည်။

တောင်ပေါ်မြို့လေး၏ ဈေးထဲတွင် တိုင်းရင်းသားလူမျိုးစုများဖြစ်ကြသည့် ရှမ်း၊ ဓနု၊ လီဆူး စသည့် လူမျိုးစုများကလည်း ဈေးရောင်းဈေးဝယ်နှင့် စည်ကားရှုပ်ထွေးနေပေသည်။ ရာသီဥတုမှာ အေးစိမ့်စိမ့်ရှိသည်။ ဦးမင်းညိုသည် အနွေးထည်ဝယ်ရန် သိုးမွေးထည်များရောင်းချသည့် စတိုးဆိုင်အတွင်းသို့ လှမ်းဝင်လာသည်။ အရွယ်မျိုးစုံဝတ် သိုးမွေးအနွေး ထည်အဆင်ဆန်းများကိုလည်း ရောင်စုံချိတ်ဆွဲထားသည်။ အရောင်းကောင်တာရှေ့သို့ ရောက်လာသည်။ ထိုစဉ်မှာပင် သူ့ရင်တွေ တလှပ်လှပ်ခုန်လာသည်။ ဈေးဝယ်သူများကို ဖော်ရွေပြုံးရွှင်ချိုသာစွာနှင့် ဈေးရောင်းနေသည့် မိန်းကလေး တစ်ဦးကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ဦးမင်းညို၏ သိစိတ်အာရုံများသည် လွန်ခဲ့သော အတိတ်ကာလများဆီသို့ လွင့်ပါးသွားသည်။ သူ့ဘဝတွင် စွဲစွဲလမ်းလမ်း မြတ်မြတ်နိုးနိုးနှင့် ချစ်ခဲ့ရသော မေသက်ထား၊ သူ့အပေါ် အထင်အမြင်လွဲများစွာနှင့် ကုမ္ပဏီသူဌေးသား ရဲရင့်ရှိန်နှင့် လက်ထပ်သွားသော မေသက်ထား၊ မေသက်ထားနှင့် မပေါင်းဖက်ရသော





သူ့ဘဝသည် အထီးကျန်ဆန်စွာ ဆေးပညာသုတေသနလုပ်ငန်းများနှင့်သာ အချိန်ဖြုန်း ကုန်ဆုံးခဲ့ရသည်။ မေသက်ထားဘဝ ဘယ်သို့ဘယ်ပုံ ဖြစ်သွားသည်ကို မသိရ။

မေသက်ထားနှင့် သူ့ဘဝသည် အဝေးကြီးဝေးသွားခဲ့ရသည်။ ယခုတော့မေသက်ထားနှင့်အလွန်တူသည့်မိန်းကလေးကို အမှတ်မထင်တွေ့လိုက်ရခြင်းဖြစ်သည်။ တူတာကလည်း အတော့်ကိုတူသည်။ သူ၏အတိတ်ဘဝများကို ပြန်လည်နိုးထစေရန် စွမ်းဆောင်ဖန်တီးသကဲ့သို့ တူနေခြင်းဖြစ်သည်။ သူ့အသည်းနှလုံးခုန်သံများကို သူကိုယ်တိုင် ပြန်ကြားပါရသည်ဟု သတိထားမိသည်။

မနေ့က သူငယ်ချင်းဖြစ်သူ ဆရာဝန်ကြီး ဦးသက်မင်းနှင့် ရောင်စုံလှပသော ပန်းခင်းကြီးများရှိရာ ရက္ခပေဒဥယျာဉ်ထဲသို့ လမ်းလျှောက်လာစဉ်ကလည်း ထိုမိန်းကလေး နှုတ်ဆက်သွားသည်ကို သတိရမိသည်။ မိမိတို့သူငယ်ချင်း ဆရာဝန်ကြီးနှစ်ယောက်မှာ တောင်ပေါ်မြို့လေးတွင် လူသိများလှသည်။ မိမိတို့က မသိသော်လည်း မိမိတို့နှစ်ယောက်ကို သိကျွမ်းနေကြသည်မှာ မထူးဆန်းလှပေ။

သို့သော် ဆရာဝန်ကြီး ဦးမင်းညိုအတွက် အဆိုပါမိန်းကလေးသည် အတိတ်ဘဝသို့ ပြန်လည်ခေါ်ဆောင်သွားနိုင်ရန် အစဖော်ပေးသကဲ့သို့ရှိသဖြင့် ထူးဆန်းစွာ ခံစားနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး··· ဘာများအလိုရှိပါသလဲ၊ သမီး ဘာအကူအညီပေးရမလဲ'

မိမိအတွေးများ လွင့်ပျံနေရာမှ စကားပြောသံကြားလိုက်မှ၍ လက်ရှိအနေအထားကို သတိပြန်ရသွားသည်။ ချိုသာပြုံးရွှင်သောမိန်းကလေးက ဦးမင်းညိုအား တလေးတစားကြည့်လျက်ရှိသည်။

မေသက်ထား၊ မေသက်ထား တကယ့်ကို ငယ်ငယ်တုန်းက တွေ့ခဲ့ရတဲ့ မေသက်ထားပဲဟု စိတ်ထဲမှ တွေးမိသည်။

'ရာသီဥတုကလည်း အေးလာတော့ အနွေးထည်လေးတစ်ထည်လောက် ရှာကြည့်တာပါ'

'ဟုတ်ကဲ့··· ဆရာကြီးတို့အရွယ်ဝတ်တဲ့ လူကြီးတွေအတွက် သမီး ပြပေးပါ့မယ်'

မိန်းကလေးသည် ဖျတ်လတ်သွက်လက်စွာနှင့် ဗီရိုအထပ်ထဲမှ အနွေးထည်များကို ထုတ်ယူလာသည်။ မှန်ရှိုးကေ့စ်ပေါ်သို့ တင်ပေးလိုက်ရင်း···

'ဆရာကြီး ကြိုက်တဲ့အရောင်၊ ကြိုက်တဲ့အဆင်တွေကို ဒီထဲမှာ ရွေးကြည့်လို့ရပါတယ်'

'အေးပါ သမီးရယ်၊ ဘာရယ်မဟုတ်ပါဘူး၊ ရာသီဥတုနဲ့ကိုက်ညီပြီး အနွေးဓာတ်ရရင်ပဲ တော်ပါပြီ'

'ဒါဆို သမီးပဲ ရွေးပေးလိုက်ပါ့မယ်၊ ဒီအဆင်လေးက





အညိုရောင်လေးတွေပေါ်မှာ အဖြူလေးတွေ ဖောက်ထားတော့ ယဉ်လည်း ယဉ်တယ်၊ ဆရာကြီးတို့အရွယ်နဲ့ လိုက်ပါတယ်'

'ကောင်းပါပြီကွယ်၊ သမီးရွေးပေးတာကိုပဲ ဝယ်သွားပါ့မယ်၊ ဒါထက် သမီးကို ဆရာ တစ်ခုတော့မေးကြည့်ချင်တယ်'

'ဘာများပါလဲ ဆရာကြီး'

'ဪ··· ဒီလိုပါ၊ ဆရာကြီးစိတ်ထဲမှာ သမီးကိုတွေ့လိုက်ရတော့ ငယ်ငယ်တုန်းက ဆရာကြီးနဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကို သွားသတိရမိတယ်၊ သမီးနဲ့ တစ်ပုံစံတည်းတူနေတာကိုလည်း အံ့သြမိတယ်၊ ဆရာကြီးနဲ့ ကွဲသွားတာကလည်း နှစ်သုံးဆယ်လောက် ကြာခဲ့ပြီကိုး၊ ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ သမီးမှာ မိဘတွေရော၊ သမီးမိဘတွေက ဘယ်မှာနေကြသလဲ'

'သမီးမှာ မိဘတွေတော့ မရှိတော့ပါဘူး၊ အဘွားနဲ့အတူနေပါတယ်၊ သမီးတို့အိမ်က ဒီဈေးကြီးရဲ့ နောက်နားမှာပါ၊ သိပ်မဝေးပါဘူး၊ သမီး ဆယ်တန်းအောင်တဲ့နှစ်မှာပဲ သမီး မိဘတွေ ဆုံးသွားပါတယ်၊ အဘွားတော့ ရှိပါတယ်၊ သမီးတို့ မြေးအဘွားနှစ်ယောက်တည်း အဆင်မပြေတော့ ကျောင်းဆက်မတက်တော့ဘဲ ဒီစတိုးဆိုင်မှာပဲ အလုပ်ဝင်ခဲ့ရတာပါ ဆရာကြီး'

'ဪ··· ဖြစ်မှဖြစ်ရလေကွယ်၊ သမီးတို့အဘွားနာမည်က ဘယ်လိုများခေါ်ပါလိမ့်၊ သိခွင့်ရရင် ဆရာ သိချင်တယ်၊ ဆရာ့ရဲ့ ငယ်ပေါင်းမိတ်ဆွေ အသိထဲကများ ဖြစ်နေမလားလို့'



www.burmeseclassic.com

www.burmeseclassic.com



'သမီးအဘွားနာမည်က ဒေါ်မေသက်ထားလို့ ခေါ်ပါတယ်'

'ဘယ်လို… ဘယ်လို၊ သမီး ပြန်ပြောပါဦး'

'ဒေါ်မေသက်ထားပါ'

'ဒေါ်မေသက်ထားက သမီးရဲ့အဘွားလား'

'ဟုတ်ပါတယ် ဆရာကြီး'

'ထင်တော့ ထင်သားပဲ၊ ဆရာ့စိတ်ထဲမှာ သမီးလေးဟာ မေသက်ထားနဲ့ အတော်တူပါတယ်လို့ ထင်နေတာ။ သမီးအဘွားနဲ့ ဆရာကြီးတို့က ငယ်ငယ်တုန်းက အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေပေါ့။ အခုရော သမီးအဘွား အိမ်မှာရှိတယ် မဟုတ်လား'

'ရှိပါတယ် ဆရာကြီး'

'တွေ့ချင်လိုက်တာ သမီးရယ်'

'ဒီလိုလုပ်ပါလား ဆရာကြီး၊ သမီးတို့ဆိုင်လည်း ပိတ်တော့မှာပါ၊ ခဏလေးပဲ စောင့်ပါ၊ သမီး ပြန်ရင်းနဲ့ အဘွားနဲ့ တွေ့ရအောင် သမီးတို့အိမ်လိုက်ခဲ့ပေါ့'

'ကောင်းပါတယ် သမီးရယ်၊ ဆရာကြီးက သမီးအဘွားကို သိပ်ပြီးမြင်ချင်တွေ့ချင်နေခဲ့တာပါ သမီးရယ်'

ထိုစကားကိုတော့ ဆရာဝန်ကြီးဦးမင်းညို ရင်ထဲမှာပင် တိုးတိုးတိတ်တိတ်ပြောမိလိုက်သည်။ ဤသို့ဖြင့် ဆရာဝန်ကြီး





ဦးမင်းညိုသည် မေသက်ရှိန်နှင့်အတူ လိုက်ပါလာခဲ့သည်။ ခြံဝင်းထဲသို့ဝင်လာပြီးနောက် တံခါးဝရှေ့မှာပင် မေသက်ရှိန်က အသံပြုခေါ်လိုက်သည်။

'ဘွားဘွားရေ… သမီးနဲ့အတူ ဧည့်သည်တစ်ယောက်ပါလာတယ်၊ ဘွားဘွားတွေ့ရင် သိပ်ပြီးဝမ်းသာသွားမှာ'

အိမ်ပေါ်သို့ တက်လာကြသည်။ အနေအထားကိုကြည့်ပြီး ဆရာဝန်ကြီး ဦးမင်းညို စိတ်မကောင်းဖြစ်မိသည်။ သာမန်အိမ်ကလေးတွင် အိမ်ထောင်ပရိဘောဂမှာလည်း ပြည့်စုံခြင်းမရှိ၊ မြေးအဘွားနှစ်ယောက်၏ ချို့တဲ့မှုများကို ဖော်ပြနေပေသည်။

'ထိုင်ပါ ဆရာကြီး၊ သမီးအဘွား ရှိပါတယ်'

အတွင်းခန်းထဲမှ ကန့်လန့်ကာစလေး လှုပ်ခါသွားသည်။ မျက်နှာတစ်ခု ပေါ်လာသည်။ အသက်အရွယ်အရ ဇရာပိုင်းသို့ရောက်နေပြီဖြစ်သော ဒေါ်မေသက်ထားဖြစ်သည်။ ဒေါ်မေသက်ထားကိုယ်တိုင်ကလည်း ဧည့်ခန်းထဲတွင် ထိုင်နေသော ဆရာဝန်ကြီးဦးမင်းညိုအား အံ့သြမှင်တက်စွာကြည့်နေမိသည်။ သည်ဘဝတွင် ပြန်လည်ဆုံတွေ့ခွင့် ရှိမည်မဟုတ်တော့ဟု ထင်မှတ်ထားသော ကိုမင်းညို။

'ကိုမင်းညို ဟုတ်ပါတယ်နော်'

ဦးမင်းညိုသည် စိတ်မကောင်းစွာဖြင့် မေသက်ထားကို ကြည့်ရင်း ရင်ထဲတွင် လှိုက်တက်လာသည်။ ယခင်က ရှေးပါ



www.burmeseclassic.com

www.burmeseclassic.com



မြတင် ချမ်းသာပြည့်စုံစွာနေထိုင်ခဲ့သော မေသက်ထားဘဝသည် မျက်လှည့်ပြလိုက်သကဲ့သို့ ပြောင်းလဲမှုကံကြမ္မာများက မြန်ဆန်လွန်းလှသည်။ ယခုကဲ့သို့ မပြည့်စုံသောဘဝ ချို့တဲ့ဆင်းရဲစွာနှင့် တွေ့ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားပေ။

'ဟုတ်ပါတယ် မေသက်ထား၊ မင်းညိုမှ မင်းညို အစစ်ပါ၊ မေသက်ထား မြေးမလေးနဲ့တွေ့လို့ မေးမြန်းစုံစမ်းရင်း လိုက်လာခဲ့တာပါ၊ မေသက်ထားကို အခုလိုမြင်တွေ့လိုက်ရတော့ စိတ်မကောင်းပါဘူးကွယ်'

'ဘဝကံကြမ္မာ ကံစီမံရာအတိုင်းပေါ့ ကိုမင်းညိုရယ်၊ ဘာမှ စိတ်မကောင်းဖြစ်နေစရာ မလိုပါဘူး'

'ဘယ်ဟုတ်မလဲ မေသက်ထားရယ်၊ အခု ကိုမင်းညိုနဲ့ ပြန်လည်တွေ့ဆုံကြပြီပဲ၊ ဘာမှ အားမငယ်နဲ့၊ ဟုတ်လား အခု ဦးသူရရှိန်တစ်ယောက်ရော'

'အင်း··· သူ့အကြောင်းတော့မပြောချင်ပါဘူး ကိုမင်းညို၊ မေသက်ထားလည်း မှားခဲ့ပါတယ်၊ အစကတည်းက ကိုမင်းညို မေတ္တာကို လက်ခံပြီး ကိုမင်းညိုနဲ့ ဘဝတစ်ခု ထူထောင်ဖြစ်ခဲ့ရင် ဒီလိုဖြစ်ခဲ့မှာမဟုတ်ဘူး၊ ပြီးခဲ့တာတွေကလည်း ပြီးခဲ့ပြီပဲလေ၊ မိဘတွေကလည်း သဘောတူ၊ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှုကို မက်မောခဲ့ရလို့ ဖြစ်ရတာပဲ၊ ဒါ မေသက်ထားဘဝပါ၊ ကိုမင်းညိုနဲ့ ဘာမှမဆိုင်ပါဘူး၊ သူလည်း အရက်သမားဘဝနဲ့ ကွယ်လွန်သွားတာ ကြာပါပြီ'





'မဆိုင်ဘူးတော့ ဘယ်ဟုတ်ပါ့မလဲ မေသက်ထားရယ်၊ ဘာမှလည်း ဝမ်းနည်းကြေကွဲဖြစ်မနေနဲ့၊ ကိုယ်တို့ ပြန်တွေ့ကြပြီပဲ၊ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ'

'သမီး··· ဟောဒီဆရာကြီးဦးမင်းညိုဆိုတာ ဘွားဘွားရဲ့ ငယ်သူငယ်ချင်း၊ အရင်းနှီးဆုံးမိတ်ဆွေတွေပဲ၊ သမီးလည်း ဆရာကြီးကို မှတ်ထားနော်'

'ဟုတ်ကဲ့ပါ ဘွားဘွား၊ ဒီတောင်ပေါ်မြို့လေးမှာက ဆရာကြီး ဦးမင်းညိုတို့၊ ဆေးရုံအုပ်ကြီး ဆရာဝန်ကြီး ဦးသက်မင်းတို့ဆိုတာ နာမည်ကြီးတွေပဲလေ၊ မသိတဲ့လူ မရှိပါဘူး၊ အခု ဘွားဘွားနဲ့ပတ်သက်တဲ့ ဆရာကြီးကို သိကျွမ်းခင်မင်ရတာ သမီး အရမ်းဝမ်းသာတာပဲ၊ သမီးမှာ အားကိုးစရာမရှိတော့ ဆရာကြီးကို စတွေ့ကတည်းက သမီးအဘိုးလိုပဲ လေးစားမိတာပါ'

'အင်း··· သမီးလေး သဘောထားက မွန်မြတ်ပါတယ်၊ သမီးပြောသလို ဆရာကြီးက သမီးရဲ့အဘိုးပါပဲကွယ်'

နောက်ပိုင်းရက်များတွင် ဆရာဝန်ကြီးဦးမင်းညိုသည် ဒေါ်မေသက်ထားအိမ်သို့ မကြာခဏရောက်ရှိလာတတ်သလို လိုအပ်သမျှ အခက်အခဲများကိုလည်း ကူညီပေးလျက်ရှိသည်။ မေသက်ရှိန်မှာလည်း ဆရာဝန်ကြီးဦးမင်းညိုအား အဘိုးတစ်ယောက်လိုသဘောထားကာ အဘိုးတစ်ယောက်ရရှိသလို ကြည်နူးပျော်ရွှင်နေမိသည်။ မေသက်ထားကိုယ်တိုင်က ဦးမင်းညိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခွဲခွာခဲ့ရပြီး ကြေကွဲစရာကောင်းသော သူ့မဘဝများကို ဆရာဝန်ကြီးဦးမင်းညိုအား ပြန်ပြောပြခဲ့သဖြင့် ပြည့်ပြည့်စုံစုံသိရှိခဲ့ရသည်။

□ □ □

ကိုရဲရင့်ရှိန်နဲ့ ပတ်သက်၍ မေသက်ထားဘဝတွင် ချစ်မြတ်နိုး၍ လက်ထပ်ခဲ့ရသည်တော့ မဟုတ်ပေ။ ရဲရင့်ရှိန်၏ဖခင်ဖြစ်သူ ဦးသက်ရှိန်သည် စီးပွားဥစ္စာပြည့်စုံချမ်းသာပြီး ကုမ္ပဏီများထူထောင်ကာ နိုင်ငံခြားနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်နေသူဖြစ်သည်။ မေသက်ထားက ကျောင်းပြီးကတည်းက ရဲရင့်ရှိန်တို့ကုမ္ပဏီတွင် အလုပ်ဝင်ခဲ့သည်။ ရဲရင့်ရှိန်ကလည်း မေသက်ထား၏ ချောမောလှပမှုကြောင့် တမ်းတမ်းစွဲ ချစ်မြတ်နိုးလာခဲ့သည်။ တကယ်ဆိုလျှင် မေသက်ထားအနေနှင့် ရဲရင့်ရှိန်အား ချစ်သူမဟုတ်ဟု ဖြေတွေးတွေးလို့ ရပါသည်။ ဆေးကျောင်းတက်နေသော ယယ်သူငယ်ချင်း ကိုမင်းညိုကလည်း မေသက်ထားမေတ္တာကို ရယူဖို့ ကြိုးစားနေသူဖြစ်သည်။ စာတွေများစွာရေးပေးခဲ့ပြီး သူ၏နှလုံးသားဝေဒနာကို ရင်ဖွင့်ပြသခဲ့သည်။ ကိုမင်းညိုနှင့်က သိပ်မတွေ့ရ။ ကုမ္ပဏီတွင် နေ့စဉ် အလုပ်ဆင်းရင်း ရဲရင့်ရှိန်နှင့်တော့ အနေနီးစပ်ခဲ့ရသည်။ သွားအတူ လာအတူ မခွဲမခွာရှိခဲ့ကြသည်။ မေသက်ထားအနေနှင့် ရဲရင့်ရှိန် မင်းညိုတို့နှစ်ယောက်အား အဖြေပေးခဲ့ခြင်းမရှိပေ။





စားသောက်ဆိုင်တစ်ခုတွင် ကိုမင်းညိုနှင့် ရဲရင့်ရှိန်တို့ စကားများပြီး ထိုးကြ ကြိတ်ကြ ရန်ဖြစ်ကြသည့်သတင်းကို ကြားလိုက်ရသည်။ သူဌေးဖြစ်သူ ဦးထ... က သားဖြစ်သူ ဒဏ်ရာရမှုကြောင့် မကျေနပ်။ မင်းညိုနှင့်နှီးသောက်ပြီး မေသက်ထားကိုလည်း ဆူပူကြိမ်းမောင်းပြစ်တင်ခဲ့သည်။ ကုမ္ပဏီရုံးဝန်ထမ်းများကတော့ ရဲရင့်ရှိန်နှင့် မေသက်ထားနေလို့ တတွဲတွဲဖြစ်နေကြ၍ ချစ်သူတွေအဖြစ် သတ်မှတ်ထား...သည်။ နောက်ကြပြောင်ကြသည်။

ဒါကိုပင် ရဲရင့်ရှိန်က အခွင့်အရေးကို လျင်မြန်စွာအကောင်းအထည်ဖော် အသုံးချသည်။ မေသက်ထားကို လက်ထပ်ပြီးယူလိုက်သည်။ မေသက်ထား လက်ထပ်သည့်သတင်းကို ကြားရပြီးနောက် ဆရာဝန်ဖြစ်လာသော ကိုမင်းညိုမှာလည်း နယ်သို့ပြောင်းရွှေ့အမှုထမ်းရင်း အဆက်အသွယ်ပြတ်ကာ လုံးဝသတင်းမကြားရတော့ပေ။

ညားကာစတွင်တော့ ရဲရင့်ရှိန်သည် အလိုလိုက်ကာ ကြင်နာစွာပေါင်းသင်းခဲ့ပါသည်။ အိမ်ထောင်သက် နှစ်နှစ်ကျော်လာချိန်တွင် သမီးလေးမေသူကို မွေးဖွားပြီးနောက် ရဲရင့်ရှိန်ခြေလှမ်းများပျက်လာသည်။ အရက်မူးပြီး အိမ်ပြန်လာတတ်သလိုမေသက်ထားအပေါ်၌ ဆက်ဆံရေးများ ပြောင်းလဲလာသည်။ အထူးသဖြင့် ဒေါက်တာမင်းညိုနှင့်ပတ်သက်ပြီး သံသယဝင်ကာ စွပ်စွဲချက်များက ပြင်းထန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ရှိသည့် သမီးလေး မေသူသည်ပင် သူ့သမီး မဟုတ်၊ ဒေါက်တာမင်းညိုနှင့်ရခဲ့သော ကလေးဟု သံသယက ကြီးစိုးလာသည် အိမ်ထောင်ရေးအဆင်မပြေမှု သောကများကို တစ်နေ့တခြား [illegible] ည်။ ဆရာဝန်ကြီးဦးမင်းညိုသည် အတွေး အရှုယ်ဖြစ်နေသ [illegible] ရေးကြောင်းများပေါ်နေသော ဒေါ်မေသက် ထားမျက်နှာ [illegible] မျက်ရည်များ ယှက်ဝန်းနေသော မှိန်ဖျော့ ဖျော့မျက်လုံးတို့ [illegible] ငေးကြည့်နေမိသည်။

'မေသက်ထားရဲ့ အတိတ်ဘဝတွေကို သိချင်လို့သာ မေးနေရတာ၊ စိတ်မကောင်းစရာတွေချည်းပဲ၊ ဦးသူရရှိန်ကရော ဘယ်လိုဖြစ်ပြီး ကွယ်လွန်သွားရတာလဲ'

'ပြောရရင်တော့ ကိုမင်းညိုရယ် မကောင်းတာမှ တော်တော်ကို မကောင်းခဲ့တာပါ၊ ကျွန်မအပေါ်ကိုလည်း အမျိုးမျိုး ရန်ရှာ၊ ပြဿနာလုပ်၊ ကုမ္ပဏီလုပ်ငန်းတွေကိုလည်း စိတ်ဝင်တစားမရှိတော့ဘူး၊ အရက်သောက်ရာကနေ အရက်သမားကြီး ဖြစ်၊ လောင်းကစားပါ ပါလာတော့ နောက်ဆုံး စီးပွားပျက်ခဲ့ ရတာပဲ၊ သူလည်း အရက်တွေအလွန်အကျွံသောက်ရာကနေ သက်ဆိုးမရှည်ပါဘူး၊ ကွယ်လွန်သွားခဲ့တယ်'

'သမီးလေးမေသူလည်း အရွယ်ရောက်လာတော့ စီးပွား ရေးလုပ်ငန်းရှင်တစ်ဦးနဲ့ အိမ်ထောင်ကျခဲ့တယ်၊ မေသက်ရှိန်ကို မွေးပြီး ဆယ်နှစ်အရွယ်မှာ သူတို့လင်မယားလည်း ခရီးထွက်ရာ





ကနေ ကားမှောက်ပြီး တိမ်းပါးသွားကြတယ်၊ ကျွန်မလည်း မြေးမလေးမေသက်ရှိန်နဲ့အတူ ကုန်အရောင်းအဝယ်လုပ်ရင်း ဒီတောင်ပေါ်မြို့လေးကို ရောက်လာတာပါပဲ'

'မြေးမလေးမေသက်ရှိန် ဆယ်တန်းအောင်တော့ စတိုး ဆိုင်မှာ အလုပ်ဝင်လုပ်ရင်း ဒီတောင်ပေါ်မြို့လေးမှာပဲ ဘဝကို မြှုပ်နှံတော့မယ်ဆိုပြီး အခုလို အခြေတကျနေလာခဲ့ကြတာပါပဲ ကိုမင်းညို'

'ဟိုးတုန်းက ရှင်တို့နှစ်ယောက် စားသောက်ဆိုင်မှာ ခိုက်ရန်ဖြစ်ပွားခဲ့တာကိုလည်း ကျွန်မ မမေ့သေးဘူး'

'အဲဒီအတွက်တော့ တောင်းပန်ပါတယ် မေသက်ထား ရယ်၊ ရဲရင့်ရှိန်က ကိုယ့်အပေါ်မှာ စော်ကားမော်ကားပြောခဲ့တာ ကြောင့် စိတ်မထိန်းနိုင်ဘဲဖြစ်သွားမိတာပေါ့၊ ဒီအဖြစ်ကြောင့်ပဲ မေသက်ထားနဲ့ဝေးခဲ့ရသလို မေသက်ထားမှာလည်း အိမ်ထောင် ရေးအဆင်မပြေဖြစ်ခဲ့ရတာပဲ၊ ပြီးခဲ့တာတွေ ထားလိုက်ပါတော့၊ အသက်အရွယ်တွေကလည်း ငယ်ကြတော့တာမှ မဟုတ်ဘဲ၊ တို့သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင် ပြန်လည်ဆုံစည်းရတယ်လို့ပဲ သဘောထားလိုက်တော့လေ'

'အင်း… ကိုမင်းညိုကို ပြန်မတွေ့ရတော့ဘူးလို့ ထင် ထားတာ၊ မမျှော်လင့်ဘဲ ပြန်တွေ့ရတော့ ကျွန်မလည်း ဝမ်းသာ ပါတယ်၊ အခုလိုအချိန်မျိုးမှာ မိတ်ဆွေစစ် အားကိုးရမယ့်သူဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မှာ မရှိဘူးလေ၊ အိမ်လည်းသိသွားပြီဆိုတော့ နောက်လည်း မကြာမကြာလာခဲ့ပေါ့'

'စိတ်ချ… မလာမှာတော့ မပူနဲ့၊ ကိုယ့်သူငယ်ချင်း ဒေါက်တာဦးသက်မင်းကိုလည်း ပြောပြရဦးမယ်၊ သူက အခု ဆေးရုံအုပ်ကြီး ဖြစ်နေတယ်လေ၊ ဦးသက်မင်းကလည်း မေသက်ထားကို ပြန်တွေ့ရရင် အရမ်းဝမ်းသာသွားမှာ'

'ကျွန်မကလည်း တွေ့ချင်ပါတယ်'

ဆရာဝန်ကြီး ဦးမင်းညို အိမ်သို့ လာရောက်လည်လျှင် ဒေါ်မေသက်ထားသည် ငယ်သူငယ်ချင်းဖြစ်သောကြောင့် ကြည်ဖြူဝမ်းသာစွာ ဧည့်ခံလျက် စကားတွေပြောနေကြသည်။ အထူးသဖြင့် မြေးမလေးဖြစ်သော မေသက်ရှိန်က ဆရာဝန်ကြီး ဦးမင်းညိုအား ခင်ခင်မင်မင်ရှိသဖြင့် မေသက်ထား ဝမ်းသာသည်။

ဦးမင်းညိုနှင့် ပြန်လည်တွေ့ဆုံရပြီးနောက် ဆင်းရဲဒုက္ခရောက်နေသော မိမိတို့ မြေးအဘွားနှစ်ယောက်ဘဝကို ဦးမင်းညိုက ကြည့်ရှုစောင့်ရှောက် ကူညီပေးခဲ့သည်။

ဒေါ်မေသက်ထား၏ မြေးမလေးမေသက်ရှိန်မှာ အသက် ၁၉ နှစ်ရှိပြီး မေသက်ထား ငယ်စဉ်ကအတိုင်း လှပချောမောသော မိန်းကလေးဖြစ်သည်။

ဦးမင်းညိုသည် ဒေါ်မေသက်ထားကို ပြန်လည်ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ဆရာဝန်ကြီး ဦးသက်မင်းအား ပြောပြလိုက်သည်။





ဦးသက်မင်းလည်း ဝမ်းသာအားရဖြစ်သွားသည်။ သူငယ်ချင်းအတိုးကြီးနှစ်ယောက်သည် အားလပ်ရက်များတွင် ဒေါ်မေသက်ထားအိမ်သို့ သွားရောက်လည်ပတ်ကြပြီး ဒေါ်မေသက်ထားနှင့် မေသက်ရှိန်တို့ မြေးအဘွားနှစ်ယောက်အား ကူညီစောင့်ရှောက်ရင်း နေလာခဲ့ကြသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## ဆေးသိပ္ပံသုတေသနလျှို့ဝှက်ချက်

ဟန်းပေါင်းစုံဖူးပွင့်ဝေဆာလျက် တောင်ပေါ်မြို့ကလေးကား အထူးပင် အေးချမ်းသာယာဖွယ်ကောင်းလှသည်။ ထိုရက်များတွင် ဆရာဝန်ကြီး ဦးမင်းညိုသည် သူ၏ ဓာတ်ခွဲခန်းထဲတွင် သန်းခေါင်မိုးလင်းအထိ ပြင်းထန်စွာ အလုပ်လုပ်လျက်ရှိသည်။

ညပေါင်းများစွာ အိပ်ပျက်ခံ၍ အလုပ်လုပ်နေသောကြောင့် သူ့ကျန်းမာရေးမှာ ထိခိုက်စပြုလာသည်။ ဒေါ်မေသက်ထားအိမ်သို့လည်း ယခင်ကလို ရောက်ရှိလာခြင်းမရှိတော့ပေ။ ဒေါ်မေသက်ထားသည် ဦးမင်းညိုအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။

ဦးသက်မင်း ရောက်လာချိန်တွင် ဦးမင်းညိုအတွက် သောကများစွာနှင့် ပြောပြမိသည်။

'ကျွန်မတို့အိမ်ဘက်ကို မရောက်တာ တစ်လလောက်ရှိသွားပြီ၊ သူ့ဓာတ်ခွဲခန်းထဲမှာပဲ အလုပ်တွေလုပ်နေတယ်လို့ ကြားတယ်၊ အသက်အရွယ်တွေ ထောက်လာတော့ သူ ဒီလိုသာ





ဆက်လုပ်သွားရင် ဒုက္ခပါပဲ၊ သူ့ကိုယ်သူ သတ်နေသလို ဖြစ်နေပြီ'

'ဟုတ်တယ် မေသက်ထား၊ ကျွန်တော့်ဆီကိုလည်း ရောက်မလာတာ ကြာပြီ၊ သူ အခုလို အလုပ်လုပ်နေတာတွေ ဟလည်း တခြားကြောင့် မဟုတ်ဘူး၊ လူက အသက်အရွယ်ကြီးလာတော့ သေရမယ့်ရက်က နီးလာပြီလေ၊ ဒါကြောင့်လည်း သူလုပ်ချင်တာတွေ ကမန်းကတန်း ပြီးအောင်လုပ်နေတာပဲ၊ မင်းညိုဟာ အင်မတန်ကြီးကျယ်တဲ့ သိပ္ပံပညာရဲ့လျှို့ဝှက်ချက်ကို ရှာဖွေနေတာပဲ ဖြစ်မယ်၊ ဒီလျှို့ဝှက်ချက်ကြီးကို သူ မသေခင် သိရအောင် ကြိုးစားနေတာပဲ ဖြစ်ရမယ်'

'ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ သူ့အတွက် အရမ်းစိုးရိမ်တယ်၊ သူ့အိမ်မှာလည်း ကူဖော်လောင်ဖက်က ရှိတာ မဟုတ်ဘူး၊ တစ်ယောက်တည်းနေတော့ ကျွန်မ စိုးရိမ်တယ်၊ တခြားသူစာရင် ဦးသက်မင်း ပြောစကားတော့ သူ နားထောင်ပါလိမ့်မယ်၊ အလုပ်တွေ ပြင်းပြင်းထန်ထန် မလုပ်ဖို့ သူ့ဆီ သွားသတိပေးသင့်တယ်၊ သူ အိမ်မှာ ဘာတွေဖြစ်နေတယ် မသိဘူး၊ ဦးသက်မင်း သွားကြည့်ပေးပါလား'

'မေသက်ထား စိုးရိမ်သလို ကျွန်တော်လည်း စိုးရိမ်တယ်၊ ဟုတ်တယ်၊ သူနဲ့ မတွေ့တာလည်း တစ်လလောက်ရှိပြီ ကောင်းပြီလေ… အခုပဲ ကျွန်တော် သူ့အိမ်ကို သွားလိုက်ပါမယ်'



www.burmeseclassic.com

www.burmeseclassic.com



'နေထိုင်မှု ကောင်းရဲ့လား၊ ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်မဆီကိုလည်း ပြန်ပြောပြပါဦး'

'အကြောင်းထူးတာနဲ့ ကျွန်တော် လာပြောပါ့မယ်၊ ကဲ… သွားလိုက်ဦးမယ်'

ဆရာဝန်ကြီး ဦးသက်မင်းသည် ဦးမင်းညို အိမ်ရှိရာ မြို့စွန်ဘက်ရှိ တောင်ကုန်းလေးဘက်ဆီသို့ ထွက်လာခဲ့သည်။

□ □ □

အိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

တောင်ကုန်းမြင့်မြင့်လေး ဖြစ်သဖြင့် လေတဖြူးဖြူး တိုက်ခတ်လျက်ရှိသည်။ တောင်ပေါ်လေအေးထဲတွင် မွှေးပျံ့သော ရနံ့များကို သယ်ဆောင်လာသည်။

ဦးသက်မင်းသည် စေ့ထားသောတံခါးကို တွန်းဖွင့်ဝင်လိုက်ပြီး ဓာတ်ခွဲခန်းရှိရာအခန်းသို့ တန်းတန်းမတ်မတ်လျှောက်လာခဲ့သည်။

ဓာတ်ခွဲခန်းထဲတွင် ဘာသံမျှမကြားရဘဲ တိတ်ဆိတ်လျက်ရှိသည်။ သူငယ်ချင်းဖြစ်သူ မင်းညိုအတွက် လွန်စွာမှ စိုးရိမ်သွားသည်။

ဓာတ်ခွဲခန်းတံခါးလက်ကိုင်ကိုလှည့်၍ ကမန်းကတန်း ဝင်လိုက်သည်။ ဦးမင်းညိုကို မြင်တွေ့လိုက်ရသောကြောင့်





အနည်းငယ် စိတ်အေးသွားရသည်။ ဦးမင်းညိုကတော့ ဦးသက်မင်း ဝင်ရောက်လာသည်ကို သတိပြုမိပုံမပေါ်ပေ။

ဦးမင်းညိုသည် ဖန်ပြွန်ကလေးတစ်ခုအတွင်းမှ အဝါရောင်ဆေးရည်များကို မီးရောင်တွင် ထောင်ကြည့်နေသည်ကို မြင်တွေ့လိုက်ရသည်။

သူ့မျက်လုံးများကား လွန်စွာစူးရှတောက်ပြောင်လျက်ရှိသည်။ ကြည့်နေရာမှပင် ဦးမင်းညိုသည် သူငယ်ပြန်သော အဘိုးကြီးတစ်ယောက် ပုံစံမျိုးနှင့် အားပါးတရ ရယ်မောကာ ထူးဆန်းသည့်စကားများကို ကြားလိုက်ရသည်။

'ဟား… ဟား… ဟား… အတော့်ကို ရယ်မောစရာ ကောင်းတာပဲ၊ အောင်မယ်လေး… အံ့ရော၊ အံ့ရော၊ ကြည့်စမ်းပါဦး၊ သိပ္ပံပညာရှင်ကြီးတွေ လူဖြစ်ကတည်းက ရှာဖွေလာလိုက်ကြတာ၊ တကယ်တော့လည်း လွယ်မှ လွယ်လွယ်လေးပဲ၊ ဒါကိုများ ခက်ခက်ခဲခဲနဲ့ ရှာမတွေ့နိုင်အောင် ဖြစ်ခဲ့တာကိုး၊ ငါ့အကြံသာ အောင်မြင်မယ်ဆိုရင်တော့ ဒါလောက် အကြာကြီး ခက်ခက်ခဲခဲ ရှာဖွေခဲ့ကြ ပင်ပန်းခဲ့သမျှတွေ အကုန်လုံး ပြီးမြောက်တော့မယ်။

'ကြည့်စမ်းပါဦး၊ အချိုးအစားလေး ပြောင်းလိုက်တာနဲ့ ဒီနည်းလမ်းကို သွားတွေ့တာပဲ၊ ဒါ မတော်တဆ ရှာဖွေတွေ့မိရာကနေ အဖြေကို တန်းရသွားတာပဲ၊ ဒီလိုဖြစ်ဖို့ မလွယ်ဘူး၊ အကြိမ်ပေါင်း ဆယ်ကုဋေမှစပ်ပြီး ဖော်ထုတ်တာတောင်မှ ဒီနည်းကိုရဖို့



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူး၊ တွေ့မယ့်တွေ့တော့လည်း မထင်မှတ်ဘဲ လွယ်လွယ်လေး ရှာတွေ့တာပဲ။

'ဟား… ဟား… ဟား… ဖြစ်မှဖြစ်ရလေ မင်းညို ရယ်၊ အင်း… ဒါကို စမ်းသပ်ရမယ်၊ စမ်းသပ်ရမယ်၊ ဘယ်တော့ စမ်းသပ်ရရင် ကောင်းမလဲ၊ အခု စမ်းမလား၊ နေဦး… ဆေးရည် ရပြီဆိုတော့ နောက်နေ့ကျမှ စမ်းသပ်ရင်လည်း ဖြစ်တာပဲ၊ ဟား… ဟား… ရယ်စရာကောင်းလိုက်တာ၊ တကယ်ကို ရယ်စရာကောင်းတာပဲ'

ဦးမင်းညိုသည် တစ်ယောက်တည်း စကားပြောရင်း ဟက်ဟက်ပက်ပက် အားပါးတရ ရယ်မောနေခြင်းကြောင့် ဦးသက်မင်း စိုးရိမ်သွားသည်။

ငါ့သူငယ်ချင်း ဓာတ်ခွဲခန်းကမထွက်ဘဲ နေ့မအိပ် ညမအိပ် သုတေသနပြု အလုပ်လုပ်နေရာက ရူးများသွားပြီလား မသိ။ မင်းညိုသည် သူနှင့် အရင်းနှီးဆုံးသူငယ်ချင်း ဖြစ်သည်။

ယခုကဲ့သို့ ကလေးတစ်ယောက်လို သူငယ်ပြန်နေသည်ကို မြင်တွေ့လိုက်ရသောအခါ အလွန်ပင် စိုးရိမ်သွားသည်။

'ဟော့… မင်းညို'

ဦးသက်မင်း နှုတ်မှ စိုးရိမ်တကြီး ခေါ်မိလိုက်သည်။ ဦးမင်းညိုသည် အသံကြားလိုက်ရ၍ လှည့်ကြည့်လိုက်သည်။ သူ့မျက်လုံးများကား တောက်ပြောင်စူးရှနေရာမှ မှိုင်းဝေသွားသည်။





သူပြောနေကျ၊ စိတ်ကူးယဉ်နေကျ အိပ်မက်တိုင်းပြည်ထဲမှ လန့်နိုးသလို ဖြစ်သွားသည်။

'အလို… ဘုရား… ဘုရား… သက်မင်းပါလား၊ မင်းက ဘယ်လိုလုပ်ပြီး ငါ့ဓာတ်ခွဲခန်းထဲ ရောက်လာတာလဲ၊ မိုးတောင် တော်တော်ချုပ်နေပြီ'

'ဟုတ်တယ်… ဒီအချိန်ဟာ အလုပ်လုပ်ရမယ့်အချိန် မဟုတ်တော့ဘူး၊ ညဥ့်နက်နေပြီ၊ မင်းညို မင်း နည်းနည်းပါးပါး သတိလေးဘာလေး ထားပါဦး၊ ငါ တောင်းပန်ပါတယ်ကွာ၊ ဒီလောက်ကြီး အလုပ်တွေကို သဲကြီးမဲကြီး လုပ်စရာမလိုပါဘူး၊ မင်းကိုယ်မင်းလည်း ပြန်ကြည့်စမ်းပါဦး၊ ဘယ်လောက်ကျသွားပြီလဲ၊ နားထင်နားရင်းတွေချိုင့်ပြီး မျက်လုံးဟောက်ပက်ဖြစ်နေပြီ၊ မင်းခန္ဓာကိုယ်ကလည်း လေတိုးတာနဲ့ ယိုင်လဲသွားမတတ် ပိန်ကပ်ပြားကပ်နေပြီ၊ မင်းလည်း ဆရာဝန်ကြီး တစ်ယောက်ပဲ၊ အစားအသောက်၊ အနေအထိုင် အရေးကြီးတာ မင်းလည်း သိပါတယ်၊ ဒါလောက် ကျန်းမာရေးကို ဂရုမစိုက်ဘဲ အလုပ်တွေလုပ်နေတာကတော့ မကောင်းဘူး သူငယ်ချင်း'

ဦးသက်မင်းက စိုးရိမ်စွာနှင့် ပြောလိုက်သည်။ ဦးမင်းညိုက ခေါင်းကို လေးတွဲ့ခါယမ်းလိုက်သည်။

'မဟုတ်သေးဘူး သူငယ်ချင်း၊ မင်း ထင်သလို မဟုတ်သေးဘူး၊ ငါ အခု အလုပ်လုပ်နေရတာ တကယ်အားရှိဖို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ စိတ်ဝင်စားစရာတွေ အများကြီးတွေ့ရတယ်၊ အလုပ်လုပ်ရင်းနဲ့ ပျော်စရာတွေကိုလည်း တွေ့ရတယ်၊ ကဲ… ကဲ… မင်းကိုတော့ ငါ့ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်တာမို့ ဖွင့်ပြောမယ်၊ တခြား ဘယ်သူ့ကိုမှတော့ မပြောစေချင်ဘူး၊ ဒါဟာ အရေးကြီးတဲ့ လျှို့ဝှက်ချက်ဖြစ်နေတယ်'

'မင်းဟာက ဘယ်လောက်တောင် အရေးကြီးလို့လဲ၊ သေရေးရှင်ရေးထက် အရေးကြီးလို့လား'

'သိပ်ဟုတ်တာပေါ့ သူငယ်ချင်း၊ ငါ ရှာဖွေစမ်းသပ်နေတာက သေရေးရှင်ရေးပဲ၊ သိပ္ပံပညာရဲ့ လျှို့ဝှက်ချက်ကြီးတစ်ခုကို ငါ ရှာဖွေတွေ့ရှိလိုက်ပြီ သူငယ်ချင်း၊ ဒီကိစ္စသာ အောင်မြင်သွားရင်တော့ လူ့လောကကြီးနဲ့ သက်ရှိသတ္တဝါတွေ အကုန်လုံး တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမယ်၊ တကယ်ပြောတာ၊ သတ္တလောကြီးတစ်ခုလုံး ထူးခြားဆန်းသစ်တဲ့ ပြောင်းလဲမှုအသစ်တွေ ဖြစ်လာမယ်၊ အေးလေ… ထားပါတော့၊ ဒါကလည်း ငါထင်ထားတဲ့အတိုင်း စမ်းသပ်ကြည့်ရဦးမှာ၊ စမ်းသပ်ပြီးမှ အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာ ပြောလို့ရမှာ၊ စမ်းသပ်ကြည့်ရဦးမယ်၊ တကယ်လို့များ အောင်မြင်သွားရင်တော့ ကမ္ဘာကြီးတစ်ခုလုံး သွက်သွက်ခါအောင် အံ့သြတုန်လှုပ်သွားကြလိမ့်မယ်၊ ဟား… ဟား… ဟား…'

ဦးမင်းညိုသည် သူငယ်ပြန်သောအဘိုးကြီးတစ်ယောက်ကဲ့သို့ ကလေးသံနှင့် ပြောရင်း သဘောကျစွာ ရယ်မောပြန်သည်။





ထို့နောက်တွင်လည်း မထိန်းနိုင်မသိမ်းနိုင်ဘဲ အားပါးတရ ကျယ်လောင်စွာ ရယ်မောလိုက်ပြန်သည်။ ဦးသက်မင်းအနေနှင့် ဦးမင်းညို အပြုအမူများကို နားမလည်နိုင်တော့ပေ။ အတန်ကြာအောင် အားပါးတရ ရယ်မောလိုက်ပြီးနောက် ဦးမင်းညိုက ဆက်ပြောသည်။

'မင်းထင်ထားတဲ့အတိုင်း ဓာတ်ခွဲခန်းထဲမှာ ငါအလုပ်တွေကို ပြင်းပြင်းထန်ထန် လုပ်နေတယ်ဆိုတာ ဟုတ်ပါတယ်၊ ခုတော့ ဆက်လုပ်စရာမလိုတော့ဘူး၊ နှစ်ပတ်လောက်တော့ အနားယူလိုက်ဦးမယ်၊ မနက်ဖြန်ကျရင် မနက်စောစော မန္တလေးကို ဆင်းမယ်၊ ဒေါ်မေသက်ထားနဲ့ ကလေးမလေး မေသက်ရှိန်တို့ကိုလည်း ငါ မန္တလေးဆင်းသွားတယ်လို့၊ မန္တလေးက ပြန်လာမှ လာခဲ့မယ်လို့ ပြောပေးစမ်းပါ'

'အေးပါကွာ… ခုလည်း ဒေါ်မေသက်ထားတို့ အိမ်ဘက်ကနေ မင်းဆီ ဝင်လာတာ၊ မေသက်ထားကလည်း သူတို့အိမ် မင်းမလာတာကြာလို့ ဘာများဖြစ်နေလဲဆိုပြီး စိုးရိမ်နေတယ်၊ အေးပါ… ငါ ပြောပြလိုက်ပါ့မယ်'

ဦးသက်မင်းသည် ယခုမှပင် ဦးမင်းညိုအတွက် စိတ်သောကရောက်ရမှုများ အတန်ငယ် ငြိမ်းအေးသွားရသည်။ ဓာတ်ခွဲခန်းထဲတွင် လပေါင်းများစွာ အပြင်းအထန် အလုပ်လုပ်နေသော ဦးမင်းညိုအတွက် နှစ်ပတ်ခန့် အနားယူသင့်ပြီဖြစ်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် အနားယူမည်ဆိုသောကြောင့် အတန်ငယ်စိတ်ပေါ့သွားရသည်။

'အေး… အေးပါကွာ၊ မင်းကိုယ်တိုင် လိုလိုလားလား အနားယူမယ်ဆိုတော့ ကောင်းပါတယ်၊ ကဲ… ငါလည်း ပြန်မယ်၊ အချိန်လည်း မရှိတော့ဘူး၊ မင်းလည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်အောင် အိပ်ရာဝင်တော့၊ မနက်လေးမှာ အေးအေးဆေးဆေးအနားယူ ဟုတ်ပြီလား'

သူတို့ သူငယ်ချင်းနှစ်ယောက်သည် တွေ့သည့်အခါ လမ်းခွဲကြသည့်အခါမျိုးတွင် ဘယ်တော့မှ လက်ဆွဲနှုတ်ဆက်ခြင်း မရှိကြပေ။

ထိုနေ့ညက ထူးထူးခြားခြား မှတ်မှတ်ရရမို့ ဦးမင်းညိုသည် သူ့လက်ကို ကမ်းပေးကာ ဦးသက်မင်းအား တင်းတင်းကျပ်ကျပ် ဆုပ်ယူဖျစ်ညှစ်ရင်း စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

'သူငယ်ချင်း၊ မင်းနဲ့ ငါဟာ ဆေးကျောင်းမှာ အတူတက်ကြရင်း အင်မတန်ချစ်ခဲ့ကြတဲ့ သူငယ်ချင်းတွေ၊ ငါ့ဘဝတစ်ခုလုံးမှာ အကောင်းဆုံးဟာ ဘာလဲလို့ ငါ လိုက်ရှာကြည့်တဲ့အခါမှာ မင်းနဲ့ ငါ အတူတူနေထိုင်လာခဲ့ကြတဲ့ ချစ်ခင်ခဲ့ကြတဲ့ မေတ္တာတရားပဲ၊ ငါ့အပေါ်မှာ သစ္စာရှိပြီး နားလည်မှု အများဆုံးပေးနိုင်တာလည်း မင်းတစ်ယောက်ပဲရှိတယ်၊ လူ့ဘဝမှာ အသက်ရှင်လာခဲ့သမျှကာလတစ်လျှောက်လုံး မင်းဟာ ငါ့ရဲ့ အမွန်မြတ်





ဆုံး သူငယ်ချင်းတစ်ယောက်ပါပဲ၊ ကဲ… သူငယ်ချင်း၊ ငါတို့ ခွဲခွာကြပါစို့'

ထိုသို့ လက်ဆွဲနှုတ်ဆက်ရင်း အထူးအဆန်းစကားများ ပြောနေသောကြောင့် ဦးသက်မင်း စိတ်ထဲတွင် များစွာမှတ်ထိခိုက်သွားသည်။ မတွေးသင့် မတွေးထိုက်သည်များကို ဖျတ်ခနဲ တွေးမိလိုက်လေသည်။

အမှန်စင်စစ်အားဖြင့် ဦးမင်းညိုသည် သူ၏ နောက်ဆုံးအချိန်ရောက်လာပြီး သေနေ့နီးကပ်လာကြောင်းကို တွေးမိပြီး နေ့လေးမှမပြန်ခင် သေလေမည်လားဟု သူ့ကိုယ်သူ စိတ်မချဖြစ်ကာ ယခုကဲ့သို့ နှုတ်ဆက်စကားများ ပြောနေရော့သလားဟု ဦးသက်မင်း စိုးရိမ်ပူပန်ကြောင့်ကြစွာ ထင်မိလိုက်သည်။

ထိုနေ့ညက သူငယ်ချင်းဖြစ်သူ ဦးမင်းညိုအား နောက်ဆုံးတွေ့ဆုံခြင်းဖြစ်ခဲ့ရသလို နောက်ဆုံးအနေနှင့် နှုတ်ဆက်စကားများ ပြောသွားခြင်းပင် ဖြစ်ပေတော့သည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## ငယ်မူပြန်ခန္ဓာကိုယ်အသစ်နှင့် လူငယ်တစ်ယောက်

ဆရာဝန်ကြီး ဦးသက်မင်း ထင်ထားသည့်အတိုင်းပင် ဦးမင်းညိုကား တောင်ပေါ်မြို့လေးသို့ ပြန်မလာတော့ပေ။ မန္တလေးသို့ ထွက်ခွာသွားပြီးနောက် သီတင်းနှစ်ပတ်ခန့် ကြာသောအခါ သူ့ရုံးခန်းအတွင်းသို့ လူငယ်တစ်ယောက်က တွေ့ဆုံခွင့်တောင်းပြီး လာရောက်တွေ့ဆုံခဲ့သည်။

အဆိုပါ လူငယ်မှာ ဦးသက်မင်းအနေနှင့် တစ်ခါမှ မြင်ဖူးတွေ့ဖူးခြင်းမရှိသော လူစိမ်းသက်သက်ပင် ဖြစ်သည်။

စတင်တွေ့ဆုံခဲ့စဉ်မှာပင် ဆရာဝန်ကြီး ဦးသက်မင်း အံ့သြသွားခဲ့သည်။ သူ့ထံသို့ လာရောက်တွေ့ဆုံသော လူငယ်လေးမှာ သူ့သူငယ်ချင်း ဆရာဝန်ကြီး ဦးမင်းညို ငယ်ရွယ်စဉ်က ရုပ်သွင်နှင့် တစ်ထပ်တည်း တူညီနေပေသည်။

'ဆရာကြီးက ဆရာဝန်ကြီး ဦးသက်မင်းပါလား ခင်ဗျာ'

'ဟုတ်တယ်၊ ကျုပ်က ဆရာဝန်ကြီး ဦးသက်မင်းပဲ၊





ဆေးရုံကြီးရဲ့ ဆေးရုံအုပ်ပဲ၊ နို့… မောင်ရင်က ကျုပ်နဲ့တွေ့ချင်တာ ဘယ်လိုအကြောင်းကိစ္စတွေ ရှိနေလို့ပါလဲ'

'ဒီလိုပါ ဆရာကြီး ခင်ဗျာ၊ ဆရာကြီးဟာ ဆရာဝန်ကြီး ဦးမင်းညိုနဲ့ အရင်းအနှီးဆုံး သူငယ်ချင်းတစ်ယောက်ဆိုတာ သိရပါတယ်၊ ကျွန်တော်ဟာ ဆရာဝန်ကြီး ဦးမင်းညိုရဲ့ တူတစ်ယောက်ဖြစ်ပြီး ဆရာဝန်တစ်ယောက်ပါ၊ ကျွန်တော့်နာမည်က ညိုထွန်းလတ်ပါ၊ ဝမ်းနည်းစွာ ပြောရရင်တော့ ကျွန်တော့်ဦးလေး ဆရာဝန်ကြီး ဦးမင်းညိုဟာ မန္တလေးကအပြန် ဒီနေ့မနက် ၁၀ နာရီမှာပဲ ကွယ်လွန်အနိစ္စရောက်သွားပါတယ်'

'ဘယ်လို… မောင်ရင်၊ ပြန်ပြောစမ်းပါဦး'

'ဒီနေ့မနက်ပဲ ဆုံးသွားပါတယ်'

ဆရာဝန်ကြီး ဦးသက်မင်းမှာ စိတ်ထိခိုက်လွန်းသောကြောင့် စကားပင် ပြန်မပြောနိုင်ပေ။

သူ၏ အချစ်ဆုံးသူငယ်ချင်း မင်းညို အနိစ္စရောက်သည့် သတင်းဆိုးကြီးမှာ ဦးသက်မင်းအဖို့ များစွာစိတ်မချမ်းသာဖွယ်ကောင်းသော သတင်းဆိုးကြီးဖြစ်သည်။

ဦးမင်းညို၏ တူဖြစ်သူဆိုသော လူငယ်ဆရာဝန်လေး ညိုထွန်းလတ်က ဆက်ပြောသည်။

'ဦးလေးက မန္တလေးမှာ နှစ်ပတ်လောက် အနားယူနေခဲ့ပါတယ်၊ အနားယူပြီး ဒီနေ့မနက်မှာပဲ တောင်ပေါ်မြို့ကို



www.burmeseclassic.com

ကျွန်တော်နဲ့အတူ ပြန်လာခဲ့ကြပါတယ်၊ လမ်းမှာ ဦးလေးဟာ တော်တော်နေမကောင်းဖြစ်လာပြီး ရုတ်တရက် ကွယ်လွန်သွားခြင်း ဖြစ်ပါတယ်၊ မသေခင်ကတည်းက သူ မှာထားခဲ့တဲ့အတိုင်း ရျာပနကိစ္စကိုလည်း အားချင်းလုပ်လိုက်ပါတယ်၊ ဦးလေးက တကယ်လို့ သူ သေဆုံးသွားရင် ဘယ်သူ့ကိုမှ အသိပေး အကြောင်းကြားခြင်းမပြုဘဲ အမြန်ဆုံးမြေမြှုပ်သင်္ဂြိုဟ်ဖို့ မှာကြားခဲ့ပါတယ်၊ ကျွန်တော်လည်း ဦးလေးရဲ့ နောက်ဆုံးဆန္ဒအတိုင်း ဆရာဝန်ကြီးနဲ့ ဒီတောင်ပေါ်မြို့လေးက ဦးလေးနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေကို အကြောင်းကြားခွင့် မသာခဲ့ပါဘူး၊ အခု ရျာပနကိစ္စတွေ ပြီးမှပဲ ဆရာဝန်ကြီးဆီကို အသိပေး အကြောင်းကြားရတာပါ’

ဦးသက်မင်း မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်ဝဲလာသည်။ ဒါကြောင့်မို့လို့လည်း သူ မသေခင် နောက်ဆုံးခွဲခွာရခါနီးမှာ ထူးထူးခြားခြားလက်ဆွဲနှုတ်ဆက်ခဲ့တာကိုး၊ မင်းညို… မင်းညို သူ့ကိုယ်သူ သေမယ်ဆိုတာကို ကြိုသိနေပါလား၊ မင်းညို၏ တူဖြစ်သူဆရာဝန်လေးမှာလည်း ဦးသက်မင်း မျက်ရည်ကျနေပုံကိုကြည့်ပြီး များစွာစိတ်ထိခိုက်လျက်ရှိသည်။

‘ဆရာဝန်ကြီး မင်းညို သေဆုံးပြီ’ဆိုသော သတင်းကို တူဖြစ်သူ ဆရာဝန်လေး ညိုထွန်းလတ် လာပြော၍ သိရသလိုဒေါ်မေသက်ထားနှင့် မေသက်ရှိန်တို့ မြေးအဘွားနှစ်ယောက်သာ





ဤသတင်းကို ကြားသိလိုက်ရလျှင် မည်မျှ ကြေကွဲထိခိုက်ကြမည်ကို တွေးပင် မတွေးဝံ့မိတော့ပေ။

❐ ❐ ❐

‘အရှေ့တွာရုပ်ကြမ်း’အမည်ရှိ ဆရာဝန်ကြီး ဦးမင်းညို ကိုယ်တိုင် ရေးသားခဲ့သည့် မှတ်တမ်းထဲတွင် သူနှင့် ဦးသက်မင်းတို့ တွေ့ဆုံခဲ့ကြသော ညနောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များအား အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အဆိုပါ မှတ်တမ်းမှာ မေသက်ရှိန်ထံမှတစ်ဆင့် ဆရာဝန်ကြီး ဦးသက်မင်းထံ ရောက်ရှိသော ‘ရုပ်ပြောင်းခန္ဓာ’မှတ်တမ်းပင် ဖြစ်ပေသည်။

❐ ❐ ❐

ယနေ့ဆိုလျှင် ကျွန်ုပ်၏သူငယ်ချင်း သက်မင်းနှင့် မတွေ့ကြရသည်မှာ တစ်လခန့်ရှိမည် ထင်သည်။ ထို့အတူ မေသက်ထားနှင့် မေသက်ရှိန်တို့အိမ်သို့လည်း အလည်အပတ်မရောက်တော့ပေ။

သိပ္ပံပညာ၏ အရေးတကြီး လျှို့ဝှက်ကိစ္စများကို ရှာဖွေဖော်ထုတ်နေမိသောကြောင့် ဓာတ်ခွဲခန်းထဲတွင်သာ နေ့နေ့ညည အချိန်ကုန်မှန်းမသိ ကုန်ဆုံးသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သူငယ်ချင်း သက်မင်း၊ မေသက်ထား၊ မေသက်မှုံ တို့သည် ကျွန်ုပ်အား မတွေ့မမြင် တစ်လခန့်ပျောက်ကွယ်နေသော ကြောင့် ကျွန်ုပ်အပေါ် စိုးရိမ်ကောင်း စိုးရိမ်သောကရောက်ကြေ လိမ့်မည်။ မတတ်နိုင်ပေ။ အလုပ်က အလွန်အရေးကြီးသောအချိန်ဖြစ် နေပေသည်။

ယနေ့ညတွင် ကျွန်ုပ်သူငယ်ချင်း သက်မင်းသည် ကျွန်ုပ်၏ ဓာတ်ခွဲခန်းထဲသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသည်။ ကျွန်ုပ်နှင့် မတွေ့ရသည်မှာ တစ်လခန့်ကြာမြင့်သောကြောင့်လည်းကောင်း၊ ကျွန်ုပ်၏ ကျန်းမာရေးကို စိုးရိမ်၍ လာရောက်ခဲ့ခြင်းဖြစ်သည်။

သက်မင်းက ကျွန်ုပ်အား အလုပ်ထဲတွင် နစ်မြုပ်နေသည့် အကြောင်း၊ စိတ်ပြေလက်ပျောက် အနားယူ အပြင်သို့ထွက်ရန် ကျွန်ုပ် ၏ ကိုယ်ကာယနှင့် စိတ်ဓာတ်တို့မှာ ရောထောင်းနေ၍ ယိမ်မှုပြန်မည့် အရိပ်လက္ခဏာများ ထွက်ပေါ်လာကြောင်း စိုးရိမ်ပူပန်သောကရော စွာ ပြောရှာသည်။

ထိုနေ့ညက ကျွန်ုပ်ကိုယ်တိုင် နှစ်ပေါင်းလေးဆယ်ကျော် ကြာသည်အထိ ဆေးဝါးဘက်ဆိုင်ရာ သုတေသနဆရာဝန်ကြီးအဖြစ် လိုက်လံရှာဖွေနေသော 'အာယုသိဒ္ဓိ'ဆေးစပ်နည်းကို အောင်မြင်စွာ အဖြေထုတ် ထွက်ချက်ရရှိခဲ့ပြီးဖြစ်သည်။ ဤမှတ်တမ်းကို ရေးသား နေသောအချိန်ကား သက်မင်း လာရောက်သတိပေးပြီးသည့်နောက် ခုနစ်ရက်မျှကြာခဲ့ပေပြီ။

ဆေးကျောင်းတွင် တက်ရောက်ခဲ့သော နောက်ဆုံးနှစ်





လူ၏ကိုယ်ခန္ဓာအတွင်းရှိ အကျိတ်တို့မှယိုစီးသော အားဓာတ်ရည်များ နှင့်ပတ်သက်ပြီး ကျမ်းတစ်စောင် ပြုစုခဲ့ဖူးသည်။ ကျွန်ုပ်၏ဆေးကျမ်း သည် သက်ရွယ်ကြီးရင့်သော အဘိုးကြီးများ ယိမ်မှုပြန်သည့် စိတ် ခံစားမှုများ ခန္ဓာကိုယ်ကလပ်စီးများ ပြောင်းလဲမှုကို အခြေခံလေ့လာ ခဲ့သည်။ ယိမ်မှု ပြန်စိတ် ဖြစ်ပေါ်လာသလို လူငယ်တစ်ယောက်အဖြစ် ပြောင်းလဲ၍ရမရ ကြိုးပမ်းလေ့လာ ရှာဖွေခဲ့သည်။

ကျွန်ုပ် အရင်က သိပ္ပံပညာရှင်ကြီးများဖြစ်ကြသော 'ဘတ် ကမင် မိုင်ကယ်လိုမစ်ချ်ဖတ် ဝမ်ဂလာနှင့် ရှမစ်ဒ်တို့သည်လည်း ယိမ်မှုပြန်ခြင်း တစ်နည်းအားဖြင့် အသက်ရှည်ခြင်းကို အပူအအေးများစွာ အချက်အလက်အထောက်အထားများနှင့် ရှာဖွေဖော်ထုတ်ခဲ့ဖူးသည်။

ယခု ကျွန်ုပ် ရှာဖွေတွေ့ရှိသောနည်းမှာ အဆိုပါသိပ္ပံပညာ ရှင်နှစ်ဦးထက် ပိုမိုခရီးရောက် လျက်ရှိသည်။ လူသားများ၏ ခန္ဓာကိုယ်အတွင်းရှိ အကျိတ်တို့မှ ယိုစီးကျလာသောအား ဓာတ်ရည် များသည် ကိုယ်ကာယနှင့် စိတ်အားလုံးရာမှ ပြောင်းလဲစေလျက် ဖြုပြင်ပေးနိုင်ကြောင်း တွေ့ရှိခဲ့သည်။

ထိုကျမ်းကို စတင်ရေးသားခဲ့သည့်အချိန်မှစ၍ ယနေ့ထိ ကျွန်ုပ် ကိုယ်တွေ့ စမ်းသပ် အောင်မြင်မှုများကို ကြေညာလိုက်ပါက ကျွန်ုပ်သည် ရှေးဦးစွာ တွေ့ရှိသူအဖြစ် မှတ်တမ်းတင်ခြင်းခံရမည် ဖြစ်သည်။

ယိမ်မှုပြန်ခြင်း၊ အသက်အရွယ်နုပျိုခြင်း နည်းလမ်းများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်၍ သိပ္ပံပညာရှင် ဖျော်ရော်နော့စ်နှင့် စတိုင်းနက်တို့ စူးစမ်းလေ့လာခဲ့ကြသည်။ အောင်မြင်မှုမရခဲ့ပေ။ ဖျော်ရော်နော့စ်သည် လူ၏ခန္ဓာကိုယ်အတွင်း အကျိတ်များထဲသို့ တိရစ္ဆာန်များ၏ ကိုယ်တွင်းအကျိတ်အားဓာတ်ရည်များ ကူးပြောင်းထည့်ပေးခြင်းဖြင့် လူ၏ ကိုယ်တွင်းအကျိတ်များ ပြန်လည်သန်စွမ်းလာကာ ယေဘုယျ ရုပ်ခန္ဓာပြောင်းလဲစေရန် ကြိုးပမ်းခဲ့ဖူးသည်။

စတိုင်းနက်ကလည်း လူ၏ကိုယ်တွင်းအကျိတ်ရည်များမှ အားဓာတ်ရည်များ ပိုမိုများများ ယိုစီးလာအောင် ခွဲစိတ်ပြုပြင်ပေးခြင်းဖြင့် ယေဘုယျ ရုပ်ခန္ဓာပြောင်းအောင် ကြိုးစားခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် အတော်အသင့် အောင်မြင်မှုရှိသော်လည်း အကျိုးသက်ရောက်မှုက ခေတ္တခဏသာဖြစ်သောကြောင့် အဆုံးစွန်ဆုံး အောင်မြင်ခြင်းမရှိခဲ့ပေ။

နှစ်ပေါင်းများစွာ ကြာသည့်တိုင် ယေဘုယျခန္ဓာဖြစ်နိုင်သည့် နည်းစနစ်အမျိုးမျိုးကို ကျွန်ုပ် လေ့လာခဲ့သည်။ စတိုင်းနက်ကဲ့သို့ ခွဲစိတ်ကုသသော ဆရာဝန်များနည်းနှင့် ဆေးဝါးဓာတ်အားများကို ဖော်စပ်သော ဆရာဝန်များနည်းကသာ ပို၍အောင်မြင်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ကျွန်ုပ်၏ စမ်းသပ်ချက်များကား အားဓာတ်ရည်တွင် ပါဝင်သော ကလာပ်စည်းများတွင် ဘယ်လိုဓာတ်များ ပါဝင်ကြသည်ကို စုဆောင်းမှု၊ ဖွဲ့စည်းပုံနှင့်တကွ ဖော်စပ်နည်းကိုပါ ရှာဖွေခဲ့သည်။ သဘောတရား





အားဖြင့် အားဓာတ်ရည်များဖြင့် ဖွဲ့စည်းပုံကို လေ့လာပြီး အားဓာတ်ရည်ဖွဲ့စည်းပုံအတိုင်း ဖြစ်စဉ်များကို ဖွဲ့စည်း၍ ထိုအရည်များကို သောက်လိုက်ခြင်းဖြင့် ယေဘုယျ ခန္ဓာပြောင်းသွားနိုင်စေမည်ဟုဆိုနိုင်ရာ များစွာလွယ်ကူသယောင် ထင်ရသည်။

သို့သော် အားဓာတ်ရည်များ၏ ကလာပ်စည်းများ ဖွဲ့စည်းတည်ရှိနေပုံနှင့် ထိုကလာပ်စည်းများတွင် မည်သို့သောဓာတ်များ ပါဝင်သည်ကို စူးစမ်းလေ့လာရန် လွန်စွာမှပင် ခက်ခဲလှပေသည်။

အားဓာတ်ရည်များမှ ကလာပ်စည်းတစ်ခုကို ခွဲထုတ်ပြီး ထိုကလာပ်စည်း၌ ပါဝင်သော ဓာတ်များကို တစ်ခုစီခွဲကြည့်ရန်မှာလည်း လွယ်ကူသယောင် ထင်ရသော်လည်း ကျွန်ုပ်အနေနှင့် အနှစ် ၄၀ ကျော် ကြိုးပမ်းခဲ့ရမှ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

အရေးကြီးသည်မှာ အားဓာတ်ရည်ကို မည်မျှသုံးမည်။ ထိုအားဓာတ်ရည်ထဲတွင် ဓာတ်အားအမျိုးမျိုးအား ဘယ်ပုံအချိုးကျအောင် ရောနှောရမည်ဆိုသည့်အချက်ပင် ဖြစ်သည်။

လူ့ခန္ဓာကိုယ်အတွင်းရှိအကျိတ်များမှ ယိုစီးကျသော အရည်များ၏ ဓာတ်အားဖွဲ့စည်းပုံမှာ လွန်စွာမှ သိမ်မွေ့ခက်ခဲ နက်နဲလှသည်။ ဓာတ်စုံတစ်ခုတွင် အထူးမြူတစ်လုံး ပါဝင်ပတ်သက်သော ပရမာအထူးမြူပေါင်းများစွာ ဖွဲ့စည်းပုံနှင့် မခြားအောင် သိမ်မွေ့ခက်ခဲလှသည်။

သဘာဝတရားကြီးသည် သချာဥပဒေသအတိုင်း အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လျှက်ရှိသည်။ ဓာတုဗေဒပညာသည်လည်း သင်္ချာဥပဒေအတိုင်း လိုက်နာရသည်။ အတုမြူတစ်မြူမှအစပြု၍ စကြဝဠာကြီးတစ်ခုလုံးရှိ ဂြိုဟ်များတည်ရှိနေပုံအထိ ကျွန်ုပ် ယည်သည့်အရာဝတ္ထုမဆို သဘာဝ ၏ သင်္ချာဥပဒေအရ ပေါင်းစပ်ထားရာ ကျွန်ုပ်သည် အမျိုးမျိုးစမ်းသပ် ခဲ့ပြန်သည်။

သူငယ်ချင်းဖြစ်သူ ဆေးရုံအုပ်ကြီး ဆရာဝန်ကြီးသက်မင်း ရောက်လာသည့်ညက ဓာတ်အားရည်များ ပေါင်းစပ်သည့်နည်းကို ကျွန်ုပ် ရရှိချိန်ဖြစ်သည်။ ထိုနည်းမှာ လွန်စွာလွယ်ကူလှသဖြင့် သိပ္ပံ ပညာရှင်တစ်ဦးသာလျှင် ထိုဓာတ်ပေါင်းရည်၏ နုနယ်သိမ်မွေ့မှုကို နားလည်နိုင်စွမ်းရှိမည် ဖြစ်သည်။

ထိုနည်းအတိုင်း ဆေးဖော်စပ်၍ တိရစ္ဆာန်များကို မစမ်းသပ်ဘဲ ကျွန်ုပ်ကိုယ်တိုင်စမ်းသပ် ကြည့်မည်ဟု ဆုံးဖြတ်ခဲ့သည်။ အတွက် အချက်များ၌ နည်းစနစ်မမှန်ပါက အာယုသိဒ္ဓိဆေးရည်သောက်ပြီး ကျွန်ုပ် သေဆုံးသွားမည်မှာ အမှန်ပင်ဖြစ်သည်။ သေရမှာကို ကျွန်ုပ် သည် အလွန်ကြောက်သောလူ တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ဆေးသောက်ရန်ကို အလွန်ပင် ကြောက်ရွံ့မိသည်။

နှစ်ပေါင်း ၄၀ ကျော် အာယုသိဒ္ဓိဆေးရည်အား ရှာဖွေ စမ်းသပ် ဖော်ထုတ်ရရှိခဲ့ပြီးဖြစ်သောကြောင့် အောင်မြင်မှု ရှိ၊ မရှိကို လည်း သိချင်သည်။ အာယုသိဒ္ဓိဆေးရည်ကို ကျွန်ုပ်ကိုယ်တိုင် သောက်မှုဖြစ်မည်။ ကြောက်ရွံ့သည့်အကြောင်းရင်းကလည်း ကျွန်ုပ်





ဖော်စပ်ထားသော ငယ်မူပြန်ရုပ်ခန္ဓာပြောင်းဆေးရည် သို့မဟုတ် အာယုသိဒ္ဓိဆေးရည်မှာ လူ ၁၂ ယောက်ကိုယ် တစ်ပြိုင်နက် သေစေ နိုင်သော အဆိပ်ဆေးရည်တစ်မျိုး ဖြစ်နေသည်။

အာယုသိဒ္ဓိဆေးရည်သောက်ခြင်းမှာ အလွန်တရာကြီးကျယ် သော စွန့်စားခန်းကြီးဖြစ်သည်။ မသောက်၍လည်း မဖြစ်၊ ကျွန်ုပ် ကိုယ်တိုင် အနှစ်နှစ်အလလ ပင်ပန်းတကြီး ရှာဖွေစမ်းသပ်ထားသော ရှားရှားပါးပါးဆေးရည် ဖြစ်သည်။ ယခု အသက် ၇၀ အရွယ် အဘိုး ကြီးဖြစ်၍ မကြာခင် သေရတော့မည်။

အာယုသိဒ္ဓိဆေးရည်အစွမ်းကြောင့် အောင်မြင်မှုရရှိမည် ဆိုပါက ကျွန်ုပ်သည် ၁၇ နှစ်အရွယ် လူငယ်တစ်ယောက်အဖြစ် ငယ်မူပြန် ရုပ်ခန္ဓာပြောင်းသွားမည်။ အသက်ရှည်ရှည်နေရမည်။ တဖြည်းဖြည်း အသက်ကြီးလာသည့်တိုင် အာယုသိဒ္ဓိဆေးရည်ကို ပြန်သောက်၊ ပြန်ပြီး အသက်ငယ်သွားသလို ရုပ်ခန္ဓာပါ ပြောင်းသွား မည်။ ထိုနည်းဖြင့် ကျွန်ုပ် အသက်ကား မသေတော့ပေ။ ကျွန်ုပ် ဖော်စပ်ထားသော အာယုသိဒ္ဓိဆေးရည် သို့မဟုတ် ငယ်မူပြန်ရုပ်ခန္ဓာ ပြောင်းဆေးရည်၏ အကျိုးအာနိသင်ပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အာယုသိဒ္ဓိဆေးရည်ကို အရဲစွန့်ပြီး သောက်ရန် ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။ သေလျှင်မြေကြီး ရှင်လျှင် ရွှေထီးဟူသော သဘောဖြင့် မိုက်မိုက်ကန်းကန်း ဆုံးဖြတ်လိုက်မိ သည်။ ကျွန်ုပ်၏အဖြစ်ကို ကျွန်ုပ်ကိုယ်တိုင် တွေးမိပြီး သဘောကျမှာ ရယ်မောမိခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကျွန်ုပ်၏ ဘဝလမ်းခရီးကို ပြန်လည်စဉ်းစား တွေးတောကြည့်မိသည်။ တွေးမိသည်နှင့် ကျွန်ုပ်စိတ်ထဲတွင် မုန်တိုင်းကျသကဲ့သို့ အတွေးပေါင်းစုံ ချာလပတ်လည် ရိုက်ခတ်လာပေတော့သည်။

ကျွန်ုပ်ဘဝ ငယ်စဉ်ကတည်းကပင် လူအများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ချစ်ခြင်းမေတ္တာကို ဆုံးရှုံးခဲ့ပေသည်။ အလိုဆန္ဒမပြည့်ဝဘဲ အရှုံးပေးလိုက်ရသည်။

ယခုမူ အသက် ၇၀ အရွယ် အဘိုးကြီးတစ်ယောက်ဖြစ်ရကား သေမင်းတိုင်းပြည်သို့ ခြေလှမ်းပြင် ဝင်ရောက်ရမည့် အချိန်ကား နီးကပ်လာပြီဖြစ်သည်။ ကျွန်ုပ် စိတ်များကို ချုပ်တည်းထားရမှ ဖြစ်ချင်ရာဖြစ်စေဟု စိတ်ရှက်လွှင့်ထွက်သွားချင်နေမိသည်။ အမှန်အတိုင်းပြောရလျှင် သည်လောကကြီးတွင် ဆက်လက်အသက်ရှင်နေချင်ပါသေးသည်။ ကျွန်ုပ်ချစ်မြတ်နိုးသော မယောက်ထားနှင့် အတူတကွ ပေါင်းသင်းနေထိုင်ချင်ပါသေးသည်။

အာယုသိဒ္ဓိဆေးရည်သောက်ပြီး အောင်မြင်မည်ဆိုပါက ကျွန်ုပ်သည် ငယ်ရွယ်နုပျိုသော လူငယ်ဘဝကို ပြန်လည်ရရှိသွားမည်ဖြစ်သည်။ ထို့အတူ ယခုအခါ အဘွားကြီးဖြစ်နေသော ဒေါ်မေသက်ထားအား ဆေးရည်တိုက်လိုက်လျှင် ငယ်ရွယ်နုပျိုသော မယောက်ထား ပြန်ဖြစ်သွားမည်။

အာယုသိဒ္ဓိဆေးရည်အစွမ်းကြောင့် ကျွန်ုပ်၏ စိတ်ကူးယဉ်





ချစ်ခရီးလမ်းကား လွန်စွာမှ ပျော်ရွှင်ကြည်နူးစရာကောင်းနေပေတော့သည်။

ကျွန်ုပ် သူငယ်ချင်းဖြစ်သူ သက်မင်းအား 'ငါ့ဘဝမှာ ရနိုင်ရက်သားနဲ့ လက်လွှတ်ခဲ့ရတာတွေ များလှတယ်'ဟု တစ်နေ့ကမှပင် ပြောပြခဲ့ဖူးသည်။ ကျွန်ုပ်ဖြတ်သန်းခဲ့သော ဘဝတစ်လျှောက်လုံးတွင် စိတ်တတ်ပြင်းပြခဲ့သူ ဖြစ်သည်။ စိတ်ကူးမျိုးစုံယဉ်ခဲ့သည်။ ကျွန်ုပ်ဖြစ်လိုသော အိပ်မက်တိုင်းပြည်အမျိုးမျိုး တည်ဆောက်ပြီး အိပ်မက်သစ်များနှင့် ပျော်မွေ့ခဲ့သူဖြစ်သည်။

သို့သော် မိန်းမပျိုလေးများနှင့် ပတ်သက်လာလျှင် မိန်းမတို့၏ သိမ်မွေ့နူးညံ့သော အပြုအမူ အယုအယတို့ကိုလည်းကောင်း၊ ချစ်ခြင်းမေတ္တာ၏ ဆန်းကြယ်သော တန်ခိုးများကိုလည်းကောင်း၊ ရင်ခုန်စရာကောင်းသော မိန်းမပျိုလေး၏ ရင်ခွင်ထဲသို့ တစ်ကြိမ်တစ်ခါမှမျှ ဝင်ရောက်ခိုလှုံခဲ့ခြင်း မရှိခဲ့ပေ။ ကျွန်ုပ် ချစ်မြတ်နိုးသော ဖြူစင်သန့်ရှင်းသည်ဟု ထင်မှတ်ထားသော မယောက်ထားသည်ပင် တစ်ပါးသူရင်ခွင် ဝင်ရောက်ခဲ့ပြီး ကျွန်ုပ်မှာသာ ကြေကွဲတသ မျှော်လင့်မဲ့ဖြစ်ခဲ့ရသည်။

ယခု အသက် ၇၀ အဘိုးကြီးဘဝ ရောက်နေသည်။ ကျွန်ုပ်ငယ်မူပြန်လိုသည်။ လူငယ်လေးတစ်ယောက်ဘဝကို ရယူပိုင်ဆိုင်ချင်သည်။ ကျွန်ုပ်ဘဝတွင် လွဲချော်ခဲ့ရသော အချစ်၏ မှတ်သိမ်မှုများကို မယောက်ထားနှင့်အတူ ပြန်လည်ပေါင်းဆုံ၍ အပြင်းအထန် ခံစားလို



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့်လည်း ကျွန်ုပ်သည် အာယုသိဒ္ဓိ ငယ်ရွယ်ပြန်ရုပ် ခန္ဓာပြောင်းဆေးနည်းကို ရှာဖွေစမ်းသပ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ် သူငယ်ချင်း သက်မင်း ပြန်သွားပြီးနောက် ထိုညက တစ်ညလုံး ကျွန်ုပ် မအိပ်ခဲ့ပေ။ ငယ်ရွယ်ပြန်ရုပ်ခန္ဓာကလည်း ပြောင်းချင်သည်။ လူငယ်ဘဝကို တစ်ဖန် ပြန်လိုချင်သည်။ သို့သော် အာယုသိဒ္ဓိ ဆေးရည် သောက်ရမည်ကိုတော့ လွန်စွာမှ ကြောက်လန့်နေမိသည်။ ကိုယ်စမ်းသောဆေး ကိုယ်တိုင်မစားဝံ့သလိုဖြစ်နေရသည်။ ထို့ကြောင့်လည်း တစ်ညလုံး အိပ်မပျော်နိုင်ဘဲ ရှိနေခဲ့သည်။

နောက်တစ်နေ့ မနက်စောစောတွင် ကျွန်ုပ်သည် အိမ်ပြတင်းပေါက်များရှိ နေရောင်ကာများကို ဆွဲချလိုက်သည်။ အိမ်ရှေ့တံခါးနှင့် ခြံဝင်းတံခါးကိုလည်း အပြင်မှ ပိတ်လိုက်သည်။ ကျွန်ုပ် မန္တလေးသို့ ခရီးထွက်သွားပြီဟု အထင်ရောက်စေရန် ဖြစ်သည်။ ကျွန်ုပ် မန္တလေးတွင် ၂ ပတ်ခန့် အပန်းဖြေခရီးထွက်မည်ကိုလည်း သက်မင်း သိရှိပြီး ဖြစ်သည်။

ထို့နောက်တွင် ကျွန်ုပ်သည် နောက်ဖေးပေါက်မှ ကိုယ့်အိမ်ထဲကို သူခိုးတစ်ယောက်လို ရှောင်ပြောင်တိတ်တိတ် ဝင်ရောက်ခဲ့သည်။ ကျွန်ုပ်ဘဝတစ်သက်တာအတွက် လွန်စွာမှ အရေးကြီးလှ စွန့်စားခန်းဖြစ်သော ဓာတ်ခွဲခန်းထဲသို့ ဝင်ရောက်လိုက်သည်။ ကျွန်ုပ် စွန့်စားရပေတော့မည်။

❒ ❒ ❒





ယခု ကျွန်ုပ် ရေးသားလျက်ရှိသော 'ရုပ်ပြောင်းခန္ဓာ' မှတ်တမ်းမှာ ကျွန်ုပ်ဘဝအတွက် အရေးပါအရာရောက်သော မှတ်တမ်း ဖြစ်သည်။ အကယ်၍သာ အာယုသိဒ္ဓိဆေးရည်ကို သောက်ပြီး သေဆုံးသွားပါက ကျွန်ုပ်၏ကိုယ်တိုင်ရေး ဖွင့်ဟဝန်ခံချက်အဖြစ် ကျန်ရစ်ခဲ့သည့် မှတ်တမ်းဖြစ်သည်။ ထို့ကြောင့်လည်း ထူးဆန်းသော ကျွန်ုပ်ဘဝအတွေ့အကြုံများကို ပြည့်စုံစွာရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဓာတ်ခွဲခန်းထဲသို့ ကျွန်ုပ် ရောက်ရှိလာသည်။ ကျွန်ုပ်ရှေ့တွင် လျှို့ဝှက်သောဆေးနည်း နိဿျများရှိရာ စင်ကလေးရှိသည်။ သွားရင်းလာရင်းကပင် ကျွန်ုပ် ခြေထောက်များကား လေးလံသော ခဲလုံးကြီးများနှင့် ဆွဲထားသကဲ့သို့ မရွေ့ချင်ရွေ့ချင် ရွေ့လျက်ရှိသည်။

ကျွန်ုပ် ခြေလက်များမှာလည်း အားအင်ကုန်ခမ်း ပျော့တော့ သွားသကဲ့သို့ မလှုပ်ချင် မကိုင်ချင်အောင် လျော့ပါးခန်းခြောက်သွား သည်။ ခြောက်သွားသည့် တစ်ကိုယ်လုံးမှာလည်း ကြောက်ရွံ့တုန်လှုပ် သည့်စေနှင့် ချွေးစေးများ ပြန်ထွက်လာပြီး အပြင်းအထန် တုန်လှုပ် လျက်ရှိသည်။

ကျွန်ုပ် ဦးနှောက်ထဲသို့ သုံးလုံးသော စကားလုံးများသည် မှားဆိုင်ကြီး ထပျံသကဲ့သို့ တဝီဝီ မြည်လာကြသည်။ 'သေမလား'၊ 'ရှင်မလား'၊ 'သေမလား'၊ 'ရှင်မလား' ဆိုသည့် စကားလုံးများသည် ပျားများအော်မြည်ပျံသန်းနေသကဲ့သို့ ကျွန်ုပ် ခေါင်းထဲတွင် တိုးဝှေ့ ဝင်ရောက်လျက်ရှိသည်။ ကျွန်ုပ်သည် သောကဝကို မြိုမြိုခံနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်နိုင်မာသည့် လူတစ်ယောက် မဟုတ်လား။ ဘာမှကြောက်စရာမလိုဘူးဟု ရဲရဲဝံ့ဝံ့ ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ် စိတ်ကို အားတင်းလိုက်ပြီး လက်တစ်ကမ်းမျှသာ ကွာဝေးတော့သည်။ သေခွက်များ တင်ထားရာ စင်ကလေးအနီးသို့ ချဉ်းကပ်လာမိသည်။ အာယုသိဒ္ဓိဆေးရည် (သို့မဟုတ်) ငယ်မူပြန်ရုပ်ချောပြောင်းဆေးရည်ဝါဝါလေးများသည် သေခွက်ထဲတွင် ရှိနေသည်။ သေခွက်အား လှမ်းယူမည်ပြုပြီးမှ လက်ကို နောက်ပြန်ရုပ်လိုက်ရင်း ကျွန်ုပ် ငိုင်သွားမိပြန်သည်။ တကယ် သောက်တော့မှာပါလား။

ထိုအချိန်တွင် ကျွန်ုပ်စိတ်ထဲ၌ ငယ်ဘဝများသည် ရုပ်ရှင်ကားတစ်ကား ကြည့်နေရသကဲ့သို့ စိတ်မျက်စိထဲတွင် ထင်ထင်ရှားရှား ပေါ်လာကြသည်။ ကျွန်ုပ်သည် အတွေးများကို ဖျောက်ဖျက်ပစ်လိုက်ပြီး နိုင်မာသော ဆုံးဖြတ်ချက်နှင့် အာယုသိဒ္ဓိဆေးရည်ထည့်ထားသော သေခွက်များအား တင်းတင်းကျပ်ကျပ်ဖမ်းဆုပ်ပြီး ကိုင်လိုက်သည်။

နံရံတွင် ချိတ်ထားသော နာရီမှ နာရီတိုးသံကြားလိုက်ရ၍ မော့ကြည့်လိုက်ရာ နံနက် ၅နာရီ အချိန် ဖြစ်နေသည်။ ထိုနေ့ကား တနင်္ဂနွေနေ့ ဖြစ်သည်။

ကျွန်ုပ်သည် ဘာမှစဉ်းစားမနေတော့ဘဲ မျက်လုံးမှိတ်ပြီး အာယုသိဒ္ဓိဆေးရည်အား မော့သောက်ချလိုက်ပေတော့သည်။ နံရံတွင် ချိတ်ထားသော နိုင်ခွက်အတွင်းမှ ရွေ့လျားနေသော တွေ့နံ့တံလေး





များကို သတိထားကြည့်နေမိသည်။ တွေ့နံ့သုံးဆယ်မျှ ကြာသွားသည်။ ကျွန်ုပ် ဘာမှမဖြစ်ပေ။

ကျွန်ုပ် အဖြစ်အပျက်ကို ကျွန်ုပ်ကိုယ်တိုင် သဘောကျမိသည်။

"ဟား... ဟား... ဟား... လူ့စိတ် ကြောက်ချင်တော့လည်း ကြောက်လိုက်တာ၊ သေမလား၊ ရှင်မလားနဲ့ အတော်များပါဒသောကတွေ များစေတာပဲ၊ ခုတော့လည်း ဘာမှမဖြစ်၊ သေလည်း မသေ၊ ရှင်လည်း မရှင်၊ နဂိုအတိုင်း ဘာမှမပြောင်းလဲပါလား၊ ရယ်စရာကောင်းတာပဲ၊ ငါ့အဖြစ်ကလည်း တော်တော်ရယ်ဖို့ကောင်းတာပဲ၊ ဟား... ဟား... ဟား..."

ကျွန်ုပ်သည် ကိုယ့်ဘာသာကိုယ် တွေးမိပြီး အားပါးတရ ရယ်မောလိုက်သည်။ မိမိကိုယ်တိုင် ဖြစ်ပေါ်လာသော ကြောက်ရွံ့စိတ်ကိုပင် ပြန်လည်လှောင်ပြောင်ရင်း သဘောကျနေမိသည်။ ထိုအဓိုက်အတန့်လေးမှာပင် ကျွန်ုပ်တစ်ကိုယ်လုံးတွင် လွန်စွာမှ ပြင်းထန်သော ဝေဒနာတစ်ရပ်ကို မချိမဆံ့ခံစားလိုက်ရသည်။ အာယုသိဒ္ဓိဆေးရည်က ကောင်းကောင်းကြီး အစွမ်းပြပြီ ဖြစ်သည်။ ကျွန်ုပ် အထင်မသေးရဲတော့ပေ။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်လည်မလှောင်ဝံ့တော့ပေ။

ကျွန်ုပ်တစ်ကိုယ်လုံးမှာလည်း မီးပုံကြီးအတွင်း ခုန်ဆင်းသွားသောသူကဲ့သို့ မီးတောက်မီးလျှံများ လောင်မြိုက်ခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလောင်ပြင်းပြသည့် ဒဏ်ကို အလူးအလဲခံစားနေရသည်။ ကျွန်ုပ်သည် မခံစားနိုင်လွန်းသောကြောင့် ကျယ်လောင်စူးဝါးစွာ အော်ဟစ်ရင်း ကြမ်းပြင်ပေါ်တွင် လူးလှိမ့်နေမိတော့သည်။ ကျွန်ုပ်တစ်ကိုယ်လုံးကား ငရဲမီးလောင်ခြင်းမျိုးကို ခံစားရသကဲ့သို့ပင် ဆိုးဝါးသည့်ဝေဒနာများကို ခံစားနေရသည်။

အတန်ကြာအောင် လူးလှိမ့်ခံစားရင်း သတိလစ်သွားပေတော့သည်။

ကျွန်ုပ် သတိပြန်ရသောအခါ အင်္ဂါနေ့ မွန်းလွဲ ၂ နာရီခန့်တွင် ဖြစ်သည်။ သတိလုံးလုံးမရခင်ထိ လစ်တစ်ချက် မလစ်တစ်ချက်နှင့် တစ်ကိုယ်လုံး မီးနှင့်မြှိုက်နေသကဲ့သို့ ခံစားနေရသေးသည်။ ကောင်းစွာသတိရသောအခါ ကျွန်ုပ် လုပ်ဆောင်ချက်များကို ပြန်လည်အမှတ်ရမိသည်။

တနင်္ဂနွေနေ့ မနက် ၅ နာရီအချိန်က အာယုသိဒ္ဓိဆေးရည်ကို ကျွန်ုပ် သောက်လိုက်ရာ အင်္ဂါနေ့ နေ့လယ်ပိုင်းကျမှ သတိပြန်ရသောကြောင့် ကျွန်ုပ် သတိလစ်မေ့မြောနေသည်မှာ သုံးရက်ခန့်ကြာမြင့်ကြောင်း သိလိုက်ရသည်။

သတိပြန်ရကာစအချိန်သည် မေ့ဆေးပေးခံထားရသော လူနာတစ်ဦး မေ့ဆေးပြယ်ကာစ ခံစားနေရသကဲ့သို့ ခံစားနေရသည်။ ကျွန်ုပ်စိတ်ထဲတွင်လည်း သာယာပျော်မွေ့ဖွယ်ကောင်းသော အိပ်မက်တစ်ခုထဲ ရောက်နေရသလိုလို ကျွန်ုပ်စိတ်များကား မျောပါးလွင့်ပါး





ကျက်ရှိသည်။ နံရံတွင် ချိတ်တွယ်ထားသော နာရီမှ သုံးနာရီထိုးသံကို ကြားလိုက်ရသည်။

ကျွန်ုပ် အတွေးများ လွင့်ပြယ်သွားပြီး ဝမ်းထဲမှ ဆာလောင်မှုသိလာသည်။ သုံးရက်လုံးလုံး ဘာမျှမစားရသော ကျွန်ုပ်အိမ်မှ အစာအာဟာရများကို တောင်းဆိုနေပြီဖြစ်သည်။ ရင်ထဲ တာ၍ ပူလောင်လျက်ရှိသည်။ ကျွန်ုပ်စိတ်သည် အစာစားဖို့ ကြွက်သော စိတ်ဆန္ဒပြင်းပြလျက်ရှိသည်။ ကျွန်ုပ် သောက်ခဲ့သော အာယုသိဒ္ဓိ(ငယ်မူပြန် ရုပ်ခန္ဓာပြောင်း) ဆေးရည်အကြောင်းကို လုံးဝ သတိမရသေးပေ။ အလွန်အမင်း ဆာလောင်မွတ်သိပ်ခြင်းသာ စိုးမိုးလျက်ရှိသည်။

ကျွန်ုပ်သည် ကြမ်းပြင်ပေါ်မှ ထလိုက်ရင်း "ဒါ ဘာဖြုလို့များ ကြမ်းပြင်ပေါ်မှာ အိပ်နေရပါလိမ့်"ဟု အံ့အားသင့်နေမိသည်။ ကြမ်းပြင်ပေါ်မှ လက်ထောက်၍ထလိုက်ရင်း ကျွန်ုပ်လက်ကို အမှတ်တမဲ့ ကြည့်မိလိုက်ရာ အံ့အားသင့်သွားရလေတော့သည်။ ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ်လက်အား မြောက်ကြည့်ရင်း ကိုယ့်မျက်စိကိုယ်ပင် မယုံချင်လောက်အောင် တုန်လှုပ်သွားမိသည်။

အိပ်ရေးပျက်လွန်းအားကြီးပြီး ကျွန်ုပ် အမြင်အာရုံများ ဝေဝါး၍လား၊ တစ်ခုခုတော့ မှားယွင်းနေပြီ ဖြစ်သည်။ ကျွန်ုပ်မြင်နေကျ ကျွန်ုပ်လက်များကား မဟုတ်တော့ပေ။ ထိုလက်များသည် တခြားသူတစ်ဦးဦး၏ လက်များက ဘာဖြုလို့ ကျွန်ုပ်လက်နှင့် ပြောင်းလဲသွား



www.burmeseclassic.com

www.burmeseclassic.com



ရပါလိမ့်။ ကျွန်ုပ် စဉ်းစားမရတော့ပေ။ ယခု မြင်တွေ့လိုက်ရသော လက်များမှာ လူငယ်တစ်ဦး၏ ပျော့ပျောင်းနူးညံ့သော လက်များ ဖြစ်နေသည်။

"အလို... ဘုရား.... ဘုရား..."

ကျွန်ုပ်သည် ဘုရားတလိုက်ရင်း ကျွန်ုပ်၏ စွန့်စားခန်းများက ဦးနှောက်ထဲသို့ မြှန်းခနဲ ပြန်လည်ဝင်ရောက် အမှတ်ရသွားစေသည်။ ထိုအခါကျမှ ကျွန်ုပ် ဘာတွေလုပ်ခဲ့သည်ကို အမှတ်ရမိသွားသည်။ အာယုသိဒ္ဓိ(ငယ်မူပြန်ရုပ်ခန္ဓာပြောင်း)ဆေးရည်၏ အာနိသင်ကြောင့် ယခုကဲ့သို့ ထူးဆန်းစွာ ပြောင်းလဲသွားခြင်းဖြစ်သည်။ ကြောက်စိတ်များ ဝင်ရောက်လာသလို ကျွန်ုပ်ကိုယ်တိုင် ရှက်သလိုလို ရွံ့သလိုလို ဖြစ်နေသည်။

ကျွန်ုပ် စိတ်ထဲတွင်လည်း ဘယ်လိုဖြစ်နေသည်ကိုလည်း ဝေခွဲမရ။ ဝမ်းလည်း မသာနိုင်။ ဝမ်းနည်းခြင်းလည်း မရှိ။ စိတ်လှုပ်ရှားမှုကင်းမဲ့စွာဖြင့် အရှုးတစ်ယောက်လို အော်ဟစ်ခုန်ပေါက်ခြင်းမျိုးလည်း ဆန္ဒမရှိတော့ပေ။ အာယုသိဒ္ဓိ(ငယ်မူပြန်ရုပ်ခန္ဓာပြောင်း)ဆေးကား အောင်မြင်ခဲ့ပြီကိုလည်း မထင်မရှား ဝိုးတဝါး တွေးနေမိသည်။

"ဘုရား... ဘုရား..."ဟူ၍သာ စိတ်ထဲမှ အကြိမ်ကြိမ် ရွတ်ဆိုနေမိတော့သည်။ မတ်တတ် ထရပ်လိုက်ပြီး ခြေလှမ်းမလှမ်းနိုင်သေးဘဲ နာရီဝက်ခန့်ကြာအောင် မတုန်မလှုပ် ရပ်နေမိသည်။ အတန်ကြာမှ ဓာတ်ခွဲခန်းထောင့်တွင်ရှိသော လက်ဆေးကြွေလုံထက်





တွင် ချွဲချိတ်ထားသော မှန်တစ်ချပ်ဆီသို့ တုန်ယင်စွာ လျှောက်လာခဲ့မိသည်။

မှန်ရှေ့တွင်ရပ်ပြီး ကျွန်ုပ် မျက်နှာအား မှန်ထဲတွင် ကြည့်မိလိုက်သည်။ လွန်ခဲ့သော တနင်္ဂနွေနေ့က ဖွင့်ထားသော လျှပ်စစ်မီးလုံးမှာ လင်းမြဲလင်းလျက်ရှိသည်။ မှန်ထဲမှနေ၍ ငယ်ရွယ်နုပျိုချောမောသော လူငယ်တစ်ယောက်က ကျွန်ုပ်အား ကြည့်လျက်ရှိသည်။ အဆိုပါလူငယ်၏ မျက်လုံးများမှာ ရူးရူးဝါးဝါးနှင့် တစ်စုံတစ်ရာကို ကြောက်ရွံ့စွာကြည့်နေသော မျက်လုံးမျိုးဖြစ်သည်။

ကျွန်ုပ်သည် ကျွန်ုပ်လက်ဖြင့် နဖူးပေါ်သပ်တင်လိုက်ပြီး ဘက်ဝဲဘက်ရင်အုံပေါ်သို့ လက်ကို အုပ်တင်ထားလိုက်သည်။ မှန်ထဲမှ နုပျိုသော လူငယ်သည်လည်း ကျွန်ုပ် လုပ်သကဲ့သို့ လက်ဖြင့် နဖူးကို သပ်တင်လိုက်ပြီး သူ၏ရင်အုံပေါ်သို့ လက်ကို အုပ်လိုက်သည်။ ကျွန်ုပ် မြူသည့်အတိုင်း တစ်ထေရာတည်း ဘာလို့လိုက်လုပ်နေရပါလိမ့်ဟု ဝေဝေဝါးဖြစ်သွားသည်။ မှန်ထဲမှ လူငယ်၏ မျက်နှာကို သေချာကြည့်လိုက်ရာ ထိုနုပျိုသော လူငယ်လေးမှာ တခြားသူမဟုတ်ဘဲ ကျွန်ုပ်ကိုယ်တိုင် ဖြစ်နေပါရောလား။

"အာယုသိဒ္ဓိ(ငယ်မူပြန်ရုပ်ပြောင်းခန္ဓာ)နည်းကား အောင်မြင်ပြီ၊ ငါဟာ ငယ်မူပြန်သွားပြီ၊ ငါ့ရုပ်ခန္ဓာတွေဟာ ငါ ငယ်ငယ်တုန်းက အတိုင်း လူငယ်တစ်ယောက် ပြန်ဖြစ်သွားပြီ"ဟူသော အတွေးကြောင့် ကျွန်ုပ်သည် ကျယ်လောင်စွာ အလန့်တကြား အော်ဟစ်မိလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ဆုတ်လိုက်သည်။ ထို့နောက်တွင် ကျွန်ုပ် လက်နှစ်ဖက်ဖြင့် မျက်နှာပေါ်အုပ်လိုက်ပြီး အားပါးတရ ချုံးပွဲချကာ ငိုလိုက်ရပေတော့သည်။

ထိုလူငယ်ကား နောက်သုံးရက်ခန့်ကြာသောအခါ ဆရာဝန်ကြီး ဦးသက်မင်း ရုံးခန်းသို့ လာရောက်တွေ့ဆုံ၍ ဒေါက်တာမင်းညို ကွယ်လွန်သွားကြောင်းနှင့် စာပနကိစ္စများကို ကွယ်လွန်သူ၏ ဆန္ဒအတိုင်း မည်သူ့ထံမှ အကြောင်းကြားခြင်းမရှိဘဲ အလျှင်အမြန် သင်္ဂြိုဟ်လိုက်ရကြောင်း လာပြောသည့် ဒေါက်တာမင်းညို၏ တူဖြစ်သူ ဆရာဝန်လေး ညိုမြင်းလတ်ပင် ဖြစ်ပေတော့သည်။

❒ ❒ ❒

ကျွန်ုပ် သတိပြန်ရပြီးနောက် ကျွန်ုပ် တိုက်ခန်းလေးထဲမှာပင် သုံးရက်တိုင်တိုင် ယောင် လည်လည်နှင့် ဖြစ်နေသည်။ ကျွန်ုပ်အနေနှင့် အာယုသိင်္ခါ(ငယ်မူပြန်ရုပ်ပြောင်းခန္ဓာ) ဆေးရည်သောက်ပြီးနောက် လူငယ်ဘဝကို မျှော်လင့်စိတ်ကူးယဉ်ထားမိသည်။ တကယ်တမ်း လူငယ်ဘဝသို့ ပြန်လည်ရောက်ရှိသွားချိန်တွင် ထင်မှတ်မထားသော အခက်အခဲများကို စတင်ကြုံတွေ့ရပေတော့သည်။

ဇရာထောင်းနေသော အဘိုးကြီးအရွယ်မှ တန်ခိုးရှင်တစ်ဦးက ပြောင်းလဲဖန်ဆင်းပေးလိုက်သည့်အတိုင်း ငယ်ရွယ်နုပျိုသော လူငယ်တစ်ယောက်အဖြစ် ချက်ချင်းပြောင်းလဲသွားခဲ့သည်။ ရုပ်ချည်





နုပျိုပြောင်းလဲသွားသည့်အတွက် ကျွန်ုပ် စိတ်ထဲတွင် လွန်စွာမှ ထိခိုက်ကြေကွဲလျက်ရှိသည်။

အစပထမတွင် ပြောင်းလဲနုပျိုလာသော ကျွန်ုပ်၏ ကိုယ်ကာယအတွက် အထူးပင် စိတ်ဝင်စားနှစ်သက်ပြီး သာယာသလိုဖြစ်ခဲ့သည်။ သို့သော် ကျွန်ုပ် စိတ်ခံစားမှုများကား ယခင်ကအတိုင်း အဘိုးကြီးအရွယ် ခံစားမှုများသာ ဖြစ်နေသည်။

ကျွန်ုပ်ကိုယ်ထဲ၌ရှိနေသော ကျွန်ုပ်၏စိတ်များမှာ ထူးဆန်းသောအိမ်ကြီးတစ်ခုအတွင်းသို့ ဝင်ရောက်နေသော လိပ်ပြာဝိညာဉ်တစ်ခုပမာ ဖြစ်နေသည်။

ကျွန်ုပ်၏ ပညာဉာဏ်၊ အသိဉာဏ်များမှာလည်း မဆီမဆိုင် လူစိမ်းတစ်ယောက်၏ ခန္ဓာကိုယ်ထဲ ဝင်ရောက်နေသကဲ့သို့ ကျွန်ုပ်စိတ်များကား ပြောင်းဆန်လျက်ရှိသည်။ ကျွန်ုပ် မျက်နှာ၊ ကျွန်ုပ် ခန္ဓာကိုယ်၊ ကျွန်ုပ် လက်များ ခြေထောက်များကို ကြည့်မိတိုင်း နုနယ်ချောမွေ့ ပြေပြစ်လှပမှုများကိုကြည့်ပြီး ထိတ်လန့်တကြားဖြစ်ရသည်။

ကျွန်ုပ် တစ်ကိုယ်လုံးရှိ အသားအရေများမှာ လွန်စွာမှ ချောမောနုပျိုလျက်ရှိပြီး မကြာခဏဆိုသလို ကျွန်ုပ်မျက်နှာအား စမ်းစမ်းကြည့်မိသည်။ ယခင်က အရေးအကြောင်းများ နှပ်ပုံးရေ၊ ပါးရေများ ခြောက်သွေ့ရှုတ်တွ တွန့်တက်နေရာမှ ယခုအခါ ပြေချောနုထွတ်လျက်ရှိသည်။ ဖြူဖွေးကျဲပါးနေသော ကျွန်ုပ် ဦးခေါင်းမှ ဆံပင်များသည် မည်းနက်တောက်ပြောင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် မျက်လုံးများမှာလည်း အတူးတလည် တောက်ပြောင်ကြည်လင်လာပြီး မျက်စိအားကောင်းလာသည်။ ယခင် တစ်နေကျအဝေးကြည့် အနီးကြည့် ဒီဂရီပါသော ပါဝါမျက်မှန်များကိုပင် တစ်ရန်မလိုတော့ပေ။ ကျွန်ုပ် လက်မောင်းသားများ၊ ခြေသလုံးကြွက်သားတို့မှာ သစ်ကိုင်းခြောက်လို ပိန်သွယ်ညှိုးခြောက်နေရာမှ ပြည့်ဖြိုးပျော့ပျောင်းကာ ဝိုမိုနိုင်မြဲလာသည်။

နလုံးခုန်နှုန်း၊ သွေးခုန်နှုန်းတို့မှာလည်း အလွန်တရာ အားကောင်းလျက်ရှိသည်။ ကိုယ်ကာယများ ပြန်လည်နုပျိုလာသည့်အတွက် စိတ်လှုပ်ရှားမှုများလည်း ဖြစ်လာသည်။ အမှန်အားဖြင့်ကျွန်ုပ်ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ရယ်မောလှောင်ပြောင်နေသကဲ့သို့ဖြစ်သည်။ တစ်ခါတစ်ရံတွင် စိတ်လွတ်ကိုယ်လွတ် ရူးသွပ်သွားသကဲ့သို့ ဖြစ်ရသည်။

ကျွန်ုပ် အိမ်ရှိ လှေကားများ တောင်ကုန်းလေးများပေါ်သို့ပြေးတက် ပြေးဆင်း အကြိမ်ကြိမ်ပြုလုပ်မိသည်။ ယခင်ကဆိုလျှင်ပြေးဖို့နေနေသာသာ လမ်းလျှောက်ရင်းမှာပင် မောဟိုက်နေလေ့ရှိသည်။ ယခုတော့ ထိုသို့ မဟုတ်တော့ပေ။ ကိုယ်လက်လှုပ်ရှားမှုများမှာ ပေါ့ပါးလျင်မြန် ဖျတ်လတ်နေသောကြောင့် အားရပါးရရယ်မောလိုက်မိသည်။

ထိုကဲ့သို့ ကိုယ်ကာယနုပျိုသန်စွမ်းလာသည့်အတွက် ရူးသွပ်ထခုန် ပြေးလွှားနေမိသည့် နောက်ပိုင်းတွင် အကြီးအကျယ် စိတ်ညစ်





ရပေတော့သည်။ ထိုအချိန်မျိုးတွင် ဝမ်းနည်းကြေကွဲစွာငိုမိသည်။ ဘယ်လိုစိတ်မျိုး ဖြစ်ပေါ်လာသဖြင့် ငိုမိသည်ကိုလည်း ကျွန်ုပ်ကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာ မသိတော့ပေ။

ကျွန်ုပ်သည် ကိုယ်ကာယအားဖြင့် လူငယ်လေးတစ်ယောက်လို နုပျိုဖျတ်လတ် ကျန်းမာ သန်စွမ်းလျက်ရှိသည်။ စိတ်မှာကားအသက် ၇၀ ကျော် အဘိုးကြီး ဖြစ်နေပေသည်။ ကိုယ်လက်အင်္ဂါညီမျှနုပျိုသန်စွမ်းစေကာမူ စိတ်ထဲတွင် လူငယ်တစ်ယောက်၏ခံစားမှု၊ ပျော်ရွှင်မှုမျိုး ဖြစ်ပေါ်မလာပေ။ ကိုယ်ကာယအလိုကို စိတ်ကမလိုက်နိုင်သောကြောင့် ဝမ်းပမ်းတနည်း ငိုမိခြင်းဖြစ်ပေလိမ့်မည်။

ကျွန်ုပ်၏ ကိုယ်ခန္ဓာကား နှစ်ပေါင်း ၇၀ ကျော် တည်ဆောက်လာခဲ့သော ခန္ဓာကိုယ် အိုမင်းရင့်ရော်မှုများ ပျောက်ကွယ်သွားကာငယ်ရွယ်ပြန်ခဲ့လေပြီ။ သို့သော် စိတ်ခံစားမှုများက ငယ်ရွယ်မပြန်ဘဲ အိုမင်းရင့်ရော်မြဲ ရင့်ရော်ကာ အလွန်တရာမှ ထူးဆန်းနေပေသည်။ နှစ်ပေါင်း ၄၀ ကျော် သုတေသနပြု နည်းလမ်းများစွာ ရှာဖွေပြီး သုတေသနပြုစမ်းသပ်လျက် အာယုသိဒ္ဓိ(ငယ်ရွယ်ပြန် ရုပ်ပြောင်းခန္ဓာ)ဆေးရည်ကိုဖောက်ခဲ့သည်မှာ မှားများမှားခဲ့ပြီလား မသိပေ။

အမျိုးမျိုး ပြန်လည်စဉ်းစား တွေးတောကြည့်သည်။ ယခုကဲ့သို့ ပြန်လည်နုပျိုလာရခြင်းအား ဘယ်လိုပုံစံနှင့် ဆက်လက်စခန်းသွားမလဲ။ ခင်မင်ရင်းနှီးသော မိတ်ဆွေများရှေ့တွင် ငယ်ရွယ်ပြန်သွားသော ဆရာဝန်မင်းညို ဖြစ်သည်ဟု ထုတ်ဖော်ပြောရလျှင် ကောင်းပါ့

မလား။ ပြန်လည်နုပျိုခြင်းအတွက် ဘယ်လိုဆက်လက်စခန်းသွားရမည်ကို နည်းပေါင်းစုံ အဖြေရှာ စဉ်းစားကြည့်မိသည်။ ယခုအချိန်တွင် ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများရှေ့တွင် ကျွန်ုပ်သည် ငယ်မူပြန်သွားသော ဆရာဝန်ကြီး ဦးမင်းညိုဖြစ်ပါသည်ဟု ထုတ်ဖော်ပြောကြားသည့်တိုင် မည်သူမျှ ယုံကြည်လက်ခံကြမည် မဟုတ်ပေ။

ယုံကြည်သည့်တိုင် ကျွန်ုပ်အား လူထူးလူဆန်းအဖြစ်လည်းကောင်း၊ ကြောက်မက်ဖွယ်ရာ သတ္တဝါအဖြစ်လည်းကောင်း၊ ရှုသွပ်နေသူတစ်ဦးအဖြစ် ထင်မြင်ယူဆကာ ကျွန်ုပ်အနီးသို့ မည်သူမျှ ကပ်ဝံ့ကြမည်မဟုတ်တော့ပေ။

ယခင်က ကျွန်ုပ် ငယ်မူပြန်နုပျိုသွားလျှင် ဒေါ်မေသက်ထားကိုလည်း နုပျိုငယ်မူပြန်စေပြီး ကျွန်ုပ်၏ဘဝတွင် လွဲချော်ခဲ့ရသော အချစ်၏ မှတ်သိပ်မှုများကို ပြန်လည်ပေါင်းဆုံ ခံစားရမည်ဟု မှတ်ထင်ထားခဲ့သည်။ ယခုမှ ကျွန်ုပ် မှားမှန်းသိလိုက်ရသည်။

ကျွန်ုပ် နှစ်ပေါင်းများစွာ စမ်းသပ်ခဲ့ရပြီး အောင်မြင်ခဲ့သော အာယုသိဒ္ဓိ(ငယ်မူပြန်ရုပ် ပြောင်းခန္ဓာ)ဆေးနည်းကား ကျွန်ုပ်တစ်ဦးတည်းအတွက်သာ တွက်ချက်ဖော်စပ်ထားသော နည်းဖြစ်သည်။ အသက်အရွယ်အိုမင်းသော ကျွန်ုပ်မိတ်ဆွေများအား ပြန်လည်နုပျိုအောင် မစွမ်းဆောင်နိုင်တော့ပေ။ ကျွန်ုပ် အတွက်အချက်မှားခဲ့ခြင်းဖြစ်သည်။ အခြားသူများအတွက် အသုံးမဝင်သော ကျွန်ုပ်၏ နည်းနိဿယမှာ အညံ့ဖျင်းဆုံး အားနည်းချက်ဖြစ်သွားပေတော့သည်။





ကျွန်ုပ် ပြန်လည်နုပျိုလာခြင်းကို မည်သူမျှ ယုံကြည်မည် မဟုတ်သောကြောင့် ထုတ်ဖော်ပြောကြားရန်လည်း မလိုအပ်တော့ပေ။ ဆရာဝန်ကြီး ဦးမင်းညို သေလေပြီဟု လူများက ယုံကြည်ထားကြသည့်အတိုင်း သေပါစေတော့၊ သေပါစေတော့။ လူ့လောကအလယ်တွင် လူသစ်တစ်ယောက်အဖြစ် ဝင်ရောက်ရန်ကိုသာ ဆုံးဖြတ်လိုက်ရသည်။

ပြန်လည်နုပျိုလာခြင်းနှင့်အတူ စားသောက်၍လည်း အလွန်ကောင်းလာသည်။ ခံတွင်းလိုက်သည်မှာလည်း ကလေးငယ်တစ်ယောက်ကဲ့သို့ မည်သည့်အစားကိုပင်စားစား စား၍ သောက်၍မဝနိုင်အောင်ရှိသည်။ ဗိုက်ထဲတွင်လည်း အမြဲလိုလို ဆာလောင်မွတ်သိပ်လျက်ရှိသည်။

ယခင် ဝယ်ထားသော ကြွင်းကျန်သည့် စားရေးရိက္ခာများမှာလည်း သုံးရက်ခန့် စားသောက်ပြီးနောက် ကုန်သလောက်ဖြစ်သွားသည်။ သုံးစွဲရန် ငွေကြေး၊ အစားအသောက်များဝယ်ရန် အပြင်ထွက်ရပေတော့မည်။ အစပထမတွင် လူငယ်တစ်ယောက်အဖြစ် လူ့လောကထဲတွင် လူမြင်သူမြင်ခံရန် သတ္တိမရှိပေ။ သို့သော် ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံမရပ်နိုင်ခြင်းကြောင့်လည်းကောင်း၊ ရှေ့လျှောက်နေထိုင်နိုင်ရေးအတွက် စိတ်ကိုတင်းကာ အရဲစွန့်ပြီး အပြင်ထွက်ခဲ့ရသည်။

ယခင်က ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများနှင့်တွေ့လျှင် ကျွန်ုပ်အား ကြည့်သွား ကြသည်။ ကျွန်ုပ် စိတ်ထဲတွင် [illegible]ပုံမလဲ

www.burmeseclassic.com



တွန့်၍ တွန့်၍သွားမိသည်။ စိတ်မလုံသည်မှာလည်း ကိုယ့်စိတ်က ကိုယ့်ကို ပြန်လည်ခြောက်လှန့်နေသကဲ့သို့ ဖြစ်သည်။ လူအများကြည့်သည်ကိုပင် မဆိုထားနှင့်။ အိမ်ထဲမှာပင် ကျွန်ုပ်ကိုယ်ကျွန်ုပ် ကြည့်ရန် ရှက်ရွံ့မိသည်။

ထို့ကြောင့်လည်း ဓာတ်ခွဲခန်းထဲရှိ မှန်နှင့် တစ်အိမ်လုံးတွင်ရှိသော မှန်များကို မမြင်မိရန် မှောက်ထားလိုက်မိသည်။ ထိုအခါကျမှပင် မှန်ထဲမှ ကျွန်ုပ်အား ကြည့်နေသော လူငယ်လေးတစ်ယောက်၏ မျက်နှာကို မမြင်တွေ့ရတော့ပေ။

အပြင်ထွက်လာချိန်တွင်လည်း ကျွန်ုပ် စိတ်က ခြောက်လှန့်နေမြဲဖြစ်သည်။ တချို့က ကျွန်ုပ်အား ကြည့်ကြရာတွင် တောင်ပေါ်မြို့လေး၌ တွေ့နေကျမဟုတ်သော လူစိမ်းတစ်ယောက်ဖြစ်နေ၍ စူးစမ်းလိုသောအကြည့်နှင့် ကြည့်ကြခြင်းဖြစ်သည်။

ထို့အပြင် ကျွန်ုပ်အား တွေ့မြင်သော မိန်းကလေးများအနေနှင့် ကျွန်ုပ်၏ နုနယ်ပျိုမျစ်သော ရုပ်ရည်သွင်ပြင်ကြောင့် အရောင်တောက်သော မျက်လုံးများနှင့် ခပ်ငေးငေးကြည့်သွားကြသည်ကို သတိထားမိသည်။

ဆာလောင်မွတ်သိပ်မှုများကို ဖြေရှင်းရန်အတွက် အစားအသောက်များ ဝယ်ရမည်။ ဝယ်ဖို့အတွက် ကျွန်ုပ်မှာ ငွေလိုသည်။ ကျွန်ုပ်သည် ချက်လက်မှတ်နှင့် ငွေထုတ်ရန် ဘဏ်တိုက်ထဲသို့ ဝင်လိုက်သည်။ကျွန်ုပ်နှင့် ပထမဆုံး စကားပြောသူမှာ ဘဏ်မှ တာဝန်





ရှိသော လူငယ်လေးတစ်ဦးဖြစ်သည့် အောင်ခန့်ဖြစ်သည်။ အောင်ခန့်သည် ယခင်က ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော သူတစ်ယောက်ဖြစ်သည်။

ကျွန်ုပ်နှင့် ဦးသက်မင်းတို့နှစ်ဦးသည် ဒေါ်မေသက်ထားအိမ်သို့ အလည်အပတ်ရောက်သွားချိန်တွင် အောင်ခန့်ကိုပါ တွေ့ဆုံခဲ့ဖူးသည်။ အောင်ခန့်သည် မေသက်ရှိန်အပေါ် ချစ်ကြိုက်နေသူတစ်ဦး ဖြစ်သည်။ မေသက်ရှိန်ကတော့ အောင်ခန့်အား စိတ်ဝင်စားခြင်းမရှိသော်လည်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့သည်။

ငွေထုတ်ရန် ဘဏ်တိုက်ထဲသို့ ကျွန်ုပ် ဝင်သွားသောအခါ အောင်ခန့်က ကျွန်ုပ်အား မှတ်များ မှတ်မိလေမလားဟု စိုးရိမ်သွားမိသည်။ သို့သော် ကျွန်ုပ်အပေါ် လုံးဝမှတ်မိသောကြောင့် စိတ်ထဲတွင် ပေါ့ပေါ့သွားသည်။ အောင်ခန့်က ကျွန်ုပ်အား မော့ကြည့်လိုက်သည်။

'ဩော်… ဆရာဝန်ကြီး ဦးမင်းညိုအတွက်ကိုး၊ ဆရာကြီး မန္တလေးသွားပြီး အနားယူတယ်ဆိုတာ ပြန်ရောက်ပြီလား'

ကျွန်ုပ်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ အမူအရာမပျက်အောင် မနည်းပင် ဟန်ဆောင်ထားလိုက်ရသည်။

"မရောက်သေးပါဘူး ခင်ဗျာ"

ဟု အလျင်အမြန်ပြောဆိုပြီး ဘဏ်တိုက်ထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ ဈေးထဲတွင် လိုအပ်သော အစားအသောက်များကို ဝယ်ယူလိုက်သည်။ ကျွန်ုပ်အား ဆရာဝန်ကြီး ဦးမင်းညိုဖြစ်

www.burmeseclassic.com



မည်သူမျှ မမှတ်မိကြပေ။ ထို့နောက်တွင် ကျွန်ုပ် အိမ်သို့ပြန်လာခဲ့သည်။ ဝယ်လာသော အစားအသောက်များကို ဝလင်အောင်စားသောက်ပြီး ဆရာဝန်ကြီး ဦးသက်မင်းရှိရာသို့ ထွက်လာခဲ့သည်။ ဆရာဝန်ကြီး ဦးသက်မင်းနှင့် တွေ့ဆုံခဲ့ပြီးနောက် ဦးမင်းညို သေဆုံးသွားကြောင်း ပြောပြလိုက်သည်။

ထိုသတင်းဆိုးကို ကြားသိလိုက်ရသော ဦးသက်မင်းမှာ သူ့အချစ်ဆုံးသူငယ်ချင်း ဆရာဝန်ကြီးအတွက် အကြီးအကျယ် စိတ်ထိခိုက်သွားရာ ကျွန်ုပ်ကိုယ်တိုင် စိတ်မကောင်းဖြစ်ရပြန်သည်။ ဦးသက်မင်းမှာ ကျွန်ုပ်ဘဝတွင် အရင်းနှီးဆုံး ယခုသူငယ်ချင်းဖြစ်သလို ကျွန်ုပ်အပေါ်၌ နားလည်မှုအပေးနိုင်ဆုံး ဖြစ်သည်။ ဦးသက်မင်းသည် အာယုသိဒ္ဓိဆေးအစွမ်းနှင့် ငယ်မူပြန်ရုပ်ပြောင်းခန္ဓာကိုယ်သစ်ဖြစ်လာသည့် ညိုထွန်းလတ်အဖြစ်နှင့်သာ ယုံကြည်သွားသည်။

ဦးမင်းညိုအဖြစ် လုံးဝ သက်မကောင်းမဖြစ်ပေ။ ကွယ်လွန်သွားသော ဦးမင်းညိုအတွက် ကြေကွဲဝမ်းနည်းဖွယ် အရိပ်အယောင်များ ယှက်သန်းနေသည်။ ဦးသက်မင်း မျက်လုံးများကို ကျွန်ုပ် မကြည့်ရက်တော့ပေ။ သူငယ်ချင်းကောင်းကြီး သက်မင်းရယ်၊ ကျွန်ုပ်၏ အာယုသိဒ္ဓိဆေးစွမ်းကြောင့် ငယ်မူပြန်ရုပ်ပြောင်းသွားသော ကျွန်ုပ်ခန္ဓာကိုယ်အသစ်ကိုတော့ 'အဖျတ္တရုပ်ကြွင်း'မှတ်တမ်းကြီးကို တစ်ချိန်ချိန်မှာ ဖတ်ရှုမိလျှင် နားလည်သွားလိမ့်မည်ဟု ကျွန်ုပ် ထင်မိပါသည်။

❐ ❐ ❐



## ရုပ်ပြောင်းခန္ဓာ

လူငယ်လေးတစ်ယောက်ဘဝအဖြစ် ရုပ်ရည်နုပျိုသည့် ဒေါက်တာညိုထွန်းလတ်ဘဝသို့ ရောက်ရှိလာခဲ့သည်။ နှစ်ပေါင်းများစွာ သုတေသနပြုစမ်းသပ်ခဲ့သော ကျွန်ုပ်၏ အာယုသိဒ္ဓိ ယံမှုပြန်ရုပ်ခန္ဓာပြောင်းဆေးရည်ကား ထူးခြားသိသာစွာ အစွမ်းဆက်လှသော ဆေးဖြစ်သည်။ လူကတစ်ယောက်တည်း။ ဘဝက နှစ်ဘဝဖြစ်နေသည်။ ဆရာဝန်အဘိုးကြီး ဦးမင်းညိုနှင့် လူငယ်ဒေါက်တာလေး ညိုထွန်းလတ်၊ ကျွန်ုပ်ကိုယ်တိုင် လူငယ်ဘဝကို ခက်မောတန်ဖိုးထားလိုသူ ဖြစ်သည်။

ဆရာဝန်အဘိုးကြီး ဦးမင်းညိုဘဝကိုတော့ အစဖျောက်ပစ်ရပေတော့မည်။ မည်သို့ အစဖျောက်ရပါမည်နည်း။ ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ဆရာဝန်ဘဝနှင့် နေထိုင်လာခဲ့သူဖြစ်သည်။ လူနာပေါင်းစုံတို့၏ ထူးဆန်းသော ဝေဒနာများ၊ ဆေးကုသမှုမှတ်တမ်းများစွာကိုလည်း လေ့လာခဲ့ရသည်။ ကျွန်ုပ် လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ဆည်းပူးခဲ့သော ဆေးပညာမှတ်တမ်းများတွင် အသက်မသေဘဲ မြေတွင်မြှုပ်နှံခဲ့သည့် မှတ်တမ်းများ၊ အဖြစ်အပျက်များ ထူးဆန်းစွာရှိခဲ့ဖူးသည်။

ယခုလည်း ကျွန်ုပ်ကိုယ်တိုင် အသက်မသေသေးသော ဆရာဝန်ကြီး ဦးမင်းညိုအား မြေဝယ်မြှုပ်နှံသင်္ဂြိုဟ်ပြီး ဘဝဇာတ်လမ်းကို အဆုံးသတ်ရမည်ဖြစ်သည်။ လူတစ်ယောက်ဘဝကိုပင် အရှင်လတ်လတ် မြေမြှုပ်ပစ်ရမည်ဆိုပါက ထိုအဖြစ်အပျက်မျိုးသည် စိတ်ဆင်းရဲဒုက္ခရောက်ဖွယ် ကြောက်မက်ဖွယ် အကောင်းဆုံးဖြစ်ရပ် ဖြစ်ပေသည်။ လူတို့၏ဘဝသည်ပင် သက်ရှိဘဝမှ သက်မဲ့ဘဝသို့ ကူးပြောင်းရခြင်းမှာ အလွန်မရေရာနိုင်သလို သိမြင်နိုင်ရန် ခက်ခဲသောကိစ္စမျိုးဖြစ်သည်။ လူတစ်ယောက်ဘဝအား မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်နေ့ရက်တွင် မည်သို့ဖြစ်ကာ သေဆုံးရမည်၊ အဆုံးသတ်သွားရမည်ဟု မည်သူတစ်ဦးတစ်ယောက်ကမှ သေချာတိကျစွာ ပြော၍မရပေ။

အသက်ရှည်တည်တံ့ခြင်းကို ဖျက်ဆီးရန် ရောဂါဝေဒနာအမျိုးမျိုး ရှိကြသည်။ အသက်ရှည်ခြင်းသည်ပင် ခဏ္ဍခဏမျှသာ ဖြစ်သည်။ လူတို့၏ ဉာဏ်မျက်စိနှင့် မမြင်တွေ့နိုင်သော ခန္ဓာကိုယ်စက်ယန္တရားကြီး ပျက်စီးသွားလျှင် သေဆုံးခြင်းဘဝသို့ ရောက်ရှိသွားရခြင်းဖြစ်သည်။

အသက်မသေဘဲ မြေဝယ်မြှုပ်နှံခြင်းခံရသည့် ထူးထူး





ဆန်းဆန်းအဖြစ်များကို ကျွန်ုပ် နယ်တစ်ခုတွင် နေထိုင်ခဲ့စဉ်က ကြုံတွေ့ရဖူးသည်။ စိတ်ကူးယဉ်ဆန်ခြင်းထက် ပို၍စိတ်ကူးယဉ်ကောင်းသလို တုန်လှုပ်ချောက်ချားဖွယ် ဖြစ်ရပ်တစ်ခုလည်း ဖြစ်သည်။ ကျွန်ုပ် တာဝန်ကျခဲ့စဉ်က မြို့နယ်လေးတစ်ခုအတွင်းရှိ ရွာတလေးတစ်ရွာတွင် ဖြစ်သည်။ အဆိုပါရွာကလေးတွင် စိတ်ရင်းစေတနာကောင်းသော်လည်း ဆင်းရဲသော သူရင်းငှားလယ်အလုပ်သမားလေးတစ်ဦးရှိသည်။ သူချစ်သူမှာ လယ်ကေများစွာပိုင်ဆိုင်ပြီး ရွာမျက်နှာဖုံး သူဌေးကြီးတစ်ဦးသမီးနှင့် လူငယ်တို့သဘာဝ မေတ္တာမျှပြီး ချစ်ကြိုက်ခဲ့ကြသည်။ သစ္စာရှိစွာ ချစ်ခဲ့ကြသည့် ချစ်သူများဖြစ်ကြသည်။

တစ်နေ့တွင် ဆင်းရဲသားလယ်သူရင်းငှားလေးနှင့် ချစ်ကြိုက်နေမှန်း မိဘများသိရှိသွားကြကာ ဒေါသများပေါက်ကွဲပြီး သမီးဖြစ်သူကြောင့် အရှက်ကွဲခဲ့ရသည်ဟု ထင်မှတ်ခဲ့ကြသည့်အားချင်းပင် မြို့ပေါ်မှ ငွေကြေးချမ်းသာသူ မိတ်ဆွေတစ်ဦး၏သားနှင့် စေ့စပ်ကြောင်းလမ်းပြီး အမြန်လက်ထပ်ရန် စီစဉ်ကြသည်။

ထိုအချိန်မှာပင် မိန်းကလေးမှာ စိတ်ဆင်းရဲပြီး ကျန်းမာရေးထိခိုက်ကာ သေဆုံးသွားသည်။ သူမ သေဆုံးချိန်တွင် သေဆုံးသည့်လက္ခဏာများ ပေါ်လွင်လျက်ရှိသည်။ မျက်နှာမှာ ထုံးစံအတိုင်း ညှိုးချုံး၍ကျနေသည်။ နှုတ်ခမ်းများကလည်း သွေးရောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြူရော်လျက်ရှိသည်။ ခန္ဓာကိုယ်မှာလည်း နွေးထွေးခြင်းမရှိတော့။ သွေးလည်း မတိုးတော့။ တစ်ကိုယ်လုံး မာတောင့်အေးစက်နေပေသည်။

မိဘများကလည်း ကြေကွဲဝမ်းနည်းစွာဖြင့် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။ ထိုညမှာပင် ချစ်သူဖြစ်သော လယ်သူရင်ငှားလေးသည် သင်္ချိုင်းသို့ရောက်လာသည်။ မိဘများ၏ ပိတ်ပင်တားဆီးနှောင့်ယှက်မှုကြောင့် မိန်းကလေးအား မတွေ့မြင်ရသည်မှာလည်း ကြာပြီ။ ဆုံးပြီးမှ သတင်းကြားရသည်။ ယခုလည်း အရဲစွန့်ကာ သင်္ချိုင်းသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ သူ့ချစ်သူကို မမြင်ရသည်မှာ ကြာပြီဖြစ်သောကြောင့် မျက်နှာလေးကို မြင်တွေ့လိုသည်။

ထို့ကြောင့်လည်း နေ့လယ်က မြှုပ်နှံသွားသော မြေပုံအား ဖော်သည်။ အလောင်းကိုတူးဖော်ပြီးနောက် ခေါင်းကိုဖွင့်လိုက်သည်။ အံ့ဩဖွယ်ကောင်းသည်မှာ သူ့ချစ်သူမှာ မျက်လုံးလေးဖွင့်လျက်သား ရုတ်တရက်မြင်တွေ့လိုက်ရသည်။ အမှန်စင်စစ်အားဖြင့် သူမအား အသက်မသေဘဲ မြေဝယ်မြှုပ်နှံလိုက်ခြင်းသာဖြစ်သည်။ အသက်ငွေ့ငွေ့လေးရှိနေသည်ဖြစ်၍ ချစ်သူ၏ ယုယပိုက်ထွေးပြုစုမှုကြောင့် အသက်သေဆုံးပြီဟုထားခဲ့သော ချစ်သူမှာ မေ့မြောနေရာမှ ပြန်လည်သတိရလာသည်။

သူရင်ငှားလေးမှာ ဝမ်းသာအားရဖြစ်ပြီး ချစ်သူလေး





အား တခြားရွာတစ်ရွာသို့ ခေါ်ဆောင်လာခဲ့သည်။ ဆေးဝါးကျွမ်းကျင်သော ဆရာများနှင့် ကုသခဲ့ရာ ပြန်လည်ကောင်းမွန်ပြီး ကျန်းမာလာခဲ့သည်။ မိမိအသက်ကို ကယ်တင်သူမှာ မိမိအွန်စွာမှုမြတ်နိုးသော သူရင်ငှားလေးဖြစ်နေ၍ ပျော်ရွှင်စွာတစ်သက်လုံးပေါင်းသင်းနေထိုင်သွားကြပေသည်။

ထိုကဲ့သို့သော ဖြစ်ရပ်ဆန်းများအား နိုင်ငံတကာ စာအုပ်များတွင် ဆရာဝန်ကြီးဦးမင်းညို ဖတ်ရှုခဲ့ရဖူးသည်။ အမေရိကန်မှ "အားရားရိကယ်လ်" ဂျာနယ်တွင် ဖော်ပြထားသော ဖြစ်ရပ်တစ်ခုကို ပြန်လည်အမှတ်ရမိလိုက်သည်။

ထိုပုဂ္ဂိုလ်မှာ ကြီးမားတုတ်ခိုင် သန်မာထွားကျိုင်းသည့် အမြောက်တပ်မှ အရာရှိကြီးဖြစ်သည်။ မြင်းစီးနေရာမှ မြင်းကို ထိန်းသိမ်းမရဘဲ မြင်းထက်မှ လွင့်စဉ်ကျသွားရာ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိသွားပြီး ရုတ်တရက် သတိမေ့လျော့သွားလေသည်။

ရုတ်တရက်အားဖြင့် တစ်စုံတစ်ရာ ဘေးဥပဒ် အန္တရာယ်ဖြစ်နိုင်စရာ အကြောင်းမရှိပေ။ ဦးခေါင်းခွံကိုဖောက်၍ ကောင်းစွာကုသပြီး အတွင်းမှသွေးများကိုလည်း ထုတ်ပစ်ကာ သက်သာစေသော ကုထုံးများနှင့် ကုသပေးခဲ့သည်။ သို့သော် အမြောက်တပ်မှ အရာရှိကြီးမှာ မေ့မြောနေရာမှ အခြေအနေသည် ပိုမို၍ ဆိုးဝါးသထက် ဆိုးဝါးလာသည်။ နောက်ဆုံး သေဆုံးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုမှာလည်း ပူအိုက်သောရာသီဖြစ်သည်။ သင်္ချိုင်းတွင် မြှုပ်နှံရာတွင်လည်း တော်သလို လျော်သလို အရေးတကြီး မြှုပ်နှံထားလိုက်ကြသည်။ ရှာပနကိစ္စများကို ကြာသပတေးနေ့တွင် ပြုလုပ်ခဲ့ကြသည်။ တနင်္ဂနွေနေ့တွင် ထုံးစံအတိုင်း သင်္ချိုင်းမြေတွင် လာရောက်ကြည့်ရှုသူများနှင့် ပြည့်ကျပ်နေသည်။ နေမွန်းတည့်ချိန်လောက်တွင် ကျေးလက်နေ ရွာသားတစ်ဦးသည် သေသူ၏မြေပုံပေါ်တွင် ထိုင်နေစဉ် အောက်ဘက်မှ တွန်းဖယ်လှုပ်ရှားမှုကြောင့် မြေသားများ လှုပ်လှုပ်ရွရွဖြစ်လာသည်ကို မြင်တွေ့လိုက်ကြသည်။

ပထမ ထိုသူပြောသောစကားအား စိတ်ဝင်စားမှုမရှိကြ။ နောက်မှ မြေသားများ၏ လှုပ်ရှလှုပ်ရှထူးခြားမှုကြောင့် စိတ်ဝင်စား ဝိုင်းအုံကြည့်ကြရင်း ပေါက်ပြားများကို အရေးတကြီး ယူဆောင်ကာ တူးဖော်ကြသည်။ မြေတွင်းမှာ တိမ်သောမြေတွင်းဖြစ်သလို ဖြစ်သလိုမြှုပ်နှံထားသဖြင့် သေဆုံးသူ၏ဦးခေါင်းပေါ်လာသည်။ အလောင်းမှာ အသက်သေသကဲ့သို့ပင် ရှိနေသေးသည်။

သို့သော် မကြာမီမှာပင် ခေါင်းအတွင်းမှ ခပ်မတ်မတ်ထထိုင်လိုက်သည်။ အခေါင်းအဖုံးမှာလည်း ပြင်းထန်စွာလှုပ်ရှားမှုကြောင့် ပွင့်ဟသွားသည်။ သေသူအား အနီးဆုံးဆေးရုံသို့ အမြန်ဆုံးယူဆောင်လာခဲ့ကြသည်။ ဆေးရုံရောက်သောအခါ မေ့မြောနေ





ခြင်းသာဖြစ်ပြီး အသက်မသေသေးပေ။ နာရီအနည်းငယ်ကြာသောအခါ အမြောက်တပ်မှ အရာရှိကြီးသည် သတိပြန်ရလာပြီး သူ၏အသိစိတ်ခွေများကိုပါ ပြန်လည်မှတ်မိသွားသည်။ ထိုသူက မြေကြီးအတွင်း၌ ကြုံတွေ့ခဲ့ရပုံများကို ပြန်ပြောသည်။

အမြောက်တပ်မှ အရာရှိကြီးသည် မြေတွင်းထဲရှိနေခိုက် သတိမေ့မြောမသွားခင် တစ်နာရီကျော်ကျော်ခန့်အထိ ပြန်လည်သတိရနေသည်။ မြေတွင်းမှာလည်း မြှုပ်နှံစဉ်အခါက အလွန်ပွသောမြေဖြစ်ခြင်း၊ ပေါ့ပေါ့ဆဆမြှုပ်နှံခဲ့ခြင်းတို့ကြောင့် လေအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။ မြေပြင်အပေါ်ထက်မှ လူများ၏ခြေသံများကို ကြားနေရသည်။ သူ့အသံကို ကြားရအောင် အော်ဟစ်ခဲ့သည်။

သူပြောပြသည့်အတိုင်းဆိုလျှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ နိုးလာရခြင်းသည် သင်္ချိုင်းမြေအတွင်းမှ ဆူဆူညံညံအသံများကြောင့် ဖြစ်ဟန်တူသည်။ သို့သော် သူ ပြန်လည်နိုးလာသည်နှင့်တစ်ပြိုင်နက် ကြောက်မက်ဖွယ်ရာအဖြစ်ကို ကောင်းစွာသိရှိလိုက်သည်။

အသက်မသေဘဲ မြှုပ်နှံရသည့်ကိစ္စသည် လွယ်ကူလှသည်တော့ မဟုတ်ပေ။ နက်ဖြန်တွင် မန္တလေးသို့ဆင်းမည့်အကြောင်း ကျွန်ုပ်သူငယ်ချင်း ဆရာဝန်ကြီးဦးသက်မင်းအား ပြောပြလိုက်သည်။ ကျွန်ုပ်အား မတွေ့မမြင်ရလျှင် မန္တလေးသို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားပြီးဖြစ်မည်ဟု ထင်မြင်ယူဆထားကြလိမ့်မည်။ထိုနည်းဖြင့် ကိုယ်ရောင်ဖျောက်ပစ်ရပေမည်။ ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ်ဖြစ်သော ဆရာဝန်ကြီးဦးမင်းညိုကို သတ်ပစ်ရပေတော့မည်။

ခေါင်းထဲတွင် ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ်ထည့်၍ အမှန်တကယ်သေဆုံးသွားမည်ဆိုပါက တွေ့ကြုံရမည်များကို စဉ်းစားကြည့်မိသည်။

အကယ်၍ ဆရာဝန်ကြီး ဦးမင်းညိုသည် ခေါင်းတစ်ခုထဲတွင် လဲလျောင်းပြီး မြေကျင်းတစ်ခုထဲတွင် မြှုပ်နှံထားခြင်းခံလိုက်ရမည်ဆိုပါက ထိတ်လန့်ကြောက်ရွံ့ခြင်းများကို အဆိုးဝါးဆုံးခံစားမိမှာ သေချာသည်။ မြေကျင်းထဲရှိ ခေါင်းထဲတွင် ဘာမှမြင်ရမည်မဟုတ်။ အမှောင်ထုက ပိန်းပိန်းပိတ်အောင် ဖုံးလွှမ်းထားပေလိမ့်မည်။

ကျွန်ုပ် အိပ်ပျော်ရာမှ လန့်နိုးသကဲ့သို့ သင်္ချိုင်းမြေ ထဲတွင် ရောက်နေခြင်းကို သိရှိလိုက်ရသည်။ ဂယောင်ချောက်ချားအိပ်မက်များက အတောမသတ်အောင် မက်နေခြင်းလား။ သင်္ချိုင်းနှင့် ပတ်သက်သော စွဲလမ်းခြင်းများက ကျွန်ုပ်အား လွှမ်းမိုးထားပုံရသည်။

ကျွန်ုပ်သည် အမှောင်ထဲမှာပင် မတ်တတ်ရပ်ထလိုက်သည်ဟု ထင်မိသည်။ နိုးလာသော ကိုယ်သဏ္ဌာန်ပုံရိပ်သည် ကျွန်ုပ်နှင့် ချွတ်စွပ်တူသော ကျွန်ုပ်ကိုယ်ပွားတစ်ခု ဖြစ်နေသည်။





ဒါဟာ ကျွန်ုပ်၏ဝိညာဉ်ပင် ဖြစ်မည်လား။ ထိုသို့ စဉ်းစားနေချိန်၌ပင် အေးစက်သောလက်ကြီးတစ်ဖက်သည် ကျွန်ုပ်၏ လက်ကောက်ဝတ်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်လိုက်သလို ဆွဲခါလှုပ်ယမ်းလိုက်သည်။

'ထလေ… ထလို့ပြောနေတယ် မဟုတ်လား'

'ဘယ်သူလဲ၊ သင်က ဘယ်သူလဲ'

'ကျွန်ုပ်မှာ နာမည်မရှိ သေခြင်းတရားရဲ့ နှုတ်ဆိုးတစ်ကောင်ဟာ ကျွန်ုပ် ရက်စက်ကြမ်းကြုတ်ပေမယ့် သနားကြင်နာစိတ်ရှိပါတယ်၊ ဒီလောက်အေးချမ်းတဲ့ညမှာ သွားတွေရိုက်အောင် တုန်တုန်ယင်ယင်ညည်းသံတွေကို ကြားနေရလို့ ကျွန်ုပ် ရောက်လာခြင်းပါ၊ ထလော့… ကျွန်ုပ်နဲ့အတူလိုက်ခဲ့'

ဆရာဝန်ကြီးဦးမင်းညို လှမ်းကြည့်လိုက်သည်။ သင်္ချိုင်းမြေပုံတွင် ဖရိုဖရဲမှတ်တိုင်များ၊ အုတ်ဂူအပြိုအပျက်များကို မြင်တွေ့လိုက်ရပြန်သည်။ တချို့မြေတွင်းများမှ မီးစုန်းရောင်များ တလက်လက်ထွက်ပေါ်လာသည်။ တီကောင်များ၊ ကြွက်များ တိုးထွက်လာကြသည်။

ဦးမင်းညိုသည် ဂယောင်ချောက်ချားဖြစ်ကာ စိတ်မတည်ငြိမ်အောင် ဖြစ်နေရသည်။ သူကိုယ်တိုင် သေဆုံးသွားလျှင် ဖြစ်နိုင်သည်များကို တောင်စဉ်ရေမရ အတွေးနယ်ချဲ့မိခြင်းသာ ဖြစ်သည်။ ထို့နောက်မှ အကြံတစ်ခုက ခေါင်းထဲတွင် လက်ခနဲ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်းချိုင်းတွင် နေထိုင်သော သုဘရာဇာတစ်ဦးနှင့် တိတ် တဆိတ် လျှို့ဝှက်တွေ့ဆုံလိုက်သည်။ အဆိုပါသုဘရာဇာကိုပင် ထိုက်ထိုက်တန်တန်ငွေများပုံပေးပြီး လျှို့ဝှက်ထားရန် နှုတ်ပိတ် ပေးလိုက်သည်။ ခေါင်းအလွတ်တစ်လုံးကိုယူဆောင်စေပြီး တိတ် တဆိတ်မြှုပ်နှံလိုက်သည်။ ဒါဆိုလျှင် ဆရာဝန်ကြီးဦးမင်းညို သေဆုံးသွားပြီဖြစ်သည်။

သုဘရာဇာက မြေကျင်းထဲသို့ လူသေအလောင်းမပါ သော ခေါင်းလွတ်တစ်လုံးအား မြှုပ်နှံလိုက်သည်။ သူ့ခန္ဓာကိုယ် ပေါ်သို့ မြေတုံးမြေခဲများ ဖုံးလွှမ်းသွားသည်ဟု စိတ်ထဲတွင် ထင်မိလိုက်သည်။ သူ့ဘဝဟောင်းကို သူကိုယ်တိုင် မြေမြှုပ်လိုက် ခြင်းကြောင့် ရင်ထဲတွင် လှိုက်တက်လာသည်။ ဘာကြောင့်မှန်း မသိ။ ဝမ်းနည်းစိတ်နှင့် ငိုချင်လာမိသည်။ ပါးပြင်ပေါ်တွင် စီးကျလာသည့် မျက်ရည်များကို လက်ဖမိုးနှင့် သုတ်လိုက်သည်။ ဆရာဝန်ကြီး ဦးမင်းညို မရှိတော့။ လူ့ဘဝမှ ပျောက်ကွယ်သွားပြီ ဖြစ်သည်။ ယခု သူသည် ဒေါက်တာလေး ညိုထွန်းလတ်ဖြစ် သည်။ ဖျတ်လတ်ငယ်ရွယ်သော လူငယ်လေးတစ်ဦးပင် ဖြစ်သည် မဟုတ်လား။

❒ ❒ ❒





တောင်ပေါ်မြို့လေးတွင် ဆရာဝန်ကြီး ဦးမင်းညို ကွယ် လွန်သွားကြောင်းကို လူတိုင်းကပင် လက်ခံယုံကြည်ထားကြသလို ဦးမင်းညို၏ တူဖြစ်သူ ဒေါက်တာညိုထွန်းလတ်အဖြစ် အသိ အမှတ်ပြုထားကြသည်။

မယုံကြည်နိုင်စရာအကြောင်းလည်း မရှိပေ။ တူဖြစ်သော ညိုထွန်းလတ်မှာ ဦးလေးဖြစ်သူ ဦးမင်းညိုနှင့် တစ်ထေရာတည်း တူညီနေခြင်း ဖြစ်သည်။

ဒေါက်တာညိုထွန်းလတ်အနေနှင့်မူ ကိုယ့်ကိုယ်ကိုယ် တစ်ကိုယ်ကောင်းသမားအဖြစ် ပြန်မြင်မိသည်။ ယခုလို ဖြစ်ခဲ့ ရခြင်းမှာလည်း သိပ္ပံပညာကို အကြီးအကျယ်လိုက်စားပြီး အချစ် အတွက်နှင့် စိတ်အပျက်ကြီးပျက်ကာ တစ်ကိုယ်ကောင်း ကြံစည်ခဲ့ ခြင်း ဖြစ်သည်။

လူအများကို ဆေးကုခြင်း၊ ဆေးဝါးအသစ်များ ဖော်စပ် ခြင်းဖြင့် သတ္တဝါများအား ချစ်ခင်ကြင်နာစွာ စိတ်စေတနာထားပြီး ကြိုးစားခဲ့သည်ထက် အချစ်နာကို ကုစားရန် ရှေ့တန်းတင်ပြီး ပိုမိုကြိုးစားအားထုတ်ခဲ့သည်။

ထို့ကြောင့်လည်း ယခုလို လူငယ်ဘဝသို့ ပြန်လည် ရောက်ရှိလာရာတွင် ယခင်ကလို အချစ်နာအတွက် ရှေ့တန်းတင် ခြင်းမပြုဘဲ လူသတ္တဝါများအတွက် တကယ်ပင် ကြင်နာသော စိတ်စေတနာဖြင့် ဆေးကုသပေးတော့မည်ဟု ဆုံးဖြတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆုံးဖြတ်ပြီးနောက် မြို့လယ်တွင် အခန်းတစ်ခုငှား၍ ဆေးခန်းဖွင့်ကာ ဆေးကုသခြင်းကို ဖောက်ချလုပ်ကိုင်လာခဲ့သည်။

သို့သော်လည်း မကောင်းဆိုးဝါးနတ်များက ဒေါက်တာညီထွန်းလတ်အား အစဉ်အမြဲ နှောင့်ယှက်နေသကဲ့သို့ ဒုက္ခများစွာရောက်ရှိပြီး အမြဲတမ်းပင် စိတ်ရှုပ်ထွေးလျက်ရှိသည်။ မကောင်းဆိုးဝါးနတ်များကား အခြားမဟုတ်ပေ။ ယခင်ယခင်ဘဝ ဆရာဝန်ကြီး ဦးမင်းညိုဘဝနှင့် နေထိုင်စဉ်က လောက၏ အခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ဒေါက်တာညီထွန်းလတ် ဘဝတွင် သူကိုယ်တိုင် မကျေနပ်သည့် အချက်များ များစွာရှိခဲ့သည်။ ယခု သူ၏ကိုယ်ကာယသည် ယခင်က လက်လွှတ်ခဲ့ရသော အခွင့်အရေးများနှင့် ဘဝအရသာများကို ခံစားလိုလျက်ရှိသည်။

သို့သော် စိတ်ကမူ ထိုအရသာအခွင့်အရေးမျိုးကို ခံစားနိုင်လောက်သည့် အရည်အချင်းမျိုး မရှိတော့ပေ။ အမြဲတမ်းပင် အသက် ၇၀ ကျော် အဘိုးကြီးစိတ် ဖြစ်နေသည်။ ကိုယ်ကာယ နုပျိုလန်းဆန်းလျက် စိတ်ခံစားမှုများက အိုမင်းဟောင်းနွမ်းလျက်ရှိသည်။

စိတ်နှင့် ခန္ဓာကိုယ် သဟဇာတမဖြစ်သော နေ့စဉ်နှင့်အမျှ တိုက်ခိုက်နေသောအခါ ဒေါက်တာညီထွန်းလတ်သည် နုပျိုနေသော သူ့ခန္ဓာကိုယ်အား ကြောက်ရွံ့စပြုလာမိသည်။





နုပျိုသော ကိုယ်ကာယနှင့် အိုမင်းသောစိတ်တို့ အပြန်အလှန် ပဋိပက္ခဖြစ်လျက်ရှိရာ၊ နေထိုင်ရအတော်ခက်လှသည်။ စိတ်က အိုသည်ထက် အိုအိုသွားရာ သေရခြင်းထက်ပင် ဆိုးဝါးလာသည်။

အသက်ရှင်နေသရွေ့ ပျိုသော ကိုယ်ကာယနှင့် အိုသော စိတ်တို့ တစ်ချိန်းချိန်း တိုက်ပွဲဖြစ်နေကြပေသည်။

ဆရာဝန်ကြီး ဦးမင်းညို ကွယ်လွန်ခြင်းကိုလည်း ယုတ္တိရှိစေရန် ကြိုးပမ်းရာ၌ ဒေါက်တာညီထွန်းလတ်မှာ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

အမှန်တော့လည်း ကိုယ့်ကိုယ်ကိုယ် မသာချခဲ့ရခြင်းသာ ဖြစ်သည်။ ဒေါက်တာညီထွန်းလတ်သည် သင်္ချိုင်းစောင့် သုဘရာဇာတစ်ဦးအား နှုတ်ပိတ်ခအဖြစ် ငွေများစွာပေးပြီး စီစဉ်ခဲ့ရသည်။

လူသေအလောင်းမရှိသော ခေါင်းတစ်ခေါင်းကို စီစဉ်ခဲ့ကြရသည်။ ဆရာဝန်ကြီး ဦးမင်းညို ခေါင်းအား သင်္ချိုင်းတွင် တိတ်တဆိတ် မြှုပ်နှံလိုက်သည်။

ဦးမင်းညို 'အလောင်းမပါရှိဘဲ ခေါင်းလွတ်ကြီးကို တွင်းထဲသို့ ချလိုက်ချိန်တွင် မတ်တတ်ခြေစုံရပ်ပြီး ငိုင်နေသော ဒေါက်တာညီမင်းလတ် ခန္ဓာကိုယ်ပေါ်သို့ မြေတုံးမြေခဲများ ဖုံးလွှမ်းသွားသည်ဟု ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝဟောင်းကို သူ့ကိုယ်တိုင် မြေမြှုပ်ခဲ့ခြင်းကြောင့် ရင်ထဲတွင် လှိုက်တက်လာမိသည်။ ဘာကြောင့်မှန်း မသိ။

ဒေါက်တာညိုထွန်းလတ် မျက်နှာပေါ်တွင် မျက်ရည်များ စိမ့်ယိုကျလာသည်။

ထိုနေ့က မျက်လုံးများကိုလက်နှင့်ပိတ်ထားရင်း ဆောက်တည်ရာမရ ကြေကွဲဝမ်းနည်းစွာ တုန်လှုပ်ချောက်ချားခဲ့ရသည်။

အတိတ်ဘဝ ဦးမင်းညိုအား သင်္ဂြိုဟ်မြေမြှုပ်ခဲ့ပြီးနောက် လူငယ်ဆရာဝန်လေး ညိုထွန်းလတ်အဖြစ် ဟန်ဆောင်နေထိုင်ခဲ့ရသည်။ ထင်မှတ်မထားသော ပေါ်ပေါက်လာသည့် အခက်အခဲများကို ပြေလည်ရန် အပြင်းအထန် ကြိုးစားခဲ့ရပြန်သည်။

ပထမဆုံး အရေးကြီးသောကိစ္စမှာ ဆရာဝန်ကြီး ဦးမင်းညို ပိုင်ဆိုင်သော အိမ်နှင့် ပစ္စည်းဥစ္စာများကို တရားဝင်ပိုင်ဆိုင်ခွင့် ရရှိဖို့ ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မေးမြန်းလာသူမှာ ဆရာဝန်ကြီး ဦးသက်မင်းပင် ဖြစ်သည်။ ထိုနေ့ ညနေပိုင်းက ဒေါက်တာညိုထွန်းလတ် ဖွင့်ထားသောဆေးခန်းသို့ ဦးသက်မင်း လမ်းကြုံ၍ ဝင်ရောက်လာသည်။

'ဒေါက်တာဦးလေး အနိစ္စမရောက်ခင်တုန်းက ကျုပ်အတွက် အမှတ်တရ လက်ဆောင်ပစ္စည်းပေးရဦးမယ်လို့ ပြောသွားဖူးတယ်၊ သူ မဆုံးခင်က မှာစရာရှိတယ်လို့လည်း မကြာခဏ ပြောတယ်၊ တစ်ခုခုတော့ သူ ပြောခဲ့ချင်ပုံရတယ်၊ ကျုပ်အတွက်





စာလေးတစ်စောင် ရေးထားခဲ့လား မသိဘူး၊ ဓာတ်ခွဲခန်းထဲမှာ ရှာကြည့်စမ်းပါဦး၊ အင်း… ဒေါက်တာ ဦးလေးကြီးနဲ့ ကျုပ်က နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းတွေ မဟုတ်လား၊ ဒေါက်တာကိုလည်း အခုမှတွေ့ရတာဆိုပေမယ့် ဦးမင်းညို ငယ်ငယ်တုန်းကအတိုင်းပဲ ပြန်တွေ့ရသလိုပါပဲ၊ ဒီမြို့ပေါ်မှာ လိုအပ်တာရှိလည်း ပြောပါ၊ ကျုပ် တတ်နိုင်သလောက် ကူညီပေးပါ့မယ်'

ဦးသက်မင်းက အေးအေးဆေးဆေးပင် ပြောပြနေသည့်တိုင် ဒေါက်တာညိုထွန်းလတ် စိတ်ထဲတွင် နေရထိုင်ရခက်စွာ စိတ်လှုပ်ရှားနေမိသည်။ သြော်… ငါ့သူငယ်ချင်း ငါ့အပေါ်မှာ သံယောဇဉ်ကြီးစွာ ချစ်ခင်ခဲ့တာပဲဟု တွေးမိသည်။

'ဟုတ်ကဲ့… ကျွန်တော် ရှာကြည့်ပေးပါ့မယ်'

ထိုနေ့က အိမ်သို့ပြန်ရောက်လာပြီး အလေးအနက် စဉ်းစားမိသည်။ ယခုအချိန်တွင် မိမိဘဝဟောင်းတုန်းက ပိုင်ဆိုင်ခဲ့သော ပစ္စည်းများအားလုံးကို တူဖြစ်သူအား ပေးခဲ့သည်ဆိုသော စာချုပ်စာတမ်း ခိုင်ခိုင်မာမာရှိဖို့ လိုအပ်လာသည်။

ထိုသို့ လုပ်ဆောင်မှသာပင် ဘဏ်မှငွေများကိုလည်း အခက်အခဲမရှိ ထုတ်ယူနိုင်မည်။ အိမ်နှင့် ဓာတ်ခွဲခန်းသိပ္ပံဆိုင်ရာ ကိရိယာတန်ဆာပလာများကိုလည်း ပိုင်ပိုင်နိုင်နိုင် အသုံးပြုခွင့် ရမည် ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ တစ်ယောက်ယောက်ကသာ အစပေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါက ဒေါက်တာညိုထွန်းလတ် အခြေအနေသည် အနေရအထိုင်ရ ကျပ်သွားပေလိမ့်မည်။

သန်ရှိုင်းမှ သုဘရာဇာကြီးကိုလည်း သတိထားစောင့်ကြည့်ဖို့ လိုအပ်လာသည်။ သူ့တွင် ဆွေမျိုးရင်းချာဆို၍ ညီဝမ်းကွဲတစ်ယောက်သာ ရှိသည်။

ဝေးလံသော နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် ရောက်ရှိနေသည်။ အဆက်အသွယ်ပြတ်နေသော ညီဝမ်းကွဲက ကျန်ရစ်သော ပစ္စည်းများအားလုံး သူပိုင်ဆိုင်ကြောင်း ပြောဆိုလာလျှင် ခက်ပါလော။ ကိုယ့်ပစ္စည်းနှင့်ကိုယ် တွေးတောပူပန်ရင်း ဒုက္ခရောက်ရသည်။

အဆိုပါကိစ္စများကို ဖြေရှင်းနိုင်ရန်အတွက် ကျွန်ုပ်၏ အချစ်ဆုံး တူမောင်ဖြစ်သူ ဒေါက်တာညိုထွန်းလတ်အား မိမိပိုင်ငွေကြေးပစ္စည်းနှင့် အိမ်ထောင်ပရိဘောဂ၊ စာအုပ်စာတမ်း၊ သိပ္ပံပစ္စည်းကိရိယာများ အားလုံးအား ကျွန်ုပ် ကွယ်လွန်သွားပါက တူမောင် ဒေါက်တာညိုထွန်းလတ်အား လွှဲပြောင်းပေးအပ်ခဲ့ပြီး ပိုင်ဆိုင်ခွင့်ရှိပါကြောင်း စာချုပ်တွင် လက်မှတ်ရေးထိုးလိုက်ရသည်။

ထို့ပြင် ကျွန်ုပ်၏ သံစွာရှိသော မိတ်ဆွေကြီး ဆရာဝန် ဦးသက်မင်းသို့ ဟူသော ခေါင်းစဉ်တပ်၍ ချစ်ခင်မြတ်နိုးအပ်သော အထိမ်းအမှတ်အဖြစ် ကျွန်ုပ်၏ စိန်လက်စွပ်တစ်ကွင်းနှင့် ကျွန်ုပ်၏ ပုံတူဆီဆေးပန်းချီအား ပေးအပ်ခဲ့ပါကြောင်း ရေးလိုက်သည်။





ဒေါက်တာညိုထွန်းလတ်သည် ထိုစာများကို တစ်ညလုံးထိုင်ရေးသည်။ ရေးနေကျ ပုံမှန်လက်ရေးဖြင့် သေသပ်ကျနစွာရေးသားပြီး ဆရာဝန်ကြီး ဦးသက်မင်း ကောင်းစွာမှတ်မိသော ဆေးကျောင်းသားဘဝကတည်းက လက်မှတ်အောက်ခြေတွင် အတွန့်ငါးကြောင်းပါ ထိုးမြဲလက်မှတ်အတိုင်း ရေးထိုးခဲ့သည်။

ရက်စွဲကိုတော့ အာယုသိဒ္ဓိ(ငယ်မူပြန် ရုပ်ပြောင်းခန္ဓာ)ဆေးရည်မသောက်မီ နေ့ရက်ကို ရက်စွဲရေးထိုးလိုက်သည်။

နောက်တစ်နေ့တွင် ဆရာဝန်ကြီး ဦးသက်မင်းထံသို့ သွားရောက်ခဲ့သည်။

'ဦးလေးရဲ့ စာရေးတဲ့ စားပွဲအံဆွဲထဲက တွေ့တဲ့ စာချုပ်စာတမ်းနဲ့ ဆရာကြီးအတွက် ရေးထားတဲ့ စာနဲ့ပစ္စည်းတွေ တွေ့ပါတယ်'

ဒေါက်တာညိုထွန်းလတ်က ညက ရေးထားသော စာချုပ်နှင့် စာအား ပေးလိုက်သည်။ ဆရာဝန်ကြီး ဦးသက်မင်းသည် စာချုပ်ပါ အကြောင်းအရာများနှင့် သူ့အတွက် ရေးသားခဲ့သောစာအား ဖတ်ရှုပြီး လက်များတုန်လှုပ်လာသည်ကို တွေ့ရသည်။

ဆရာကြီး ဦးသက်မင်း၏ မျက်လုံးအိမ်ထဲမှ ဝမ်းနည်းကြေကွဲစွာ မျက်ရည်စများ စီးကျလာသည်။

'အင်း… လူသူတော်ကောင်းကြီး စိတ်စေတနာကောင်းတဲ့ ငါ့သူငယ်ချင်းကြီး ကွယ်လွန်သွားပြီးတာတောင်မှ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပစ္စည်းတွေ ထားခဲ့သေတယ်၊ မင်းရဲ့ ဦးလေးနဲ့ သူငယ်ချင်းဖြစ်ရတာ ကျုပ်ကတော့ အလွန်ပဲဂုဏ်ယူမိတယ်၊ သိပ္ပံပညာနဲ့ ပတ်သက်ပြီး အင်မတန်ထူးချွန်ထက်မြက်တဲ့ ဆရာဝန်ကြီးတစ်ယောက်ကွ၊ သူမရှိတော့တာ သူ့ပညာတွေ တအားနှမြောဖို့ကောင်းတာပဲ'

ဆရာဝန်ကြီး ဦးသက်မင်းသည် မျက်မှန်ကိုချွတ်လိုက်ပြီး သေချာကြည့်လိုက်သောကြောင့် ဒေါက်တာညိုထွန်းလတ်မှာ အနေရအထိုင်ရ ခက်သွားသည်။ စိတ်ထဲ၌လည်း မလုံမလဲဖြစ်လာသည်။

ဆရာဝန်ကြီး ဦးသက်မင်းမှာ ပါးနပ်ပြီး ဉာဏ်ရည်ထက်မြက်သော ဆရာဝန်ကြီးတစ်ယောက် ဖြစ်သည်။ ဣန္ဒြေမပျက်အောင် လူငယ်တစ်ယောက်ပုံစံအတိုင်း သတိထားပြီး ဟန်ဆောင်နေရသည်။

'ကျွန်တော့်ဦးလေးက ဆရာဝန်ကြီးကို အင်မတန်ခင်ပါတယ်'

ဟု ပြောဆိုပြီး မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်ရသည်။ ရင်ထဲတွင် ဆို့တက်လာပြီး စိတ်များ လှုပ်ရှားလာကာ ဝမ်းနည်းပြီး ငိုချင်သလို ဖြစ်လာသည်။

'နေပါဦး၊ ဒေါက်တာကို သူပိုင်ပစ္စည်းတွေ အကုန်လွှဲပေးကြောင်း စာချုပ်ထဲမှာ အသိသက်သေလက်မှတ် မပါပါလား၊





အသိသက်သေ လက်မှတ်မပါရင် ဒီစာချုပ်စာတမ်းက တရားမဝင်ဘူး'

'ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်လည်း ဖတ်ကြည့်ပြီးပါပြီ၊ အသိသက်သေ လက်မှတ်မပါတာကို သတိထားမိပါတယ်၊ ဦးလေးက အသိသက်သေလက်မှတ်ထိုးဖို့ကိစ္စကို မေ့သွားတယ်ထင်ပါတယ်၊ သူ့စာရေးစားပွဲ အံဆွဲထဲက တွေ့တဲ့အတိုင်း ယူလာပြီး ဆရာကြီးကို ပြကြည့်တာပါ'

'ထူးချွန်ထက်မြက်တဲ့ သိပ္ပံပညာရှင် ဆရာဝန်ကြီးတွေဟာ ဒီလိုပဲကွ၊ စေ့စေ့စပ်စပ် လုပ်ရမယ့် လူမှုရေးကိစ္စတွေကျရင် သိပ်အလေးမထားကြဘူး၊ ဒေါက်တာ ပြောတာ ဟုတ်တယ်၊ သူ့ခမျာ သုတေသနကိစ္စတွေနဲ့ အချိန်ပြည့် ရှာဖွေဖော်ထုတ်စမ်းသပ်နေတော့ အသိသက်သေ လက်မှတ်ထိုးဖို့ မေ့သွားတာပဲဖြစ်ရမယ်၊ ဒါက ဘာမှမခက်ပါဘူးကွာ၊ ကျုပ်နဲ့ရင်းနှီးတဲ့ ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်ပြီး အသိသက်သေနေရာမှာ ကျုပ်ပဲလက်မှတ်ထိုးပေးပါ့မယ်၊ ဥပဒေနဲ့ပတ်သက်ပြီး အခက်အခဲတွေပေါ်မလာအောင် ကျုပ်ကပဲ စီစဉ်ဆောင်ရွက်ပေးပါ့မယ်။

'ဒေါက်တာက ကျုပ်သူငယ်ချင်းကြီးရဲ့ တူတစ်ယောက်ပဲ၊ ကျုပ် ကူညီပါ့မယ်၊ အားမနာပါနဲ့၊ ဒေါက်တာ ဦးလေးနဲ့ ကျုပ်ဟာ သူငယ်ချင်းဆိုပေမယ့် ညီအစ်ကိုတွေလိုနေလာခဲ့ကြတာ၊ အားမနာနဲ့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ် ဆရာကြီး'

ဒေါက်တာညိုထွန်းလတ်သည် ဦးသက်မင်းအား နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

□ □ □

တောင်ပေါ်မြို့လေးတွင် နေထိုင်ကြသူများမှာ စိတ်အေးချမ်းသာစွာ နေထိုင်ကြသူများ ဖြစ်ကြသည့်အလျောက် ဒေါက်တာညိုထွန်းလတ်အကြောင်းကို မည်သူမျှ စပ်စပ်စုစု ထူးထူးထွေထွေ စုံစမ်းမေးမြန်းခြင်း မပြုကြပေ။ လူတိုင်းကပင် ဒေါက်တာညိုထွန်းလတ်သည် ကွယ်လွန်သူ ဆရာဝန်ကြီး ဦးမင်းညို၏ တူတော်သူ တစ်ယောက်အဖြစ် ယုံကြည်စိတ်ချစွာ သတ်မှတ်ထားသည်။

စာချုပ်စာတမ်းများကိုလည်း ဆရာဝန်ကြီး ဦးသက်မင်းကိုယ်တိုင် ဥပဒေပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းကြောင့် အရှုပ်အရှင်းမရှိဘဲ တရားဝင်ပိုင်ဆိုင်ခွင့် ရရှိသွားသည်။

ပစ္စည်းဉစ္စာ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက် ကင်းသွားသော်လည်း လူငယ်များနှင့် ပေါင်းသင်းဆက်ဆံရာတွင် ဒုက္ခရောက်လျက်ရှိသည်။

ဒေါက်တာညိုထွန်းလတ်သည် လူငယ်ဆရာဝန်တစ်ယောက်အဖြစ် ပြောင်းလဲသွားသည်မှာ မှန်၏။ သို့သော် ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် လူငယ်တစ်ယောက်လို သွက်လက်ဖျတ်လတ်သော အမူအရာမျိုး ဖြစ်ပေါ်မလာဘဲ အသက်





၇၀ ကျော် အဘိုးကြီးအရွယ် အမူအရာမျိုး ဖြစ်နေတတ်သည်။

တခြားလူငယ်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အမြဲပင် လေးလေးလံလံ ထိုင်းမှိုင်းလျက်ရှိသည်။ ဆေးခန်းဖွင့်ပြီး ဝေဒနာရှင်များကို ကုသပေးသောကြောင့် မိတ်ဆွေများ တိုးလာသည်။

လူငယ်သူငယ်ချင်း အပေါင်းအသင်းများထဲတွင် ရှေ့နေတစ်ဦးဖြစ်သော ဘုန်းသက်ပိုင်မှာ ဒေါက်တာညိုထွန်းလတ်နှင့် အခင်ဆုံးသူငယ်ချင်း ဖြစ်လာသည်။ ညိုထွန်းလတ် အိမ်တွင်ဖြစ်စေ၊ ဆေးခန်းတွင်ဖြစ်စေ၊ ဘုန်းသက်ပိုင်အား အမြဲတွေ့နေရသည်။

တောင်ပေါ်မြို့သား ဇာတိဖြစ်သော ဘုန်းသက်ပိုင်သည် သူတို့မြို့လေးသို့ ရောက်လာသည်။ ဒေါက်တာညိုထွန်းလတ်အား လိုအပ်သမျှ ကူညီဆောင်ရွက်ပေးလေ့ရှိသည်။

ငွေကြေးချမ်းသာသော အထက်တန်းလွှာများက ဒေါက်တာညိုထွန်းလတ်အား တရင်းတနှီးပေါင်းသင်းလျက် လိုလိုလားလား ဖိတ်ခေါ်ကြသည်။

အကျွမ်းတဝင် ရင်းရင်းနှီးနှီး ဆက်ဆံကြသည်။ ရပ်ရေးရွာရေး အလှူပွဲများမှာ ရုပ်ရည်ချောမောခြင်း၊ ပညာတတ်ဆရာဝန်လေးတစ်ယောက်ဖြစ်ခြင်း၊ ပစ္စည်းဉစ္စာပြည့်စုံသော ဆရာဝန်ကြီး ဦးမင်းညို၏ တူတစ်ယောက်ဖြစ်ခြင်းကြောင့် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်အဖြစ် မိန်းမချောလေးများ ဝိုင်းဝိုင်းလည်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ မိန်းကလေးများထဲတွင် မေသက်ရှိန်လည်း ပါဝင်လာခဲ့သည်။ ဒေါက်တာညိုထွန်းလတ်သည် ဒေါ်မေသက်ထားတို့အိမ်သို့ မကြာခဏ ရောက်လာတတ်သည်။ ထိုအိမ်တွင် နေရသည့်အချိန်များမှာ ဒေါက်တာညိုထွန်းလတ်အတွက် စိတ်အချမ်းသာဆုံးအချိန်များ ဖြစ်ခဲ့သည်။

ဆရာဝန်ကြီး ဦးမင်းညို ဘဝတုန်းကလည်း ဒေါ်မေသက်ထားအိမ်သို့ ညနေပိုင်းတွင် မကြာခဏသွားရောက်ခဲ့သည်။ ယခု သစ်လွင်နုပျိုသော ခန္ဓာကိုယ်အသစ်နှင့် ရောက်ရှိလာသော်လည်း စိတ်ထဲတွင် ယခင်ဘဝဟောင်းက စိတ်ခံစားမှုအတိုင်းပင် ဖြစ်နေသည်။

ဒေါက်တာ ညိုထွန်းလတ်အနေနှင့် ဒေါ်မေသက်ထားတို့အိမ်တွင် နေရစဉ်အချိန်၌ ပျော်ရွှင်နေသည်မှာ မထူးဆန်းတော့ပေ။ ဒေါ်မေသက်ထားက ငယ်စဉ်ဘဝများကို ကြေကွဲလွမ်းဆွတ်စွာ ပြန်ပြောပြသည်။

'အင်း··· ဒေါက်တာဦးလေး ဆရာဝန်ကြီး ဦးမင်းညိုနဲ့ အန်တီတို့ဟာ ငယ်ငယ်လေးကတည်းက ချစ်ခင်ခဲ့ကြတာပေါ့လေ၊ ဒေါက်တာဦးလေးက အန်တီကို စွဲစွဲလမ်းလမ်းချစ်ခဲ့တယ်၊ တော်တော်ကိုလည်း မြတ်မြတ်နိုးနိုးရှိတယ်၊ သူ့စိတ်ထဲမှာ ထင်ထားတာက အန်တီဟာ ဖြူစင်သန့်ရှင်းတဲ့မိန်းကလေး၊ စစ်မှန်တဲ့မေတ္တာတရားကိုရဖို့အတွက် သူဟာ ဘယ်မိန်းကလေးတွေနဲ့မှ





ရောခဲ့ဘူး၊ ရှုပ်ရှုပ်ပွေပွေမနေဘူး၊ သူ့ရဲ့ သစ္စာတရား သန့်သန့်ရှင်းရှင်း နေထိုင်ခဲ့သလို ဖြူစင်တဲ့မေတ္တာကိုပဲ ပေးဆပ်ခဲ့ချင်တယ်။

'အဲဒီမှာ ဦးရဲရင့်ရှိန်နဲ့ ပြဿနာတွေဖြစ်ကြတော့ သူ့အပေါ် အထင်မှားခဲ့တယ်၊ လက်ထပ်လိုက်တော့ ပိုပြီးအမှားကြီးမှားခဲ့တာပေါ့ကွယ်၊ သူ့ရဲ့ စစ်မှန်တဲ့ မေတ္တာတရားကို လိုလိုလားလားလိုချင်ပေမယ့် ဘဝတွေက အများကြီးကွာခြားသွားခဲ့တယ်၊ နောက်တော့ အန်တီတို့လည်း စီးပွားပျက် ဒုက္ခတွေမျိုးစုံရောက်ပြီး တောင်ပေါ်မြို့လေးကို ရောက်လာကြမှ ဒေါက်တာ့ဦးလေးနဲ့ ပြန်တွေ့ကြတာ၊ အင်မတန်စိတ်ကောင်းရှိတဲ့ နှလုံးသားလှတဲ့ ဆရာဝန်ကြီးပါ၊ အသက်အရွယ်တွေကြီးမှ ပြန်တွေ့ကြတော့ ငယ်ငယ်တုန်းက အချစ်ကံခေပြီး ဒေါက်တာ့ဦးလေးနဲ့ လွဲခဲ့ရတာတွေကို ဘယ်လိုမှ ဖြေဖျောက်လို့မရခဲ့ဘူး၊ အစစအရာရာ အန်တီတို့အပေါ်မှာ ကူညီပေးခဲ့တယ်၊ အန်တီရဲ့ ကျေးဇူးရှင်ပါပဲကွယ်။

'အခု ဒေါက်တာကို ပြန်မြင်လိုက်ရတော့ အန်တီ့စိတ်တွေ အရမ်းလှုပ်ရှားလာတယ်၊ ဒေါက်တာက ဆရာဝန်ကြီး ဦးမင်းညို ငယ်ငယ်တုန်းကအတိုင်း ချွတ်စွပ်တူနေတယ်၊ သူ့အပေါ်မှာ အန်တီ အထင်လွဲမှားခဲ့တာတွေ ဘယ်လိုပဲတောင်းပန်တောင်းပန် ကျေမှာမဟုတ်ပါဘူးကွယ်၊ ဒေါက်တာက ကိုမင်းညိုနဲ့ တစ်ပုံစံတည်း။

'သြော်··· ကိုမင်းညို၊ ကိုမင်းညို၊ ခုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိရာတော့ဘူးပေါ့၊ အန်တီ့အပေါ်မှာ တစ်သက်လုံး တစ်ဖက်သတ်အချစ်နဲ့ ချစ်နေခဲ့တဲ့ အလို… အလို… ဒေါက်တာ ဘယ်လိုဖြစ်တာပါလိမ့်၊ ဒေါက်တာ့မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေပါလား'

ဒေါ်မေသက်ထားက ငယ်စဉ်ဘဝများကို သတိတရ ပြန်ပြောပြရင်း ဒေါက်တာညိုထွန်းလတ်အား လှမ်းကြည့်လိုက်ရာတွင် အံ့အားသင့်ပြီး စိုးရိမ်သွားသည်။ ဒေါ်မေသက်ထား ပြောပြနေသည့် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကလည်း စိုးရိမ်မည်ဆိုလည်း စိုးရိမ်လောက်ပေသည်။

ဒေါက်တာညိုထွန်းလတ်အနေနှင့် ဒေါ်မေသက်ထား၏ ရင်ထဲမှ ထွက်ပေါ်လာသော နှလုံးသားခံစားချက်များကို ကြားလိုက်ရ၍ ကြိတ်မနိုင် ခဲမရ စိတ်အဆင်းရဲကြီးဆင်းရဲကာ မူးမေ့သွားမတတ် ဖြစ်သွားခဲ့ရသည်။

သူ့စိတ်ကလည်း ဦးမင်းညို စိတ်နှင့် အသက်ရှင်နေသူ ဖြစ်သည်။

အတိတ်ဘဝဟောင်း အဖြစ်အပျက်များက တစ္ဆေတစ်ကောင်လို ခြောက်လှန့်နေပေသည်။ မေသက်ထားအား ယခင်ဘဝဟောင်းက စွဲစွဲလမ်းလမ်းချစ်ခဲ့သော ဒေါက်တာညိုထွန်းလတ်သည် အဘွားကြီးဖြစ်နေသော မေသက်ထား စကားများကို မခံစားနိုင်တော့ပေ။





ဒေါ်မေသက်ထားနှင့်အတူ သူ့ဘဝ ပြောင်းလဲမှုကို ဘယ်လိုမှ သိရှိနိုင်ခြင်းမရှိ။ ဘဝသစ်ရောက်နေသော ဒေါက်တာ ညိုထွန်းလတ်အား မြေးတစ်ယောက်သဖွယ် သဘောထားခဲ့သည်။ ထမင်းဟင်းကိုလည်း သူ့အိမ်မှာပင် စားစေသည်။

အိမ်သို့လည်း အချိန်မရွေး လာရောက်ခွင့်ပေးထားသည်။ တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ရသော ဒေါက်တာ ညိုထွန်းလတ်အဖို့ မေသက်ရှိန်နှင့် အနေနီးစပ်လာကြသည်။ ရုပ်ရည်ချောမောသော ဆရာဝန်လေးအပေါ်တွင် စွဲစွဲလမ်းလမ်းဖြစ်နေသူ မေသက်ရှိန်ဆိုသည့် မိန်းမချောလေးမှာလည်း ရင်ခုန်မြတ်နိုးစိတ်များနှင့် စိတ်ကူးယဉ်အိပ်မက်များ မက်နေပေတော့သည်။

❒ ❒ ❒

တောင်ပေါ်မြို့လေးတွင် ဆေးခန်းဖွင့်လျက် ဆရာဝန်တစ်ယောက်အဖြစ် နေထိုင်လာခဲ့ရာမှ ရှေ့နေဘုန်းသက်ပိုင်အပြင် အသိမိတ်ဆွေများ ပိုများလာသည်။ အထက်တန်းလွှာ အသိုင်းအဝိုင်းများက သူတို့အိမ်သို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ကြသည်။ ချောမောလှပသော မိန်းမပျိုလေးများကလည်း သူတို့ မွေးနေ့ပွဲကျင်းပရာသို့ မဖြစ်မနေလာရောက်ရန် ဖိတ်ကြသည်။

ဒေါက်တာညိုထွန်းလတ်အနေနှင့် ပြောင်းလဲသွားသော လူငယ်ဘဝသစ်နှင့် လျော်ညီစွာ လူငယ်များနှင့်အတူ မိန်းမချော



www.burmeseclassic.com

www.burmeseclassic.com



လေးများ၏ မွေးနေ့ပွဲများသို့ ရောက်လာသည်။ လူငယ်တို့သဘာဝအတိုင်း ပျော်ပျော်ရွှင်ရွှင် နေကြည့်သည်။ နေလို့မရ။

စိတ်အားဖြင့်လည်းကောင်း၊ ဉာဏ်ပညာအားဖြင့်လည်းကောင်း သူ ရောနှောဆက်ဆံ ပေါင်းသင်းနေရသည့် လူငယ်များထက် အဆပေါင်းများစွာကြီးရင့်လျက်ရှိသောကြောင့် ရယ်ကာမောကာ နေနိုင်စွမ်းမရှိသည်ကို ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။

တစ်ခါတစ်ခါတွင် ဒေါက်တာညိုထွန်းလတ်သည် လူငယ်များ စကားဝိုင်းတွင် လူငယ်တို့ သဘာဝအတိုင်း ပေါက်တတ်ကရ စကားများကို ရယ်ကာမောကာ ပြောကြည့်သည်။

ပြောနေသည့် အခိုက်အတန့်လေးမှာပင် သူ့စိတ်ထဲ၌ အလိုက်သည်းလိုက် ရယ်မောဖို့ဝေးစွ။ သူ့စိတ်များသည် အာယုသိဒ္ဓိဆေးနည်း စမ်းသပ်ချက်များဆီသို့ ရောက်သွားသည်။

လူငယ်များက တသောသော ရယ်မောပျော်ရွှင်နေချိန်တွင် သိစိတ်က တစ်နေရာရာသို့ ပျံ့လွင့်လျက်ရှိပြီး တွေဝေငေးမောနေပေသည်။

မိန်းမချောလေးများက ဒေါက်တာညိုထွန်းလတ်အား ဝိုင်းဝန်း၍ စကြ နောက်ကြသည်။ ဒေါက်တာညိုထွန်းလတ်၏ ဂရုစိုက်ခြင်းကို ခံယူလိုကြသောကြောင့် မျက်စောင်းလေးများချိတ်ပြီး ခြေတို့ လက်တို့ စကားပြောကြသည်။ ဖော်ဖော်ရွေရွေ လိုလိုလားလား လိုက်လျောပြုမူ ဆက်ဆံကြသည်။





ထိုအခါမျိုးတွင် ဒေါက်တာညိုထွန်းလတ် စိတ်ထဲတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ဆေးကျောင်းသူလေးများသည် ယခုလို နောက်ပြောင်ကျီစယ်ခြင်းကို ပြန်တွေးမိပြီး စိတ်မချမ်းမသာ ဖြစ်ရသည်။

ဘဝဟောင်းတုန်းက မိမိသူငယ်ချင်းများ ကဲခဲ့၊ သည်းခဲ့သည်ကို ရှောင်ဖယ်နေခဲ့သည်။ ယခုအခါ လူငယ်ကိုယ်ကာယနှင့် သူ ရှောင်ဖယ်ခဲ့သော လူငယ်အသိုင်းအဝိုင်းကြားသို့ ပြန်လည်ရောက်နေရပြန်သည်။

သို့သော် ကိုယ်ခန္ဓာနုပျိုသော အရွယ်တူ လူငယ်တို့ကြားတွင် အိုမင်းရင့်ရော်သော စိတ်တံတိုင်းကြီးက အခြားကြီး ခြားထားခဲ့ပြီ ဖြစ်သည်။ လူငယ်များကလည်း ဒေါက်တာညိုထွန်းလတ် အပြုအမူများမှာ ထူးဆန်းလှပါတကားဟု ထင်မှတ်ထားခြင်း ခံရသည်။

အထူးသဖြင့် စားသောက်ဆိုင်များတွင် အရက်သောက်ကြသည့်အခါ စိတ်ထဲတွင် ဝို၍ရှုပ်ထွေး ညစ်နွမ်းလာမိသည်။ အရက်ဝိုင်းထဲတွင် သူနှင့် တွဲဖော်တွဲဖက်ဖြစ်သော ရှေ့နေဘုန်းသက်ဝိုင်က အားမလိုအားမရ ဖြစ်လာကာ မေးလိုက်သည်။

'ဘယ်လိုလဲ ဒေါက်တာ၊ ဘာဖြစ်လို့ မသောက်တာလဲ၊ ကြည့်စမ်းပါဦး၊ ဒေါက်တာပုံစံ ကြည့်ရတာ ကမ္ဘာ့ဌာန်းရုပ်ကြီး ထိုင်နေသလို မလှုပ်မယှက်နဲ့၊ ချစမ်းပါ ဒေါက်တာ၊ ပျော်ပျော်ပါးပါးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းသက်ပိုင်က ဘီယာခွက်ကို သူ့ရှေ့သို့ ရွှေ့ပေးလိုက်ရင်း စားသောက်ဖွယ်ရာ အမြည်းစားလိုက်၊ ဘီယာခွက်ကိုင်လိုက်နှင့် အတော်လေး ရေချိန်ကိုက်နေပြီ ဖြစ်သည်။ မီးရောင်များကလည်း မှိန်သွားလိုက်၊ လင်းလာလိုက်နှင့် စင်ပေါ်မှ သီချင်းဆိုနေသော မိန်းကလေးများ၏ ပန်းကုံးမွှေ့ာ် အညုခရာ တေးသံများကို ဆူညံစွာ ကြားနေရသည်။ သံပြိုင်သီဆို အားပေးနေကြသော လူငယ်များ၏ ပြက်လုံးများသည် သေရည်နှင့် ရာဂ ရောယှက်လျက် ရူးရှတောက်ပြောင်လာကြသည်။

ဒေါက်တာညိုထွန်းလတ် စိတ်ထဲတွင် ဆူညံစွာ အော်ဟစ်ပြီး အရက်အဆီပြန်နေသော လူငယ်များ၏မျက်နှာမှာ အရိုးခွံဦးခေါင်းများ ထခုန်နေကြသကဲ့သို့ ထင်မိသည်။

'ဒေါက်တာ မျက်နှာလည်းမကောင်းပါလား၊ ကျွန်တော်တို့နဲ့ လိုက်လာတာ စိတ်ညစ်နေပြီနဲ့တူတယ်၊ ဒေါက်တာ့မှာ ညစ်စရာ ဘာတွေရှိနေလို့လဲ၊ ဒါမှမဟုတ် ဒေါက်တာ ရင်ထဲက အသည်းမှာ ရောဂါရှိတယ်နဲ့တူတယ်၊ အသည်းရောဂါကို ပျောက်အောင် ကုသနိုင်တဲ့ အကောင်းဆုံးဆေးဟာ ဘီယာပဲ၊ ဒေါက်တာဆီမှာရှိတဲ့ ဆေးတွေထက်တောင် အစွမ်းထက်သေးတယ်'

'အစွမ်းထက်တယ်ဆိုရင်လည်း သောက်ရတာပေါ့ကွာ'

ဒေါက်တာ ညိုထွန်းလတ်သည် ဟန်မပျက်ဘဲ လူငယ်စတိုင်လ်မျိုးနှင့် ဘီယာခွက်အား တစ်ကျိုက်ကျိုက်သောက်လိုက်





ပြလိုက်သည်။ အရက်ဝိုင်းမှ လူငယ်များက သဘောကျသွားသည်။

'ဟုတ်ပြီ၊ ဒါမှ ငါတို့ဒေါက်တာကွ၊ ဒီည ပြန်လို့ရှိရင် ဒေါက်တာ့ရင်ထဲမှာ ကွဲနေတဲ့အသည်းကို ပြန်ဆက်ဖို့ အသည်းကျော်မလေးတစ်ယောက်ခေါ်သွားမယ်၊ သဘောတူလား ဒေါက်တာ'

'ဟာ… မလုပ်နဲ့၊ မလုပ်နဲ့၊ ဒါမျိုးတော့ ငါက ဝါသနာမပါဘူး'

'လူငယ်တွေပဲ ဒေါက်တာရာ၊ ရှက်နေစရာ မလိုပါဘူး၊ ဟော… ဟိုမှာ ကြည့်လိုက်စမ်းပါ၊ စင်ပေါ်မှာ သီချင်းဆိုသွားတဲ့ ကောင်မလေးတွေထဲက ဘယ်ကောင်မလေးကို ဒေါက်တာ ကြိုက်လဲ၊ ပေါင်လယ်လောက်ရှိတဲ့ စကတ်တိုတိုလေး ဝတ်ထားတာကို ကြိုက်လား၊ ရင်သားဖော် လည်ဟိုက်နဲ့ ကောင်မလေးကို ကြိုက်လား၊ ကြိုက်တဲ့ကောင်မလေးကို ဒီညအပြန်မှာ ဒေါက်တာအတွက် တစ်ညတာ လက်ဆောင်ပေးလိုက်မယ်၊ မကောင်းဘူးလား'

ထိုညက ဘုန်းသက်ပိုင်နှင့်အတူ လူငယ်များ လိုက်ပို့၍သာ သူ့အိမ်သို့ ပြန်ရောက်ခဲ့သည်။ လူငယ်များခေါ်ရာ နောက်သို့ လိုက်ပါရင်း သောက်စားမူးယစ်ခြင်းများမှာလည်း ဒေါက်တာ ညိုထွန်းလတ်အတွက် ရှောင်လွှဲမရသော ကိစ္စများသာ ဖြစ်ပေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## လိပ်ပြာနန်းမှ ရင်ခုန်သံ

ည ၈ နာရီလောက်တွင် ဆေးခန်းပိတ်ပြီးနောက် ဒေါက်တာညိုမြင်းလတ်သည် ဒေါ်မေသက်ထားအိမ်သို့ ဝင်လေ့ရှိသည်။ သူ့အတွက် ညစာကို ထိုအိမ်မှာပင် စားလေ့ရှိသည်။

တစ်ယောက်တည်းသမားဖြစ်သောကြောင့် သူ့အတွက် စားသောက်ရေးကို ဒေါ်မေသက်ထားက တာဝန်ယူပေးထားသည်။ ယခင်ကတည်းက ဆရာဝန်ကြီး ဦးမင်းညို၏ ကျေးဇူးများကလည်း များစွာရှိခဲ့သည်။

ယခု ဝင်ထွက်သွားလာနေသူမှာလည်း တခြားသူ မဟုတ်။ ဆရာဝန်ကြီး ဦးမင်းညိုနှင့် တစ်ပုံစံတည်းတူညီသော ဒေါက်တာညိုထွန်းလတ် ဖြစ်သည်။ ဒေါက်တာ ညိုထွန်းလတ်ကလည်း သူ၏စားရေးကို တာဝန်ယူထားသော ဒေါ်မေသက်ထားတို့ မြေးအဘွားအား ထမင်းလခ သဘောမျိုးမဟုတ်ဘဲ လိုအပ်သလို ငွေကြေးအကူအညီ ပေးထားသည်။





'ဟော··· ကိုလတ်တောင် ရောက်လာပြီပဲ၊ ဒီနေ့တော့ ကိုလတ် ကြိုက်တတ်တဲ့ ဝက်ပုန်းရည်ရယ်၊ ပုစွန်တုပ်ဆီပြန်ဟင်း ချက်ထားတယ်၊ ထမင်းပွဲ သွားပြင်လိုက်ဦးမယ်၊ အဘွားနဲ့ စကားပြောနှင့်ဦး'

အိမ်ပေါ်သို့ တက်လိုက်သည်နှင့် မေသက်ရှိန်၏ အပြုံးနှင့် ချိုသာသော စကားသံလေးများကို ကြားလိုက်ရသည်။ ခွဲမက်ဖွယ်ကောင်းသည့် တုန်ခါလှုပ်ယမ်းသွားသော အရိပ်ကလေးများကို မြင်တွေ့လိုက်ရသည်။

ဒေါ်မေသက်ထားကလည်း သူ့အား လိုလိုလားလား ဆက်ဆံသလို ဂရုတစိုက်ရှိလှသည်။

'ဒေါက်တာကို မြင်လိုက်ရရင် ဘာဖြစ်လို့မှန်း မသိဘူး၊ ဒေါက်တာ့ဦးလေး ကိုမင်းညိုကို သွားပြီးအမှတ်ရနေမိတယ်'

'ကျွန်တော့်ဦးလေးက အန်တီ့ကို တစ်ဖက်သတ်အချစ်နဲ့ အချစ်ကြီးချစ်ခဲ့တာပဲ၊ အန်တီ ဘယ်မေ့လို့ရပါ့မလဲ၊ ဟုတ်တယ် မဟုတ်လား'

'ဒေါက်တာ အပြစ်တင်ရင်လည်း ခံရမှာပဲ၊ အင်မတန် စိတ်ကောင်းရှိတဲ့ ဆရာဝန် သူတော်ကောင်းကြီးပါ၊ သူ မရှိတဲ့နောက်ကျမှ သူ့ရဲ့စေတနာမေတ္တာတွေ အနစ်နာခံမှုတွေကို ပိုပြီး သတိရလာတယ်'

'ကိုလတ် ထမင်းအဆင်သင့်ဖြစ်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေသက်ထားနှင့် စကားပြောနေစဉ်မှာပင် မေသက်ရှိန်က ထမင်းစားဖို့ လှမ်းခေါ်သည်။

'ကဲ… သွားစားလိုက်ဦး'

ထမင်းစားနေစဉ်မှာလည်း မေသက်ရှိန်သည် ဒေါက်တာညိုထွန်းလတ်အနီးတွင် ထမင်းဖြည့်ပေးခြင်း၊ ဟင်းခပ်ထည့်ခြင်းစသည်ဖြင့် လိုလေသေးမရှိအောင် ပြုစုဧည့်ခံပေးလျက်ရှိသည်။

အနေကြာနီးစပ်လာသည့်အလျောက် မေသက်ရှိန် တောင့်တမျှော်လင့်နေသော အချစ်စိတ်များကို ဒေါက်တာ ညိုထွန်းလတ်အနေနှင့် ဖုံးဖိမျိုသိပ်မရတော့ပေ။

ယခင်ဘဝဟောင်းဖြစ်သော ဆရာဝန်ကြီး ဦးမင်းညိုအနေနှင့် မြေးမလေးအရွယ်ဖြစ်သော မေသက်ရှိန်အား ချစ်ခင်မြတ်နိုးခဲ့သည်။

ယခုအခါ ငယ်ရွယ်နုပျိုသော ဒေါက်တာညိုထွန်းလတ်ဘဝ ဖြစ်လာရာ အချစ်စိတ်များ လွန်စွာမှ အားကောင်းနေသောကြောင့် မေသက်ရှိန်နှင့် နီးနီးကပ်ကပ် နေထိုင်စကားပြောဆိုရသည်မှာ ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာသည်။ လူငယ်သွေးများ ဆူတက်လာသည်။

မေသက်ရှိန်၏ နက်မှောင်သော ဆံနွယ်လေးများကမီးရောင်အောက်တွင် တဖျတ်ဖျတ် တောက်ပနေကြသည်။ ဖြောင့်စင်းတောင့်တင်းစိုပြည်သော ကိုယ်လုံးလေးမှာလည်း ကြည့်လိုက်တိုင်း မက်မောဖွယ်ရာ ဖြစ်သည်။





ချစ်ရမ္မက်များ ရီဝေလျက် စိုရွှန်းသော မျက်နက်ဝန်းအကြည့်လေးများကလည်း နှလုံးသားများ တုန်ယင်လှုပ်ရှားစေသည်။

ဒေါက်တာညိုထွန်းလတ်သည် နုနယ်ပျိုမျစ် ချစ်စဖွယ်ကောင်းသော မေသက်ရှိန် ကိုယ်လုံးအိအိလေးအား ရင်ခွင်ထဲသိမ်းကျုံးဆွဲယူ ထွေးပွေ့ရင်း ယုယကြင်နာလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာသည်။

လှိုက်လှဲပျူငှာဖော်ရွေစွာ ပြောဆိုတတ်သည်။ အသံလေးများကလည်း ဒေါက်တာညိုထွန်းလတ် စိတ်နှလုံးကို လှိုင်းထအောင် ရိုက်ပုတ်နေပေတော့သည်။

မျက်လုံးချင်းဆုံမိတိုင်း လှပဝိုင်းစက်သော မေသက်ရှိန် မျက်လုံးရွဲရွဲကြီးများသည် ညင်သာသိမ်မွေ့သော အရောင်များ ဖြာထွက်ကာ သူ့အပေါ်ထားသော မေတ္တာဒီရေများ တိုး၍တိုး၍သာ တက်နေပေသည်။

မေသက်ရှိန်၏ သိမ်မွေ့ဆွဲဆောင်သော အကြည့်ကိုအကြည့်ခံလိုက်ရတိုင်း ချစ်ခင်မြတ်နိုးစိတ်များ ပို၍ညွတ်ကျလာမိသည်။

တဖြည်းဖြည်းနှင့် မေသက်ရှိန်အပေါ် မချစ်ပါဘူးဟု အားခဲပြီး ကိုယ့်ကိုယ်ကိုယ် အားတင်းငြင်းဆန်ထားရာမှ နောက်ဆုံးတွင် ကိုယ်ခန္ဓာ ဆောင်ကြဉ်းသည့်အတိုင်း စိတ်ကပါ လိုက်ပါသွားရသည်။ တဖြည်းဖြည်းနှင့် မေသက်ရှိန်အား မျက်စိအောက်မှ အပျောက်မခံနိုင်အောင် စွဲလမ်းချစ်နေမိတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းလေးများ၊ သစ်ပင်တောတန်းများနှင့် သာယာအေးချမ်းဆိတ်ငြိမ်သော နေရာလေးဖြစ်သည်။

နက်မှောင်ပြောင်ချောနေသော အရွယ်အစားမျိုးစုံ သဘာဝအတိုင်းစုပုံ အဆင့်ဆင့်မြင့်မားသော ကျောက်တုံးကြီးများကြားမှ ဖြူဖွေးသော ရေတံခွန်များသည် လှပစွာ တဝေါဝေါစီးကျလျက်ရှိသည်။

ရေတံခွန်နှင့် မလှမ်းမကမ်းတွင် ဒေါက်တာညိုထွန်းလတ်နှင့် မေသက်ရှိန်တို့သည် လက်ချင်းတွဲလျက် လျှောက်လာကြသည်။

'ဒီတောင်ပေါ်မြို့လေးမှာ လိပ်ပြာနတ်နန်း၊ သဘာဝရေတံခွန် အလွန်သာယာတာပဲနော်၊ ကိုလတ် အရင်တုန်းက ရောက်ဖူးလား'

'ဟင့်အင်း… မရောက်ဖူးဘူး၊ အခုတောင် မေသက်သွားချင်တယ်ဆိုလို့ လိုက်ပို့ရင်း ပထမဆုံး ရောက်ဖူးတာပဲ'

'မေသက်ကတော့ ခဏခဏရောက်ဖူးတယ်'

'ဘာလဲ… အရင်တုန်းက ချစ်သူတွေနဲ့ ရောက်ဖူးတာလား'

'ကိုလတ်နော်… မေသက်ကို လိုက်မစနဲ့၊ မေသက်ဘဝမှာ ချစ်ဦးသူဆိုတာ ကိုလတ်တစ်ယောက်ပဲ ရှိတာ၊ မေသက်ဘယ်သူ့ကိုမှ ကိုလတ်လောက် မချစ်ခဲ့ဖူးဘူး၊ အရင်တုန်းက ရောက်ဖူးတယ်ဆိုတာက သူငယ်ချင်းတွေနဲ့ ပျော်ပွဲစားထွက်ရင်း





ရောက်ဖူးတာပါ၊ ဟင်း… ကိုလတ်သာ မေသက်အရင် ရည်းစားဘယ်နှယောက်ထားခဲ့သလဲ မသိဘူး'

'မထားခဲ့ဖူးပါဘူးကွယ်၊ ကိုလတ်ဘဝမှာ ဟိုးအရင်တုန်းကတည်းက တစ်ဖက်သတ်ချစ်နေမိတဲ့ မိန်းကလေးဟာ မေသက်ပဲ၊ ယခု ချစ်နေရတာလည်း မေသက်ပဲ'

'အပြောကောင်းတယ်၊ လာ… ကိုလတ်၊ လိပ်ပြာနတ်နန်းထဲကို အနဲ့လိုက်ပြမယ်'

ထင်းရှူးပင် တောတန်းများက မြင့်မားလှသည်။ သစ်ခယ်၊ ပျဉ်းမ စသော တောင်မြင့် တောစိမ်း သစ်တောအုပ်ကလေးများနှင့် အပန်းဖြေစခန်းတစ်ခု ဖြစ်သည်။ လိပ်ပြာလေးတစ်ကောင်ဝဲပျံသွားသလို မေသက်ရှိန်က တောင်ကုန်းလေးပေါ်သို့ အပြေးတက်သွားသည်။

ချစ်သူနှင့် လွတ်လွတ်လပ်လပ် လျှောက်သွားနေရသော ယခုအချိန်မျိုးတွင် ပျော်ရွှင်ကြည်နူးမဆုံး ဖြစ်နေသည်။

ထင်းရှူးပင် တောတန်းကြီးထဲရှိ သစ်ပင်တောအုပ်လေးအနီးတွင် မေသက်ရှိန် ထိုင်ချလိုက်သည်။ တောင်ကုန်းပေါ်သို့ အပြေးတက်လာပြီး မောနေသောကြောင့် သူမ ရင်အုံမို့မို့လေးမှာ ရှုန်းကြွလှုပ်ရှားလျက်ရှိသည်။ ဒေါက်တာညိုထွန်းလတ်ကလည်း မေသက်ရှိန်အနီးတွင် ဝင်ရောက်ထိုင်လိုက်ပြီး လှပချောမောသော မျက်နှာဖူးဖူးအိအိလေးကို ငေးကြည့်နေမိသည်။ မေသက်ရှိန်က



www.burmeseclassic.com

www.burmeseclassic.com



လည်း မွတ်သိပ်သော အကြည့်များနှင့် တမ်းတစွာ ပြန်ကြည့်သည်။

ထိုအချိန်တွင် ဒေါက်တာညိုထွန်းလတ်၏ အသက် ဂျ ကျော်အဘိုးကြီးစိတ်များသည် အခိုက်အတန့်လေးအတွင်းမှာပင် ငယ်ရွယ်နုပျိုသော စိတ်မျိုးအဖြစ် အသွင်ပြောင်းသွားသည်။

နုပျိုသန့်စွမ်းသော သူ၏လက်များသည် မေသက်ရှိန်၏ သေးသွယ်သောခါးကလေးကို ဖက်တွယ်ရင်း သူ့ရင်ခွင်ထဲသို့ တင်းကျပ်စွာ ပွေ့သွင်းလိုက်သည်။ မော့မော့လေးဖြစ်နေသော မေသက်ရှိန် မျက်လုံးအိမ်ထဲတွင် အချစ်ရည်များ ရွှန်းဖိတ်လျက် ရှိသည်။

မျက်နှာတစ်ခုလုံးမှာလည်း သွေးရောင်များလွှမ်းသွားပြီး ပန်းနုရောင်ပြောင်းသွားသည်။

ဒေါက်တာညိုထွန်းလတ်သည် သူ့ကိုယ်သူ ထိန်းသိမ်း မရတော့ပေ။ သူ၏ စိတ်ဝေဒနာများ မေ့ပျောက်သွားသလို လူငယ်တစ်ယောက်၏ သွေးသားများ အရှိန်ပြင်းစွာ ဆူပွက် စီးဆင်းလာတော့သည်။

ရမ္မက်တစ်ခုကို မျှော်လင့်နေသော မေသက်ရှိန်ကလည်း ရုန်းကန်ခြင်းမပြုဘဲ ဒေါက်တာညိုထွန်းလတ်၏ တင်းကျပ်စွာ ပွေ့ဖက်ထားခြင်းကို ရင်တဖိုဖို အသည်းတလှပ်လှပ် ကတုန် ကယင် ဖြစ်နေပေသည်။

နွေးထွေးသောအနမ်းလေးက ပါးပြင်သို့ နှုးညံ့သိမ်မွေ့





စွာ တရှိုက်မက်မက် ထိတွေ့ခြင်းကို ခံစားလိုက်ရသည်။ မေသက်ရှိန် တစ်ကိုယ်လုံး ဘယ်လိုဖြစ်သွားသည် မသိ။ တစ်ခါဖူးမျှ ခံစားဖူးသော အပျိုလေးတစ်ယောက်၏ ပထမဦးဆုံး ရင်ခုန်ရသည့် ခံစားမှုအသစ်အဆန်း ဖြစ်သည်။

ပန်းပွင့်လေးပေါ်သို့ ချိုမြိန်သော ဝတ်ရည်များ စီးကျသလို သူမ၏ နှုတ်ခမ်းလေးများလည်း နွေးထွေးရှိန်းမြစွာ ခံစားလိုက်ရသည်။

စိမ်းမြသော သစ်ခက်များကြားမှ ငှက်ကလေးများပင် ကြည့်ရဲတော့သလို ရှက်ရှက်နှင့် ထပြန်သွားကြသည်။ နှစ်ဦးလုံး ရင်ခုန်လိုက်မောစွာ တစ်သားတည်းဖြစ်သွားကြသည်။ အတန်ကြာမှ မောပန်းနွမ်းနယ်သံသဲ့သဲ့လေးနှင့် မေသက်ရှိန် အသံတိုးတိုးလေးက တုန်တုန်ယင်ယင် ထွက်ပေါ်လာသည်။

'မေသက် ကိုလတ်ကို တအားချစ်တာပဲ'

ဒေါက်တာညိုထွန်းလတ်၏တစ်ကိုယ်လုံး အသွေးအသားများ ပြေးလွှားတုန်ယင် လိုက်မောလျက်ရှိသည်။

'ကိုလတ်ကလည်း မေသက်ကို ကိုလတ်ရဲ့ အသက်ထက်သာဥ်ကပါ ချစ်ပါတယ်'

ဟုဆိုလိုက်သည်။ အားမလိုအားမရနှင့် ပြန်လည်ပွေ့ဖက်နမ်းလိုက်ကြပြန်သည်။ တောင်ကုန်းလေးပေါ်သို့ မိန်းကလေးတစ်စု တက်လာသည်ကို မြင်တွေ့လိုက်ရသောကြောင့် လူချင်းခွာလိုက်ကြသည်။ ဖရိုဖရဲဖြစ်နေသော အဝတ်အစားများကို သပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



သချာအောင် ပြန်လည်ပြုပြင်ရင်း တောင်ကုန်းလေးပေါ်မှ ဆင်း
လာခဲ့ကြသည်။

'ဘစ်ခုခုစားရအောင်'

အတန်ကြာအောင်လျှောက်လာခဲ့ကြပြီး ပန်းခြံကလေး
များအတွင်းတွင် ဖွင့်ထားသော စားသောက်ဆိုင်လေးအတွင်း
သို့ လက်တွဲမဖြုတ်ဘဲ ဝင်လာခဲ့ကြသည်။

လက်ဖက်ရည်နှင့် မုန့်များ စားသောက်ပြီး တစ်နာရီ
ကျော်ကျော် ထိုင်နေမိကြသည်။ တစ်ဦးနှင့်တစ်ဦး စကားမပြော
မိကြ။ မျက်နှာချင်းဆိုင်လျက် ကြည်နူးစွာ ကြည့်နေမိကြပြီး
စောစောက ရင်ခုန်ဖွယ်၊ ချစ်ကြည်နူးဖွယ် မြင်ကွင်းများကို
ပြန်လည်တွေးတော မြင်ယောင်နေမိကြသည်။

ညိုထွန်းလတ် ပေါင်ပေါ်သို့ နွေးထွေးသော မေသက်ရှိန်
လက်ကလေး ကျလာသည်။ ညိုထွန်းလတ်ကလည်း သူ
လက်ကလေးအား ဖြည်းညင်းစွာ ပွတ်သပ်ဆုပ်ကိုင်လိုက်သည်။

'ဒီနေ့ကတော့ တောင်ပေါ်မြို့ကလေးမှာ မေသက်ဟာ
အပျော်ဆုံးမိန်းကလေး ဖြစ်သွားပြီ'

'ကိုလတ်ကလည်း တောင်ပေါ်မြို့လေးမှာ ကံအကောင်း
ဆုံး လူတစ်ယောက်ပဲ၊ ကံကောင်းလွန်းအားကြီးတော့ ကြောက်
တောင် ကြောက်လာမိတယ်'

'ကိုလတ်က ဘာကိုကြောက်တာလဲ'

'သြော်··· မေသက်ရယ်၊ မေသက်ရဲ့စွဲငြိစရာကောင်း





တဲ့ အနမ်းတွေဟာ ကိုလတ်ရဲ့ လုံးဝမတန်ဘူးလို့ ထင်နေမိတယ်၊
မေသက်ကို မြတ်မြတ်နိုးနိုး ချစ်မိတာကလည်း အခွင့်အရေးယူ
သလိုဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်မရအောင် ဖြစ်ရတယ်'

ညိုထွန်းလတ်က ညည်းညည်းညူညူ ပြောလိုက်သည်။
ထိုစကားကိုကြားလိုက်ရသော မေသက်ရှိန်က ချစ်စဖွယ်ကောင်း
သော အမူအရာလေးနှင့် လှပစွာ ရယ်လိုက်သည်။

'ကိုလတ် ဘာဖြစ်နေတာလဲ၊ ဘာမှ ခွင့်လွှတ်စရာ မလို
ဘူး၊ မေသက် ရင်ထဲကအတိုင်း ပြောမယ်၊ ကိုလတ် စောစောက
နမ်းခဲ့တာကို မေသက် သဘောကျတယ်၊ မေသက်ကိုယ်တိုင်က
ကိုလတ်ရဲ့ အနမ်းတွေကို လိုလိုလားလား စောင့်မျှော်ခဲ့တာပါ၊
ဟောဒီ တောင်ပေါ်မြို့လေးမှာ ကိုလတ်ဟာ အချောဆုံးလူငယ်
တစ်ယောက်၊ ပညာတတ်တယ်၊ ဆရာဝန် ဖြစ်တယ်၊ မိန်းမချော
လေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက ကိုလတ်အချစ်ကို မေသက်
ရခဲ့တယ်၊ မေသက်ကလည်း ကိုလတ်ကို တအားချစ်တယ်၊
ဘာပြုရမှာလဲ၊ ကိုလတ်အနမ်းတွေဟာ ဘာပြုလို့ မတန်ဘူးဖြစ်ရ
တာလဲ၊ ထိုက်တန်တယ်'

မေသက်ရှိန်က ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်သည်။

'ကိုလတ်က ကောင်းတဲ့သူ မဟုတ်ဘူး၊ လူလိမ်လူညာ၊
အယောင်ဆောင်ထားတဲ့ သူတစ်ယောက်ဆိုရင် မေသက် ဘယ်လို
ပြောမလဲ'

www.burmeseclassic.com



မေသက်က သဘောကျစွာ လက်ခုပ်လက်ဝါးတီးလျက် ရယ်မောလိုက်သည်။

'ကိုလတ်က ပြောရောမယ်၊ မဟုတ်တာတွေ မပြောပါနဲ့'

ပြောပြောဆိုဆို မေသက်ရှိန်သည် ညိုထွန်းလတ်၏ လက်ကလေးများကို ဆွဲယူပြီး သူမ ရင်အုံပေါ်သို့ ဖိတင်ထားခိုင်းလိုက်သည်။

'ကြားလား ကိုလတ်၊ မေသက် ရင်ထဲ အသည်းထဲက ကိုလတ်ကို ချစ်တယ်၊ ချစ်တယ်လို့ ပြောနေတာ ကြားတယ် မဟုတ်လား'

မေသက်ရှိန် ရင်အုံလေးများက ပုစွန်ဆိတ်ခုန်သလို တဆတ်ဆတ် ခုန်လျက်ရှိသည်။ မေသက်ရှိန်အနေနှင့် ညိုထွန်းလတ်သည် သူမအား အချစ်ကြီး ချစ်နေသောကြောင့် သူ့ကိုယ်သူ နှိမ့်ချ ပြောလိုက်သည်ဟု အထင်ရောက်သွားသည်။ အမှန်အားဖြင့် ညိုထွန်းလတ် စိတ်ထဲမှ တကယ်ဖြစ်ပျက်နေသည်ကို မေသက်ရှိန် မသိရှာပေ။

လိပ်ပြာနတ်နန်း သဘာဝရေတံခွန်မှ ပြန်လာခဲ့ကြပြီး မေသက်ရှိန်အား အိမ်အရောက် လိုက်ပို့ခဲ့သည်။ အိမ်သို့ပြန်ရောက်သောအခါ မေသက်ရှိန်သည် အဘွားဖြစ်သူ ဒေါ်မေသက်ထား အနီးသို့ ကပ်၍ တိုးတိုးလေး ပြောလိုက်သည်။ ဒေါ်မေသက်ထား မျက်နှာသည်လည်း ထူးခြားစွာ ရွှင်ပျသွားသည်။

ဒေါက်တာ ညိုထွန်းလတ်အား လှမ်းကြည့်ရင်း…





'ကိုမင်းညိုတူကလည်း သူ့ဦးလေးအတိုင်းပါပဲ၊ အန်တီ ဆွေကျေနပ်နပ်နဲ့ သဘောတူခွင့်ပြုပါတယ်'

မေသက်ရှိန်က သူ့အဘွားအား တိုးတိုးကပ်ပြီး ဘာတွေ ပြောလိုက်သည် မသိ။ ဒေါ်မေသက်ထား ပြောစကားများကြောင့် ညိုထွန်းလတ်သည် လူငယ်စိတ်ဖြင့် ရှက်ရွံ့သွားမိသည်။

'ကျွန်တော် ပြန်လိုက်ပါဦးမယ်'

ဟု အမြန်ပြောပြီး အိမ်ပြင်သို့ထွက်ခဲ့သည်။ မေသက်ရှိန်ကလည်း နောက်မှကပ်၍ လိုက်လာသည်။ ခြံဝသို့ရောက်ချင် ညိုထွန်းလတ် လက်ကို ဖမ်းဆွဲလျက်…

'မိုးတောင် အတော်ချုပ်သွားပြီ၊ ကိုလတ် ပြန်တော့နော်၊ မေသက်ရဲ့ အချစ်ကို ယုံပါ၊ ကိုလတ်အပေါ် မေသက် ချစ်တဲ့ အချစ်ဟာ ရာသက်ပန် ရိုးမြေကျအချစ်ပါ'

ညိုထွန်းလတ်သည် မေသက်ရှိန် ကိုယ်လုံးအိအိလေးကို ဆွဲပွေ့လိုက်သည်။ နုထွေးသော မေသက်ရှိန် ပါးပြင်ပေါ်သို့ ကျလာသော အနမ်းများကား မနွေးထွေးတော့ဘဲ အေးစက်စက်ကြီး ဖြစ်သွားသည်။

'ကိုလတ်ဟာ မေသက်နဲ့ မတန်ပါဘူးကွယ်'

ဟု တစ်လုံးချင်း ပြောဆိုကာ ကျောခိုင်းလှည့်ထွက်သွားသည်။ ထိုညအဖို့ ဒေါက်တာညိုထွန်းလတ်သည် သူ၏ ခေတ်ခွ ခန်းထဲတွင် ထိုင်ရင်း အသိဉာဏ်နှင့် စိတ်ဆန္ဒများ သူတစ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဘိုယ်တစ်ပြန် နပန်းလုံးလျက် စိတ်ဆင်းရဲခြင်းဒဏ်ကို အကြီးအကျယ် ခံစားနေရပေတော့သည်။

ဒေါ်မေသက်ထားကိုယ်တိုင် သဘောတူလျက် ဆရာဝန်ဒေါက်တာညိုထွန်းလတ်နှင့် မေသက်ရှိန်တို့ စေ့စပ်လိုက်ကြသည့်သတင်းသည် တောင်ပေါ်မြို့လေးတွင် ပျံ့နှံ့သွားသည်။ ခင်မင်ရင်းနှီးသော ရှေ့နေ ဘုန်းသက်ပိုင်နှင့် အပေါင်းအသင်းများက ညိုထွန်းလတ်အား ကံကောင်းသူတစ်ဦးဟု ဝိုင်းဝန်း ချီးကျူးရင်း ဘီယာဆိုင်တွင် ဂုဏ်ပြုအရက်ဝိုင်းဖွဲ့ကာ စားသောက်ကြသည်။

တစ်ဖက်စားပွဲဝိုင်းတွင် ဘီယာသောက်လျက် ညိုထွန်းလတ်ပေါ်တွင် မနာလိုဝန်တိုစိတ်များ ပြင်းစွာထွက်နေသော လူငယ်တစ်ယောက်သည် မျက်စောင်းတခဲခဲနှင့် ကြည့်လျက်ရှိသည်။

ထိုလူငယ်ကား မေသက်ရှိန်အချစ်ကို မျှော်လင့်တကြီးစောင့်စားနေသော ဘဏ်အရာရှိလေး အောင်ခန့် ဖြစ်သည်။ အစပထမ၌ မေသက်ရှိန်သည် အောင်ခန့်အပေါ် အတော်လေးအရေးပေး ဆက်ဆံခဲ့သည်။

ယခုတော့ သူ့အား စွန့်ပယ်ပြီး ဒေါက်တာညိုထွန်းလတ်နှင့် လက်ထပ်ပေါင်းသင်းတော့မည်ဆိုသောအခါ အသည်းကွဲခတ်သလို ဖျတ်ဖျတ်လူး ခံစားလိုက်ရသည်။ သူနှင့် မေသက်ရှိန်တို့သည် တောင်ပေါ်မြို့လေးတွင် တွေ့ဆုံရင်းနှီးခဲ့သည့် သက်တမ်းမှာ ကြာခဲ့ပြီ။





ညိုထွန်းလတ်မှာ နောက်မှပေါက်သော ရွှေကြာပင်ဖြစ်သည်။ မနေ့တစ်နေ့ကမှ ဘွားခနဲပေါ်လာသော လူစိမ်းတစ်ယောက်အား မေတ္တာမျှလိုက်သော အောင်ခန့်အဖို့ အသည်းနာစရာမကောင်းဘဲ မနေနိုင်တော့ပေ။

အောင်ခန့်သည် ဘီယာခွက်အား စားပွဲပေါ်သို့ ဒုန်းခနဲဆောင့်ချလိုက်သည်။

'အလကားကောင် … ကြည့်လိုက်ရင် ငိုင်တိငိုင်တိုင်နဲ့၊ ဘာဆရာဝန်လဲ၊ တိတ်တိတ်ပုန်း လူသတ်လာသလိုပုံစံနဲ့၊ ငါ့လက်ထဲက မေသက်ရှိန်ကို လုယူသွားတာ တော်တော်ခံပြင်းဖို့ကောင်းတယ်'

'ခံပြင်းမနေပါနဲ့ သူငယ်ချင်းရာ၊ အချစ်ဝေဒနာကို မင်းပဲအရင်တုန်းက ဘီယာနဲ့ ကုစားရတယ်ဆို၊ မိန်းမဆိုတာ ဒီပုတ်ထဲက ဒီပဲ၊ ဒါပါပဲ၊ ဘာမှမထူးခြားပါဘူး၊ မေသက်ရှိန် မရတော့လည်း မေသက်ရှိန်လိုမိန်းမတွေ တပုံကြီးပဲ၊ စင်ပေါ်ကချာတိတ်မလေးတွေ တွေ့လား၊ မေသက်ရှိန်ထက်တောင်လှတယ်၊ တောင့်တယ်၊ ဖြောင့်တယ်၊ စိတ်ထိန်း … စိတ်ထိန်း အောင်ခန့်၊ ခဏနေဦး … ငါ ပန်းကုံးတက်စွပ်လိုက်ဦးမယ်'

အောင်ခန့် သူငယ်ချင်းများ ဝိုင်းဝန်းဖြောင်းဖျကြသည်။ အောင်ခန့် ဒေါသထွက်ပြီး ပြောလိုက်သည့်စကားများကို ညိုထွန်းလတ် ကြားလိုက်ရသည်။

သူ့စိတ်ထဲတွင် အတိတ်ဟောင်း ယေဘုယျ ရုန့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ရှိ စားသောက်ဆိုင်ကြီးတစ်ခုတွင် ရဲရင့်ရှိန်နှင့် ပြဿနာဖြစ်ခဲ့သည်ကို ပြန်လည်မြင်ယောင် တွေးမိလိုက်သည်။

ဟိုတုန်းကလိုသာလျှင် ပေါက်ကွဲပွက်ဆူလာသော ဒေါသစိတ်များနှင့် အောင်ခန့်အား ပြေးထိုးလိုက်မည်လား မသိပေ။

ယခုတော့ လူငယ်တစ်ယောက် ခန္ဓာကိုယ်နှင့် အဘိုးကြီးစိတ် ဖြစ်နေသောကြောင့် အေးအေးဆေးဆေးပင် ကြည့်နေလိုက်သည်။

ဒီနေ့ ပွဲက မေသက်ရှိန်၏ အချစ်ပန်းကို ပိုင်ပိုင်နိုင်နိုင် ဆွတ်ခူးဆင်မြန်းခွင့်ရသူ၊ အောင်ပွဲရသူ။ အောင်ခန့်က ရှုံးနိမ့်သူ။ သူဟာသူ ပေါက်ကွဲရုံမက သေအောင် အဆိပ်သောက်သော်လည်း သူနှင့် ဘာမှမဆိုင်။ စင်ပေါ်ကနေ လက်ပိုက်ကြည့်နေရုံပဲဖြစ်သည်။

ထိုနေ့ည ဘီယာဆိုင်မှစတင်ပြီး အောင်ခန့်သည် ဒေါက်တာညို့ထွန်းလတ်အပေါ်တွင် အငြိုးတကြီး ငြိုးကာ အမုန်းကြီးမုန်းခဲ့ပေတော့သည်။

သဝန်တိုစိတ်များနှင့် ညို့ထွန်းလတ်အပေါ် အနိုင်ယူနိုင်ရန် မကောင်းသောအချက်အလက်များကို စတင်ရှာဖွေသလိုဖြစ်သွားသည်။

▢ ▢ ▢



## ဆရာဝန်ယောင်ဆောင်ထားသော လူသတ်ကောင်

အောင်ခန့် ပြန်စဉ်းစားကြည့်သည်။

တောင်ပေါ်မြို့ကလေးသို့ ဒေါက်တာညို့ထွန်းလတ်ဘယ်လိုနည်းနှင့် ရောက်လာခဲ့သနည်း။ ဟုတ်ပြီ။ ဆရာဝန်ကြီးဦးမင်းညို၏ တူတော်သူတစ်ယောက်အဖြစ် ရောက်ရှိလာသည်။

အောင်ခန့် စိတ်ထဲတွင် သဝန်တိုစိတ်က လှုံ့ဆော်သဖြင့်မသင်္ကာစိတ်များက ပိုမိုပြင်းထန်လာသည်။ ဒေါက်တာညို့ထွန်းလတ်အကြောင်းများကို ထပ်တလဲလဲ စဉ်းစားကြည့်သည်။

တောင်ပေါ်မြို့လေးသို့ ရောက်ကာစတွင် ဆရာဝန်ကြီးဦးမင်းညို ချက်လက်မှတ်နှင့် ဘဏ်တွင် ငွေလာထုတ်ကြောင်းပြန်သတိရလိုက်သည်။

ဘဏ်တွင် ငွေသွင်းငွေထုတ် စာရင်းများကို ပြန်လည်လှန်လှောရှာဖွေကြည့်လိုက်ရာ ငွေထုတ်သည့် နေ့စွဲကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အုံအားသင့်သွားသည်။ ဆရာဝန်ကြီး ဦးမင်းညို သေဆုံးသော နေ့စွဲနှင့် ဘဏ်တွင် ငွေလာထုတ်ခဲ့ခြင်းဖြစ်သည်။

မသင်္ကာဖွယ်ကောင်းသော အချက်တစ်ခုကို တွေ့လိုက်ရသည်။ ဆရာဝန်ကြီး ဦးမင်းညို သေပြီးကာမှ လက်မှတ်လိမ်ထိုးပြီး ထုတ်ယူသော ချက်လက်မှတ်လည်း ဖြစ်နိုင်ပေသည်။

အသေအချာသိလိုက်ရလျှင် ကောင်းမည်ဟု အောင်ခန့် တွေးမိသည်။

နောက်တစ်နေ့တွင် အောင်ခန့်သည် ဆေးရုံကြီးသို့သွားရောက်၍ ဆရာဝန်ကြီး ဦးမင်းညိုနှင့် လွန်စွာမှ ခင်မင်ရင်းနှီးသော ဆရာဝန်ကြီး ဦးသက်မင်းနှင့် သွားရောက်တွေ့ဆုံကာ လေ့လာ စုံစမ်းကြည့်ပြန်သည်။

'ဒါနဲ့ ခင်ဗျာ၊ ဆရာကြီးရဲ့ သူငယ်ချင်း ဆရာဝန်ကြီး ဦးမင်းညိုဟာ ဘယ်အချိန်မှာ သေ၊ အဲ… အဲ… အနိစ္စရောက်တယ်ဆိုတာ သိပါသလား ခင်ဗျာ'

ဟု မေးလိုက်သည်။ ဆရာဝန်ကြီး ဦးသက်မင်းသည် မျက်မှန်ပေါ်မှကျော်၍ အောင်ခန့်အား ကြည့်လိုက်သည်။

'နေစမ်းပါဦး… ငါ့သူငယ်ချင်း ကွယ်လွန်အနိစ္စရောက်တဲ့ကိစ္စက မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ဦးသက်မင်းက မယုံသင်္ကာနှင့် ပြန်မေးလိုက်သည်။

'ဆရာဝန်ကြီး ဦးမင်းညိုဟာ ကျွန်တော် အင်မတန်





လေးစားတဲ့ ဆရာဝန်ကြီးပါ၊ ကျွန်တော့်မိခင်ရဲ့ နှလုံးရောဂါကို ပျောက်ကင်းအောင် ကုသပေးခဲ့တဲ့ ကျေးဇူးရှင်ဆရာကြီးပါ၊ တချို့ကပြောတော့ မွန်းလွဲမှာ အနိစ္စရောက်တယ်လို့ ပြောကြပါတယ်၊ ကျွန်တော့်စိတ်အထင်တော့ ကျွန်တော့်ကျေးဇူးရှင် ဆရာဝန်ကြီးဟာ အဲဒီအချိန်ထက်စောပြီး အနိစ္စရောက်တယ်လို့ ထင်နေပါတယ်၊ နောက်ပြီး ဆရာဝန်ကြီး ကွယ်လွန်တဲ့သတင်းကိုသာ ကြားလိုက်ရပြီး ဆရာကြီးရဲ့ ဈာပနကတော့ တိမ်တိမ်မြုပ်မြုပ်နဲ့ ဘယ်သူမှ မသိလိုက်ရတာကို စိတ်ဝင်စားပြီး မရှင်းလို့ လာမေးကြည့်တာပါ'

'ဆယ့်ငါးရက်နေ့ ၁၀ နာရီမှာ အနိစ္စရောက်တယ်လို့ ငါ့သူငယ်ချင်းတူက လာပြောတယ်၊ သူကလည်း သူ့ဦးလေးခြေရာကို ကောင်းကောင်းနင်းနိုင်တယ်၊ ဉာဏ်ကြွေသိက္ခာရှိပြီး လူရည်သန့်ဆရာဝန်လေးတစ်ယောက်ပဲ'

'ကျေးဇူးတင်ပါတယ် ဆရာကြီး၊ အခုလိုသိရတာ များစွာ ကျေးဇူးတင်ပါတယ်'

အောင်ခန့်သည် ဆရာဝန်ကြီးဦးသက်မင်းအား နှုတ်ဆက်ပြီး ပြန်ထွက်ခဲ့သည်။ ဆရာဝန်ကြီး ဦးသက်မင်းအနေနှင့် သြော်… ငါ့သူငယ်ချင်း မင်းညို ထူးချွန်ထက်မြက်တဲ့ ဆရာဝန်ကြီးဆိုတော့ ကွယ်လွန်အနိစ္စရောက်ပြီးတာတောင် သူ့ကျေးဇူးရှိတဲ့သူတွေက မမေ့နိုင်ကြသေးပါလား။ သူ့အကြောင်းကို စိတ်ဝင်တစား ရှိနေကြပါသေးလားဟု တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သဝန်တိုစိတ်နှင့်ပြဿနာရှာရန် ညိုထွန်းလတ်အကြောင်းကို အစရှာစုံစမ်းနေသော အောင်ခန့် လုပ်ရပ်များကို ဒေါက်တာညိုထွန်းလတ် သိရှိခြင်းမရှိပေ။ မေသက်ရှိန်ကို မရသောကြောင့်သာ အောင်ခန့်သည် သူ့အပေါ် မကျေမနပ်ဖြစ်သွားသည်ဟုသာ ရိုးရိုးလေး ထင်မြင်ယူဆထားသည်။

၁၅ ရက်နေ့ နံနက် ၁၁ နာရီတွင် ဒေါက်တာညိုထွန်းလတ်သည် မိမိတို့ဘဏ်တွင် ဆရာဝန်ကြီးဦးမင်းညို လက်မှတ်ပါသော ချက်လက်မှတ်နှင့် ငွေလာထုတ်သွားကြောင်းသိလိုက်ရသည်။

ဆရာဝန်ကြီး ဦးသက်မင်း ပြောစကားအရ ဦးမင်းညို ကွယ်လွန်ချိန်မှာ မနက်ပိုင်း ၁၀ နာရီတွင် ကွယ်လွန်သည်ဟု ပြောခဲ့သည်။ ကွယ်လွန်ပြီးပြီးချင်း ချက်ချင်းငွေလာထုတ်သော ကိစ္စမှာ စဉ်းစားစရာဖြစ်နေသည်။ မသင်္ကာစရာလည်း ကောင်းနေသည်။

အောင်ခန့်သည် ထိုကိစ္စနှင့်ပတ်သက်၍ ဘဏ်မန်နေဂျာအား ညိုထွန်းလတ်သည် ဦးလေးဖြစ်သူ၏ ချက်လက်မှတ်စာအုပ်ကိုယူကာ ဦးလေးလက်မှတ်အတုထိုးကာ ငွေလိမ်ထုတ်ခြင်းဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု အတွင်းစကားပြောကြားရင်း သတိပေးလိုက်သည်။

ချက်လက်မှတ်ကို လိမ်ထုတ်သည်ဆိုသောကိစ္စမှ အစပြု၍ ညိုထွန်းလတ်အပေါ် အပြစ်ထပ်ရှာပြန်သည်။





ယခုအချိန်တွင် ညိုထွန်းလတ်သည် ဦးမင်းညို ပိုင်ဆိုင်သော ပစ္စည်းများအားလုံးကို သူတစ်ယောက်တည်း ရရှိထားသည်။ ဦးမင်းညို မကွယ်လွန်ခင်က ရေးသားထားခဲ့သည်ဆိုသော စာချုပ်စာတမ်းများကို ပြန်စဉ်းစားကြည့်မိသည်။ အကယ်၍ ညိုထွန်းလတ်သည် ဦးလေးလက်ရေးနှင့်တူအောင် ရေးသားနိုင်ပြီး ရှိသမျှပစ္စည်းအားလုံး သူ့အား လွှဲပြောင်းပေးခဲ့ပါသည်ဟု စာချုပ်အတု ရေးသားလျှင်ရော ဖြစ်နိုင်ပေသည်။

ညိုထွန်းလတ်ကို ကြည့်ရသည်မှာ ငိုင်တိငိုင်တိုင် ဒေးတိဒေးကြောင်နှင့် နေတတ်သူဖြစ်သည်။ ညိုထွန်းလတ်သည် သူကျူးလွန်ခဲ့သော စာချုပ်အတုအလိမ်များကို ရေးသားမိသောကြောင့် မလုံမလဲဖြစ်ကာ ပျော်ရွှင်တက်ကြွမှုမရှိဘဲ ဒေးကြောင်ကြောင် ဖြစ်နေသည်မှာလည်း ဖြစ်နိုင်ချေရှိသည် စသဖြင့် အောင်ခန့် တွေးစပြုလာသည်။

မသင်္ကာစရာကောင်းသည့် အချက်များကို တွေ့လာရသည်။ ပထမအချက်မှာ ဦးမင်းညို သေဆုံးပြီးပြီးချင်း ချက်လက်မှတ်ဖြင့် ငွေလာရောက်ထုတ်ခြင်း၊ ဒုတိယအချက်မှာ ပစ္စည်းဥစ္စာများ လွှဲပြောင်းပေးခဲ့ခြင်းကို စာချုပ်အတုတွင် လိမ်လည်ရေးသားခြင်းများ ဖြစ်နေမလား။ အောင်ခန့်စိတ်ထဲတွင် သိလိုစိတ်များ ပိုများလာသလို ရှေ့ဆက်စုံစမ်းလေ့လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ခန့်သည် တရားရုံးသို့သွားရောက်ပြီး သူနှင့်ရင်းနှီးသော ရှေ့နေစာရေးလေးတစ်ယောက်ထံတွင် ဆရာဝန်ကြီး ဦးမင်းညို၏ သူပိုင်ပစ္စည်းများ လွှဲပြောင်းပေးအပ်ကြောင်း စာချုပ်နှင့်ပတ်သက်ပြီး စုံစမ်းမေးမြန်းကြည့်သည်။ ရှေ့နေ စာရေးလေးပြောပြချက်အရ ဆရာဝန်ကြီး ဦးမင်းညို၏ သူပိုင်ပစ္စည်းများလွှဲပြောင်းပေးအပ်ကြောင်း စာချုပ်တွင် ဦးမင်းညိုလက်မှတ် အခိုင်အမာပါရှိသော်လည်း အစပထမ၌ အသိသက်သေလက်မှတ်မပါရှိကြောင်း၊ သို့သော် စာချုပ်တွင် လက်မှတ်ထိုးထားသောလက်မှတ်မှာ ဦးမင်းညိုနှင့် အရင်းနှီးဆုံး ဆေးကျောင်းအတူတူတက်ခဲ့သော ဆရာဝန်ကြီး ဦးသက်မင်းကိုယ်တိုင် ဦးမင်းညိုလက်မှတ်အစစ်ဟု သက်သေခံသောကြောင့် ထိုစာချုပ်မှာ အတည်ဖြစ်ခဲ့ကြောင်း သိလိုက်ရသည်။

အောင်ခန့်အနေနှင့် ပစ္စည်းများလွှဲပြောင်းပေးအပ်ကြောင်း စာချုပ်စာတမ်းအား စိတ်ဝင်စားသွားသည်။ စာချုပ်ထဲတွင် ဆရာဝန်ကြီး ဦးမင်းညို မကွယ်လွန်မီညက ရက်စွဲထိုးထားရာအားလုံးကို ခြုံကြည့်လိုက်လျှင် စာချုပ်မှာလည်း အစစ်ဖြစ်ချင်မှ ဖြစ်မည်။ အတုလည်း ဖြစ်နိုင်သည်။

ဒေါက်တာ ညိုထွန်းလတ်ကိုယ်တိုင် ရေးသားခြင်း မဖြစ်နိုင်ဘူးလား အောင်ခန့် စဉ်းစားမိသည်။

ညိုထွန်းလတ် လက်ရေးအား စိစစ်ကြည့်လျှင် သိနိုင်





ပေသည်။ အောင်ခန့်အနေနှင့် ခက်ခက်ခဲခဲ ရှာဖွေရသည်တော့မဟုတ်ပေ။

ဘဏ်အရာရှိတစ်ဦးဖြစ်သောကြောင့် ဘဏ်မန်နေဂျာနှင့်အတူ ဖိုင်တွဲများကို ရှာကြည့်ကြသည်။ ညိုထွန်းလတ်သည် သူ့ဦးလေး ဦးမင်းညို၏ ငွေရေးကြေးရေး ကိစ္စအဝဝများကို ရှင်းလင်းပြီး၍ ကျန်ရှိသောငွေများကို သူ့နာမည်နှင့် စာရင်းပြောင်းထားသည့် စာများမှ လက်ရေးကို ကြည့်ရှုလိုက်သည်။

အောင်ခန့်နှင့် ဘဏ်မန်နေဂျာမှာ အံ့အားသင့်၍ နားမလည်နိုင်အောင် ဖြစ်သွားရသည်။ ညိုထွန်းလတ် လက်ရေးမှာ သေးသွယ်ရှင်းလင်းသော လက်ရေးများသည် ကွယ်လွန်သူ ဆရာဝန်ကြီး ဦးမင်းညို လက်ရေးနှင့် တစ်ထေရာတည်းတူညီနေပေသည်။

လက်မှတ်များကို နှိုင်းယှဉ်တိုက်ကြည့်ရာတွင်လည်း ဦးမင်းညိုလက်မှတ်နှင့် ညိုထွန်းလတ်လက်မှတ် နှစ်ခုစလုံးမှာ တစ်ပုံစံတည်း တူညီနေပေသည်။ လက်မှတ်နှစ်ခု တူညီနေခြင်းမှာလည်း တမင်လေ့ကျင့်ထားခြင်းမျိုး မဖြစ်နိုင်တော့ပေ။

သံသယဖြစ်ဖွယ်များက တစ်ခုပြီးတစ်ခု တွေ့ရှိလာရသည်။ လက်ရေးချင်း၊ လက်မှတ်ချင်း ခွဲမရအောင် တစ်ပုံစံတည်းဖြစ်နေခြင်းမှာ ညိုထွန်းလတ်သည် စာချုပ်စာတမ်းထဲတွင် သူ့ဘာသာသူရေး၍ ဦးလေးလက်မှတ်ကို တူညီအောင် ထိုးထားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ဟု နိုင်မာစွာယုံကြည်လိုက်သည်။ အောင်ခန့် တွေးတောချက်များသည် နိုင်မာမှန်ကန်ရမည်ဟုလည်း ယုံကြည်လက်ခံလိုက်သည်။

သို့သော် တစ်ခါတစ်ရံတွင် သူ့အနေနှင့် မေသက်ရှိန်မှ သူ့မေတ္တာကို ငြင်းပယ်ပြီး ညိုထွန်းလတ် ရင်ခွင်ထဲ ရောက်တော့မည်ဖြစ်သောကြောင့် သဝန်တိုစိတ်များနှင့် အတွေးခေါင်ခြင်း ဖြစ်မည်လားဟု ကိုယ့်ဘာသာကိုယ် ပြန်စဉ်းစားမိပြန်သည်။

သို့သော် ညိုထွန်းလတ်သည် စာချုပ်အတုဖြင့် လိမ်ညာသူတစ်ယောက်သာ ဖြစ်ရမည်ဟု နိုင်နိုင်မာမာ ယုံကြည်ထားလိုက်သည်။

ဆရာဝန်ကြီး ဦးမင်းညို မကွယ်လွန်ခင်က နောက်ဆုံးတွေ့လိုက်သူမှာ ဆရာဝန်ကြီး ဦးသက်မင်းဖြစ်သည်။ ဦးသက်မင်း ကြားသိရသော စကားမှာလည်း အောင်ခန့်အတွက် စိတ်ဝင်စားစရာ ဖြစ်ခဲ့သည်။ မကွယ်လွန်ခင် မန္တလေးသို့ဆင်းသွားပြီး နှစ်ပတ်ခန့်အနားယူမည်ဖြစ်ကြောင်း သိလိုက်ရသည်။

အောင်ခန့်အနေနှင့် ထိုနေ့မနက်က ကားဂိတ်တွင် ဦးမင်းညို မန္တလေးဆင်းသွားခြင်း ရှိ၊ မရှိနှင့် မန္တလေးတွင် နေထိုင်သော ဦးမင်းညိုမိတ်ဆွေ ဆေးပညာရှင် ဆရာဝန်များအား ဆက်သွယ်မေးမြန်း စုံစမ်းကြည့်သည်။

ထိုရက်က ဆရာဝန်ကြီး ဦးမင်းညို လာမည်ဆိုသော





နေ့ရက်များတွင် လုံးဝလာရောက်ခြင်းမရှိကြောင်း သိလိုက်ရသည်။

ထို့ကြောင့် ဦးမင်းညိုနှင့် လက်ရေးချင်းတူ၊ လက်မှတ်ချင်းတူအောင်ရေးထိုးနိုင်သော လူစိမ်းတစ်ယောက်သည် ဦးမင်းညို အကြောင်းကို သိရှိထားပြီး အဘိုးကြီးကိုသတ်၍ စာချုပ်များရေးကာ ပစ္စည်းများအားလုံးကို မောင်ပိုင်စီးခဲ့ခြင်း ဖြစ်မည်လောဟု တွေးမိသည်။

ထိုရက်များအဖို့ အောင်ခန့်သည် ညိုထွန်းလတ်အကြောင်းကို နောက်ကွယ်မှနေ၍ တိတ်တဆိတ် နည်းမျိုးစုံ စုံစမ်းထောက်လှမ်းလျက်ရှိသည်။ ညိုထွန်းလတ်ကိုယ်တိုင် သိရှိခြင်းမရှိပေ။

စုံစမ်းသိရှိရသော အချက်အလက်များကို အကွက်ကျကျ ဆက်စပ်တွေးကြည့်လေလေ အောင်ခန့် အတွေးများ မှန်ကန်လာလေ ဖြစ်သည်။

ညိုထွန်းလတ်သည် ဆရာဝန်ကြီး ဦးမင်းညိုအား လုပ်ကြံသတ်ဖြတ်သူဟု စဉ်းစားဖွယ်ရာ များစွာရှိသော်လည်း အောင်ခန့် စဉ်းစားမရသော အချက်တစ်ခုရှိနေသည်။

ဦးမင်းညို ပစ္စည်းများကို မသမာသောနည်းများနှင့် ရယူပိုင်ဆိုင်ထားသော ညိုထွန်းလတ်သည် ဦးမင်းညိုနှင့် ဘာကြောင့်များ ရုပ်ရည်ပုံပန်းသဏ္ဌာန်ချင်း တူညီနေသည်ကို စဉ်းစားရခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဦးသက်မင်းကဆိုလျှင် ညိုထွန်းလတ်သည် ဦးမင်းညို ငယ်စဉ်ကရုပ်ရည်နှင့် တစ်ထေရာတည်း ခွဲမရအောင် တူကြောင်း ပြောဆိုသည်။ ညိုထွန်းလတ်သည် ဦးမင်းညို၏ တိတ်တိတ်ပုန်းမွေးထားသော သားတစ်ယောက် ဖြစ်လေမလား။

လက်မထပ်ဘဲ မွေးထားသော သားဖြစ်ခြင်းကြောင့် တူ အဖြစ် မထင်မရှား ဇာတ်မြှုပ်ထားခဲ့သလား။

'ဟုတ်မှာပါပဲ၊ ဒါကြောင့် ဒီကောင်ဟာ ဦးမင်းညို့ အတော်တူတာ'

အောင်ခန့် အဆက်မပြတ် တွေးနေမိသည်။ တရားမဝင် မွေးထားသည့် သားတစ်ယောက်ဖြစ်သောကြောင့် ဖခင်ပစ္စည်းများ ကို လိုချင်၍ သတ်ဖြတ်ကာ စာချုပ်အတုများတွင် လက်မှတ်လိမ် ထိုးခြင်းဖြစ်ရမည်ဟု ဖြုန်းခနဲ အတွေးပေါ်လာပြန်သည်။

ယောကျ်ားပီသချောမောလှသော မျက်နှာနှင့် ခပ်ငိုင်ငိုင် နေတတ်သော စတိုင်လ်က မေသက်ရှိန် အချစ်ကို ဖမ်းစားထား နိုင်သည်လား။ ဘာပဲဖြစ်ဖြစ် ဒီကောင်သည် ရိုးသားသူမဟုတ်။ ဆရာဝန်ယောင်ဆောင်ထားသော လူသတ်ကောင်ဖြစ်ရပေမည်။

□ □ □

ထိုအချိန်တွင် ဒေါက်တာညိုထွန်းလတ်သည် ဘဏ် အရာရှိ အောင်ခန့်၏ လည်ပင်းကြိုးကွင်းစွပ်မည့် စုံစမ်းထောက်





ခ်းမှုများကို သိရှိရိပ်မိခြင်းမရှိသလို သူ့ဘဝ သူ့ပြဿနာ အချစ် ဒနာများနှင့် စိတ်ကျဉ်းကျပ်လျက်ရှိသည်။

ဒေါ်မေသက်ထားကလည်း မြေးမလေး မေသက်ရှိန် ဘဝ အေးချမ်းသာယာစေရန် ရည်ရွယ်ပြီး ဒေါက်တာညိုထွန်း လတ်နှင့် စေ့စပ်ထားခြင်းသတင်းကို တောင်ပေါ်မြို့နေလူများ အားလုံးလိုလို သိရှိနေကြသည်။ ညိုထွန်းလတ် ဘဝပေးအနေ ထားကလည်း ဆိုးလှသည်။

မေသက်ရှိန်နှင့် စေ့စပ်ကြောင်းလမ်းခြင်းအား စိတ်ထဲမှ ငြင်းဆန်နေမိသလို ပါးစပ်မှလည်း ထုတ်ဖော်မပြောရဲပေ။

ငြင်းဆန်ရန် အခက်တွေ့ ထွက်ပြေးဖို့ရန်လည်း မရဲ။ ချစ်စိတ်က အမျိုးမျိုးဖိစီးနှိပ်စက် မိမိဘဝအဖြစ်မှန်ကို လူများ သွားမည်ကို စိုးရိမ်ရသည်ကတစ်ကြောင်း စသည်ဖြင့် ဝေဒနာ ဆုံ ဖိစီးနှိပ်စက်ခြင်းကို အပြင်းအထန် လူးလှိမ့်ခံစားနေရပေ သည်။

မေသက်ရှိန် စိတ်ချမ်းသာမှုရရှိစေရန်အတွက် မိမိအသိ ဉ်အား အချစ်စိတ်က လွှမ်းမိုးသွားခဲ့သည်။ ဒေါ်မေသက်ထား ယ်တိုင် ချစ်ကဲ့ခေကာ လွဲခဲ့ရပြီး ယခုမှ ငယ်ဘဝ ချစ်သူ ာင်း တူဖြစ်သူနှင့် မြေးမလေးတို့ အချစ်ခရီးလမ်းတွက် နှပ်သဘောတူခဲ့သည်။ မကြာခင် လက်ထပ်ရမည်ဖြစ်သော ကြောင့် မေသက်ရှိန်သည်လည်း ကြည်နူးပျော်ရွှင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေသက်ထားနှင့် မေသက်ရှိန်တို့နှစ်ဦး၏ စိတ်ချမ်း သာမှုများ ပျောက်ပျက်သွားအောင် ညိုထွန်းလတ် မပြုမူရက်တော့ ပေ။

မေသက်ရှိန်သည် သူ့အဘွားလိုပင် နှလုံးသားဖြူစင်သူ ဖြစ်သည်။ ညိုထွန်းလတ်အပေါ်တွင်လည်း စွဲစွဲလမ်းလမ်း ချစ်မိသူ လေး ဖြစ်သည်။

နှစ်ယောက်ချင်းတွေ့ကြသည့်အချိန်မျိုးတွင် ညိုထွန်း လတ် ရင်ခွင်ထဲသို့ တိုးဝှေ့ကာ နူးညံ့အိထွေးသော သူမပါးလေးနှင့် ညိုထွန်းလတ် ပါးပြင်ကို ကပ်ထားတတ်သည်။ ညိုထွန်းလတ် လက်ကလေးများကို ကိုင်တွယ်ဆုပ်နယ်ရင်း မင်္ဂလာဆောင်ပြီး နေထိုင်ကြမည့် နှစ်ကိုယ်တူဘဝခရီးလမ်းများကို ကြည်နူးစွာ ပြောပြနေတတ်သည်။

'ကိုလတ်ရယ်... မင်္ဂလာဆောင်ပြီးရင် ကိုလတ်ဆီက ဆေးပညာတွေကို မေသက် နားလည်အောင် ကြိုးစားသင့်တယ် ပြီးတော့ ကိုလတ် ဓာတ်ခွဲခန်းထဲမှာ ကူညီပြီး လုပ်ပေးမယ် ချစ်တဲ့သူနှစ်ယောက် အလုပ်တွေ အတူတူလုပ်ကြရင် ဘယ် လောက်ပျော်စရာကောင်းမလဲနော်၊ အလုပ်တွေ ဘယ်လောက် ပင်ပန်းပင်ပန်း မောရပန်းရမှန်းတောင် သိမှာမဟုတ်တော့ဘူး ဟုတ်တယ်နော် ကိုလတ်'

'ဟုတ်ပါတယ် မေသက်ရယ်၊ မေသက် ဖြစ်ချင်တာမှ





အကုန်ဖြစ်ရမှာပေါ့၊ မေသက် ပျော်ရွှင်ကြည်နူးနေတာကို မြင်ရ ရင်ပဲ ကိုလတ်လည်း ပျော်ပါတယ်'

မေသက် စိတ်ချမ်းသာအောင် ပြောပြလိုက်ရသော်လည်း ညိုထွန်းလတ် စိတ်ထဲတွင် ဗလောင်ဆူလျက်ရှိသည်။ မေသက်ရှိန် က သူ့အပေါ်ထားသော ချစ်ခြင်းမေတ္တာများနှင့် သူ့စိတ်ထဲတွင် ဆပေါက်နေသော စိတ်ဆန္ဒများကို 'ရုပ်ပြောင်းခန္ဓာ' မှတ်တမ်း ထဲတွင် ဆရာဝန်ကြီး ဦးမင်းညို က အောက်ပါအတိုင်း ရေးသား ထားခဲ့သည်။

❒ ❒ ❒

အချစ်စစ် အချစ်မှန်တည်းဟူသော ချစ်ခြင်းမေတ္တာ အား ၁၉ နှစ်အရွယ် အပျိုစင်လေး တစ်ဦးထံမှ ရရှိသောအချိန်တွင် ကျွန်ုပ် မှာ ငြင်းဆန်ရန် အင်အားများ မရှိတော့ပေ။ ကျွန်ုပ်ဘဝတစ်လျှောက် လုံးတွင် အချစ်အား ဝေ်မွတ်၍ မွတ်သိပ်စွာ တောင့်တလာခဲ့ရသူဖြစ် သည်။

ယခုအခါ ကျွန်ုပ် ဘဝတစ်လျှောက်လုံး ပျောက်ဆုံးမွတ်သိပ် နေသော အချစ်သည် လွန်စွာမှ ချောမောလှပသော ငယ်ရွယ်နုပျိုသည့် အပျိုစင်လေး အသည်းနှလုံးမှ ယိုစိမ့်ကျလာကာ ဝေ်မွတ်နေသော ကျွန်ုပ် နှလုံးသားတွင် ကိန်းအောင်းလျက်ရှိနေပေပြီ။ မွန်းမြတ်သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သောအချစ်ကို ရရှိနေသည့် အခွင့်အခါတွင် ကျွန်ုပ်ကိုယ်တိုင် ချုပ်တည်းထား၍ မရတော့ပေ။

ငယ်ရွယ်နုပျိုစိုပြည်သောခန္ဓာကိုယ်နှင့် အဘိုးကြီးတစ်ယောက်စိတ် ပေါင်းစပ်နေသည့် ထူးဆန်းသော ကျွန်ုပ်မှာ မေသက်ရှိန်သွယ်ပျောင်းနုနယ်သော လက်ကလေးများနှင့် ဖက်တွယ်လိုက်သောအခါ မကြုံစဖူး ထူးကဲသော ပျော်ရွှင်သာယာမှုများသည် ကျွန်ုပ်တစ်ကိုယ်လုံး ဖိန့်ဖိန့်တုန်သွားအောင် ခံစားလိုက်ရပေသည်။

မွှတ်သိပ်ဆာလောင်နေသော ကျွန်ုပ် နှုတ်ခမ်းများသည် အချစ်ရည်စိုရွှန်းနေသော သူမ နှုတ်ခမ်းလေးများကို နမ်းရှိုက်သည့်အခါတွင်လည်း ကျွန်ုပ်တစ်ကိုယ်လုံး လေထဲတွင် လွင့်မျောသွားသကဲ့သို့ တငြိမ့်အေးအေး ခံစားလိုက်ရသည်။

ကျွန်ုပ်နှင့် မေသက်ရှိန်တို့သည် နောက်တစ်လခန့်အကြာတွင် မင်္ဂလာပွဲဆင်နွှဲရန် ရက်များကိုပင် သတ်မှတ်ထားပြီးဖြစ်သည်။ ကျွန်ုပ် ဘယ်လိုလုပ်ရပါမည်နည်း။ နုပျိုသော ကိုယ်ခန္ဓာနှင့် အဘိုးကြီးစိတ်ရှိနေသော ထူးဆန်းလှသည့် ကျွန်ုပ်မှာ ပကတိဖြူစင်သန့်ရှင်းနုပျိုသော မြေအာရှယ်ခန့်ဖြစ်သည့် မေသက်ရှိန်နှင့် ဘယ်လိုလုပ်လက်ထပ်ရပါမည်နည်း။

လက်ထပ်လိုက်မည်ဆိုပါက ကျွန်ုပ်သည် ပြစ်မှုကြီးတစ်ခုကိုကျူးလွန်သူတစ်ယောက် ဖြစ်သွားပေတော့မည်။ ထိုပြစ်မှုကြီး မကျူးလွန်အောင် ကျွန်ုပ် ဘယ်သို့ဆောင်ရွက်ရပါမည်နည်း။





မေသက်ရှိန်၏ နုပျိုတောင့်တင်း စိုပြည်သော ခန္ဓာကိုယ်၊ ချစ်စဖွယ် တယုတယ အထိအတွေ့၊ ညို့ငင်ဖမ်းစားမှုများမှ ဝေးကွာနေသောအချိန်များတွင် ကျွန်ုပ်ကိုယ်ကျွန်ုပ် ရိုးသားစွာဆန်းစစ်ကြည့်မိသည်။

လူငယ်လေးတစ်ယောက်လို နုပျိုသော ခန္ဓာကိုယ်အတုနှင့်အသက် ၇၀ ကျော် အဘိုးကြီး စိတ်ရှိနေသူ ကျွန်ုပ်သည် ငယ်ရွယ်နုပျိုသော အပျိုစင်မိန်းကလေးအား လက်ထပ်ရန် လုံးဝအခွင့်အရေးမရှိပေ။ တကယ်တမ်း လက်ထပ်လိုက်မည်ဆိုပါက လိမ်လည်ကောက်ကျစ်ယုတ်မာမှုသာ ဖြစ်ပေမည်။

ကျွန်ုပ်သည် အာယုသိဒ္ဓိ(ငယ်မူပြန် ရုပ်ပြောင်းခန္ဓာ) ဆေးရည်သောက်ပြီး ကျွန်ုပ် ရုပ်ရည်မှာ လူငယ်လေးတစ်ယောက် ဖြစ်သွားသည်။ ကိုယ်ခန္ဓာများ ပြောင်းလဲသွားသည်။ ကျွန်ုပ်အင်အား သွေးသားများမှာ ဖျတ်လတ်ကြံ့ခိုင်သန်စွမ်းလာသည်။ ထူးဆန်းသည်မှာကျွန်ုပ် အဘိုးကြီးဘဝက အတုတပ်ဆင်ထားသော သွားတုများမှာပြောင်းလဲမသွားပေ။ ကိုယ်ကာယပြောင်းလဲသွားသော်လည်း ကိုယ်ကာယနှင့် ဆက်စပ်မှုရှိသော သွားများမှာ အဘိုးကြီးဘဝကအတိုင်းသွားအတုများသာ ဖြစ်နေသည်။

ဖြူစင်ရိုးသားသော မေသက်ရှိန်ဆိုသည့် အပျိုစင်ကလေးသည် သူမ၏ ချစ်ခြင်းမေတ္တာနှင့် သူမတစ်ကိုယ်လုံးအား ကျွန်ုပ်အတွက် အပိုင်အပ်နှင်းထားရှာသည်။ ကျွန်ုပ်ကား မည်သူဖြစ်ပေသနည်း။ ကိုယ့်ဘဝ၏ လျှို့ဝှက်ချက်ကို ဖုံးကွယ်ထားသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် ရင်ခုန်အောင် ချစ်မိသလို ကျွန်ုပ်အပေါ်တွင်လည်း ရင်တဖိုဖို ချစ်ရှာသော မိန်းမပျိုလေးအား ကျွန်ုပ်ဘဝ၏ လျှို့ဝှက်ချက်ကို မည်ကဲ့သို့ ဖွင့်ပြောဝံ့ပါမည်နည်း။

နှစ်ပေါင်းများစွာ စမ်းသပ်ခဲ့သော အာယုသိဒ္ဓိ(ငယ်မူပြန်ရုပ်ပြောင်းခန္ဓာ) ဆေးရည်ကို ကျွန်ုပ်သောက်ခဲ့သည်မှာ အကြီးအကျယ်မှားယွင်းခဲ့ပြီဖြစ်သည်။ နောင်တလည်း ရမိသည်။ သဘာဝတရားကို လွန်ဆန်ခဲ့သည့် လူသားဘဝဖြစ်စဉ်အတိုင်း သေရမည်ကို ဆန့်ကျင်မိ၍ ဒုက္ခအကြီးအကျယ် ရောက်ရတော့သည်။

ကျွန်ုပ်သည် လွန်စွာမှ ရှုပ်ထွေးလျက်ရှိသည့် ဤမှတ်တမ်းကြီးကို ရေးနေစဉ်မှာပင် တောင်ပေါ်မြို့လေးမှ တိတ်တဆိတ်ထွက်ခွာသွားပြီး ဝေးလံသော အရပ်ဒေသတွင် ပုန်းအောင်းနေထိုင်ရန် စိတ်ကူးမိလိုက်သေးသည်။

ထိုသို့ လုပ်ဆောင်၍လည်း မဖြစ်ပေ။ ကျွန်ုပ်ထွက်ခွာသွားပါက ကျွန်ုပ် အချစ်ဆုံး မေသက်ရှိန်မှာ ရင်ကွဲ၍ ကျန်ရစ်ခဲ့ပေတော့မည်။

စိတ်မချမ်းမြေ့စွာ ရင်နာရသည်ထက် ဆိုးဝါးလှသော ကျွန်ုပ်ဘဝ လျှို့ဝှက်ချက်ကို တစ်နည်းနည်းနှင့် သိရှိသွားပါက ရင်ကျိုးကာ သည်ထက်မက နာကြည်းဆွေးမြည့်စရာများ ဖြစ်ပေတော့မည်။ ကျွန်ုပ် ချစ်ခြင်းမေတ္တာများကား စိတ်အင်အားများထက် အဆပေါင်းများစွာ ကြီးမားလျက်ရှိသည်။

ကျွန်ုပ်သည် အချစ်ဒဏ်ကို မခံမရပ်နိုင် ဖြစ်လာမိသည်။





မဖြစ်တော့။ ဘယ်လိုနည်းနှင့်မှ တောင်ပေါ်မြို့လေးတွင် နေထိုင်၍ မဖြစ်တော့ပေ။ ထို့ကြောင့်လည်း တောင်ပေါ်မြို့လေးမှ မနက်ဖြန်တွင် တိတ်တဆိတ်ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ် အသည်းနှင့်အောင် ချစ်သော မေသက်ရှိန်အား ပစ်ခွာ၍သွားရပေတော့မည်။ မသွားပါကလည်း ကျွန်ုပ်သည် သူရဲဘောကြောင်သော မုသားကောင်ကြီးသာ ဖြစ်ရပေတော့မည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းထဲကအလောင်း ဘယ်ရောက်သွားလဲ

နောက်တစ်နေ့သို့ ရောက်သောအခါ ဒေါက်တာညိုထွန်းလတ်သည် တောင်ပေါ်မြို့လေးမှ ထွက်ခွာသွားရန် မဖြစ်နိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် သူ့အိမ်သို့ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ မမျှော်လင့်ဘဲ ရုတ်တရက် ရောက်ရှိလာကြသည်။

ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်လူကြီးများပါ ပါလာကြသည်။

ညိုထွန်းလတ် အံ့ဩသွားမိသည်။

'ဒေါက်တာ့ဆီကို အခုလိုလာပြီး အနှောင့်အယှက်ပြုသလို ဖြစ်သွားရင်တော့ တောင်းပန်ပါတယ်၊ ကျွန်တော်တို့ရဲ့ ဝတ္တရားအတိုင်း ဆောင်ရွက်စရာလေးတွေ ရှိလို့ပါ၊ မေးစရာလေးတွေလည်း ရှိပါတယ်'

ညိုထွန်းလတ်အား မြင်တွေ့ပြီးနောက် စခန်းမှူးက ပြောလိုက်သည်။





'မေးပါ ခင်ဗျာ၊ မေးပါ၊ ကျွန်တော် သိသလောက်ပြောပြပါ့မယ်၊ ရဲအရာရှိကြီးများ ဘာကိစ္စကို သိချင်တာပါလဲ ခင်ဗျာ'

'ဪ… ဒါက ဒီလိုပါ၊ ဒေါက်တာရဲ့ဦးလေး ဆရာဝန်ကြီး ဦးမင်းညို အနိစ္စရောက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး တချို့ကစိတ်ထဲမှာ မရှင်းတာလေးတွေ ရှိနေလို့ပါ၊ အမှန်တော့ ဒီကိစ္စဟာ ခုလိုလာပြီးမေးဖို့ မလိုအပ်ပါဘူး၊ ဒါပေမဲ့လည်း ဝတ္တရားအတိုင်း ဆောင်ရွက်ရတာမို့လို့ စိတ်မရှိပါနဲ့ ဒေါက်တာ'

'ဟုတ်ကဲ့… စခန်းမှူးကြီးနဲ့ လူကြီးမင်းများ အိမ်ထဲကို ကြွကြပါ၊ အေးအေးဆေးဆေး မေးလို့ရပါတယ်'

စခန်းမှူး မေးသော မေးခွန်းများမှာလည်း ဘဏ်အရာရှိအောင်ခန့် တွေးထင်ယူဆထားသည့်အတိုင်း ညိုထွန်းလတ်သည် လူသတ်သမားဖြစ်သည်ဟု သံသယဖြစ်စေသော မေးခွန်းများသာ ဖြစ်သည်။ အောင်ခန့်အနေနှင့် စခန်းမှူးကြီးအား လက်တို့လိုက်ခြင်းကြောင့် ဖြစ်သည်။ မေးသော မေးခွန်းများမှာလည်း ညိုထွန်းလတ်အနေနှင့် အဖြေရခက်သော မေးခွန်းများသာ ဖြစ်သည်။

ညိုထွန်းလတ်အနေနှင့် တတ်နိုင်သမျှ ကြိုးစားဖြေသော်လည်း စခန်းမှူးမှ ကျေနပ်ခြင်းမရှိပေ။ နှစ်နာရီခန့် မေးမြန်းပြီးသောအခါ စခန်းမှူးသည် သူ ရေးမှတ်နေသော မှတ်စုစာအုပ်ကို ပိတ်လိုက်သည်။

'ကဲ… ဒီတော့ ဒေါက်တာ၊ ကျွန်တော်တို့ ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ရမည့် တာဝန်တွေ ဖြစ်လာပါပြီ၊ ဝတ္ထုရားအတိုင်း ကွယ်လွန်သူ ဆရာဝန်ကြီး ဦးမင်းညိုရဲ့ အလောင်းကို ပြန်ဖော်ပြီး ကြည့်ရပါတော့မယ်၊ ဒေါက်တာက ဆရာဝန်ကြီး ဦးမင်းညိုရဲ့ တူတော်သူတစ်ယောက်လို့ ပြောနေပါတယ်၊ အဲဒီလို ပြောဆိုချက် မှန်၊ မမှန်ကိုလည်း ကျွန်တော်တို့ သက်သေအထောက်အထားခိုင်လုံအောင် ရှာရပါတော့မယ်၊ သက်သေအထောက်အထား မခိုင်လုံသေးခင်မှာ ဒေါက်တာဟာ ကွယ်လွန်သူ ဆရာဝန်ကြီး ဦးမင်းညိုရဲ့ သွေးအနီးဆုံး သွေးမျိုးတော်စပ်သူဖြစ်တယ်၊ ဒီတော့ ဦးလေးဖြစ်သူ အလောင်းပြန်ဖော်ဖို့ကိစ္စမှာ ကန့်ကွက်ချင်ပါသေးလားလို့ မေးပါရစေ'

'ဟာ… ကျွန်တော် မကန့်ကွက်ပါဘူး၊ ကျေကျေနပ်နပ်နဲ့ ခွင့်ပြုပါတယ်'

'ကောင်းပြီ ဒေါက်တာ၊ ခုချိန်ကစပြီး ဒေါက်တာကို ဘယ်မှသွားခွင့်မပြုတော့ပါဘူး၊ လောလောဆယ်တော့ ကျွန်တော်တို့ မဖမ်းသေးပါဘူး၊ ဒါပေမဲ့ ဒေါက်တာအိမ်မှာတော့ ရဲတပ်ဖွဲ့ဝင်တွေ အစောင့်ချထားရပါတော့မယ်၊ ခွင့်လွှတ်ပါ… ဒေါက်တာ'

စခန်းမှူးနှင့် ရပ်ကွက်လူကြီးများ ပြန်သွားကြသည်။ ရဲတပ်ဖွဲ့ဝင်နှစ်ဦးမှာ ကျန်ရစ်ခဲ့သည်။ ထိုအချိန်မှစ၍ ညိုထွန်းလတ်သည် မေသက်ရှိန်နှင့် ဝေးရာသို့ ထွက်ခွာသွားရန် ကြံစည်ထားသမျှလည်း ပျက်ပြယ်သွားသည်။ ထွက်ပြေးလွတ်မြောက်ဖို့





သမ်းကြောင်းကား ရဲအစောင့်အရှောက်များနှင့် လုံးဝပိတ်ဆို့သွားပေသည်။

❒ ❒ ❒

ကွယ်လွန်သူ ဆရာဝန်ကြီး ဦးမင်းညို အလောင်းအား ပြန်ဖော်မည့်နေ့ရက်သို့ ရောက်လာသည်။ ညနေပိုင်းအချိန် စခန်းမှူးက လာရောက်ခေါ်သဖြင့် ညိုထွန်းလတ်ကိုယ်တိုင် ရဲတပ်ဖွဲ့ဝင်အစောင့်အရှောက်များနှင့်အတူ သင်္ချိုင်းသို့ လိုက်ပါခဲ့ရသည်။

လူအများသိရှိပြီး သတင်းပေါက်ကြားမည်စိုးသောကြောင့် အလောင်းကို ပြန်လည်တူးဖော်ရမည့်အချိန်အား ညနေပိုင်းတွင် သတ်မှတ်ထားကြသည်။

မှိန်ဖျော့ဖျော့နေရောင်နှင့် ခပ်သော့သော့ ထွက်ပြေးနေသော အလင်းရောင်များက သင်္ချိုင်းနယ်မြေအား လွှမ်းခြုံထားသည်။ မကြာမီ နေဝင်တော့မည်။ သင်္ချိုင်းကုန်းပတ်ပတ်လည်တွင် ပေါက်ရောက်နေသော အဖျားချွန်ချွန်မြင့်မားသော ထင်းရှူးပင်ကြီးများကလည်း ကြောက်မက်ဖွယ် အရိပ်မည်းများထိုးကျလျက်ရှိသည်။

'ကျွန်ုပ် သူငယ်ချင်းရဲ့အလောင်းကို ပြန်လည်တူးဖော်ကြမယ်ဆိုတာ အင်မတန်ဝမ်းနည်းဖို့ကောင်းတဲ့ ကိစ္စပဲ၊ ရဲတွေကလည်း ဘယ်ကနေ ဘယ်လို မဟုတ်တဲ့သတင်းတွေကြားပြီး ခုလိုလုပ်တာတော့ ဘယ်ကောင်းမလဲ ဒေါက်တာရယ်၊ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း တာဝန်အရ လိုက်ခဲ့ပါလို့ လာခေါ်ကြတာမို့ လိုက်လာရတာပဲ၊ စိတ်မကောင်းမဖြစ်ပါနဲ့ ဒေါက်တာ’

‘ကိစ္စမရှိပါဘူး ဆရာကြီးရယ်’

ညို့ထွန်းလတ်က ပြန်ပြောလိုက်သည်။ သချိုင်းစောင့်ကြီးနှင့် သုဘရာဇာ မြေတူးသမားများက ဦးမင်းညို အလောင်းမြှုပ်နှံထားသည့် မြေပုံအား ပေါက်ပြားများနှင့် စတင်တူးဖော်နေကြပြီ ဖြစ်သည်။ မြေစများအား ဂေါ်ပြားနှင့် ပေါက်ပွစေပြီး မြေသားများကို ဂေါ်ပြားများနှင့် အပေါ်သို့ ယက်တင်နေကြသည်။

မြေတူးနေသော အလုပ်သမားများထဲမှ သုဘရာဇာကြီးသည် ညို့ထွန်းလတ်အား မသိမသာလှမ်းကြည့်ရင်း မျက်နှာပျက်လျက်ရှိသည်။

အဆိုပါ သုဘရာဇာကြီးအား ညို့ထွန်းလတ်ကိုယ်တိုင် တိတ်တဆိတ် ငွေများပေးပြီး ခေါင်းလွတ်ကြီးတစ်လုံး မြှုပ်နှံခဲ့သည်ကိုတော့ မည်သူမျှ မသိပေ။ သုဘရာဇာကြီးမှာ တုန်လှုပ်ချောက်ချားနေပုံရသည်။ စခန်းမှူးသည် ညို့ထွန်းလတ်အနီးသို့ လျှောက်လာသည်။

‘ခေါင်းပေါ်လာပြီ၊ ဖွင့်ကြည့်လိုက်ရင်တော့ အဖြေပေါ်လာမှာပဲ မဟုတ်လား ဒေါက်တာ၊ ဝတ္တရားအရ ဆောင်ရွက်ရတာမို့ ဒေါက်တာ့ဦးလေး အလောင်းပြန်ဖော်ရတာ စိတ်မကောင်းပါဘူး၊ ဘာပြဿနာမှမဖြစ်ဘဲ အေးအေးဆေးဆေးဖြစ်သွားဖို့လည်း မျှော်လင့်ပါတယ်၊ ဟုတ်တယ်မဟုတ်လား ဒေါက်တာ’





‘ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း အဲဒီလိုဖြစ်ပါစေလို့ မျှော်လင့်ထားပါတယ်’

‘ဆရာဝန်ကြီး ဦးသက်မင်းကို ခေါ်ရတာလည်း ဆရာဝန်ကြီးက ဦးမင်းညိုနဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေဖြစ်ကြတော့ ဒီအလောင်းဟာ ဦးမင်းညိုအလောင်း ဟုတ်မဟုတ်၊ ဟုတ်လို့ရှိရင်လည်း ဦးမင်းညိုအစစ်ဖြစ်ပါတယ်လို့ သက်သေခံဖို့ရယ်၊ နောက်ပြီး ဆေးရုံကြီးကို အလောင်းသယ်သွားပါ့မယ်၊ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်ကြီးရယ်၊ ဆရာကြီး ဦးသက်မင်းတို့က ခွဲစိတ်စစ်ဆေးပြီး ဘာကြောင့် သေဆုံးရတယ်ဆိုတာ ကျွန်တော်တို့ အဖြေရှာရမယ်’

စခန်းမှူးက ရှင်းလင်းပြောပြနေသည်များကို ညို့ထွန်းလတ် မကြားတော့ပေ။ သူ့ရှေ့တွင် တူးဖော်နေသော မြေပုံဟောင်းကြီးကိုသာ ကြည့်ပြီး နက်ရှိုင်းလေးနက်စွာ စဉ်းစားနေပုံရသည်။ မြေပေါက်သံ၊ မြေစိုင်ခဲများ ကော်တင်ရာမှ ချောက်ချားဖွယ်သံများကို ကြားနေရသော်လည်း သချိုင်းမြေကြီးတစ်ခုလုံးကို လုံးဝသတိမထားမိတော့ပေ။

မြေကျင်းတူး အလုပ်သမားများက ခေါင်းအား ကြိုးများနှင့် ဆွဲတင်လိုက်ကြသည်။ သုဘရာဇာကြီးသည် ညို့ထွန်းလတ်အား မျက်စိမျက်နှာပျက်စွာ လှမ်းကြည့်ရင်း လူအုပ်ကြားထဲမှ လစ်ထွက်သွားသည်။ ရဲများနှင့် ပတ်သက်လာပြီဖြစ်သောကြောင့် ကြံရာပါမဖြစ်ရန် ရှောင်တိမ်းထွက်ပြေးသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီခေါင်းကလည်း ပေါ့လိုက်တာကွာ'

မြေတူးအလုပ်သမားတစ်ယောက် ပြောလိုက်သည့်စကားကို အမှတ်မထင် ကြားလိုက်ရသည်။

'ဟော့ကောင်တွေ... စကားများမနေနဲ့၊ မြန်မြန်လုပ် အချိန်မရှိတော့ဘူး၊ မှောင်လာပြီ၊ ဖွင့်ကွာ၊ ကြာတယ်'

စခန်းမှူးက မြေတူးလုပ်သမားများအား မာန်မဲလိုက်သည်။ ရဲတပ်ဖွဲ့ဝင်နှစ်ဦးကလည်း ညိုထွန်းလတ်အနီးသို့ အသာအယာချဉ်းကပ်လိုက်ပြီး ညိုထွန်းလတ် တစ်စုံတစ်ရာလုပ်မည်ဆိုပါက ထိန်းသိမ်းဖမ်းဆီးရန် အသင့်အနေအထားနှင့် စောင့်ကြပ်လိုက်ကြသည်။

ခေါင်းအဖုံးကို ဖွင့်လိုက်သည်နှင့် မြေတူးသမားများက အလန့်တကြား ထအော်လိုက်ကြသည်။

'ဟာ... ခေါင်းထဲမှာ ဘာမှမရှိပါလား၊ အလောင်းဘယ်ရောက်သွားတာလဲ'

'ဘာလဲ... ဘာလဲ'

အားလုံးကလည်း ခေါင်းအနီးသို့ တိုးကပ်ပြီး ဝိုင်းအုံကြည့်လိုက်ကြသည်။ ခေါင်းကြီးအတွင်း၌ကား ဟာလာဟင်းလင်းကြီးဖြစ်နေသည်။ အလွန်တရာအံ့ဩသော မျက်နှာကိုယ်စီနှင့် ထိတ်လန့်တကြားဖြစ်သွားကြသည်။ ခေါင်းကြီးအား မြေကျင်းထဲမှ ဖော်ထုတ်၍ အခေါင်းဖွင့်ကြည့်ကြရာမှ တွေ့မြင်ရသောအနေအထားကို သုံးသပ်ဆင်ခြင်ပြီး စခန်းမှူးက ပြောလိုက်သည်။





'လူကြီးမင်းများ မြင်တွေ့ကြတဲ့အတိုင်းပါပဲ၊ ဆရာဝန်ကြီး ဦးမင်းညိုအလောင်းဟာ ခေါင်းထဲမှာ မရှိပါဘူး၊ ဒါဟာ ဘာမှမပါဘဲ ခေါင်းချည်းသက်သက် မြှုပ်ထားခြင်းသာ ဖြစ်ပါတယ်၊ ကိုင်း... ဒေါက်တာ၊ ဘာများပြောချင်ပါသေးသလဲ'

'ကျွန်တော် ပြောစရာ ဘာမှမရှိပါဘူး'

'ခေါင်းထဲမှာ ဆရာဝန်ကြီး ဦးမင်းညိုအလောင်းပျောက်နေတာနဲ့ပတ်သက်ပြီး ဒေါက်တာက ဘာမှပြောစရာ မရှိဘူးပေါ့၊ ဟုတ်လား'

'မရှိပါဘူး'

'သြော်... ပြောစရာမရှိဘဲကိုး၊ ဒါဖြင့်ရင်တော့ ကျုပ်ဘဲ ပြောပါ့မယ်၊ ဒေါက်တာညိုထွန်းလတ် ဒါမှမဟုတ် တခြားနာမည်တစ်ခုခုရှိမယ်၊ ခင်ဗျားကို ဦးမင်းညို သတ်ဖြတ်မှုနဲ့ ဖမ်းရလိမ့်မယ်'

စခန်းမှူးက မကျေမနပ်နှင့် ပြောနေသည့်တိုင် ညိုထွန်းလတ် အမူအရာမှာ ဣန္ဒြေမပျက်ဘဲ အေးဆေးတည်ငြိမ်လျက်ရှိသည်။ ထိုအချိန်မှာပင် လူအုပ်ထဲမှ ရှေ့သို့တိုးထွက်လာသော ဘဏ်အရာရှိ အောင်ခန့်ကို မြင်တွေ့လိုက်သည်။

အောင်ခန့်အနေနှင့် လူသေတစ်ယောက်မျက်နှာနှင့် တူနေသော ညိုထွန်းလတ်အား မိမိအနေနှင့် ထောင်ချောက်ဆင်ပြီး ဖမ်းသလို ဖြစ်သွားရသောကြောင့် နောင်တရသနားမဆုံး ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားသူများကလည်း ထူးခြားဆန်းကြယ်စွာ တွေ့လိုက်ရသော မြင်ကွင်းနှင့် ဒေါက်တာညိုထွန်းလတ်အား လူသတ်မှုဖြင့် ဖမ်းမည်ဆိုသောကြောင့် တအံ့တသြဖြစ်သွားကြသည်။

ညိုထွန်းလတ်သည် အောင်ခန့်အား ပြုံး၍ကြည့်လိုက်သည်။ ယခုကဲ့သို့ အလောင်းပြန်ဖော်ရအောင် ပြဿနာရပ်ကြီး ဖြစ်ပေါ်လာရခြင်းမှာ ဘဏ်အရာရှိ အောင်ခန့်၏ ပယောဂများ ပါဝင်ပတ်သက်ရမည်ဟု တထစ်ချ နားလည်လိုက်သည်။

သူသည် အောင်ခန့်အပေါ်တွင် စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း၊ မုန်းတီးခြင်း လုံးဝမရှိပေ။ အောင်ခန့်ကသာလျှင် မေသက်ရှိန်အချစ်ကို ဆုံးရှုံးလိုက်ရသောကြောင့် နာကြည်းမုန်းတီးပြီး သူ့နောက်ကြောင်းများကို တစ်စတစ်စ စုံစမ်းရာမှ ယခုလို ဖြစ်ရခြင်း ဖြစ်ပေလိမ့်မည်။

ညိုထွန်းလတ် ကောင်းစွာနားလည်သွားသည်။ အောင်ခန့် မျက်လုံးများကို စိုက်ကြည့်လိုက်ပြီး နားလည်သဘောပေါက်စွာ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်တော် တစ်ခုလောက် ပြောပါရစေ၊ စခန်းမှူးကြီးက တရားဥပဒေနဲ့ မညီညွတ်တဲ့အကြောင်းကို ပြောနေတယ်ထင်ပါတယ်၊ လူတစ်ယောက် အသတ်ခံရလို့ရှိရင် သက်သေခံအထောက်အထား ခိုင်လုံမှသာ လူသတ်မှုနဲ့ တရားစွဲလို့ရပါတယ်၊ ခုဟာက ကျွန်တော့်ဦးလေးအလောင်းက ပျောက်နေတယ်၊





အလောင်းကိုမတွေ့မချင်း ခိုင်လုံတဲ့သက်သေ အထောက်အထား ရှိဘဲ ကျွန်တော့်ကို စွဲချက်တင်လို့ မရပါဘူး၊ ဥပဒေအကြောင်းကို စခန်းမှူးကြီးလည်း သိပါတယ်'

'ဟုတ်သားပဲ စခန်းမှူး၊ ဒေါက်တာ ပြောသလို ဥပဒေဆိုတာ အင်မတန်ခိုင်လုံပါတယ်၊ ခုထိ ကျုပ်သူငယ်ချင်း မင်းညို အသတ်ခံရတယ် မခံရဘူးဆိုတာ သေချာမသိပါဘူး၊ အလောင်းတွေ့မချင်း ဘယ်သူ့ကိုမှ လူသတ်မှုနဲ့ မစွပ်စွဲနိုင်ပါဘူး၊ တရားသဖြင့် ဥပဒေကြောင်းအရ မှန်မှန်ကန်ကန် ဖြစ်စေချင်ပါတယ်၊ မင်းညိုဟာ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ တရားဥပဒေတော့ လေးစားရပါမယ်'

ဆရာဝန်ကြီး ဦးသက်မင်းကလည်း ညိုထွန်းလတ်ဘက်မှ လိုက်ပါပြီး အကျိုးအကြောင်း ရှင်းပြလိုက်သည်။ စခန်းမှူးမှာ မျက်လုံးအပြူးသားနှင့် အတော်လေး ဒေါသထွက်လာပုံရသည်။

'ဒါဖြင့် ကျွန်တော် မေးပါရစေ၊ ဒီလောက် ထူးဆန်းအံ့သြဖွယ်ကောင်းအောင် ခေါင်းထဲမှာ အလောင်းမရှိတော့ဘဲ ပျောက်ဆုံးနေတဲ့ ဆရာဝန်ကြီး ဦးမင်းညိုရဲ့ တူပါလို့ ခင်ဗျားက ပြောနေသေးတယ်၊ တခြားသူတွေထက်စာရင် ကိုယ့်ဦးလေးအကြောင်းကို ကိုယ်ပဲသိရမယ် မဟုတ်လား၊ ဒီလောက်ရှုပ်ထွေးတဲ့ကိစ္စကြီး ပေါ်ပေါက်လာအောင် ဒေါက်တာပဲ ဖန်တီးခဲ့တာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်နေသော စခန်းမှူးစကားကို ညိုထွန်းလတ်သည် အဖြေမပေးဘဲ အတော်ကြီးကြာအောင် စဉ်းစားနေပုံရသည်။ ခေါင်းငိုက်စိုက်ချထားရာမှ ဦးခေါင်းကို အတန်ငယ်မော့လိုက်ပြီး…

'ဒီလောက်ရှုပ်ထွေးတဲ့ ကိစ္စတွေမှာ အားလုံးနားလည်အောင် ပြောပြဖို့စကား ကျွန်တော့်မှာ မရှိပါဘူး၊ မှန်တဲ့သစ္စာစကားကို ဆိုရမယ်ဆိုရင် ကျွန်တော့်ဦးလေးဖြစ်တဲ့ ဦးမင်းညိုကို ကျွန်တော် လုံးဝမသတ်ဘူးဆိုတာပါပဲ၊ ဘယ်လိုပဲ သစ္စာဆိုဆိုရ ဘုရားရှင်နဲ့ နတ်သိကြားတွေကို တိုင်တည်ပြီး ရဲရဲဝံ့ဝံ့ ကျွန်တော် ပြောဝံ့ပါတယ်'

စိတ်အားထက်သန်စွာပြောလိုက်သော ညိုထွန်းလတ်စကားသံများသည် တိတ်ဆိတ်ချောက်ချားဖွယ်ကောင်းသော မှောင်ပျပျ သင်္ချိုင်းကုန်းထဲတွင် ဟိန်းထွက်လာသည်။

သူ ပြောဟန် စကားသံများကပင် စိတ်ဓာတ်မြင့်မြတ်မှုကို ဖော်ပြနေသကဲ့သို့ ဖြစ်သည်။ ထင်းရှူးပင်များ ဝိုင်းပတ်နေသော သင်္ချိုင်းမြေပေါ်တွင် တည်ကြည်ရဲရင့်စွာ ဖြေလိုက်သော ညိုထွန်းလတ် စကားသံများကြောင့် ကြားလိုက်ရသူတိုင်း ကျောရိုးထဲတွင် စိမ့်သွားကြသည်။

ဆရာဝန်ကြီး ဦးသက်မင်းနှင့် အောင်ခန့်တို့နှစ်ဦးမှာ စိတ်ထိခိုက်သွားကြသည်။





ညိုထွန်းလတ်အား ပြဿနာရှာခဲ့သူ အောင်ခန့်ကိုယ်တိုင် တုန်လှုပ်ချောက်ချားသွားပြန်သည်။

ဦးမင်းညိုကို ညိုထွန်းလတ် မသတ်ဟု သူ့စိတ်ထဲတွင် ယုံချင်သလိုလို ဖြစ်လာသည်။ အမှန်အားဖြင့် မသင်္ကာဖွယ် သံသယအချက်အလက်များကို လိုက်လံရှာဖွေပြီး ရဲအား သူကိုယ်တိုင် ဖွင့်ဟအကြောင်းကြားခဲ့ခြင်း ဖြစ်သည်။

သွယ်ဝိုက်သော မသင်္ကာဖွယ် သံသယများမှာ စစ်မှန်သော အထောက်အထားများ မဟုတ်။ အောင်ခန့်၏ စိတ်ထဲတွင် ခံပြင်းလျက်ရှိသော မနာလိုဝန်တိုစိတ်များကစ၍ သင်္ကာမကင်းဖြစ်ခဲ့ရာမှ ယခုလို ပြဿနာကြီးကျယ်ခြင်းသာ ဖြစ်သည်။

ယခု ညိုထွန်းလတ် ပြောသော စကားများမှာ ရိုးသားဖွင့်လင်းမှုများ ထင်ရှားစွာ ပေါ်ထွက်လာသောကြောင့် အောင်ခန့်သည် နောင်တရသလိုလို ဖြစ်သွားသည်။

'ငါတော့ မှားပြီ၊ ဒီကိစ္စတွေမှာ ဒေါက်တာညိုထွန်းလတ်ကို မဟုတ်မဟတ် လွဲမှားပြီး စွပ်စွဲရာကနေ မှားပြီ'ဟု စိတ်ထဲမှာ တွေးလိုက်မိသည်။ အောင်ခန့် မည်သို့ပင် တွေးစေကာမူ တူးထားသော မြေသားမွမွအလယ်ရှိ ဟာလာဟင်းလင်း ခေါင်းကြီးက ရှိနေသည်။

အလောင်းက ပျောက်နေသည်။ အလောင်းရှာရမည့် တာဝန်မှာ ရဲတို့၏တာဝန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးသည် မျက်နှာထား တင်းမာစွာဖြင့်...

'ကောင်းပြီ၊ ခုလောလောဆယ်တော့ ခင်ဗျားကို မဖမ်းသေးပါဘူး၊ အကျယ်ချုပ်နဲ့ပဲ ခင်ဗျားအိမ်မှာ နေထိုင်ခွင့် ပေးထားပါမယ်၊ တရားရုံးမှာ ဝရမ်းယူပြီး ခင်ဗျားအိမ်ကိုလည်း မြေလှန်သလွန်စရှာမယ်'

'ဒါကတော့ စခန်းမှူးသဘောအတိုင်းပါပဲ၊ ဒီသချိုင်းမှာ ကိစ္စပြီးပြီဆိုရင်လည်း ပြန်ကြရအောင်ဗျာ'

ညိုထွန်းလတ်တို့လူစုသည် မှောင်လာပြီဖြစ်သောကြောင့် သချိုင်းမှ ပြန်ထွက်ခဲ့ကြသည်။ ထိုညက ညိုထွန်းလတ်အိမ်အားရဲတပ်ဖွဲ့ဝင်များ စောင့်နေကြသလို စခန်းမှူးကလည်း နာရီပေါင်းများစွာကြာအောင် စစ်မေးလျက်ရှိသည်။ မည်သို့ပင် စစ်မေးသော်လည်း ညိုထွန်းလတ်ထံမှ အဖြေမှာ...

'ကျွန်တော် ဘာမှပြောစရာမရှိပါဘူး' ဆိုသည့် အဖြေပင် ဖြစ်ပေတော့သည်။

❒ ❒ ❒



ရုပ်ပြောင်းခန္ဓာမှတ်တမ်း

ထိုအချိန်ကာလနှင့် ပတ်သက်၍ ဆရာဝန်ကြီး ဦးမင်းညို ရေးသားထားသော 'အန္တရာယ်ရပ်ကြမ်း' မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးသားထားခဲ့သည်။

ညမှောင်တရီအချိန် သချိုင်းကုန်းတွင် အခေါင်းလွတ်ကြီးကို ဖော်ခဲ့ပြီးနောက် ကျွန်ုပ်သည် အန္တရာယ်ကျော့ကွင်းထောင်ချောက်အတွင်းသို့ သက်ဆင်းလိုက်ရပြီဖြစ်ကြောင်း နားလည်လိုက်သည်။ အားလုံးကလည်း ကျွန်ုပ်အပေါ် သံသယများစွာနှင့် သက်မကောင်းဖြစ်နေကြသည်။

ဖြစ်မည်ဆိုလည်း ဖြစ်လောက်ပေသည်။ ဆရာဝန်ကြီး ဦးမင်းညို၏ တူအဖြစ် နေထိုင်ခဲ့ရာတွင် တောင်ပေါ်မြို့လေးသို့ မရောက်မီ ဘယ်ဆေးပညာသင်တက္ကသိုလ်မှ တက်ရောက်ဖူးခြင်း မရှိသလို ဆရာဝန်လက်မှတ်လည်း မရှိပေ။ ဆရာဝန်ကြီးဦးမင်းညို၏ တူဖြစ်ကြောင်း အထောက်အထားပြစရာလည်း မရှိ။ အမှန်အားဖြင့် ဆိုလျှင် ကျွန်ုပ်၏ ညိုထွန်းလတ်ဘဝသည် အတိတ်မဲ့ ဘဝမရှိသူ တစ်ယောက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းတွင် တူးဖော်ခဲ့သော အလောင်းမရှိသည့် ခေါင်းကြီးမှာလည်း အဖြေပေးစရာ မရှိပေ။ အမှန်အားဖြင့် အလောင်းမရှိသော ခေါင်းကြီးအား ကျွန်ုပ်ကိုယ်တိုင် မသာချခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် မိုက်မဲစွာဖြင့် တရားဥပဒေလက်ထဲသို့ ထိုးအပ်လိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်ကိုယ်တိုင် ရေးသားခဲ့သော စာချုပ်များ၊ လက်မှတ်များ ဆရာဝန်ဟု ပြောခဲ့သော အကြောင်းတရားများသည် လွန်စွာဆိုးဝါးလှသော ရည်ရွယ်ချက်ဖြင့် ဆရာဝန်ကြီး ဦးမင်းညို (သို့မဟုတ်) ကိုယ့်ကိုယ်ကိုယ် ပြန်သတ်မိသူအဖြစ် စွပ်စွဲလျှောက်လဲခြင်း ခံရပေတော့မည်။

အမှန်အတိုင်း ဖွင့်ဟဝန်ခံ ဖော်ထုတ်လိုက်မည်ဆိုလျှင်လည်း မည်သူမျှ ယုံကြည်လက်ခံကြ မည်သူမျှ ယုံကြည်လက်ခံကြမည် မဟုတ်ပေ။ လူ့အလယ်တွင် ကျွန်ုပ်သည် ဦးမင်းညိုတူ ညီတွန်းလတ် မဟုတ်။ ကျွန်ုပ်ကိုယ်တိုင်ပင် ဆရာဝန်ကြီး ဦးမင်းညို ဖြစ်သည်။ အာယုသိဒ္ဓိ (ငယ်မူပြန် ရုပ်ပြောင်းခန္ဓာ)ဆေးရည် သောက်ခဲ့ခြင်းကြောင့် အသက် ၇၀ ကျော် အဘိုးကြီး ဦးမင်းညိုသည် ငယ်ရွယ်နုပျိုသော ညီတွန်းလတ်ဖြစ်ခဲ့သည်ဟု ရဲရဲဝံ့ဝံ့ထုတ်ဖော်ပြောကြားလိုက်မည်ဆိုလျှင်...

ဆရာဝန်ကြီး ဦးမင်းညိုနှင့် ရင်းနှီးသော မိတ်ဆွေများက ငယ်ရွယ်နုပျိုသော ရုပ်ရည်နှင့် တောင့်တင်းသော ခန္ဓာကိုယ်ကိုကြည့်၍ 'ဒီကောင် အရူးလား'ဟု ဝိုင်းဝန်းကဲ့ရဲ့ လှောင်ပြောင်ကြပေမည်။





သိပ္ပံလောကမှ ပညာရှင်များကလည်း တသောသော ပွဲကျစေမည့် ပြက်လုံးသစ် ဖြစ်သွားမည်။

ငယ်မူပြန် ဆေးနည်းကို ရှာဖွေဖော်ထုတ်ခဲ့သည့် သိပ္ပံပညာရှင် စတိုင်းနက်နှင့် ဖျော်ရော်နော့(ဗ်)တို့ကိုယ်တိုင်ပင် ယုံကြည်ကြမည် မဟုတ်ပေ။ မယုံကြည်နိုင်စရာအကြောင်းလည်း ရှိနေသည်။ အဆိုပါ သိပ္ပံပညာရှင်နှစ်ဦးသည် တိရစ္ဆာန်အကြိတ်များမှ အသက်ဓာတ်အားရည်ကို လူ့ခန္ဓာကိုယ်ထဲသို့ ခွဲစိတ်ပြီး ကူးပြောင်းပေးခဲ့သော အခွဲသမားများ ဖြစ်ကြသည်။

ကျွန်ုပ်၏နည်းမှာ မခွဲစိတ်ဘဲ ဆေးရည်သောက်သောနည်း ဖြစ်သည်။ သူတို့နည်းသာ အမှန်အကန်ဟု လက်ခံယုံကြည်ထားကြပြီး ဆန့်ကျင်သော ကျွန်ုပ်နည်းအား ထောက်ခံမည်မဟုတ်ပေ။ ကျွန်ုပ်နည်း မှန်ကန်ကြောင်းအတွက် မယုံကြည်သူက...

"ကဲ... ဒါဖြင့် ဆရာဝန်ကြီးရဲ့နည်း မှန်ကန်ကြောင်း မျောက်တစ်ကောင်ကို စမ်းသပ်ပြစမ်းပါ"ဟု ပြောဆိုလျှင် စမ်းသပ်ခံရသော မျောက်သည် ၂ စက္ကန့်အတွင်း သေဆုံးသွားမည် ဖြစ်သည်။ မျောက် သေဆုံးသွားပါက ကျွန်ုပ်အား လူလိမ်လူညာဟု စွပ်စွဲပြောဆိုကြဦးမည်။ မျောက်တို့၏ ကိုယ်တွင်းအင်္ဂါ တည်ဆောက်ပုံများမှာ မတူညီသည်ကို နားလည်ကြမည် မဟုတ်ပေ။

နောက်တစ်ခါ ကဲ... ဒါဖြင့် ဟောဒီလူဟာ ကြိုးမိန့်ကျခံရတဲ့ တရားခံဖြစ်လို့ အမိန့်ချတဲ့ရက်မှာ သေမှာပဲ၊ ဒီလူကို စမ်းသပ်ပါ၊ သေသွားရင်လည်း အကြောင်းမထူးဘူး၊ သေမိန့်ကျထားရတဲ့လူ၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ဆရာဝန်ကြီး ဆေးသောက်လို့ မသေဘဲ လူငယ်တစ်ယောက်လို ရုပ်ခန္ဓာပြောင်းသွားမယ်ဆိုရင် တရားခံက စွန့်စားပြီး သောက်လိမ့်မည်။ စမ်းသပ်ကြည့်ပါလားဟု ကျွန်ုပ်အား ပြောကြလျှင်...

ကျွန်ုပ် ဆေးကို သောက်လိုက်ပါက အဆိုပါ တရားခံမှာ ချက်ချင်းပင် သေသွားမည်ဖြစ်သည်။ ကျွန်ုပ်၏ ရှာဖွေတွေ့ရှိ စမ်းသပ်ထားသော အာယုသိဒ္ဓိ(ငယ်မူပြန် ရုပ်ပြောင်းခန္ဓာ)ဆေးရည်ကား ကျွန်ုပ်တစ်ဦးတည်းအတွက်သာ သီးသန့်ထိရောက်အောင်မြင်သော နည်း ဖြစ်သည်။ ကျွန်ုပ် ရရှိထားသောနည်းမှာ ကြုံတောင့်ကြုံခဲ ကျွန်ုပ်အတွက် ရခဲ့သောနည်းဖြစ်၍ ယခုလို ငယ်မူပြန် ရုပ်ပြောင်း သွားခြင်းဖြစ်သည်။

ကြိုးမိန့်ကျခံထားသော တရားခံနှင့် ကျွန်ုပ်၏ ခန္ဓာကိုယ်များမှာ မတူညီကြပေ။ အသွေးအသား၊ အသည်းနှလုံး၊ ဦးနှောက် စသည်တို့မှာ တစ်ပုံစံတည်း တူညီမည်မဟုတ်ပေ။ ကွဲပြားခြားနား လျက် ရှိသည်။

ကျွန်ုပ်အား ငယ်မူပြန် ခန္ဓာပြောင်းစေသောဆေးရည်သည် တရားခံအတွက် ငယ်မူပြန်ခြင်းမဖြစ်နိုင်ဘဲ ပြင်းထန်သော အဆိပ်ကို သောက်ရသကဲ့သို့ သေဆုံးသွားမည်သာ ဖြစ်သည်။ ကျွန်ုပ်အား...

"ဒီကောင် အရူး၊ အရူးကွ၊ အရူးထောင်ထဲပို့လိုက်"ဟု ဝိုင်းဝန်းချိုးကျူးကြပေလိမ့်မည်။ ကျွန်ုပ်၏ အာယုသိဒ္ဓိ(ငယ်မူပြန် ရုပ်ပြောင်းခန္ဓာ)ဆေးနည်း အောင်မြင်ခဲ့သည်ဟု ပြောပြနိုင်ရန် နည်းလမ်းမရှိတော့ပေ။





ထို့ကြောင့်လည်း ကျွန်ုပ်နည်းအား ထုတ်ဖော်မပြောဘဲ လျှို့ဝှက်ထားရခြင်းဖြစ်သည်။ ကျွန်ုပ်နည်းကား ကမ္ဘာလောကကြီးအတွက် အလွန်ပင် အန္တရာယ်များလှပေသည်။

အမှန်အားဖြင့် ပြည့်စုံသောနည်း မဟုတ်သေးပေ။ ချို့ယွင်းချက်များ ရှိနေသေးသည်။ မပြည့်စုံသော်လည်း ချို့ယွင်းချက်များကို ရှာဖွေပြီး သိပ္ပံပညာရှင်များက အောင်မြင်အောင် ဆက်လက်စွမ်းဆောင်နိုင်မည် ဆိုပါက အဘိုးကြီးတိုင်း၊ အဘွားကြီးတိုင်း လူပျို၊ အပျိုလေးများ ပြန်ဖြစ်သွားကြပေလိမ့်မည်။

ထိုအခါတွင် မည်သို့ဖြစ်လာမည်နည်း။

ရုပ်ရည်ခန္ဓာအားဖြင့် လူပျို၊ အပျိုလေးများဖြစ်နေကြသော်လည်း စိတ်ခံစားမှုများက အဘိုးကြီး၊ အမယ်ကြီးစိတ်များ ဖြစ်နေကြမည်။ ကျွန်ုပ် ယခု ခံစားနေရသည့်အတိုင်း ကိုယ်ကာယနှင့် စိတ်တို့ မညီမျှဖြစ်လျက် ဒုက္ခရောက်ကြပေမည်။ ငယ်မူပြန်ခြင်းသည် တကယ်လက်တွေ့၌ ကောင်းကျိုးမပေးဘဲ ဆိုးကျိုးကိုသာ ပေးသည်။

ကျွန်ုပ်၏ အာယုသိဒ္ဓိ(ငယ်မူပြန်ရုပ်ပြောင်းခန္ဓာ) ဆေးရည် သောက်ပြီး တစ်ကမ္ဘာလုံး၌ လူသားများ စိတ်ဒုက္ခအကြီးအကျယ် ရောက်ကြပေတော့မည်။ ကျွန်ုပ်၏ နက်နက်နဲနဲ တွေးခေါ်ယူဆချက်များမှာ နိုင်မာသထက် နိုင်မာလာသောကြောင့် အန္တရာယ်ရှိသည့် ဆေးနည်းကို လျှို့ဝှက်ထားရခြင်းဖြစ်သည်။

လူဆိုသည်မှာ မွေးဖွားလာပြီးနောက် တဖြည်းဖြည်း ရောဂါ၊ အိုနာ၍ အမိုးသေတေ သေရမည်မှာ သဘာဝတရားကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရားကို လွန်ဆန်၍ ကျွန်ုပ် ဆေးရည်သောက်ကာ နုပျိုသော ခန္ဓာကိုယ်နှင့် ဆက်လက်အသက်ရှင်ခြင်းသည် မသင့်လျော်ပေ။ လူသည် သေမျိုးဖြစ်သည့်အတိုင်း အရွယ်အိုရ၍ သေရခြင်းကို သဘာဝ အတိုင်း ခံယူရမည်။

ကျွန်ုပ် စမ်းသပ်ခဲ့သော ဆေးဘက်ဝင်နည်းများကို ဖျက်ဆီး ပစ်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးသည်။ သို့သော် ဆေးနည်းများ ရေးမှတ်ထားသော စာရွက်အား မဖျောက်ဖျက်ပစ်ရက်နိုင်ပေ။ ကျွန်ုပ် ဘဝတစ်လျှောက်လုံး အကြိမ်ကြိမ်ကြိုးပမ်းပြီး ခက်ခက်ခဲခဲရှာဖွေစမ်း ခဲ့ရာမှ အောင်မြင်မှုကြီးဖြစ်သည်။

သိပ္ပံပညာရှင်များသည် လူသားများ အသက်ရှည်စေရန် ငယ်မူပြန်နည်းကို ယနေ့အထိ မနားမနေ ရှာဖွေကြိုးပမ်းနေကြဆဲ ဖြစ်သည်။ နည်းပညာအသစ်များသည် သစ္စာတရားအသစ်များဖြစ်ကြ သည်။ ပညာသစ်ပင်ကြီးမှ ထွန်းလင်းလာသော အလင်းရောင်အား ငြိမ်းသတ်မပစ်ရက်ပေ။ ထို့ကြောင့်လည်း ကျွန်ုပ်၏ ငယ်မူပြန် ဆေးရည် ဖော်စပ်နည်းအား ဖျောက်ဖျက်ပစ်ရန် သင့်၊ မသင့် ချီတုံ ချတုံဖြစ်ခဲ့ရသည်။

အတွေးနှစ်ခွဖြစ်နေသော ကျွန်ုပ်ဘဝသည်လည်း လည်ပင်း စွပ်မည့် ကြိုးကွင်းက တဖြည်းဖြည်း ကျဉ်းသည်ထက် ကျဉ်းလာသည်။ ကြိုးကွင်းဘေးရန်ထက် ငယ်မူပြန်နည်း သိပ္ပံပြဿနာအတွက်ကိုသာ ပိုမို၍ စိုးရိမ်ပူပန်လာမိသည်။ ကျွန်ုပ်နည်းကို ဖျက်ဆီးပစ်လိုက်ပါက ကမ္ဘာကြီးအတွက် ငယ်မူပြန်နည်းအစစ်မှာ ဆုံးရှုံးသွားပေတော့မည်။





အကယ်၍ ကျွန်ုပ်၏ ငယ်မူပြန်နည်းအား သိပ္ပံပညာရှင်များ အား ချပြလိုက်ပါက လူတိုင်း လူတိုင်း ငယ်မူပြန် နုပျိုလာကြကာ ကျွန်ုပ်အတိုင်း အိုမင်းသောစိတ်နှင့် ဒုက္ခရောက်ကြပေတော့မည်။

ယခုအခါ စခန်းမှူး စစ်မေးနေသောကိစ္စထက် ကျွန်ုပ်၏ သိပ္ပံပညာ စမ်းသပ်ချက်များက ပို၍အရေးကြီးနေသည်။

စခန်းမှူးမှ အကြိမ်ကြိမ်စစ်မေးနေခြင်းကို ကျွန်ုပ် ဂရုမစိုက် နိုင်တော့ပေ။ အကြောင်းမှန်ကိုမသိဘဲ ရွှေနားတော်လေချော်နေသည် ကို ရွှေရဲသားကြီးအား ကြည့်၍ ကျွန်ုပ်အနေနှင့် ရယ်များပင် ရယ်ချင် နေမိသည်။ တောင်ပေါ်မြို့လေးတွင် လူသတ်မှုဖြစ်ပါလျက် အလောင်း ရှာမရကာ အထူးပင် အံ့ဩတုန်လှုပ်နေကြသည်။

စခန်းမှူးမှ တရားဥပဒေအတိုင်း ဖြစ်စေရန် ကြိုးစားအဖြေ ထုတ်၍ မေးလိုက်သော မေးခွန်းများမှာ ကျွန်ုပ်အတွက် အဓိပ္ပာယ် တင်းမဲ့သော ဖျင်းရိဖွယ်ကောင်းသည့် မေးခွန်းများသာ ဖြစ်နေပေ သည်။ စခန်းမှူးမေးသော မေးခွန်းများအတွက် ဖြေဆိုနိုင်သော အဖြေမှာလည်း ကျွန်ုပ်တွင် မရှိပေ။

ကျွန်ုပ် စိတ်ထဲတွင် အကြေကွဲဆုံးဖြစ်ရသည်မှာ ကျွန်ုပ် အတွက် ပူပန်သောကရောက်နေမည့် လက်ထပ်တော့မည်ဆဲဆဲ ကျွန်ုပ် ၏အလောင်း မေသက်ရှိန်ပင် ဖြစ်သည်။ ယခုဆိုလျှင် ကျွန်ုပ်အကြောင်း ကို ကြားသိပြီး မေသက်ရှိန်မှာ အသည်းနှလုံး ကြွေမိုးအုံးသလို ငိုလောင်ကျွမ်းမြေ့နေပေတော့သည်။

ကျွန်ုပ် ချစ်မြတ်နိုးသော မေသက်ရှိန် အသည်းကွဲအောင် ပြုမိလေသောအဖြစ်သည် စခန်းမှူးကြီး စွပ်စွဲသော လူသတ်မှုထက်



www.burmeseclassic.com

www.burmeseclassic.com



အဆပေါင်းများစွာ အပြစ်ကြီးလေးပေတော့သည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ် ခွင့်လွှတ်မရနိုင်အောင် ခံစားရသည်။ မေသက်ရှိန် စိတ်ကူးထားသည့် အနာဂတ် ကျွန်ုပ်တို့ဘဝ အချစ်ကမ္ဘာလေးကား ပျောက်ကွယ်သွားပြီ ဖြစ်သည်။

မေသက်ရှိန် နှလုံးသားဆန္ဒ တစ်မက်ချစ်ခြင်းများကို လိုက်လျောပေးရန် အခွင့်အရေးများ ဆုံးရှုံးသွားပြီ။ ထို့အပြင် ကျွန်ုပ်သည် ဘဏ်အရာရှိ အောင်ခန့်အတွက်လည်း များစွာ ဝမ်းနည်းမိသည်။ ကျွန်ုပ်နှင့် မေသက်ရှိန် မတွေ့ခင်က မေသက်ရှိန်သည် အောင်ခန့်နှင့် ရင်းရင်းနှီးနှီးနေထိုင်လာခဲ့သည်။ မေသက်ရှိန်ကလည်း ထိုစဉ်က လိုက်လိုက်လျောလျော ဆက်ဆံခဲ့သည်။

လူငယ်တို့၏ချစ်ခြင်းကို ခွဲခဲ့သော ကျွန်ုပ်သည် နုနယ်ပျိုမျစ်သော လူငယ်မျက်နှာဖုံးကိုစွပ်၍ သူတို့နှစ်ဦးကြား ဝင်ရောက်နှောင့်ယှက်သလိုဖြစ်သွားသည်။ ကိုယ့်ကိုယ်ကိုယ်ပင် မုန်းတီးမိသည်။ မေသက်ရှိန်၏ ဆွဲဆောင်နိုင်သော အချစ်အင်အားများသည် တောင်ပေါ်မြို့လေးမှ ထွက်ခွာမသွားနိုင်အောင် ကျွန်ုပ်အား တုပ်နှောင်ထားခဲ့သည်။

လူငယ်တစ်ယောက်၏ သွေးသားဆန္ဒ လှုံ့ဆော်မှုများကြောင့် မေသက်ရှိန်အား ပြန်လည် ချစ်ခဲ့မိသည်မှာ ကျွန်ုပ်အမှားပင် ဖြစ်သည်။ မေသက်ရှိန်အား အဖြစ်မှန်အတိုင်း မပြောရဲပေ။ ကျွန်ုပ် အသက်သေဆုံးရသည်ကို နှမြောတွန့်တိုခြင်းမရှိသော်လည်း လူအများအား စိတ်သောကရောက်ရန် ပြုမိသော ကျွန်ုပ်ဝိညာဉ်အား ဘုရားနှင့် နတ်သိကြားများ ကယ်တင်မှသာ သက်သာရာရပေတော့မည်။

❒ ❒ ❒





တောင်ပေါ်မြို့လေးတွင် ဒေါက်တာညိုထွန်းလတ် သတင်းမှာ ပျံ့နှံ့သွားပြီး လူတိုင်း စိတ်ဝင်တစား ဖြစ်သွားကြသည်။

ထင်ရှားကျော်ကြားသော ဆရာဝန်ကြီး ဦးမင်းညိုအလောင်းအား သင်္ချိုင်းတွင် ပြန်ဖော်ကြည့်ရာ အလောင်းမှာ ပျောက်ဆုံးနေ‌က်ရှိသည်။ ဆရာဝန်ကြီး ဦးမင်းညိုအလောင်း ဘယ်လိုလုပ်၍ ပျောက်သွားသည်ကို အမျိုးမျိုးထင်ကြေးပေးကြသည်။

ဆရာဝန်ကြီး ဦးမင်းညို၏ တူဖြစ်သူ ဒေါက်တာညိုထွန်းလတ်မှာ တူအရင်း ဟုတ်ချင်မှဟုတ်မည်။ ညိုထွန်းလတ်၏ပုံထိုင်ပုံမှာ အဘိုးအိုကြီးတစ်ယောက်လို လေးတိလေးကန်နှင့် အလွန်တရာ လျှို့ဝှက်သော ဆရာဝန်တစ်ယောက်ဖြစ်သည်။

ဆရာဝန်ကြီး ဦးမင်းညို ပစ္စည်းဥစ္စာများကို မသမာသောနည်းနှင့်ယူချင်၍ တူအဖြစ်ဟန်ဆောင်ကာ သတ်ပစ်လိုက်ခြင်း ဖြစ်ရမည်။

'ဒီကောင်ဟာ လူသတ်ကောင်ပဲ၊ ဆရာဝန်ယောင်ဆောင်ထားတဲ့ လူသတ်ကောင်'

သက်သေခံအထောက်အထားမရသေးခင်မှာပင် ညိုထွန်းလတ်အား တရားလက်လွှတ် မျက်စိမှိတ် ဖွတ်အတင်း စွပ်စွဲကြသည်။

ရဲတပ်ဖွဲ့ဝင်များသည် ညိုထွန်းလတ်အိမ်အား အနှံ့အပြားလိုက်လံရှာဖွေကြသည်။ မာတ်ခွဲခန်းများ၊ မြေအောက်ခန်းများ၊ ခြံရုံများအား လိုက်လံတီးခေါက်ခြင်း၊ ကြမ်းပျဉ်များကိုပင် ခွာ၍ သုံးဝမရှိသော အလောင်းအား ရှာဖွေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ညှိထွန်းလတ်ဆီသို့ ဆရာဝန်ကြီး ဦးသ မင်းနှင့် မေသက်ရှိန်တို့ ရောက်လာကြသည်။ စခန်းမှူးက ဧည့်သည်နှစ်ဦးအား ဓာတ်ခွဲခန်းတွင် တွေ့ဆုံပေးပြီး သူတို့ ပြောသမျှ စကားများကို မှတ်စုစာအုပ်ထဲတွင် တစ်လုံးမကျန် ရေးမှတ်လိုက်တော့သည်။

ဆရာဝန်ကြီး ဦးမင်းညို၏ 'အမ္ဗုတ္တရုပ်ကြမ်း' မှတ်တမ်းထဲတွင် မေသက်ရှိန်နှင့် မတွေ့ဆုံမီ စိတ်ခံစားရမှုများကို ကြေကွဲဖွယ် ရေးသားထားလေသည်။

□ □ □

ကျွန်ုပ်အား ရဲတပ်ဖွဲ့ဝင်များက ကျွန်ုပ်အိမ်မှာပင် အကျဉ်းချထားခြင်းခံရသည်။ ရှေ့ဆက်ဖြစ်လာမည့် ကျွန်ုပ်ဘဝအရေးထက်ပင် မေသက်ရှိန်အား ပူပန်သောကရောက်လျက် ရှိသည်။ ယခုရက် လောက်ဆိုလျှင် ကျွန်ုပ်အကြောင်းကို တောင်ပေါ်မြို့လေးနေ လူအများ ထင်မြင်ပြောဆိုနေကြသကဲ့သို့ မေသက်ရှိန်လည်း သိရှိကြားမိလောက်ပြီ ထင်သည်။

ကျွန်ုပ် စိတ်ထဲတွင် ကြောက်လန့်စိတ်နှစ်ခုသည် တစ်ခုပြီး တစ်ခု ဆင့်ကဲဆင့်ကဲ ဝင်ရောက်လာသည်။ ပထမကြောက်လန့်စိတ်မှာ အများထင်မြင်ယူဆထားသကဲ့သို့ လူသတ်မှု၊ ရာဇဝတ်မှု ကျူးလွန်သူ လူယုတ်မာအဖြစ် မေသက်ရှိန် အထင်အမြင်လွဲမှားသွားမည်ကို ပထမကြောက်လန့်မိသည်။





ကျွန်ုပ်၏ လျှို့ဝှက်ချက်များအား မည်သူ့မျှ ဖွင့်ပြောမည် မဟုတ်သောကြောင့် စခန်းမှူး မေးသလို မေးခွန်းများအား မေသက်ရှိန် မေးလာခဲ့လျှင် ဘာအဖြေမှ ပေးနိုင်မည်မဟုတ်ပေ။ မေသက်ရှိန် မည်သို့မေးမေး ကျွန်ုပ် မဖြေသောကြောင့် အများထင်မြင်ယူဆသလို လူသတ်သမားအဖြစ် အထင်ရောက်မှာကို ဒုတိယ ကြောက်လန့်မိသည်။

အမှန်အတိုင်း ဖွင့်မပြောသာသည့်အတူတူ ဘာကြောင့် အထင်မြင်လွဲမှားခြင်းကို ကြောက်လန့်ရပါသနည်းဟုဆိုရသော် ချစ်ခြင်းမေတ္တာ သဘောတရားများကား ဆန်းကြယ်လှသည်။ ကျွန်ုပ်သည် မေသက်ရှိန်အား နှင်းတုမမီအောင် ရင်ထဲတွင် နှင့်အောင် လှိုက်လှိုက်လှဲလှဲ ချစ်ခဲ့မိသည်။

ထိုသို့ ချစ်မိသောကြောင့် မေသက်ရှိန်သည် ကျွန်ုပ်အား လူသတ်သမားအဖြစ် ထင်မြင်ယူဆမည်ကို ကြောက်လန့်မိသည်။

ကျွန်ုပ်အပေါ် မေသက်ရှိန် မုန်းသွားမည့် အကြောက်ထက် လူသတ်သမားကို ချစ်မိသောကြောင့် သူ့ကိုယ်သူ မုန်းတီးသွားမည့် နာကြည်းစိတ်အား ကျွန်ုပ် ပိုမိုကြောက်ရွံ့မိပါသည်။

"ဒီလူသတ်သမားကိုမှ ငါ ချစ်မိလေခြင်း၊ ဒီလူသမားကိုမှ မေတ္တာထားမိလေခြင်း"ဟု ယူကျုံးမရသော စိတ်များသည် မေသက်ရှိန်၏ အသည်းနှလုံးအား တစ်စိမ့်စိမ့်နာကျင်အောင် ဖန်တီးသကဲ့သို့ ဖြစ်ပေမည်။ အခြား မည်သူပင်ဖြစ်စေ ကြိုက်သလို စွပ်စွဲပါစေ၊ မမြင် ကွယ်ရာ မကြားနိုင်ရာအရပ်သို့ ရှောင်ပုန်းထွက်ပြီး ရှောင်လွှဲနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သောစိတ်သည် ကိုယ်သွားသော ရာ အရိပ်ပမာ တွယ်ကပ်လိုက်ပါတတ်သောကြောင့် မေသက်ရှိန် သည်လည်း တစ်သက်လုံး စွဲကပ်နေမည့် စိတ်ညစ်နွမ်းမှုများကို တမြေ့ မြေ့ ခံစားရပေတော့မည်။ စိတ်ချမ်းသာမှုများကား တစ်သက်လုံး ပျောက်ဆုံးသွားပေတော့မည်။ ကျွန်ုပ်အပေါ် ချစ်မိ၍ ခံစားရမည့် စိတ်ဝေဒနာများကြောင့် စိတ်ဒုက္ခများ ရောက်ရပေတော့မည်။

ကံတရားက စီမံဖန်တီးသည့်အတိုင်း ကျွန်ုပ်ကိုယ်တိုင်ကိုယ်ကျ အဆိုးဝါးဆုံးအနေအထားများကို မည်မျှပင် ခံစားရပါစေ ကျွန်ုပ် ခံနိုင်ရည်ရှိသော်လည်း လှို့ဝှက်ရှုပ်ထွေးသော ကျွန်ုပ် ဘဝထဲတွင် မေသက်ရှိန်ပါ အဆစ်ပါရမည့်အဖြစ်ကား ကျွန်ုပ် ရင်နာမဆုံးအောင် ရှိချေသည်။

တောင်ပေါ်မြို့လေးတွင် မေသက်ရှိန်အား စိတ်ဝင်စားသည့် လူငယ်များ များစွာရှိခဲ့သည်။ မေသက်ရှိန်အချစ်ကို ရယူဖို့ နီးစပ်ရန် ကြိုးပမ်းကြသည့် ဘဏ်အရာရှိ အောင်ခန့်တို့လို အရာရှိအရာခံများ အထက်တန်းလွှာ ချမ်းသာကြွယ်ဝသူများ ဝိုင်းဝိုင်းလည်နေသည့်ကြား မှ ကျွန်ုပ်အား ထူးထူးခြားခြား ရွေးချယ်ချစ်ခဲ့သည်။ မေသက်ရှိန်သည် သာမန်အချစ်မျိုးမဟုတ်ဘဲ ကြီးမားသောမေတ္တာဖြင့် ချစ်ခဲ့ခြင်းဖြစ် သည်။

အဘွားဖြစ်သူ ဒေါ်မေသက်ထားဏ်ငယ်ချစ်ဟောင်း ဆရာဝန် ကြီး ဦးမင်းညို၏ တူတော်သူ ဆရာဝန်တစ်ယောက်ဖြစ်သည်ဆိုသည် မှလွဲပြီး ကျွန်ုပ်ဘဝ နောက်ကြောင်းများကို မေမြန်းခြင်းမရှိဘဲ ယုံကြည် စိတ်ချစွာ ချစ်ခဲ့သူဖြစ်သည်။





ယခုလောက်ဆိုလျှင် ကျွန်ုပ်အကြောင်းကို ကြားသိလောက် ပြီး သူမ နှလုံးသားတွင် အပူမီးတောက်ကာ ကျွန်ုပ်ထံသို့ အပြေး ရောက်လာတော့မည်ကို ကျွန်ုပ် သိနေသည်။

မေသက်ရှိန် ရောက်လာလျှင် ကျွန်ုပ် အဖြေပေးနိုင်သော အခွန်းများလည်း ရှိမည်မဟုတ်ပေ။ သူမ မေးသမျှ ကျွန်ုပ်က မဖြေ နိုင်လျှင် အများထင်မြင်ယူဆထားသလို လူသတ်သမားဟု အထင် အမြင်လွဲပေတော့မည်။ ထို့နောက်တွင် လူသတ်သမားကို ချစ်မိလေ ခြင်းဟု ယူကျုံးမရ မချိတင်ကဲ ခံစားရမည်။ ကြိုသိနေသလို မေသက် ရှိန် လာရောက်တွေ့ဆုံမည့်အရေးကို ကြောက်ရွံ့နေမိသည်။

ထို့ကြောင့်လည်း မေသက်ရှိန် မလာပါစေနှင့်ဟုသာ အသည်း အသန် ဆုတောင်းမိသည်။ သို့သော် ကျွန်ုပ်ဆုတောင်းကား ပြည့်ခဲ့ပေ။ ကျွန်ုပ်အား အကျယ်ချုပ်ချထားရာ အိမ်ထဲသို့ ဆရာဝန် ကြီး ဦးသက်မင်းနှင့်အတူ မေသက်ရှိန် ရောက်ရှိလာသည်။ ကျွန်ုပ် မျှော်လင့်ထားသည့်အတိုင်း ကြောက်လန့်မှုများနှင့် ရင်ဆိုင်တိုးပေ တော့သည်။ ထိုအချိန် တွင် မဟာပထဝီမြေကြီးသည် ဟက်တက် ကွဲကာ စုံးစုံးမြုပ်အောင် ကျွန်ုပ်အား မျိုချလိုက်လျှင် မည်မျှကောင်း ပါမည်နည်း။

မေသက်ရှိန်ကို မြင်တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ် ဦးခေါင်းအား မိုးကြိုးများ ထိမှန်သွားသည်။ ကျွန်ုပ် အသိဉာဏ် များသည် လျှပ်စစ်များ ဝင်ရောက်စီးဆင်းကာ ဓာတ်လိုက်သလို ဖြစ်သွားပြီး ယောင်ယမ်းပြီး ထခုန်လိုက်မိပေတော့သည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ခွဲခန်းတံခါး ပွင့်သွားသည်။

ခြေသံများကို ကြားနေရသည်။ ညိုထွန်းလတ်ထံသို့ ဧည့်သည်များ ရောက်လာကြောင်း သိလိုက်ရသည်။ ဦးခေါင်း ပေါ်တွင် လက်နှစ်ဖက်ကို ယှက်တင်ထားပြီး သတိမေ့မြောသည် ဖြစ်နေသော ညိုထွန်းလတ်သည် ခေါင်းမော့၍ ကြည့်လိုက်သည်။ ဆရာဝန်ကြီး ဦးသက်မင်းနှင့် မေသက်ရှိန် ဖြစ်နေပေသည်။

မေသက်ရှိန်ကို မြင်လိုက်ရသည်နှင့် ထိုင်ရာမှ ထခုန် ကာ ပြေးထွက်သွားပြီး မေသက်ရှိန်အား အတင်းပွေ့ဖက်လိုက် သည်။ ညိုထွန်းလတ် ရင်ခွင်ထဲတွင် ခေါင်းလေးမှေးပြီး ရှိုက် ကြီးတငင် ငိုလိုက်သည်။

ဦးသက်မင်းက တံတွေးမျိုပြီး ချောင်းတစ်ချက်ဟန့် လိုက်သောကြောင့် လူချင်းခွာကာ ထိုင်ခုံများတွင် ဝင်ထိုင်လိုက် ကြသည်။

ဆရာဝန်ကြီး ဦးသက်မင်း မျက်လုံးအိမ်ထဲတွင်လည်း မျက်ရည်စများ ဝေ့အိုင်ပြီး စိတ်မချမ်းမသာ ဖြစ်နေရှာသည်။

'ဒေါက်တာရယ်... ခုဖြစ်တဲ့ကိစ္စတွေက အတော်ဆိုး တာပဲ၊ အခု ကျုပ်ရောက်လာတာက ဒီမိန်းကလေးက ဒေါက်တာ ကို မတွေ့ရရင် ရင်ကွဲတော့မယ်ဖြစ်နေလို့ လိုက်ပို့တာပါ၊ ကျုပ် ကလည်း ကျုပ်သူငယ်ချင်းရဲ့တူမောင်အပေါ်မှာ ဒေါက်တာ့ သိက္ခာ၊ ရိုးသားမှုတွေကို လုံးဝယုံကြည်ထားတဲ့သူတစ်ယောက်ပါ၊ ကျုပ်စိတ်ထဲမှာ ထင်မှတ်ထားတာကို ပြောရရင် ဒီကိစ္စတွေရှင်း





သွားဖို့ ဒေါက်တာမှာ ဖြေရှင်းချက်တွေ အပြည့်အစုံရှိမယ်လို့ ထင်ပါတယ်။

'ဒါကြောင့်မို့ ဒေါက်တာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေ ပြေလည်သွားအောင် ကျုပ်ကို ယုံကြည်လို့ရှိရင် ဒေါက်တာ ပြောပြစေချင်ပါတယ်၊ ဒေါက်တာရဲ့ဦးလေး ကျုပ်သူငယ်ချင်း ရဲ့အလောင်း ဘယ်မှာရှိနေတယ်ဆိုတာ ပြောပြစမ်းပါ၊ ကျုပ်ကို ယုံကြည်ရင် ပြောပြစေချင်ပါတယ်'

ညိုထွန်းလတ်သည် ခေါင်းကို ခါယမ်းလိုက်သည်။

'ကျွန်တော်လည်း ပြောပြချင်ပါတယ် ဆရာကြီးရယ်၊ ဒါပေမဲ့ ကျွန်တော့်မှာက ပြောရခက်နေတယ်၊ ပြောပြဖို့က ဘယ် လိုမှ မဖြစ်ပါဘူး၊ ရဲရဲဝံ့ဝံ့ သစ္စာပြုရဲပါတယ်၊ ကျွန်တော်ဟာ ဆရာကြီးရဲ့သူငယ်ချင်း ဦးမင်းညိုကို မသတ်ရိုးအမှန်ပါ၊ ဘုရား သေးသေး ကျမ်းပေးပေး သစ္စာပြုဝံ့ပါတယ်၊ ကျွန်တော် မသတ်ပါ ဘူး ဆရာကြီးရယ်'

'ဒေါက်တာ ပြောတဲ့စကားကို ကျုပ် လက်ခံပါတယ်၊ ယုံလည်း ယုံကြည်ပါတယ်၊ ဒါပေမဲ့ ခုလို ရှုပ်ထွေးနေတဲ့ ပြဿနာတွေကို ဒေါက်တာအနေနဲ့ ရှင်းလင်းသွားအောင် ထုတ် ဖော်ပြောပြမှ ဖြစ်မှာမဟုတ်လား၊ ဒါကြောင့်မို့ ဖွင့်ပြောဖို့ ကျုပ် တောင်းပန်ပါတယ်'

'တောင်းပန်ရမယ့်ကိစ္စ မဟုတ်ပါဘူး ဆရာကြီး'

'ဟုတ်သားပဲ ကိုလတ်ရယ်၊ တခြားသူတွေမယုံကြည် သေမယ့် မေသက်နဲ့ ဒီက ဆရာဝန်ကြီးတို့ကတော့ ကိုလတ်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပြီးသားပါ၊ ကိုလတ်ကိုယ်တိုင် သေချာထုတ်ဖော်ပြောမှ ပဲ ဒီစွပ်စွဲချက်တွေက လွတ်မှာမဟုတ်လား၊ ရှင်းပြစမ်းပါ ကိုလတ် ရယ်၊ ကိုလတ်က ဘယ်ကလာတာလဲ၊ ကိုလတ်က ဘယ်သူလဲ၊ ဆရာဝန်ကြီး ဦးမင်းညိုအလောင်း ဘယ်မှာလဲဟင်၊ ဒါတွေကို ကိုလတ် ဖွင့်ပြောမှ ကိုလတ်ဘဝကို ကိုလတ် ကယ်လို့ရမယ်၊ ပြောပါ ကိုလတ်ရယ်၊ ပြောလိုက်စမ်းပါ'

မေသက်ရှိန်ကလည်း သနားစဖွယ် မျက်ရည်လေးစမ်းစမ်းနှင့် ဝင်မေးရင်း ညိုထွန်းလတ်မျက်နှာအား စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

ညိုထွန်းလတ်သည် ကျောက်ရုပ်ကြီးတစ်ရုပ်ကဲ့သို့ မတုန်မလှုပ် ငြိမ်ကျလျက်ရှိသည်။

'အဲဒါခက်တာပဲ မေသက်၊ ကိုလတ်ဘဝကလည်း အဲဒီအကြောင်းတွေကို ဘယ်လိုမှ ဖွင့်ပြောလို့မရတဲ့ ဒုက္ခပဲ၊ မေသက် မေးတဲ့မေးခွန်းတွေကို ကိုလတ် ဖြေချင်တယ်၊ ဒါပေမဲ့ ဖြေလို့ရမယ့် ကိစ္စတွေ မဟုတ်ဘူး၊ အခုကိစ္စမှာ လျှို့ဝှက်ချက်တွေ ရှိနေတယ်၊ အဲဒီလျှို့ဝှက်ချက်တွေကလည်း ကိုလတ်အချစ်ဆုံးဖြစ်တဲ့ မေသက် ကိုတောင် ဖွင့်ထုတ်ပြလို့မရဘူး ဖြစ်နေတယ်'

ညိုထွန်းလတ်သည် ညည်းညည်းညူညူ ပြောလိုက်ရင်း သူ့မျက်နှာပေါ်တွင် အရိပ်ထင်လာမည့် စိတ်ဒုက္ခများကို မေသက် မြင်မည်စိုးသောကြောင့် မျက်နှာကို ချာခနဲလှည့်ကာ တိမ်းရှောင်သွားသည်။

သို့သော် မေသက်သည် ကိုလတ်အနီးသို့ တိုးကပ်လိုက်





ပြီး ညိုထွန်းလတ် လက်နှစ်ဖက်ကို ဆွဲယူကာ သူမပါးနှင့် အပ်ထားရင်း…

'ခုကိစ္စက ကိုလတ်အတွက် အလွန်အရေးကြီးတဲ့ကိစ္စ မဟုတ်လား၊ ကိုလတ် လျှို့ဝှက်ချက်တွေကို ဘာပြုလို့ ဖွင့်မပြောရဲတာလဲ၊ တောင်ပေါ်မြို့လေးက လူတွေအကုန်လုံးက ကိုလတ်ဟာ အင်မတန်ကြောက်စရာကောင်းတဲ့ လူသတ်သမား၊ ရာဇဝတ်ကျူးလွန်တဲ့ သူတစ်ယောက်လို့ ပြောနေကြပြီ၊ အဲဒါကို ကိုလတ် ဘယ်လိုဖြေရှင်းမလဲ၊ ကိုလတ်တစ်ခွန်းလောက် ဖွင့်မပြောရတာလဲ ဟင်၊ ဒီဟာတွေကို ဘာပြုလို့ လျှို့ဝှက်ထားရတာလဲ'

စကားပြောနေရင်းမှာပင် မေသက်ရှိန်၏ နှုတ်ခမ်းလေးများသည် တဆတ်ဆတ်တုန်လှုပ်လျက်ရှိသည်။ သူမ၏ မျက်ဝန်းနက်နက်များတွင်လည်း အဓိပ္ပာယ်ရှာဖွေမရနိုင်အောင် ရှုပ်ထွေးသော အရိပ်အယောင်များ ယှက်သန်းလျက်ရှိသည်။ ညိုထွန်းလတ်သည် ဖက်တွယ်ထားသော မေသက်ရှိန် လက်များကြားမှ ရုန်းထွက်လိုက်ပြီး ထရပ်လိုက်သည်။

သူ့အနေနှင့် နူးညံ့သော မေသက်ရှိန်၏ အထိအတွေ့များကြောင့် စိတ်ဓာတ်အင်အားများ ပျော့ညံ့လာကာ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပြောမိမှာစိုး၍ ခွာထွက်ပြီး ရပ်လိုက်ခြင်းဖြစ်သည်။ မတ်တတ်ရပ်လျက်နှင့် တစ်ဖက်လှည့် ကျောပေးကာ ပြောလိုက်သည်။

'မေသက်ကို ကိုလတ်ရင်ထဲက နှလုံးသားထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



မြတ်မြတ်နိုးနိုး ချစ်ပါတယ်၊ ခုဟာက ကိုလတ်အဖို့ မရုန်းနိုင်တဲ့ ထောင်ချောက်ကြီးထဲမှာ မိနေရတယ်၊ ကိုလတ်အပေါ် ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကိုလည်း သိတယ်၊ ကိုလတ်အတွက်တော့ အရေးမကြီးပါဘူး၊ မေသက်ကိုပါ ဆွဲခေါ်သလို ဖြစ်နေတော့ ဒါကိုပဲ ကိုလတ် စိတ်မကောင်းဖြစ်မိတယ်၊ ကိုလတ်တစ်ယောက်တည်းဆိုရင် မမှုပါဘူး၊ လက်ထပ်တော့မယ့်ဆဲဆဲမှာ ကိုလတ်ကြောင့် မေသက်ပါ စိတ်ဒုက္ခရောက် စိတ်ဆင်းရဲရတာပဲ'

ညိုထွန်းလတ်သည် ပြောရင်းမှာပင် အသံတိမ်ဝင်သွားကာ ရှိုက်သံသဲ့သဲ့ ထွက်လာသည်။ မေသက်ရှိန်ကိုယ်တိုင်ကလည်း စိတ်ထဲတွင် မချိမဆံ့ ခံစားလာရသည်။

'ဒီမယ် ကိုလတ်၊ ဘယ်လိုလျှို့ဝှက်ချက်ပဲဖြစ်ဖြစ် ပြောကိုပြောရမယ်၊ တကယ်လို့ ကိုလတ်သာ ရာဇဝတ်မှုကျူးလွန်တဲ့လူတစ်ယောက်ဖြစ်ဦး မေသက် မေတ္တာတွေက ပျက်ပြယ်မသွားပါဘူး၊ အမှန်တိုင်းသာ ပြောလိုက်ပါ ကိုလတ်ရယ်'

ညိုထွန်းလတ်သည် မျက်နှာကို လက်ဝါးနှင့်အုပ်ထားရင်း...

'မဖြစ်နိုင်ဘူး မေသက်၊ ကိုလတ်ရဲ့ လျှို့ဝှက်ချက်ဟာ ဒီကမ္ဘာကြီးမှာ သိသွားလို့မဖြစ်ဘူး၊ ကုန်ကုန်ပြောမယ်၊ မေသက်ကိုတောင် အသိပေးလို့မဖြစ်ဘူး'

မေသက်ရှိန်က ဆက်လက်တောင်းပန်သည်။ ဆရာဝန်ကြီး ဦးသက်မင်းကပါ ဝင်ရောက်ပြီး အထပ်ထပ်တောင်းပန်ကြ





သည်။ ဘယ်လိုမှ တောင်းပန်၍မရ။ ညိုထွန်းလတ်သည် သူ့လျှို့ဝှက်ချက်ကို ဘယ်လိုမှ ထုတ်ဖော်ပြောမည် မဟုတ်ပေ။ အခန်းထောင့်တွင် ထိုင်နေသော စခန်းမှူးသည် ပြောသမျှစကားများကို မှတ်တမ်းစာအုပ်ထဲတွင် အဆက်မပြတ် ရေးသားလျက်ရှိသည်။

□ □ □

ဆရာဝန်ကြီး ဦးသက်မင်းနှင့် မေသက်ရှိန်တို့သည် တစ်နာရီခန့်မျှကြာအောင် အမျိုးမျိုး တောင်းပန်ကြသော်လည်း ညိုထွန်းလတ်က ဘာမှဖွင့်မပြောပေ။ ထိုခဏငယ်လေးအတွင်းမှာပင် ညိုထွန်းလတ် အကြောက်လန့်ဆုံးကိစ္စများ ဖြစ်ပေါ်လာတော့သည်။

'ကောင်းပြီ ကိုလတ်၊ ဒီအတိုင်းသာ ကိုလတ် ငြင်းနေမယ်ဆိုရင် လူများတွေ ထင်မြင်ယူဆသလို မေသက်ကိုယ်တိုင်သံသယတွေ ဝင်လာတယ်၊ ကိုလတ်ကိုအင်မတန်ချစ်တဲ့ မေသက်ကိုယ်တိုင် ဒီလောက်ချစ်ပြီး ဒီလောက်မေးရက်သားနဲ့ ကိုလတ်က ဘာမှမပြောတော့ဘူးဆိုရင် ကိုလတ်မှာ အင်မတန်ကြောက်စရာကောင်းတဲ့ လျှို့ဝှက်ချက်ကြီးကို ဖုံးကွယ်ထားတာပဲပေါ့၊ တစ်မြို့သုံးက ပြောနေကြသလို ကိုလတ်ဟာ လူသတ်သမားလားဟင်'

မေသက်ရှိန်သည် မျက်ရည်များကြားမှ မချိမဆံ့ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး မေသက်၊ ဒါ မဟုတ်ဘူး၊ လူများတွေ ဘယ်လိုပြောပြော မေသက် မယုံပါနဲ့၊ လူများက ဘယ်လိုပဲထင်ထင်၊ ဘယ်လိုမြင်မြင် ကိုလတ် ဂရုမစိုက်ဘူး၊ မေသက်ကိုယ်တိုင် အဲဒီအတိုင်း ထင်မြင်ယူဆသွားရင်တော့ ကိုလတ်ဘဝဟာ သေတာထက်တာတောင် ဆိုးပါသေးတယ်'

ညိုထွန်းလတ်သည် မေသက်ရှိန်အား မျက်နှာချင်းဆိုင်လိုက်ပြီး အနီးသို့ တိုးကပ်သွားသည်။ မေသက်ရှိန်ကလည်း သူမအနားသို့ အကပ်မခံတော့ဘဲ နောက်သို့ဆုတ်ရင်း တုန်ယင်လိုက်မောစွာ အော်ပြောလိုက်သည်။

'ရှင် ကျွန်မအနားမလာနဲ့၊ ရှင့်ကို ကျွန်မ ကြောက်တယ်၊ ကြောက်တယ်၊ ရှင့်ရဲ့ လူသတ်တဲ့ လျှို့ဝှက်ချက်တွေကို ကြောက်တယ်'

မေသက်ရှိန်သည် ဆရာဝန်ကြီး ဦးသက်မင်း၏ လက်မောင်းများကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။

'ဆရာကြီး သွားကြမယ်၊ ကျွန်မတို့ ပြန်မှဖြစ်မယ်၊ သူဟာ အင်မတန်ကြောက်ဖို့ကောင်းတဲ့ လူသတ်သမားပါ ဆရာကြီးရယ်'

မေသက်ရှိန်သည် ချုံးပွဲချငိုလိုက်သည်ကို ဆရာဝန်ကြီး ဦးသက်မင်းမှ ဖျောင်းဖျချော့မော့ပြီး အိမ်အပြင်သို့ ခေါ်ထုတ်သွားသည်။

ညိုထွန်းလတ် ကိုယ်တိုင်မှာလည်း ပါးစပ်အဟောင်းသား





မျက်လုံးအပြူးသားနှင့် မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်လိုဖြစ်သွားသည်။ ထို့နောက်တွင် ညိုထွန်းလတ်သည် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး အသည်းကွဲအက်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေပေတော့သည်။

❒ ❒ ❒

ထိုကဲ့သို့ ဖြစ်ပျက်ခဲ့ရသည်များကို ဆရာဝန်ကြီး ဦးမင်းသို့၏ 'ရုပ်ပြောင်းခန္ဓာ'မှတ်တမ်းထဲတွင် စူးရှထက်မြက်သော စိတ်ခံစားမှုများကို အောက်ပါအတိုင်း ရေးသားထားခဲ့ပေသည်။

❒ ❒ ❒

ကျွန်ုပ် အသည်းနှလုံးတို့ကား လောင်းကျွမ်းကြေမွ ပြာကျသွားကြရပေပြီ။ ကျွန်ုပ်ဘဝကြီးတစ်ခုလုံး ပေါက်ကွဲပျက်စီး၍ အစိတ်စိတ်အမွှာမွှာဖြစ်ကာ အစပြန်ရှာမရနိုင်လောက်အောင် ပျက်သုဉ်းသွားခဲ့ပေပြီ။ ကျွန်ုပ် မျှော်လင့်ထားသည့်အတိုင်း ကြောက်စရာအကောင်းဆုံး အဖြစ်ဆိုးကြီးနှစ်ခုသည် မဖြစ်ဘဲမနေအောင် ဖြစ်သွားခဲ့ပြီဖြစ်သည်။

ကျွန်ုပ်သည် လောကကြီးတွင် ကြောက်စရာ လုံးဝမရှိတော့ပေ။

ခင်မင်တွယ်တာစရာ သံယောဇဉ်လည်း မရှိတော့ပေ။

အဆုံးစွန်ပြောရလျှင် ကျွန်ုပ်၏ ကိုယ်ခန္ဓာ၊ ကိုယ်တွင်းအင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com



အစိတ်အပိုင်းများ လှုပ်ရှားလျက် နှလုံးသွေးများ လည်ပတ်စီးဆင်းပြီး ဦးနှောက်မှ အလုပ်လုပ်သောကြောင့် အသက်ရှင်နေသည်ဟု ထင်ကြရသော်လည်း ကျွန်ုပ် ချစ်မြတ်နိုးသော မေသက်ရှိန်က ကျွန်ုပ်အား ကြောက်စရာကောင်းသည့် လူသတ်သမားတစ်ယောက်အဖြစ် ထင်မှတ်သွားသည်။

မေသက်ရှိန် ကျောခိုင်းထွက်ခွာသွားသည့်နောက်မှာပင် ကျွန်ုပ် ဘဝကြီးတစ်ခုလုံး ဆိတ်သုဉ်းသွားပေသည်။

ကျွန်ုပ်သည် သေဆုံးခြင်းမရှိသေးသော်လည်း ကျွန်ုပ်ဘဝက သေဆုံးသွားပြီ။ ထွက်သက်ဝင်သက်နှင့် အသက်ကို ရှူသွင်းရှူထုတ်ပြုနေရသော်လည်း အသက်မရှိတော့။ ကျွန်ုပ်သည် မြင်တွေ့ကြားသိနေရသော်လည်း အသိတရားမရှိတော့ပေ။ မေသက်ရှိန် ကျောခိုင်းထွက်ခွာသွားပြီးနောက် ကျွန်ုပ် စိတ်များကို ထိန်းမရတော့ပေ။ အလိုလို ဝမ်းနည်းလာကာ ချုံးပွဲချ ငိုမိလိုက်သည်။

ငိုနေမိရာမှ ဖျတ်ခနဲ ကျွန်ုပ် သတိရသွားသည်။

တုန်လှုပ်ချောက်ချားနေသော စိတ်အဟုန်သည် ရုတ်တရက် ရပ်သွားသည်။ တသွင်သွင်စီးဆင်းနေသော ရေပြင်ကြီးသည် ရုတ်တရက် ခဲသွားသကဲ့သို့ အေးစက်သွားသည်။ မေသက်ရှိန် ရောက်လာခဲ့သည်။ မေးခွန်းများ မေးခဲ့သည်။ စက်ဆုပ်စွာ မုန်းတီးသွားသည်။ ထိုကိစ္စများထက် ပိုမိုကြောက်လန့်ဖွယ်ကောင်းသောအရာ ရှိမည်မထင်တော့ပေ။

သို့သော် ရေထဲသို့ ခဲရည်များ လောင်းချလိုက်သည့်အခါ





အရည်ဘဝမှ အခဲဖြစ်သွားသကဲ့သို့ အပူငွေ့များ ကျန်ရှိနေသည်။ လောင်သွားသော ပဖွည်းတစ်ခုသည် ပြာကျသွားသော်လည်း အပူဓာတ်က နွေးနွေးငွေ့ငွေ့လေး ကျန်ရှိနေပေသည်။

ကျွန်ုပ်ဘဝတွင် အရေးကြီးဆုံးသော အာယုသိဒ္ဓိ (ယေမ္မပြန်ရုပ်ပြောင်းခန္ဓာ) ဆေးနည်းပင် ဖြစ်သည်။ ကျွန်ုပ်အိမ်နှင့် ကျွန်ုပ်အားစောင့်ရှောက်ဖွဲ့ဝင်များက အစောင့်ချထားရာ ကျွန်ုပ်သည် ဓာတ်ခွဲခန်းထဲတွင်သာ အနေများခဲ့သည်။ ဓာတ်ခွဲခန်းအတွင်းရှိ လျှို့ဝှက်သော နေရာတွင် ယေမ္မပြန်ရုပ်ပြောင်းခန္ဓာဆေးနည်း ရှိသည်။ လုံခြုံစွာ လျှို့ဝှက်ထားသော ထိုဆေးနည်းမှာ ကျွန်ုပ်၏ နောက်ဆုံးသောက ဖြစ်သည်။

မေသက်ရှိန် စွန့်ခွာသွားပြီးနောက် ကျွန်ုပ် အရေးတကြီး စဉ်းစားမိသည်မှာ အာယုသိဒ္ဓိ (ယေမ္မပြန် ရုပ်ပြောင်းခန္ဓာ) ဆေးနည်းအား နိုင်ငံအသီးသီးရှိ သိပ္ပံပညာရှင်အား ချပြရမည်လား သို့မဟုတ် ဖျက်ဆီးပစ်ရမည်လားဆိုသော စိတ်နှစ်ခွဖြစ်နေသည်။

ထိုဆေးနည်းကို ချန်ထားခဲ့ပါက အဘိုးကြီး၊ အမယ်ကြီးများနှင့် လူပျို အပျိုများ ပေါ်ပေါက်လာမည်။ ထိုအခါ ကျွန်ုပ်ကဲ့သို့ စိတ်နှင့်ကိုယ် ပဋိပက္ခဖြစ်နေသော သတ္တဝါအထူးအဆန်းများ ပေါ်ပေါက်လာကာ အရှင်လတ်လတ် ငရဲကျပေတော့မည်။ အကယ်၍ ဖျက်ဆီးပစ်လိုက်ပါကလည်း သိပ္ပံပညာတိုးတက်ရာလမ်းကြောင်းကို ပိတ်ဆို့သကဲ့သို့ ဖြစ်ချေမည်။

ထိုအခါတွင် မေသက်ရှိန်နှင့် ဖြစ်ပျက်ခဲ့သော ကိစ္စများကို မေ့ပျောက်သွားပြီး အာယုသိဒ္ဓိ ဆေးနည်းကိစ္စကိုသာ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလာမိသည်။ ကျွန်ုပ် စမ်းသပ်အောင်မြင်မှုအဆင့်မှ နောက်တစ်ဆင့်တက်ပြီး အဘိုးကြီးစိတ်မှ နုပျိုသောခန္ဓာကိုယ်နှင့် တစ်ထပ်တည်း လူငယ်စိတ်အဖြစ် ပြောင်းလဲပစ်နိုင်သော နည်းလမ်းသစ်တစ်ခုကို ရှာဖွေတွေ့ရှိမည်ဆိုပါက ကျွန်ုပ်ဆေးနည်းကို ချန်ထားခဲ့ချင်သော စိတ် ပေါ်ပေါက်လာသည်။

သူရဲဘောကြောင်သူတစ်ဦးအား အရက်မူးအောင်တိုက်လိုက်လျှင် ယာယီအားဖြင့် စိတ်ပြောင်းကာ ရဲရင့်သူဖြစ်သွားတတ်သည်။ ထို့အတူ စိတ်ကို ပြောင်းစေနိုင်လျှင် အိုစိတ်မှ ပျိုစိတ်သို့ ပြောင်းလဲ၍ မရနိုင်ဘူးလား။ ရုပ်သည် ဓာတ်တို့၏ အစုအဝေးဖြစ်လျက် စိတ်သည် ဓာတ်တို့၏ အစုအဝေးမဟုတ်ပေ။ သကြားသည် ချိုသည်ဆိုသော အသိကို ဘယ်လိုနည်းနှင့် ဖျောက်ဖျက်ရပါမည်နည်း။

ကျွန်ုပ်အောင်မြင်မှုဖြစ်သော အာယုသိဒ္ဓိ(ယေမှုပြန် ရုပ်ပြောင်းခန္ဓာ)ဆေးနည်းအား ဖျောက်ဖျက်ပစ်ရန် စိတ်မပြတ်နိုင်ဘဲ ရှိသည်။ ဓာတ်ခွဲခန်းထဲတွင် ထိုင်ရင်း အမျိုးမျိုး တွေးတောလျက်ရှိသည်။ စိတ်နှစ်ခုဖြစ်လာသော စိတ်ဆင်းရဲခြင်းသည် ကိုယ်ရေးကိုယ်တာ စိတ်မချမ်းသာမှုထက် ကြီးမားလာသည်။

မေသက်ရှိန်နှင့် ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာများမှာ အများဆုံး ထိခိုက်ခြင်းခံရလျှင် ကျွန်ုပ်တို့နှင့်ပတ်သက်သော မိတ်ဆွေ တချို့သာ ထိခိုက်မည်။ သိပ္ပံနည်းပညာရပ်များကား လူ့လောကကြီး တစ်ခုလုံးအား ဖောက်ထိုးမိုးမျှော် ဖြစ်စေနိုင်သည်။ ကျွန်ုပ်၏ အာယု သိဒ္ဓိမှာ အောင်မြင်သောနည်းဖြစ်ပါက ဇရာမရဏ အနိဋ္ဌသဘော တို့သည် လုံးဝပျက်သုဉ်းသွားတော့မည်။

ဖိုးလပြည့်စာပေ



ထိုအခါ ဘာသာတရားတို့သည်လည်း အပယ်အကြည်ကင်းမဲ့ သော လူ့လောကကြီးတစ်ခုလုံး ဘာသာတရား ကင်းမဲ့လျက် ဖြစ်ချင် [illegible] ဖြစ်ကုန်ကြတော့မည်။ ထိုလို အခြေအနေဆိုးအား မည်သူမျှ တာဝန်ယူတော့မည် မဟုတ်ပေ။ ကျွန်ုပ်၏နည်းအား ဖျောက်ဖျက်ပစ် ခြင်းသာ လူ့လောကကြီးအတွက် အကောင်းဆုံးဖြစ်ပေလိမ့်မည်။

လူ့စိတ်ကား ဆန်းကြယ်လှသည်။ လူတို့သည် သိရက်နှင့် [illegible]များတတ်သည်။ ကျွန်ုပ် ပြဿနာနှင့် ကျွန်ုပ် စိတ်မအားအောင် တွေးနေစဉ်မှာပင် စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များကြောင့် စိတ်ရှုပ်နေမိ [illegible]သည်။ သူတို့ခမျာ လူ့လောကကြီးအား နားမလည်။ သူတို့ ရာထူး တိုးရေး လခမှန်မှန်ထုတ်၍ ဝမ်းစာရေးတွက်သာ အလုပ်များနေသူများ ဖြစ်သောကြောင့် သူတို့အားကြည့်ပြီး သနားတောင် သနားမိသေး သည်။

သို့သော် ကျွန်ုပ် အတွေးနှင့် ကျွန်ုပ် စိတ်ရှုပ်နေစဉ်မှာပင် စိတ်ရှုပ်ထွေးကောင်းသော မေးခွန်းများကို ထပ်တလဲလဲ မေးမြန်းလျက် ရှိရာ မည်သည့်မေးခွန်းပင်မေးမေး ဥပေက္ခာပြု၍ လျစ်လျူရှုထား လိုက်ပေတော့သည်။

□ □ □

ဒေါက်တာညိုထွန်းလတ်သည် စိတ်ဆင်းရဲခြင်းဒုက္ခကို အကြီးအကျယ် ခံစားနေရသည်။ နေ့ရောညပါ ရဲအရာရှိများသည် ညှဉ်းဆဲနည်းမျိုးစုံနှင့် ညှဉ်းဆဲကာ စစ်မေးကြသည်။ ရဲအရာရှိ [illegible]သော ပြောင်းလဲသွားကြသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညိုထွန်းလတ်၏ 'ကျုပ် ဘာမှပြောစရာမရှိဘူး' ဆိုသည့် အဖြေက မပြောင်းလဲဘဲ ထွက်ပေါ်မြဲ ထွက်ပေါ်၍သာ လာနေသည်။

နောက်ရက်များတွင် ကွယ်လွန်သူ ဦးမင်းညို အိမ်ခြံဝင်း အတွင်း ရှာဖွေကြည့်ရာမှ အဝတ်စုတ်များနှင့် ပတ်ထားသော လူရိုးတစ်ရိုးကို တွေ့ရှိသွားကြသည်။ ပတ်ထားသော အဝတ်စမှာ ဦးမင်းညို အဝတ်စဖြစ်ပြီး တွေ့ရှိရသော အရိုးမှာ အသက်အရွယ် အိုမင်းသော လူကြီးတစ်ယောက်၏ လက်ဖျံရိုး ဖြစ်နေပေသည်။

ညိုထွန်းလတ်အား စစ်မေးရာတွင် မည်သည့်အဖြေကို မှ မပေးဘဲ မေးသမျှမေးခွန်းတိုင်းကို ငြင်းဆန်လျက်ရှိသည်။ သက်သေခံပစ္စည်း လက်ဖျံရိုးကို တွေ့ရှိရာမှ ညိုထွန်းလတ်အား လူသတ်မှုနှင့် စွဲချက်တင် ဖမ်းဆီးပြီး အကျဉ်းထောင်ကြီးသို့ ပို့လိုက်ပေသည်။

အမှန်မှာမူ ညိုထွန်းလတ်အနေနှင့် လက်ဖျံရိုးလေး အကြောင်းကို ကောင်းကောင်းသိခဲ့သည်။ ယခင်ဘဝဟောင်းက ဆရာဝန်ကြီး ဦးမင်းညိုသည် ကိုယ်လက်အင်္ဂါ ချို့ယွင်းနေသော အရူးကြီးတစ်ယောက်အား ခွဲစိတ်ကုသပေးစဉ်က ဖြတ်ပစ်ခဲ့သော လက်ဖျံရိုးပင် ဖြစ်သည်။

အဆိုပါ လက်ဖျံရိုးလေးသည် ညိုထွန်းလတ်အား ဆရာဝန်ကြီး ဦးမင်းညို သတ်ဖြတ်မှုနှင့် တရားစွဲဆိုရန် သက်သေခံ ပစ္စည်းတစ်ခု ဖြစ်သွားပေတော့သည်။





ညိုထွန်းလတ် ပြဿနာစဖြစ်သည့်အချိန်မှစ၍ အမှုသွား အမှုလာများကို လေ့လာသုံးသပ်ရင်း ရှေ့နေဘုန်းသက်ပိုင်မှာ တရားခံဖြစ်သူ ညိုထွန်းလတ် လွတ်မြောက်ရေးအတွက် အစွမ်းကုန် လှုပ်ရှားတော့သည်။

ညိုထွန်းလတ်သည် သူနှင့် သွားအတူ လာအတူ တွဲလာခဲ့သော စိတ်ရင်းကောင်းသည့် ခင်မင်ရင်းနှီးဆုံး သူငယ်ချင်းဖြစ်သည်။

ယခုအမှုတွင်လည်း အပြစ်မရှိဟု ခိုင်ခိုင်မာမာ ယုံကြည်ထားသည်။ ဘုန်းသက်ပိုင်အနေနှင့် ဒေါက်တာညိုထွန်းလတ် စိတ်နှလုံးကို ကောင်းစွာသိရှိနားလည်ထားသည်။

ထို့ကြောင့်လည်း အပြစ်မရှိသော သူတစ်ယောက် အပြစ်မှလွတ်မြောက်ရန် အစွမ်းကုန် ကြိုးစားသည်။ သူ့အနေနှင့် အမှုပေါင်းများစွာကို ရှေ့နေလိုက်ခဲ့ရသော်လည်း ညိုထွန်းလတ်အမှုလောက် အလွန်တရာခက်ခဲသော အမှုမျိုးကို မကြုံဖူးခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် တရားခံ ညိုထွန်းလတ်သည် မြေကြီးထဲမှ တူးဖော်ရရှိသော လက်ဖျံရိုးနှင့် ပတ်သက်သည့် အချက်အလက်မှတစ်ပါး အခြားမည်သည့်အကူအညီမှ မရခဲ့ပေ။ ခြံဝင်းထဲတွင် တွေ့ရှိသော လက်ဖျံရိုးမှာ ကွယ်လွန်သူ ဆရာဝန်ကြီးဦးမင်းညို လက်ဖျံရိုးမဟုတ်ကြောင်း ဆေးပညာရှင်များ အကူအညီယူ၍ ဖော်ထုတ်နိုင်ကြောင်းသာ သိရှိခဲ့ရသည်။

ရှေ့နေဘုန်းသက်ပိုင်အနေနှင့် အစိုးရဘက်မှ လူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စွဲချက်တင်ကာ စွပ်စွဲထားသော သက်သေခံအထောက်အထား များကို တရားခံ၏ဘက်မှ လွတ်အောင်ရှောင်နိုင်ဖို့ လျှောက်ထဲ ချက်များ မရနိုင်အောင် ရှိခဲ့သည်။ ထို့ကြောင့်လည်း အကျဉ်း ထောင်ထဲရှိ ညိုထွန်းလတ်အား ဝင်ရောက်တွေ့ဆုံခဲ့သည်။

ညိုထွန်းလတ်သည် သံတိုင်များစိုက်ထားသော ပြတင်း ဘောင်ပေါ်တွင် လက်ထောက်မှီကာ ယောင်နံရံအပြင်ဘက်သို့ ငေးကြည့်လျက်ရှိသည်။

ဘုန်းသက်ပိုင် ဝင်ရောက်လာသည်ကို တွေ့လိုက်သော ကြောင့် လှည့်ကြည့်လိုက်သည်။ သူငယ်ချင်းဖြစ်သူ ညိုထွန်းလတ် မျက်နှာအား သေချာကြည့်လိုက်သည်။

သူရင်းနှီးသော ဆရာဝန် ညိုထွန်းလတ် မျက်နှာသည် ရုပ်ရည်ချောမောသည်သာမက သိုသိပ်သိမ်မွေ့ မြင့်မြတ်သော အရိပ်အယောင်များကို မြင်တွေ့နေရသည်။ ဉပမိရုပ်ကို ကြည့်ခြင်း ဖြင့် သူ၏ရည်ရွယ်ချက်၊ မျှော်လင့်ချက်၊ ယုံကြည်ချက်များထို ခိုင်မာစေပြီး အသက်ပါ အသေခံမည့်လူစားမျိုး ဖြစ်သည်။

ယခုလည်း ယုံကြည်မှုတစ်ခုကြောင့် အသက်အသေခံ၍ သူ့ကိုယ်သူ အဆင်သင့်ပြင်ဆင်ထားရှော့သလားဟု ဘုန်းသက်ပိုင် စိတ်ထဲတွင် အလိုအလျောက် ထင်မြင်လာမိသည်။

'ငါ အခု မင်းကိုလာတွေ့တာက မင်းအတွက် ကာကွယ် ပေးနိုင်မယ်ထင်လို့ ထောင်ထဲကို လာတွေ့တာပဲ သူငယ်ချင်း'

ဘုန်းသက်ပိုင်က စကားစတင်ပြောလိုက်သောအခါ





ညိုထွန်းလတ် ပြုံးလိုက်သည်။ သူ့အပြုံးမှာ အလွန်တရာ ချိုသာ သော အပြုံးမျိုးဖြစ်သည်။ အသက်အရွယ်ကြီးမားသော အဘိုးကြီး တစ်ယောက်က ကလေးငယ်တစ်ယောက်အား တွေ့ဆုံရာတွင် ကြည်နူးစွာ ပြုံးပြလိုက်သော အပြုံးမျိုးဖြစ်သည်။

'ငါ့အတွက် ဘာမှကာကွယ်စရာ မရှိပါဘူးကွာ၊ ဒုက္ခ ခံပြီး ဘာဖြုလို့ လာတွေ့ရတာလဲ သူငယ်ချင်းရာ'

ညိုထွန်းလတ်က အေးအေးဆေးဆေးပင် ဘာမှမဖြစ် သလို အပူအပင်မဲ့စွာ ပြောလိုက်သည်။

'ဒါဖြင့်ရင် မကာကွယ်တော့ဘဲ ပြစ်မှုတွေကို ဖွင့်ဟ ဝန်ခံတော့မှာလား'

ဘုန်းသက်ပိုင်က ညိုထွန်းလတ် မျက်လုံးများကို စိုက် ကြည့်ပြီး မေးလိုက်သည်။ သူ့မျက်လုံးများမှာလည်း ရက်စက် ကြမ်းကြုတ်သည့် စိတ်အရိပ်အယောင်များ လုံးဝမရှိပေ။ ဘုန်း သက်ပိုင်သည် တရားခံများစွာနှင့် တွေ့ဆုံခဲ့ဖူးသူဖြစ်သည်။ ညိုထွန်းလတ် မျက်လုံးများသည် မကောင်းမှုကျူးလွန်ပြုလုပ် တတ်သည့် မျက်လုံးမျိုးမဟုတ်။ သူ၏မျက်လုံးထဲတွင် အလွန် တရာ စိတ်နှလုံးသိမ်မွေ့လှသော လေးလေးနက်နက်စဉ်းစားတတ် သည့် မျက်လုံးမျိုးသာ ဖြစ်နေသည်။

'ဟာ… မဟုတ်ဘူး သူငယ်ချင်း၊ ငါ့မှာ ဘာအပြစ်မှ ရှိတာမဟုတ်ဘူး၊ ဒါပေမဲ့ အပြစ်ရှိရှိ မရှိရှိ မထူးတော့ပါဘူးကွာ၊ စွပ်စွဲထားတဲ့ စွပ်စွဲချက်တွေ သက်သေတွေက ခိုင်လုံနေတော့၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘက်က အပြစ်ကင်းတယ်လို့ အထောက်အထားပြစရာ ဘာမှ မရှိဘူး၊ ဒါကြောင့်မို့လို့ မျှော်လင့်ချက်ကင်းမဲ့တဲ့ အမှုကို လိုက်မနေ ပါနဲ့ကွာ၊ မင်း ပင်ပန်းပါတယ်'

ညို့ထွန်းလတ်က အေးဆေးတည်ငြိမ်စွာပင် ပြောဆိုလျက် ရှိသည်။ ဒါကိုပင် ဘုန်းသက်ပိုင်စိတ်ထဲ နေမရ ထိုင်မရ ဖြစ်လာ သည်။

'ဒီမယ် ညို့ထွန်းလတ်၊ မင်းနဲ့ ငါဟာ ဘယ်လိုသူငယ် ချင်းတွေဆိုတာ မင်း အသိဆုံးပဲ၊ မင်းရဲ့ အသက်ကိုကယ်ဖို့ဆိုတာ က တရားခံဘက်က လိုက်ပါဆောင်ရွက်ပေးတဲ့ ရှေ့နေတစ်ယောက် ရဲ့ လုပ်ရပ်အပြင် ဒီထက်မက နားလည်မှုတွေ၊ ခံစားချက်တွေ ရှိတယ်ဆိုတာ မင်းသိပါတယ်၊ ငါကတော့ မင်း လွတ်မြောက်ရေး အတွက် အစွမ်းကုန် ကြိုးစားလျှောက်လဲရမှာပဲ'

'မင်း ငါ့အတွက်ကူညီတာကို ကျေးဇူးတင်တယ် သူငယ် ချင်း၊ ဒါပေမဲ့ ငါ့အသက်ကို ကယ်ဆယ်ဖို့ဆိုတာက မဖြစ်နိုင်တော့ ဘူး'

'ခုအချိန်မှာ မင်းရဲ့အကူအညီကို လိုချင်တယ်၊ ငါ့ကို ပြောစမ်းပါကွာ၊ ဘာပြုလို့ မင်းရဲ့ အတိတ်က လျှို့ဝှက်ချက်တွေ ကို ဖုံးကွယ်ထားရတာလဲ၊ မင်းမှာ အပြစ်မရှိဘူးဆိုတာ ငါ သိတယ်၊ ဖုံးကွယ်ထားရမယ့်အကြောင်းတွေ ရှိမယ်ဆိုတာလည်း ယုံကြည်တယ်၊ အသက်နဲ့ လူလုပ်တာမဟုတ်ဘဲ အရှက်နဲ့ လူလုပ် တယ်ဆိုတဲ့ စကားရှိသလို ကိုယ်ပိုင်ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီး





အရှက်ကြောင့် အသက်ပါပေးကြတာတွေ ရှိတာပဲ၊ မင်းရဲ့လျှို့ဝှက် ချက်တွေကို ငါနားလည်တယ်၊ အသက်သာ အသေခံမယ်၊ အရှက် ကို လူသိမခံဘူးဆိုသလို ငါ့အတွက်လည်း သဲလွန်စရမယ့် အကျိုး အကြောင်းလေး နည်းနည်းဖြစ်ဖြစ် ပြောစမ်းပါ။

'တစ်ခုခုသိရရင် ကောင်းမယ်ကွာ၊ အကုန်လုံးဖွင့် ပြောဖို့ မဟုတ်ပါဘူး၊ အရှက်ကိုဖုံးကွယ်ပြီး တကယ့်အဖြစ်အပျက်တွေကို အရိပ်အမြွက်လောက် အကျိုးအကြောင်း ဖော်ပြနိုင်တဲ့ တစ်ခု၊ နှစ်ခုလောက်သိရရင် အဲဒီအပေါ်မှာ အခြေခံပြီး ခုခံကာကွယ်လို့ ရမယ့် လျှောက်လဲချက်တွေကို ငါ ဆင်လို့ရပါတယ်၊ ငါ ကတိ ပေးပါတယ်ကွာ၊ ငါ့ရဲ့ဂုဏ်သိက္ခာကို သစ္စာပြုပြီး ကတိပေးပါ တယ်၊ မင်း စိတ်ထဲမှာရှိတဲ့ ပြောစရာရှိတာ ပြောစမ်းပါ၊ အချက် လေး တစ်ချက်၊ နှစ်ချက်လောက်ပဲ ငါ သိချင်တာပါ'

ညို့ထွန်းလတ်သည် အတန်ကြာအောင် တိတ်ဆိတ်ငြိမ် သက်သွားသည်။ သူ တွေးနေပုံရသည်။ သူ့ဘဝတွင် သူငယ်ချင်း ကောင်းနှစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့ရသည်။ ဝမ်းသာအားရဖြစ်မိ သည်။ ယခင်ဘဝဟောင်း ဦးမင်းညိုဘဝတွင် ဆရာဝန်ကြီး ဦးသက်မင်းမှာ သူ့အတွက် မိတ်ဆွေကောင်းသူငယ်ချင်းကောင်း ဖြစ်ခဲ့သည်။

ယခု ညို့ထွန်းလတ် ဘဝတွင်လည်း ရှေ့နေဘုန်းသက် ပိုင်သည် သူ့အတွက် သူငယ်ချင်းမိတ်ဆွေကောင်းတစ်ယောက် ဖြစ်သည်။ ဦးသက်မင်းနှင့် ဘုန်းသက်ပိုင်တို့နှစ်ဦးစလုံးမှာ သူ



www.burmeseclassic.com

www.burmeseclassic.com



သည် ဦးမင်းညိုလည်း ဖြစ်သည်။ ညိုထွန်းလတ်လည်းဖြစ်သည်ကို မသိကြပေ။

'အင်း… မင်း ပြောတဲ့အတိုင်း ငါ့ဘဝတွေထဲ အဖြစ်အပျက်တစ်ခု၊ နှစ်ခုလောက်ကို မင်းဆန္ဒအတိုင်း ငါ ပြောချင်တယ်၊ ဒါပေမဲ့ ငါ ဘာဆိုဘာမှ မပြောနိုင်ဘူး၊ ဝမ်းနည်းပါတယ်ကွာ'

'ကောင်းပြီ ညိုထွန်းလတ်၊ မင်း ပြောတဲ့အတိုင်း ရှိပါစေတော့၊ ဒါပေမဲ့ ငါ့ကိုတော့ ကာကွယ်ခွင့်ပေးပါ၊ မင်းပါးစပ်က ပြောတဲ့စကားလုံးတွေ တစ်ခုမှမပါဘဲ ခုခံကာကွယ်ခွင့်ကို ငါ့နည်းငါ့ဟန် ငါ့အယူအဆတွေနဲ့ လျှောက်လဲခွင့်ပေးပါ၊ တကယ်လို့ မင်းက ဘာမှမပြောချင်ဘူးဆိုလည်း မပြောဘဲသာနေ၊ အစိုးရရှေ့နေကလည်း မင်း မပြောလို့ရှိရင် ဘာမှမေးနိုင်တဲ့ အခွင့်အရေး မရှိပါဘူး'

'ဒီလောက်သိရတာ ကျေးဇူးပဲ၊ ငါ့မှာ ဘာမှပြောစရာ မရှိတာကို အမျိုးမျိုးလာမေးနေတော့ ပြောစရာမရှိတာကို မရှိဘူးလို့ ပြောရတာကို မော်လှပါပြီ သူငယ်ချင်း'

ရှေ့နေဘုန်းသက်ပိုင်သည် သူ့သူငယ်ချင်းဖြစ်သူ ညိုထွန်းလတ်အတွက် အမှုမှလွတ်မြောက်ရန် အစွမ်းကုန်ကြိုးပမ်းရမည်ဟု ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချပြီး အကျဉ်းထောင်ထဲမှ ညိုထွန်းလတ်အား ကြေကွဲစွာနှုတ်ဆက်ရင်း ပြန်လာခဲ့သည်။

❒ ❒ ❒





ဒေါက်တာညိုထွန်းလတ် အမှုသည် တောင်ပေါ်မြို့လေးရှိ လူအများ အထူးတလည်စိတ်ဝင်စားကြသည့် ရာဇဝတ်မှုကြီးတစ်ခု ဖြစ်ခဲ့သည်။ ကွယ်လွန်သွားသော ဆရာဝန်ကြီး ဦးမင်းညိုမှာ ကြည်ညိုလေးစားဖွယ်ကောင်းသော ထူးချွန်ထက်မြက်သည့် သိပ္ပံပညာရှင်ကြီး ဖြစ်သည်။ ထို့အတူ ဒေါက်တာညိုထွန်းလတ် ဆိုသည်မှာလည်း ရုပ်ရည်ချောမောပြီး ဥပမိရုပ်ကောင်းခြင်း၊ ထင်ရှားသော ဆရာဝန်ကြီး၏ တူဖြစ်ခြင်း၊ အထူးသဖြင့် မိန်းမချောလေးများ စိတ်ဝင်စားခံရသည့် လူငယ်ဆရာဝန်လေးတစ်ယောက် ဖြစ်နေပေသည်။

တောင်ပေါ်မြို့လေးရှိ တရားရုံးတော်တွင် စိတ်ဝင်တစားလာရောက်နားထောင်ကြသူများနှင့် ပြည့်ကျပ်နေပေသည်။ အမှုစစ်ဆေးရာတွင် အစိုးရဘက်မှလိုက်သော အစိုးရရှေ့နေကြီး ဦးပန်းဝေသည် အညှာအတာမရှိ ဥပဒေသဘောတရားများနှင့် ကျွမ်းကျင်စွာလျှောက်လဲချက်ပေးရာ ညိုထွန်းလတ်သည် ကွယ်လွန်သူ ဦးမင်းညိုအား သတ်ဖြတ်သည့် လူသတ်သမားအဖြစ် ထင်မြင်ယူဆသွားကြပြီး သေဒဏ်ပေးခံရမည်ဟု ယုံကြည်သွားကြသည်။

သို့သော်လည်း တရားခံဘက်မှ ခုခံကာကွယ် ရှေ့နေလိုက်သော ဘုန်းသက်ပိုင်၏ လျှောက်လဲချက်များမှာ ကောင်းလွန်းလှသဖြင့် ညိုထွန်းလတ်အပေါ်တွင် လူသတ်သမားဟု မယူဆနိုင်လောက်အောင် ဖြစ်သွားကြရပြန်သည်။ ခြံဝင်းထဲမှ တူးဖော်ရရှိသော လက်ဖျံရိုးနှင့်ပတ်သက်၍ တရားသူကြီးများ

www.burmeseclassic.com



ထင်မြင်ယူဆမှုကို သံသယဖြစ်လာအောင် စွမ်းဆောင်လာနိုင်ခဲ့သည်။ လက်ဖျံရိုးသည် ကွယ်လွန်သူ ဦးမင်းညို၏ လက်ဖျံရိုး ဖြစ်ကြောင်း ခိုင်လုံသည့်သက်သေအထောက်အထား မရှိခဲ့ပေ၊

သိပ္ပံပညာရှင် အရိုးအကြောကုပါရဂူဆရာဝန် သက်သေများအား မေးခွန်းများ အထပ်ထပ်မေး၍ စစ်မေးခဲ့သည်။ ထို့ပြင် အစိုးရဘက်မှ ရှေ့နေကြီး၏ သွယ်ဝိုက်သောသက်သေခံအထောက်အထားများကိုလည်း ရှေ့နေဘုန်းသက်ပိုင်၏ စူးရှလေးနက်သော မေးခွန်းများကြောင့် အစိတ်စိတ်အမြွှာမြွှာ ပျက်စီးသွားသည်။

တရားရုံးတော်အတွင်း၌ ရှေ့နေ ဘုန်းသက်ပိုင်၏ လျှောက်လဲချက်များအား လာရောက်နားထောင်ကြသူများသည် တိတ်ဆိတ်ငြိမ်သက်စွာ စိတ်ဝင်တစား နားစိုက်နေကြသည်။

'ယခု တရားခံရဲ့ ရှေ့ဖြစ်ဘဝနဲ့ပတ်သက်လို့ ဘယ်သူမှ မသိကြပါဘူး၊ တောင်ပေါ်မြို့လေးမှာ တရားခံဟာ ရုတ်တရက်ပေါ်လာပြီး သူ့ဦးလေးဖြစ်သူ ဦးမင်းညို ရုတ်တရက် ကွယ်လွန်သွားကြောင်း ဆရာဝန်ကြီး ဦးသက်မင်းအား သွားရောက်ပြောကြားခဲ့ပါတယ်။

'ရဲအရာရှိများ စစ်မေးတဲ့အခါမှာလည်း တရားခံဟာ ကျုပ် မပြောနိုင်ဘူးဆိုပြီး ဖြေခဲ့ပါတယ်၊ အစိုးရဘက် ရှေ့နေကြီးကလည်း ဒါကိုပဲ ထပ်တလဲလဲအကြောင်းပြုပြီး စွဲချက်တွေ အထောက်အထားတွေ အမျိုးမျိုးပြသွားပါတယ်။

'တရားသူကြီးမင်း ခင်ဗျာ၊ တရားခံဟာ သူ့စိတ်က





ရှေ့ဖြစ်ဘဝတွေကို ဖုံးကွယ်လိုတဲ့ဆန္ဒ မရှိပါဘူး၊ နောက်ပြီး လူသိမခံဝံ့အောင် မကောင်းတဲ့ လျှို့ဝှက်ချက်လည်း မရှိပါဘူး၊ သူ့စိတ်က မှုမှန်မဟုတ်တဲ့အခါမှာ ရှေ့ဘဝမှာ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ ပြောပြနိုင်ပါ့မလား စဉ်းစားကြစေလိုပါတယ်၊ လွတ်လပ်ရေးပြီးကာစ ကာလမှာ ပြည်တွင်းဆူပူသောင်းကျန်းမှုတွေကြောင့် စစ်ပွဲတွေ ဖြစ်ခဲ့ပါတယ်။

'စစ်ပွဲကာလမှာ အမြောက်သံ၊ ဗုံးသံတွေကြောင့် စိတ်ထိခိုက်ပြီး သတိလစ်ဟင်းသွားတဲ့ လူငယ်တွေ အများကြီးရှိပါတယ်၊ သူတို့ကိုယ်သူတို့ မမှတ်မိလောက်အောင် သတိလစ်ဟင်းနေကြပါတယ်၊ လူက ကျန်းမာပေမယ့် ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်း မသိကြပါဘူး။

'အခု တောင်ပေါ်မြို့လေးမှာပဲ အဲဒီလို စိတ်ဝေဒနာခံစားနေရတဲ့ လူငယ်နှစ်ဦးရှိပါတယ်၊ တိုက်ပွဲတွေဖြစ်ခဲ့တဲ့ကာလကိုသာ မှတ်မိပြီး အရင်တုန်းက ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ မမှတ်မိကြပါဘူး၊ လုံးလုံးပဲ သတိလစ်နေကြပါတယ်။

'ကျွန်တော့်ရဲ့ အမှုသည်ဟာလည်း ဒီလိုပဲ၊ အမြောက်သံ၊ ဗုံးသံတွေကြောင့် သည်းခြေပျက်ပြီး ဘာမှမမှတ်မိတော့တဲ့ စိတ်ဝေဒနာရှင် လူငယ်တစ်ယောက် ဖြစ်ချင် ဖြစ်နိုင်ပါတယ်၊ သူ့ရဲ့အတိတ်ဘဝနဲ့ပတ်သက်ပြီး မေးတဲ့မေးခွန်းတိုင်းကို 'ကျွန်တော် မပြောနိုင်ပါဘူး' လို့ ဖြေတာကို စဉ်းစားကြည့်စေလိုပါတယ်။

'ဒါကြောင့်မို့လို့ ကျွန်တော် ပြောရရင် ကျွန်တော့် အမှု



www.burmeseclassic.com

www.burmeseclassic.com



သည်ဟာ ယခင်ဘဝ မှတ်ဉာဏ်တွေချို့ယွင်းပြီး ပြည်တွင်းစစ်ကာလတွေမှာ စိတ်ဝေဒနာရရှိသူလို့ ဆိုချင်ပါတယ်၊ တောင်ပေါ်မြို့လေးကို ရောက်လာတဲ့အထိ သူ့ အရင်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မှတ်မိခြင်းမရှိတော့ပါဘူး။

'တောင်ပေါ်မြို့လေးကိုမရောက်ခင် ဘာတွေလုပ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့မှာ ဘာသက်သေအထောက်အထားမှ မရှိပါဘူး၊ လောလောဆယ်မှာ တရားခံရဲ့ အရင်ဘဝတွေဟာ ရှေ့နေကြီးရဲ့ လျှောက်လဲချက်အတွက် အထောက်အကူများစွာရတယ်လို့ဆိုရသော်လည်း တကယ်တမ်းမှာကတော့ သူ့ဘဝကို သူ မမှတ်မိတဲ့အချက်ဟာ တရားခံဘက်က အထောက်အကူ လျှောက်လဲချက်ဖြစ်နေတယ်ဆိုတာ တရားသူကြီးများ စဉ်းစားကြည့်ပါ။

'ကြည့်ပါ... တရားခံဟာ ဦးမင်းညိုနဲ့ ရုပ်ရည်ချင်း အတော်တူပါတယ်၊ ကျွန်တော် တင်ပြထားတဲ့ ဆရာဝန်ကြီး ဦးမင်းညိုရဲ့ ယေဉ်စဉ်တုန်းက ဓာတ်ပုံအရလည်းကောင်း၊ ငယ်စဉ်ကတည်းက သိကျွမ်းရင်းနှီးတဲ့ ဆရာဝန်ကြီး ဦးသက်မင်းနဲ့ ဒေါ်မေသက်ထားတို့ကလည်း သက်သေခံသွားကြတာတွေကို ထောက်ရင် တရားခံဟာ ဦးမင်းညိုနဲ့ အင်မတန်တူညီတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ကြပါဘူး။

'ကိုင်း... ကောင်းပြီ၊ ဒီတရားခံဟာ ဘယ်သူပါလဲ ခင်ဗျာ၊ တရားခံဟာ သူ့ကိုယ်သူ ဆရာဝန်ကြီး ဦးမင်းညိုရဲ့ တူပါလို့ လူသိရှင်ကြား ပြောကြားခဲ့ပါတယ်၊ အစိုးရရှေ့နေကြီး





က ဒီအချက်နဲ့ပတ်သက်ပြီး တရားခံနဲ့ ဦးမင်းညိုတို့ တူအရီးတော်စပ်ကြောင်း သက်သေခံမယ့် သက်သေတစ်ယောက်တရားခံကဖော်ထုတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။

'တရားခံရဲ့ ရှေ့နေဖြစ်တဲ့ ကျွန်တော်က မေးချင်ပါတယ်။

'တကယ်လို့ တရားခံနဲ့ ဦးမင်းညိုတို့ဟာ ဘယ်လိုမှ အဆက်အစပ်မရှိဘူးဆိုရင် ရုပ်ရည်က ဘာပြုလို့ ဒီလောက်တူနေရတာလဲလို့ မေးချင်ပါတယ်၊ တရားခံဟာ ဦးမင်းညိုရဲ့ တူတော်ချင် တော်လိမ့်မယ်၊ ဒါပေမဲ့ တရားခံဟာ အခု ပျောက်ကွယ်နေတဲ့ ဦးမင်းညိုနဲ့ သွေးသားအလွန်နီးစပ်တဲ့ သားချင်းတစ်ယောက်ဆိုတာ ကိုတော့ ရုပ်ရည်ချင်းအလွန်တူတာကို ထောက်ပြီး ယူဆနိုင်ပါတယ်။

'အစိုးရဘက်က ရှေ့နေကြီးက ဦးမင်းညိုရဲ့ တူတော်ကြောင်း သက်သေထုတ်ပြပါလို့ တောင်းဆိုခဲ့ပါတယ်။

'အခု တရားခံဟာ ဦးမင်းညိုရဲ့တူ မဟုတ်ဘူး၊ ဒါမှမဟုတ် ဦးမင်းညိုရဲ့ တရားမဝင်တဲ့ တိတ်တိတ်ပုန်းသားတစ်ယောက် ဘာမှမဆိုင်တဲ့ လူတစ်ယောက်ကို ဒီတောင်ပေါ်မြို့လေးမှာ တွေ့ဖူးသလား၊ မန္တလေးမှာ တွေ့ဖူးသလား၊ ရန်ကုန်မှာ တွေ့ဖူးသလား၊ ဘယ်မြို့ဘယ်ရွာမှာ တွေ့ဖူးတယ်ဆိုတာ အခြေခံခိုင်ခိုင်မာမာနဲ့ သက်သေထွက်မယ့် သက်သေတစ်ယောက်ကို အစိုးရဘက်က ကနေ့ထိ ဖော်ထုတ်ပြီး မပြနိုင်ပါဘူး။

'တရားသူကြီးမင်း ခင်ဗျာ၊ ဒီအမှုမှာ တရားခံရဲ့ ယခင်



www.burmeseclassic.com

www.burmeseclassic.com



ရေးဖြစ်ဘဝတွေနဲ့ပတ်သက်ပြီး အချက်အလက်တစ်ခုတလေမှ ရဲဘက်က တင်ပြခြင်းမပြုနိုင်ပါဘူး၊ တင်ပြခြင်းမရှိတဲ့အတွက် ကျွန်တော့်ရဲ့အမှုသည်ဟာ တခြား စကြဝဠာဂြိုဟ်တစ်ခုကနေ ရုတ်တရက်ရောက်လာသလားလို့တောင် ထင်စရာ ဖြစ်နေပါ တယ်။

'ဒါကြောင့်မို့လို့ တရားသူကြီးမင်း ခင်ဗျား…

ဆရာဝန်ကြီး ဦးမင်းညိုကို သတ်တယ်ဆိုတာ ခိုင်မာတဲ့ အထောက်အထား ဘာတစ်ခုမှ မရှိပါဘူး၊ အခုချိန်မှာဆိုရင် ဆရာဝန်ကြီး ဦးမင်းညိုဟာ အမေရိကကို ရောက်ချင်ရောက်နေ မယ်၊ ဂျပန်ကို ရောက်မယ်၊ ဆေးပညာနဲ့ပတ်သက်တဲ့ သုတေသန လုပ်ငန်းတွေကို နိုင်ငံတကာ သိပ္ပံပညာရှင်တွေနဲ့ လေ့လာကောင်း လေ့လာနေမယ်။

'ဦးမင်းညိုကို ဘယ်အချိန်ထိ အသက်ရှင်လျက် တွေ့ခဲ့ ပါသလဲလို့ ကျွန်တော့်အမှုသည်ကို အဆုံးအစမရှိ စစ်မေးခဲ့ပါ တယ်၊ ဦးမင်းညိုနဲ့ ကျွန်တော့်အမှုသည်တို့ ဘယ်ကိုသွားတယ်၊ ဘယ်ကိုလာတယ်ဆိုတာလည်း အထပ်ထပ်မေးခဲ့ပါတယ်၊ ကျွန်တော့် အမှုသည်က ကျွန်တော် မပြောနိုင်ပါဘူးလို့သာ ပြောခဲ့ပါတယ်။ သူမှ မပြောနိုင်တာ၊ ဘယ်လိုလုပ်ပြီး ပြောနိုင်မှာလဲ ခင်ဗျာ။

'ဆရာဝန်ကြီး ဦးသက်မင်းဆီ ရောက်လာတဲ့ အချိန်ပိုင်း ရဲ့ ရေ့ပိုင်းကိစ္စတွေကို လုံးလုံးမေ့နေရှာတော့ 'မပြောနိုင်ဘူး' ဆိုတဲ့ အဖြေကလွဲရင် တခြား အဖြေပေးစရာ ဘယ်မှာရှိပါ့မလဲ၊ ဥပမာ





အားဖြင့် ဆရာဝန်ကြီး ဦးမင်းညိုက 'ကဲ… ငါ့တူကြီးရေ၊ ငါ တော့ကွာ၊ ကာလီဖိုးနီးယားသွားပြီး တစ်နှစ်လောက် အနားယူ လိုက်ဦးမယ်၊ ငါမရှိတုန်း ငါ့အလုပ်တွေ မင်း ဆက်လုပ်ပေါ့ ကွာ' လို့ သူ့တူကို မှာထားချင် မှာထားခဲ့မှာပေါ့။

'တရားသူကြီးမင်း ခင်ဗျား၊ အခု ကျွန်တော့်ရဲ့ အမှုသည် ကို အပြစ်ရှိတယ်လို့ စီရင်ချက်ချမှတ်ပြီးတဲ့နောက် ခြောက်လ အကြာမှာဖြစ်စေ၊ တစ်ပတ် နှစ်ပတ်အတွင်းမှာဖြစ်စေ ဆရာဝန် ကြီး ဦးမင်းညို ပြန်ရောက်လာရင် လူကြီးမင်းများရဲ့ စိတ်ထဲမှာ ဘယ်လိုများနေကြမှာပါလိမ့်'

❐ ❐ ❐

ထိုကဲ့သို့ တရားခံရှေ့နေ ဘုန်းသက်ပိုင်က လျှောက်လဲ ချက်ပေးနေစဉ်မှာပင် တရားခံညိုထွန်းလတ်သည် တစ်ကြိမ်၊ နှစ်ကြိမ် ပြုံးလိုက်သည်ကို တချို့က မြင်တွေ့လိုက်ကြသည်။ ဘုန်းသက်ပိုင်က နှစ်နာရီခန့်မျှကြာအောင် လျှောက်လဲချက်ပေး လျက်ရှိရာ ညိုထွန်းလတ်သည် သေချာနားစိုက်ထောင်လျက် သူ့မျက်နှာပေးတွင် ကျေနပ်ချီးမွမ်း သဘောကျနေပုံပေါ်သည်။

ဘုန်းသက်ပိုင်က အမှုမှ ကွင်းလုံးကျွတ်လွတ်ရန် လျှောက်လဲ ချက်ပေးပြီးနောက် ရုတ်တရက် စကားပြတ်သွားပြီး သူ့မျက်လုံး တွင် ဝေ့လာသော မျက်ရည်များကို တခြားသူများ မမြင်မိရန် အမှာကာသီ သုတ်ပစ်လိုက်သည်။ ဒေါက်တာညိုထွန်းလတ်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏အချစ်ဆုံးသူငယ်ချင်းဖြစ်သလို လူသတ်တရားခံတစ်ယောက် ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားသလို ဝက်ခြံလေးထဲတွင် တရားခံအဖြစ် အစစ်ဆေးခံရသည့် မြင်ကွင်းအား မကြည့်ရက်နိုင်အောင် ဝမ်းနည်းလာမိသည်။

အမှုစစ်ဆေးစဉ် သုံးရက်အတွင်း ညိုထွန်းလတ်သည် အံ့ဩဖွယ်ကောင်းလောက်အောင် အေးဆေးတည်ငြိမ်လွန်းလှသည်။ တရားခွင်သို့ ပထမဆုံးအကြိမ် ဝင်ရောက်လာစဉ်က လာရောက်ကြသော ပရိသတ်ထဲတွင် သူနှင့် သိကျွမ်းရင်းနှီးသူများ ပါလာမလားဟူသော အကြည့်မျိုးနှင့် ကြည့်လိုက်သည်။ ဘဏ်အရာရှိလေး အောင်ခန့်ကို မြင်လိုက်ရသောအခါ မိမိအား ယခုလိုအခြေအနေမျိုးရောက်အောင် ဖန်တီးခဲ့သည်ကိုပင် အမှတ်မထားဘဲ လက်မြှောက်ပြုံးပြကာ ရင်းနှီးစွာနှုတ်ဆက်လိုက်သေးသည်။

သုံးရက်အမှုစစ်ဆေးရာတွင် တစ်ကြိမ်တစ်ခါသာ စိတ်လှုပ်ရှားမှုဖြစ်သွားသည်ကို မြင်တွေ့လိုက်ကြရသည်။ မေသက်ရှိန်၏ အသွားဖြစ်သူ ဒေါ်မေသက်ထားက ယခု တရားခံ၏ရုပ်ရည်မှာ ဆရာဝန်ကြီး ဦးမင်းညို ငယ်စဉ်က ရုပ်ရည်နှင့် တစ်ထပ်တည်းတူညီကြောင်း သက်သေခံသည့်အချိန်ဖြစ်သည်။

ဒေါ်မေသက်ထား အစစ်ခံနေစဉ်မှာပင် တရားခံသည် မျက်ရည်များ ဝိုင်းလာသည်ကို မြင်တွေ့လိုက်ကြရသည်။ မျက်နှာတစ်ခုလုံး သွေးဆုပ်ဖြူလျော်လျက် မတ်တတ်မှ ပြိုကျတော့လု





တော့ ချုံးပွဲချငိုနေသည်ကို အထူးအဆန်းပမာ မြင်တွေ့လိုက်ကြရသည်။

နှစ်ဖက်ရှေ့နေများ လျှောက်လဲပြီးသောအခါ တရားသူကြီး၏များသည် ဆယ်မိနစ်ခန့် စဉ်းစားခန်းဝင်ကြသည်။ စဉ်းစားခန်းမှ ပြန်ထွက်လာသောအခါ တရားသူကြီးများ၏ ဆုံးဖြတ်ချက်မှာ 'တရားခံသည် အပြစ်ရှိသည်' ဟူသော ဆုံးဖြတ်ချက်ဖြစ်နေသည်။ နောက်ဆုံးအနေနှင့် တရားခံအား စီရင်ချက်မချမီ တရား သူကြီးက တင်းမာသောလေသံဖြင့် မေးလိုက်သည်။

'မောင်မင်းအပေါ် စီရင်ချက်မချထိုက်ကြောင်းနဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါသေးလဲ'

'ဘာမှ ပြောစရာမရှိပါဘူး၊ အခု စစ်ဆေးတာလည်း တရားနည်းလမ်းကျတဲ့ စစ်ဆေးခြင်းဖြစ်ပါတယ်၊ ကျွန်တော်ဟာ လူသတ်မှုမကျူးလွန်သော်လည်း သက်သေအထောက်အထားတွေ က ခိုင်လုံပြည့်စုံပါတယ်၊ ကျွန်တော် သေရမှာမို့လို့ အလွန်ပဲ ဝမ်းသာပါတယ်' ဟု ညိုထွန်းလတ်သည် ကြံ့ခိုင်စွာ ပျက် ပြောလိုက်လေတော့သည်။

တရားခံအား တရားရုံးမှ အကျဉ်းထောင်သို့ ပြန်လည်ခေါ်ဆောင်သွားကြသည်။ ညိုထွန်းလတ်သည် အကျဉ်းထောင်ကြိုးတိုက်ထဲတွင် သေဒဏ်ခံရပေတော့မည်။ အကျဉ်းထောင်တွင် ညိုထွန်းလတ်သည် သူ၏ 'ရုပ်ပြောင်းခန္ဓာ' မှတ်တမ်းကို ဆက်လက်ရေးသားလျက်ရှိသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## သေမင်းကို အေးအေးဆေးဆေးရင်ဆိုင်

ကျွန်ုပ်အား သေဒဏ်ပေးလိုက်ပြီဆိုသော စီရင်ချက်ကို ကြားလိုက်ရသောအခါ ကျွန်ုပ်မှာ များစွာရင်ပေါ့သွားပေတော့သည်။ ထိုသေဒဏ်သည် ကျွန်ုပ် ပြဿနာကြီးကို ဖြေရှင်းပေးလိုက်သော စီရင်ချက်ပင် ဖြစ်သည်။

ကျွန်ုပ် ရင်ထဲတွင် မုန်တိုင်းကဲ့သို့ အမြဲတမ်းတိုက်ခိုက်နေသောစိတ်နှင့် အသိဉာဏ်ပဋိပက္ခတို့သည်လည်း ထိုအခါကျမှ ငြိမ်းအေးသွားရသည်။ လူငယ်ခန္ဓာကိုယ်နှင့် အဘိုးကြီးစိတ်ဖြစ်နေသော ကျွန်ုပ်သည် အတုအယောင်ဆောင်သာ ဖြစ်နေသည်။

အတုအယောင် ကျွန်ုပ် ရင်ခွင်ထဲသို့ မေသက်ရှိန် ဝင်ရောက်လာတော့မည်ဆဲဆဲ ဘေးအန္တရာယ်မှလည်း လွတ်မြောက်သွားပေပြီ ကျွန်ုပ်နှင့် မေသက်ရှိန်တို့၏ လက်ထပ်မင်္ဂလာပွဲသည်လည်း ဘယ်သောအခါမှ ကျင်းပဖြစ်မည် မဟုတ်တော့ပေ။ မေသက်ရှိန်နှင့် အဘိုးကြီး ဝေးရတော့မည်ဟု တွေးလိုက်သောအခါ "အရှုံးရှုံးရှုံးကြီး





မှတ်တမ်းကို ရေးနေစဉ်မှာပင် မျက်ရည်များ တတွေတွေ စီးကျလာသည်။

မေသက်ရှိန်သည် နုနယ်လှပ သိမ်မွေ့တင့်တယ်သူလေး ဖြစ်ရာ ကျွန်ုပ် အရူးအမူးချစ်မိခဲ့ပါသည်။ သူကလေးအား ပိုင်ဆိုင်ရမည်ဆိုပါက ဘဝပေါင်းက လက်လွတ်ဆုံးရှုံးခဲ့ရသော မှတ်သိပ်သော အချစ်များကို ပြည့်ပြည့်ဝဝ ခံစားရရုံသာမက ဒီကမ္ဘာလောကကြီးတွင် ကျွန်ုပ်လောက် ပျော်ရွှင်ခဲ့သူရှိမည်မထင်ဟု နားလည်ထားခဲ့သည်။

သို့သော် မေသက်ရှိန်အား လက်ထပ်ပေါင်းသင်းခြင်းသည် သိမ်လည်လှည့်ဖြားမှုသာ ဖြစ်ပေသည်။ နှစ်ယောက်အတူတူနေထိုင်ခြင်းသည်ပင် ကျွန်ုပ် ရာဇဝတ်မှု ပြစ်မှုကျူးလွန်သူတစ်ဦးသာ ဖြစ်ပေသည်။ တစ်နေ့မဟုတ် တစ်နေ့ မေသက်ရှိန်သည် ကျွန်ုပ်၏ လျှို့ဝှက်ချက်ကို သိသွားပေလိမ့်မည်။ သို့မဟုတ် ကျွန်ုပ်ကိုယ်တိုင်က ရင်ထဲ၌ အကြိတ် အနယ်ဖြစ်နေသော ခံစားမှုကို မခံစားနိုင်၍ ဖွင့်ပြောကောင်း ပြောမိပေမည်။

ပြောဆိုမိပါက နုငယ်လှပ ပျိုမျစ်သော မေသက်ရှိန်နှင့် အိုမင်းနေသော ရောစိတ်တို့သည် ဘယ်လိုနည်းနှင့်မျှ တစ်ထပ်တည်း ကျမည် မဟုတ်တော့ပေ။ သို့မဟုတ်ပါက တစ်နေ့နေ့တွင် မျက်လှည့် သလို ကျွန်ုပ်သည် ပျိုရာမှ အိုမင်းသွားနိုင်သည်။ အန္တရာယ်က လည်း ရှိနေပေသေးသည်။ ကျွန်ုပ်၏ အာယုသိဒ္ဓိ(ငယ်မူပြန် ရုပ်ပြောင်းဆေး)ဆေးရည်က ဆေးစွမ်းပြယ်သည်နှင့်တစ်ပြိုင်နက် မိနစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာပင် မြန်းခနဲ နုပျိုနေရာမှ အဘိုးကြီးအိုရုပ်ကြီးအဖြစ် ပြောင်းသွားနိုင်ပေသည်။

ကျွန်ုပ် အဘိုးကြီးဘဝ ပြောင်းသွားလျှင် မေသက်ရှိန်မှာ စိတ်ထိခိုက်ခြင်းဖြစ်ကာ ကျွန်ုပ်အား ချစ်ခင်နှစ်သက် စွဲလမ်းမှုများ ပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့်လည်း ကျွန်ုပ်သည် သေရမည် ဆေးကို မကြောက်တော့ပေ။ ရဲရဲဝံ့ဝံ့ပင် အသေခံလိုက်တော့မည် ဖြစ်သည်။

ကျွန်ုပ် စိတ်ထဲတွင် ယခုအခါ၌ အရေးတကြီး ပူပန်သောအ ရောက်နေရပေသည်။ ကျွန်ုပ်၏ မာတ်ခွဲခန်းထဲတွင် ယယ်မှုပြန်ရုပ် ပြောင်းခန္ဓာ ဆေးနည်းရေးထားသော စာရွက်အား လျှို့ဝှက်စွာသိမ်း ဆည်းထားခဲ့သည်။ ထိုဆေးနည်းစာရွက်အား ဖျောက်ဖျက်ပစ်ခဲ့ ဖြစ်မည်။

လွန်စွာမှ အန္တရာယ်ကြီးသော ဆေးနည်းဖြစ်သည်။ ထိုဆေး နည်းကိုသာ ရသွားပါက အဘိုးကြီး၊ အဘွားကြီးများသည် ယေ ရုပ်ဆောင်ကာ လူများစွာကို လိမ်လည်ကြပေတော့မည်။ ကမ္ဘာကြီး ပရမ်းပတာဖြစ်သွားစေနိုင်သည်။ အိုခြင်းကိုတား၍ သေခြင်းကိုရှောင် သော ကျွန်ုပ်၏ ယယ်မှုပြန် ရုပ်ပြောင်းခန္ဓာဆေးနည်းသည် သဘာဝ တရားကြီးကို စော်ကားခြင်းဖြစ်သည်။

ဇရာတည်းဟူသော မလွှဲမရှောင်သာသည့်အဖြစ်ကို ကျွန်ုပ် တို့သည် ကြည်ကြည်ဖြူဖြူ လက်ခံပြီး သေမင်းကိုလည်း ဂုဏ်ဖြေ ရင်ဆိုင်နိုင်စွမ်းရှိရပေမည်။

□ □ □





ဒေါက်တာညိုထွန်းလတ်အမှုတွင် ကျွမ်းကျင်စွာလျှောက် လဲချက်ပေးခဲ့သော ရှေ့နေဘုန်းသက်ပိုင်သည် စီရင်ချက်ချပြီး နောက် ကြိုးတိုက်တွင် လာရောက်တွေ့ဆုံခဲ့သည်။

'သူငယ်ချင်း စိတ်မပျက်ပါနဲ့၊ အယူခံဝင်ထားတယ်'

ညိုထွန်းလတ်က ဘာမှမဖြစ်သလို ပြုံးလိုက်သည်။

'တခြားအကြောင်းတွေပဲ ပြောကြပါစို့ကွာ၊ ဘယ်လိုလဲ၊ အမှုတွေရော တော်တော်ရလိုက်လား၊ ငါ့အမှုနဲ့ပတ်သက်ပြီး တော်တော်နာမည်ကြီးသွားတယ်၊ ဟုတ်လား'

ခံစားမှုကင်းမဲ့သောသူပမာ သူငယ်ချင်း ညိုထွန်းလတ်၏ ပြောဆိုဆက်ဆံမှုတွေ ဘုန်းသက်ပိုင် ဘဝတစ်လျှောက်လုံး၌ တရားခံပေါင်းများစွာ ကြုံဖူးသည့်အနက် ညိုထွန်းလတ်သည် ထူးဆန်းသော တရားခံတစ်ဦး ဖြစ်နေပေသည်။

'ကဲ… သူငယ်ချင်း၊ ငါ့အနေနဲ့ နောက်ထပ် ဘာတွေ ကူညီဆောင်ရွက်ပေးရဦးမလဲ၊ အပြင်မှာရှိတဲ့ မိတ်ဆွေသူငယ်ချင်း တွေဆီ မှာစရာရှိလား၊ မှာစရာရှိလည်း မှာပေါ့၊ စာလေး ဘာလေး ပေးလိုက်မယ်ဆိုရင် ရေးပေးပေါ့၊ ငါ မရောက်ရောက်အောင် သွားပို့ပေးပါ့မယ်၊ ငါ့စိတ်ထဲမှာတော့ ငါ့သူငယ်ချင်းဟာ အပြစ် မရှိဘူး၊ သန့်ရှင်းစင်ကြယ်တယ်ဆိုလို့ပဲ ငါ့နှလုံးသားထဲမှာ အလို ထိုသိနေတယ်'

ညိုထွန်းလတ်သည် အတန်ကြာအောင် အလေးအနက်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားတွေဝေနေပုံရသည်။ ပြီးမှ စိတ်အားထက်သန်သော အရေအရာနှင့် ပြောချလိုက်သည်။

'ဟုတ်ပြီ၊ မင်းက ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ၊ နောက်ဆုံးအနေနဲ့ အကူအညီတစ်ခု တောင်းချင်တယ်၊ အဲဒီကိစ္စသာ မင်း ကူညီပေးမယ်ဆိုရင် ငါ သေပျော်ပါပြီကွာ'

'ပြော... ဘယ်လောက်ပဲ ခက်ခဲပါစေ၊ ငါဖြစ်အောင် လုပ်ပေးမယ်'

ဘုန်းသက်ပိုင်ကလည်း စိတ်အားတက်ကြွစွာ ပြန်ပြောလိုက်သည်။ ညိုထွန်းလတ်တွင် သူမသိနိုင်သော လျှို့ဝှက်ချက်များစွာရှိသည်။ တောင်ပေါ်မြို့လေးတွင် အတူတကွပေါင်းသင်းလာခဲ့သည့်အချိန်မှစ၍ ညိုထွန်းလတ်အား ဘဝများကို စိတ်ဝင်တစားရှိခဲ့သည်။

ညိုထွန်းလတ်သည် အဝေးတစ်နေရာသို့ မျှော်တွေးနေသလို တိတ်ဆိတ်သွားပြန်သည်။ သူ့မျက်လုံးများက အရည်များ တောက်ပလာသည်။ ဘုန်းသက်ပိုင်နှင့် နီးနိုင်သမျှနီးအောင် တိုးကပ်လိုက်ပြီး လေသံကိုနှိမ့်၍ တိုးတိုးလေးပြောလိုက်သည်။

'ငါ့အိမ်က ဓာတ်ခွဲခန်းထဲမှာ စာရွက်တစ်ရွက်ထားခဲ့တယ်၊ မင်း သေချာမှတ်သွား၊ မီးဖိုနဖူးစည်းရဲ့ ညာဘက်မှာရှိတဲ့ ကြွေပြားတွေထဲက တတိယကြွေပြားကို ခွာချလိုက်ရင် ခလုတ်လေးတစ်ခု တွေ့မယ်၊ အဲဒီခလုပ်ကို နှိပ်လိုက်ရင် လျှို့ဝှက်အံထဲက ဗီရိုလေးတစ်ခု သူ့အလိုလိုပေါ်လာလိမ့်မယ်။





'ရဲတွေရှာတုန်းက တွေ့မသွားကြဘူး၊ အတော်ညံ့တဲ့ရဲတွေကွ၊ ဗီရိုထဲမှာ စာရွက်တစ်ရွက်ရှိတယ်၊ မင်းအိမ်နဲ့ ဂဏန်းတွေရေးထားတယ်၊ ငါ စမ်းသပ်ထားတဲ့ ဆေးနည်းတွေရဲ့ ဖော်မြူလာနည်းတွေပါ၊ ဒီဆေးနည်းက ကမ္ဘာကြီးတစ်ခုလုံးမှာ အသုံးမဝင်ဘူးပေမယ့် ငါ့အတွက်တော့ အရမ်းအရေးကြီးတယ်၊ ငါ မသေခင် အဲဒီဆေးစာရွက်ကို ငါ့ဆီရောက်အောင် ယူလာပေးစမ်းကွာ၊ မင်းကို တမလွန်ကနေအထိ ကျေးဇူးတင်နေပါ့မယ်'

'ကောင်းပြီ၊ မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရမယ်၊ မင်းရဲ့ရှေ့နေဆိုတော့လည်း မင်းအိမ်ကို ဝင်လို့ထွက်လို့ လွယ်ပါတယ်၊ လျှို့ဝှက်ဗီရိုထဲက စာရွက်ကို ထုတ်ယူရတာဆိုတော့ အရေးတော့ကြီးသား၊ စိတ်သာချ... မင်း လိုချင်တဲ့စာရွက်ကို မင်းဆီရောက်အောင် ငါ ယူလာပေးပါ့မယ်'

'အေးကွာ... အဲဒီဆေးစာရွက်သာ ငါ့လက်ထဲ ပြန်ရောက်မချင်း စားလို့လည်းမရဘူး၊ အိပ်လို့လည်း မပျော်ဘူး၊ ဒီဆေးနည်းက ပြည့်စုံသေးတာလည်း မဟုတ်ဘူး၊ တွက်လို့ချက်လို့ကလည်း မပြီးသေးဘူး၊ ဒါကြောင့်မို့ ငါမသေခင် ပြီးစီးသွားအောင် လုပ်သွားချင်တယ်၊ ဒါကြောင့် မင်းကို မယူခိုင်းတာပါ'

ညိုထွန်းလတ်သည် သူမှာနေသော ဆေးနည်းစာရွက်နှင့် ပတ်သက်၍ လွန်စွာမှ စိတ်သောကရောက်နေသည်ကို တွေ့ရ၍



www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်လျက်ရှိသည်။ သူ့စိတ်ထဲတွင်လည်း အဆိုပါစာရွက်သည် ညိုထွန်းလတ်ရဲ့ အရင်ဘဝတွေကို ရေးမှတ်ထားတဲ့စာရွက် ဖြစ်နေမလား။ သူ့ဘဝရဲ့ အရေးကြီးသော လျှို့ဝှက်ချက်များကို ရေးမှတ်ထားခြင်းဖြစ်နေမလား လွန်စွာမှ စိတ်ဝင်စားသည်။

'စိတ်ချ သူငယ်ချင်း၊ မင်း လိုချင်တဲ့စာရွက်ကို ငါ ရအောင်ယူပေးမယ်'

❐ ❐ ❐



## နောက်ဆုံးပြောင်းလဲသွားသည့် ရုပ်ပြောင်းခန္ဓာ

ညိုထွန်းလတ်သည် ကြိုးတိုက်ထဲ၌ 'ရုပ်ပြောင်းခန္ဓာ' မှတ်တမ်းကို ရေးသားလျက်ရှိရာမှ အဆုံးသတ်လိုက်သည်။ သူ့ဘဝနှင့် အဝေးကြီးဝေးသွားပြီဖြစ်သော မေသက်ရှိန်သည်လည်း နောက်ဆုံးတွေ့ဆုံခြင်းအဖြစ် လာရောက်တွေ့ဆုံခဲ့သည်။

'ကိုလတ်ဆီကို မေသက် လာတွေ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မေသက် ကိုယ့်အပေါ်ထားတဲ့ စေတနာမေတ္တာ အချစ်ရဲ့ သတ္တိတွေကို ကိုလတ် ချီးကျူးပါတယ်'

မေသက်အနေနှင့် ဘယ်ကစ၍ ဘာပြောရမှန်း မသိတော့ပေ။ ညိုထွန်းလတ် မျက်နှာကိုသာ ငေးကြည့်ရင်း သူမကိုယ်တိုင် ဘိမ်တိုက်များနှင့်အတူ လွင့်မျောနေသကဲ့သို့ ခံစားနေရသည်။ သွေးမရှိတော့သော ဖြူဖပ်ဖြူရော်မျက်နှာလေးနှင့် ပန်းနုရောင် နှုတ်ခမ်းအား ဖိကိုက်ထားသည်။ ညိုထွန်းလတ်က မေသက်ရှိန်၏



www.burmeseclassic.com

www.burmeseclassic.com



နုံးညှံ့သော လက်ကလေးများအား ကြင်နာယုယစွာ ဖွဖွလေး ဆုပ်ကိုင်လိုက်သည်။

'မေသက်ကို တောင်းပန်စရာတွေ အများကြီးရှိတယ်၊ ဘဏ်အရာရှိ အောင်ခန့်နဲ့ မေသက်တို့ကြားထဲကို ကိုလတ် ဝင်လာခဲ့ဖို့ လုံးဝမသင့်တော်ပါဘူး၊ ကိုလတ် မရှိတော့တဲ့အချိန်မှာ အောင်ခန့်နဲ့ လက်ထပ်ဖြစ်ပါစေလို့ ကိုလတ် မျှော်လင့်ထားမယ်၊ အောင်ခန့်ဟာ လူတော်တစ်ယောက်ပါ၊ ပြီးတော့လည်း ကိုလတ်အရင် မေသက်ကို ချစ်ခဲ့တာပါ'

မေသက်ရှိန် ရင်ထဲတွင် လှိုက်တက်လာသည်။ ကြေကွဲဝမ်းနည်းစိတ်များက တရိပ်ရိပ်နှင့် ဆို့နင့်လာသည့်စိတ်ကို ဘယ်လိုမှထိန်းမရတော့။ တသိမ့်သိမ့်နှင့် ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

'ကိုလတ်ရယ်··· မေသက်လေ ကိုလတ်ကို ဘယ်တော့မှ မမေ့ပါဘူး'

'မဟုတ်သေးဘူး မေသက်၊ မဟုတ်သေးဘူး၊ မေသက် ကိုလတ်ကို မေ့ပစ်ရမယ်၊ မေသက် အတွေးထဲကနေ ဖျောက်ပစ်ရမယ်၊ တကယ်တော့ မေသက်တို့ကြားမှာ ကိုလတ်ဟာ မကောင်းဆိုးဝါး အရိပ်ဆိုးကြီးမဟုတ်လား၊ အဲဒီတော့ ကိုလတ်ကို အမြန်ဆုံးသာ မေ့ပစ်လိုက်တော့၊ လူရယ်လို့ဖြစ်လာရင် စိတ်ညစ်စရာကောင်းတဲ့ အရိပ်ဆိုးတွေကို မေ့ပစ်တာ အကောင်းဆုံးပဲ၊ မေသက်





ရဲ့အတွား ဒေါ်မေသက်ထားကိုလည်း ပြောလိုက်ပါ၊ ကိုလတ် နောက်ဆုံးနှုတ်ဆက်သွားပါတယ်လို့'

မေသက်ရှိန်သည် စိတ်လှုပ်ရှားလွန်းသောကြောင့် ခွေခနဲ လဲပြိုသွားတော့မလို ဖြစ်သွားသည်။

'မေသက် ရှေ့နားပြေးလိုက်စမ်းပါ'

ညိုထွန်းလတ်သည် မေသက်ရှိန်အနီးသို့ တိုးကပ်လိုက်သော ခဏငယ်လေးအတွင်းမှာပင် မေသက်ရှိန်ရင်ခွင်ကြားသို့ စာရွက်များ ထိုးထည့်ပေးလိုက်သည်။ မေသက်ရှိန် နားနားသို့ ကပ်ပြီး···

'အဲဒီစာရွက်တွေဟာ ကိုလတ်ရဲ့ လျှို့ဝှက်ချက်တွေပဲ၊ ကိုလတ် သေပြီးတဲ့နောက်မှာမှ ဖတ်နော်၊ ဟုတ်လား၊ ကိုလတ်ကို ကတိပေးခဲ့ပါ၊ ကိုလတ် သေပြီးတဲ့နောက်မှ ဖတ်ရမယ်နော်'

'ကတိပေးပါတယ် ကိုလတ်ရယ်'

မေသက်ရှိန် ပြန်သွားပြီးနောက်ပိုင်းတွင် ညိုထွန်းလတ်သည် ချုံးချုံးကျသွားလေတော့သည်။ 'အစ္ဆုတ္တရုပ်ကြမ်း'မှာ အဆုံးသတ်ရေးသားပြီး မေသက်ရှိန်အား နောက်ဆုံးပေးလိုက်သည်။ နဖူးပေါ်တွင် လက်တင်လျက် အချိန်ကြာမြင့်စွာ ပက်လက်လဲလျောင်းလျက် ရှိနေသည်။ အစားအသောက်များလည်း လုံးဝစားသောက်ခြင်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်များတွင် သူ့ပုံစံမှာ တစ်မျိုးတစ်ဖုံ ဖြစ်လာပြန်သည်။ သူ့နှုတ်မှလည်း တုန်ယင်လှိုက်မောစွာနှင့် အသံထွက်လာသည်။ ငယ်မူပြန်ရုပ်ပြောင်းခန္ဓာ အာယုသိဒ္ဓိ ငယ်မူပြန်ရုပ်ပြောင်းခန္ဓာ ထိုစကားလုံးကိုပင် ကြိမ်ဖန်များစွာ ရေရွတ်ရင်းတတွတ်တွတ်ဆနေသည်။ ထောင်ဝါဒါများကလည်း သူ ဘာတွေဆိုနေသည်ကို မသိကြပေ။

ဤသို့ဖြင့် သေဒဏ်စီရင်ချက်ချပြီး ၇ ရက်မြောက်နေ့သို့ရောက်လာသည်။ အထူးခုံရုံးတွင် တင်သွင်းထားသော အယူခံလွှာအား မစဉ်းစားခင် တစ်ရက်အလိုတွင် ဖြစ်သည်။ ရှေ့နေဘုန်းသက်ပိုင်က ထောင်ဝင်စာလာတွေ့သည်။

ညိုထွန်းလတ်ကို မြင်တွေ့လိုက်ရသော ဘုန်းသက်ပိုင်မှာ အတော်ပင် စိတ်မချမ်းမသာ ဖြစ်သွားသည်။ သူနှင့်မတွေ့ရသော ရက်ပိုင်းလေးမှာပင် ရုပ်အတော်ကျသွားသည်။ မျက်တွင်းဟောက်ပက် နားထင်နားရင်များ ချိုင့်ခွက်ဝင်လျက်ရှိပြီး ပိန်လှီအားပြတ်လျက်ရှိသည်။ ယခင်က သူနှင့်တွဲခဲ့သည့် ရုပ်ချောချောဆရာဝန် ညိုထွန်းလတ် မဟုတ်တော့ပြီ။

'သူငယ်ချင်း မင်း နေကောင်းရဲ့လား၊ စိတ်ကို တင်းထားစမ်းပါကွာ၊ အခု အယူခံဝင်ထားတဲ့ကိစ္စကလည်း နိုင်ဖို့အလားအလာရှိပါတယ်'

'မထင်နဲ့၊ မထင်နဲ့၊ ဘာမှထူးလာမှာလည်း မဟုတ်ဘူး။





ဘဲ… ကဲ… ပြစမ်းပါ၊ ငါ့ဓာတ်ခွဲခန်းထဲက လျှို့ဝှက်စာရွက်ရခဲ့တယ်မဟုတ်လား၊ မင်း ယူလာတယ် မဟုတ်လား'

မေးရင်းနှင့်ပင် ညိုထွန်းလတ်သည် သူ့လက်ဖဝါးများဖြန့်လျက် ရှေ့သို့တိုးလာသည်။ သူ့လက်များကား တစ်စုံတစ်ခုကို တောင်းခံနေသော အဘိုးကြီးအိုတစ်ယောက် လက်များကဲ့သို့ တုန်တုန်ယင်ယင် ဖြစ်နေသည်။

'ရခဲ့ပါတယ်ကွာ၊ ငါ ရအောင်ယူလာခဲ့ပါတယ်'

ဘုန်းသက်ပိုင် ပြောလိုက်သော စကားကို ကြားလိုက်သည်နှင့်…

'ဘုရား… ဘုရား… ကံကောင်းပေလို့၊ ကံကောင်းပေသို့'

ညိုထွန်းလတ်က တုန်ယင်လှိုက်မောသောအသံနှင့် ပြောဆက်ရှိသည်။ ဘုန်းသက်ပိုင်က သူ့အိတ်ထဲမှ စာရွက်ကို ထုတ်ယူပြီး ပေးလိုက်သည်။ ထိုစာရွက်ကို သွားယူစဉ်က ဘုန်းသက်ပိုင်သည် မည်သည့်အကြောင်းအရာများ ရေးသားထားပါလိမ့်ဟုသိလို၍ ကြည့်ခဲ့သည်။ စာရွက်ပေါ်တွင် ရေးသားထားသည်များမှာ မင်အနီနှင့် ကိန်းဂဏန်းသိပ္ပံဆိုင်ရာ ဝေါဟာရအချို့အစားများသာ တွေ့ရသည်။ ဘုန်းသက်ပိုင်အနေနှင့် လုံးဝနားမလည်နိုင်သောကိစ္စ ဖြစ်သည်။

ဘုန်းသက်ပိုင် ပေးလိုက်သော စာရွက်အား တုန်လှုပ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နေသော လက်များဖြင့် ဆုပ်ကိုင်ထားရင်း ညို့ထွန်းလတ်သည်···

'အင်မတန်ကြောက်စရာကောင်းတယ်၊ ငယ်မူပြန် ရုပ်ပြောင်းခန္ဓာ၊ ငါ့ရဲ့နည်းတွေ'

ဟု အော်ဟစ်လိုက်သည်။ ချက်ချင်းဆိုသလိုပင် ညို့ထွန်းလတ်သည် စာရွက်အား အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲလိုက်သည်။ ကြိုးတိုက်ပြတင်းပေါက်သံတိုင်ကြားမှ အပြင်ဘက်သို့ လွှင့်ပစ်လိုက်သည်။ စက္ကူအပိုင်း အပြတ်လေးများသည် သစ်ရွက်ဟောင်းများ ကြွေကျလွင့်ဝဲသွားသကဲ့သို့ လွင့်ပါးသွားကြသည်။

ထို့နောက်တွင် ညို့ထွန်းလတ်သည် ဘုန်းသက်ပိုင်ဘက်သို့ လှည့်ကြည့်လိုက်ပြီး···

'ကမ္ဘာကြီးမှာ ငယ်မူပြန်ရုပ်ပြောင်းခန္ဓာကို ဘယ်တော့မှ မရကြတော့ဘူး၊ ဘုရားကယ်ပေလို့ပဲ' ဟု အားပါးတရ အော်ဟစ်ပြောလိုက်သည်။

'သူငယ်ချင်း ဘုန်းသက်ပိုင်၊ အရမ်းကို ကျေးဇူးတင်ပါတယ်၊ မင်းကျေးဇူးတွေကို ဒီဘဝမှာတော့ ကျေအောင် ငါ မဆပ်နိုင်တော့ဘူး၊ ကဲ··· သွားပေတော့ သူငယ်ချင်း၊ နောက်ဆုံးနှုတ်ဆက်လိုက်ပါတယ်'

ထိုသို့ပြောဆိုနေရင်းမှာပင် ညို့ထွန်းလတ်သည် ယိမ်းယိုင်လဲပြိုကျသွားသည်။ သူ၏ လက်ဝဲဘက်ရင်အုံကိုလည်း လက်နှင့်





ဖိထားသည်။ ထိုစဉ်မှာပင် ထောင်မှူးကြီးလည်း အနီးသို့ ရောက်လာသည်။

'ကျွန်တော့်ရဲ့ တရားခံက ကျန်းမာရေး အရမ်းဆိုးနေပြီ၊ ဆရာဝန်ခေါ်ပြရင် ကောင်းမယ်ထင်တယ်'

'ဟုတ်တယ်၊ ခုပဲ ဆရာဝန်ကြီး ဦးသက်မင်းဆီ အကြောင်းကြားပြီး အခေါ်လွှတ်လိုက်ပါတယ်၊ သူက ညဘက်ဆို မအိပ်ဘူး၊ စာရွက်ဆိုလား၊ အဲဒါနဲ့ပတ်သက်ပြီး တဖျစ်တောက်တောက်ပြောနေတာ၊ နောက်ပြီး ငယ်မူပြန်ရုပ်ပြောင်းခန္ဓာဆိုပြီး ပြောသေးတယ်၊ အမှန်တော့လည်း သေခါနီးမို့လို့ သွေးလေချောက်ချားပြီး ဘယောင်ကတမ်းတွေ လျှောက်ပြောနေတာပဲ၊ မကြာပါဘူး၊ ဆရာဝန်ကြီး ဦးသက်မင်း ရောက်လာတော့မှာပါ၊ ရှေ့နေရဲ့ တရားခံက ဘယ်လိုမှ ထွက်မပြေးနိုင်ပါဘူး၊ ကြိုးတိုက်က အင်မတန်ခိုင်ခံ့လုံခြုံပါတယ်၊ လာပါဗျာ··· ဆရာဝန်ကြီးကို ဒုံးဝမှာ သွားကြိုနှင့်ရအောင်'

ထောင်မှူးလေးနှင့် ဘုန်းသက်ပိုင်တို့သည် ကြိုးတိုက်မှ ပြန်ထွက်လိုက်ပြီး ဆရာဝန်ကြီး ဦးသက်မင်းအား စောင့်နေလိုက်ကြသည်။ မကြာမီပင် ဆရာဝန်ကြီး ဦးသက်မင်းသည် အကျဉ်းထောင်ကြီးသို့ ရောက်ရှိလာသည်။ သူတို့သုံးဦးစလုံးပင် ညို့ထွန်းလတ်ထားရှိရာ ကြိုးတိုက်အတွင်းသို့ ဝင်ရောက်၍ တံခါးသော့ဖွင့်ပြီး ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတိုက်အတွင်း ကြမ်းပြင်ပေါ်တွင် လူတစ်ယောက်သည် သေငယ်ဇောမျောနှင့် လူးလွန့်တွန့်လိမ်ကာ အသက်ငင်လျက်ရှိသည်။ ထောင်မှူးလေး၊ ဘုန်းသက်ပိုင်နှင့် ဆရာဝန်ကြီး ဦးသက်မင်းတို့သုံးဦးသည် စိုးရိမ်တကြီးနှင့် အပြေးအလွှားသွားရောက်ကြည့်လိုက်ကြသည်။ တရားခံအဖြစ် သေဒဏ်ကျခံရန် ကြိုးတိုက်ပိတ်ထားခြင်းခံရသူမှာ နုပျိုသော လူငယ်တစ်ယောက်မဟုတ်ဘဲ အဘိုးကြီးတစ်ယောက်မျက်နှာနှင့် အိုမင်းရွတ်တွနေသော ပုံသဏ္ဌာန်ဖြစ်နေပေသည်။

'ဟာ… ဒါ… ဒါ ငါ့သူငယ်ချင်း၊ ခေါင်းထဲမှာ မတွေ့ဘဲ အလောင်းပျောက်သွားတယ်ဆိုတဲ့ ဆရာဝန်ကြီး ဦးမင်းညို ပါလား'

ဆရာဝန်ကြီး ဦးသက်မင်းမှာ အံ့သြတုန်လှုပ် ချောက်ချားစွာဖြင့် ယောင်ယမ်းကာ အော်ဟစ်လိုက်ပေတော့သည်။

**ခေဝီ**



www.burmeseclassic.com